# ရွှေကျင်ဆရာတော့်
# ဥပဒေများ

ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့

# ရွှေကျင်ဆရာတော့်

# ဥပဒေများ

ရွှေကျင်နိကာယ စာပေထိန်းသိမ်းရေးအဖွဲ့

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | – ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | – ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး | – ဒို့အရေး |

☆ ☆ ☆

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသောတာဝန် ဖြစ်သည်။

☆ ☆ ☆

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

☆ ☆ ☆

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း | က |
| (၁) | ဓမ္မဝိနယအမိန့်တော်ပြန်တမ်းကြီး | ၁ |
| (၂) | ဓမ္မဝိနယစာတမ်းခေါ် ရွှေကျင်တိုက်ဥပဒေ | ၈ |
| (၃) | မိုးကောင်းတိုက်ဥပဒေ | ၃၆ |
| (၄) | အလုံမြို့ဥပဒေ | ၄၇ |
| (၅) | ဝိနယဂရုဒီပနီ | ၆၂ |
| (၆) | တလုပ်မြို့ဥပဒေ | ၁၀၂ |
| (၇) | သီလဝိသောဓနီကျမ်း | ၁၀၈ |
| (၈) | ပထမောဝါဒ | ၁၅၉ |
| (၉) | ဒုတိယောဝါဒ | ၁၆၂ |

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၁/၉၉ (၁၀)

စာမူခွင့်ပြုချက်အမှတ် - ၃၂/၉၉ (၁)

ပထမအကြိမ်

၁၉၉၉ခု၊ အောက်တိုဘာလ

အုပ်ရေ - ၁၅၀၀

တန်ဖိုး - ဓမ္မဒါန

ထုတ်ဝေသူ - ဘဒ္ဒန္တ မာနိတသိရိ
သူဌေးတန်းကျောင်း
မဟာဝိသုဒ္ဓါရုံကျောင်းတိုက်
မဟာအောင်မြေမြို့နယ်
မန္တလေးမြို့။

ပုံနှိပ်သူ - ဒေါ်တင်ဝင်း
ကြီးပွားရေးပုံနှိပ်တိုက် (မြ-၀၃၁၉၀)
၂၂၁၊ ၈၄ လမ်း၊ မန္တလေးမြို့။
ဖုန်း ၀၂-၂၁၀၀၃၊ ၂၁၁၃၆။

# နိဒါန်း

ရွှေကျင်ဆရာတော့်ဥပဒေ

ရွှေကျင်ဆရာတော့် ဥပဒေဆိုသည်မှာ မြတ်စွာဘုရား၏ အဓိသီလသာသနာတော် သန့်ရှင်းစင်ကြယ်စေရန်၊ သာသနာတော်၏ အသက်ဖြစ်သော ဝိနည်းသိက္ခာပုဒ်တော်များ လုံခြုံစွာ စောင့်ထိန်းနိုင်ကြစေရန် မကြည်ညိုသေးသူတို့ ကြည်ညိုလာစေရန် ကြည်ညိုပြီးသူတို့ သဒ္ဓါတတ် ပိုမိုတိုးတက်စေရန်အတွက် သွန်သင်ချက်များ ကန့်မြစ်ချက်များ ဟောပြောနှိုးဆော်ချက်များသာ ဖြစ်သည်။

ထို့ကြောင့် ဓမ္မဝိနယစာတမ်းခေါ် ရွှေကျင်တိုက်ဥပဒေ၌

"ဇာတိ, ဇရာ, ဗျာဓိ, မရဏ, သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ အစရှိသော တစ်ဆယ့်တစ်ပါးသော မီးတို့ဖြင့် တညီးညီး တပြောင်ပြောင် အမြဲလောင်အပ်သည်ဖြစ်၍ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှ သက်သာရာမရ သံသရာဝဋ်ဒုက္ခတို့ဖြင့် မပြတ်နှိပ်စက်အပ်သည်ကို မပြတ်အောက်မေ့လေ့ ဆင်ခြင်လေ့ ကြောက်ရွံ့လေ့ရှိကုန်သော ပုဂ္ဂိုလ်အရှင်မြတ်တို့သည် ဤယခုဆိုလတ္တံ့သော သမ္မာပဋိပတ်ကျင့်ဝတ်အတိုင်း ဝမ်းမြောက်ဝမ်းသာ၊ သဒ္ဓါ ကြည်လင်ရွှင်လန်းသောစိတ်ဖြင့် ကြိုးပမ်းအားထုတ် တော်မူနိုင်ကြပါစေကုန်သတည်း" ဟု နှိုးဆော်တော်မူထားသည်။

ထို့အတူ ဝိနယဂရုဒီပနီခေါ်ဆင့်စာ၌ –

"အလုံးစုံသိက္ခာပုဒ်တော်နှင့် ပြည့်စုံ၍ လဇ္ဇီသီလဝန်အဖြစ်သို့ ရောက်ကြစေရန်" ဟု ရည်ညွှန်းထားပေသည်။

## ရွှေကျင်ဆရာတော်ဥပဒေများ

ထိုအဓိသီလ သာသနာတော်သန့်ရှင်းစင်ကြယ်စေရန်၊ သာသနာတော်၏ အသက်ဖြစ်သော ဝိနည်းသိက္ခာပုဒ်တော်များ လုံခြုံစွာ စောင့်ထိန်းနိုင်ကြစေရန် မကြည်ညိုသေးသူတို့ ကြည်ညိုလာစေရန်၊ ကြည်ညိုပြီးသူတို့ သဒ္ဓါတဲ ပိုမိုတိုးတက်လာစေရန်အတွက် သွန်သင်ချက်များ၊ ကန့်မြစ်ချက်များ နှိုးဆော်ချက်များဖြစ်သော ရွှေကျင်ဆရာတော်၏ ဥပဒေများမှာ ရွှေကျင်နိကာယ စာပေအဖွဲ့က စုဆောင်းရရှိထားသော စာရင်းအရ

(၁) ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကြီး

(၂) ဓမ္မဝိနယစာတမ်းခေါ် ရွှေကျင်တိုက်ဥပဒေ

(၃) မိုးကောင်းတိုက်ဥပဒေ
(၄) အလုံမြို့ဥပဒေ
(၅) တလုပ်မြို့ဥပဒေ
(၆) ဥပဒေသကထာ
(၇) နိဿယမုစ္စကဥပဒေတော်
(၈) ဗန့်ကျီတိုက်နယ်ဥပဒေ ၁၅–ချက်
(၉) သာသနာပြု ၉–ဌာနဥပဒေတော်
(၁၀) ရွှေဘိုမြင်းနယ်ဥပဒေ
(၁၁) ရွှေကျင် ၅–တိုက် ဥပဒေ
(၁၂) ရွှေကျင် ၆–တိုက် ဥပဒေ
(၁၃) ရွှေကျင် ၁၂–တိုက် ဥပဒေ ဟု ၁၃–စောင် တွေ့ရသည်။

ထို ၁၃–စောင်တွင် ယခုကျမ်းစာ၌ ဖော်ပြထားသော (၁) (၂) (၃) (၄) (၅) နံပတ်ပါ ဥပဒေများကိုသာ ရရှိစုဆောင်းနိုင်ခဲ့ပါသည်။

## ကျမ်းစာစီစဉ်ရခြင်း

ဤရွှေကျင်ဆရာတော့်ဥပဒေများကျမ်းစာကို စီစဉ်ရခြင်းမှာ ဤကျမ်း၌ ဖော်ပြထားသော ဥပဒေများနှင့် ကျမ်းစာ ၂–စောင်ကို ဖတ်မိသောကြောင့် ဖြစ်ပေသည်။ ရွှေကျင်ဆရာတော်ကြီးသည် ဥပဒေသကထာများကို ပြုစုတော်မူရာ၌ အဓိသီလသာသနာခေါ် မြတ်စွာဘုရား၏ ဝိနည်းသိက္ခာပုဒ်တော်များအပေါ်၌ ပြည့်လျှံနေသော ယုံကြည်ချက်၊ သာသနာ့ဝန်ထမ်းခေါ် ရဟန်းတော်တို့အပေါ်၌ ယိုဖိတ်လျှံထွက် စီးကျလျက်ရှိသော ကရုဏာဓာတ်၊ မေတ္တာဓာတ်တို့ဖြင့် ပြုစုတော်မူထားသည်ဖြစ်ရာ ဆရာတော်ကြီး၏ ဥပဒေသများကို စိတ်အေးကြည်သာ အခွင့်အခါရချိန် ဖတ်လိုက်မိမည်ဆိုပါက ထိုဥပဒေများကို လိုက်နာချင်စိတ် ယိုဖိတ်ဖြစ်ပေါ်လာနိုင်ပေသည်။ ထိုသို့ဖြစ်ပေါ်လာ၍ ဖြစ်ပေါ်လာသည့်အားလျော်စွာ လိုက်နာကြမည်ဆိုပါက ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ အဓိသီလသာသနာတော်ကြီး ထွန်းလင်းတောက်ပခွင့် ရပေတော့မည်။ ပုထုဇဉ်ပင်ဖြစ်စေကာမူ အရိယာအရှင်မြတ်ကြီးများကဲ့သို့ သာသနာတော်၏ ကျက်သရေကို ဆောင်နိုင်တော်မူနိုင်ကြပေလိမ့်မည်။

ထိုပုဂ္ဂိုလ်၏သန္တာန်၌ သာသနာတော်သုံးရပ်၏ အခြေခံဖြစ်သော အဓိသီလ သာသနာတော်ကြီး တည်ရှိ ထွန်းလင်းခွင့်ရမည်ဆိုပါက အထက်တန်း

သာသနာနှစ်ရပ်ဖြစ်သော အဓိစိတ္တသာသနာတော်နှင့် အဓိပညာသာသနာတော်ကြီး တို့လည်း ဇေကန်မုချ တည်ရှိ ထွန်းပခွင့်ရပေလိမ့်မည်။ ဤဆိုခဲ့ပြီးသော မျှော်လင့်ချက်ဖြင့် ဤကျမ်းစာကို စီစဉ်ရခြင်း ဖြစ်ပေသည်။

## ပါဝင်သော ဥပဒေ ကျမ်းစာ နှင့် သြဝါဒများ

ဤကျမ်းစာ၌ (၁) ဓမ္မဝိနယအမိန့်တော်ပြန်တမ်းကြီး
(၂) ဓမ္မဝိနယစာတမ်းခေါ် ရွှေကျင်တိုက်ဥပဒေ
(၃) မိုးကောင်းတိုက်ဥပဒေ
(၄) အလုံမြို့ဥပဒေ
(၅) ဝိနယဂရုဒီပနီ
(၆) တလုပ်မြို့ဥပဒေ
(၇) သီလဝိသောဓနီကျမ်း
(၈) ပထမောဝါဒ
(၉) ဒုတိယောဝါဒ တို့ ပါဝင်သည်။

ထိုတွင် ဓမ္မဝိနယအမိန့်တော်ပြန်တမ်းကြီးကို ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးသည် သာသနာပိုင်ဆရာတော် အရှင်ဉေယျဓမ္မာဘိမုနိဝရ ဉာဏကိတ္တိသီရိဇ ဓမ္မသေနာပတိ မဟာဓမ္မရာဇာဓိရာဇဂုရုဆရာတော် ကြီးမှူးသော ဆရာတော်ကြီး (၈) ပါး၏ အတည်ပြုချက်ကို ရယူကာ ၁၂၁၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၀ (၁၅-၂-၁၈၅၆) ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ထို အမိန့်တော်ပြန်တမ်းမှာ ရွှေကျင်ဆရာတော် ရေးသား၍ ရှမ်းကလေးကျွန်းဆရာတော် အရှင်နန္ဒထေရ်ဆက်သွင်းသော ပြန်တမ်း ဖြစ်သည်။

ရွှေကျင်ဆရာတော်ကြီးသည် ရွှေကျင်တိုက်ကြီးကို အုပ်ချုပ်ရာ၌ ဓမ္မဝိနယစာတမ်းခေါ် ရွှေကျင်တိုက်ဥပဒေဖြင့် အုပ်ချုပ်တော်မူခဲ့သည်ဖြစ်ရာ ထိုဥပဒေမှာ သက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် ပြုစုခဲ့သည်ဟု ယူဆနိုင်သည်။ မိုးကောင်းတိုက် ဥပဒေမှာ ၁၂၃၀ ပြည့်နှစ်တွင် ပဗ္ဗဇနိယဝိသောဓနကထာဖြင့် သန့်ရှင်းအောင် ဆောင်ရွက်အပြီး ပြဋ္ဌာန်းပေးထားသော ဥပဒေဖြစ်သည်။ ၁၂၃၀ ပြည့်နှစ်တွင် မင်းတုန်းမင်းတရားကြီးက ရွှေကျင်ဆရာတော်ဘုရားကြီးအား အလုံမြို့၊ ဒီပဲယင်းမြို့၊ ဗန့်ကျီမြို့၊ တလုပ်မြို့၊ ရတနာသိမ်၊ ကလေး၊ ရာဇဂြိုဟ်မြို့နယ်များကို သာသနာပြုတော်မူရန် အပ်နှံသည်။ အလုံဥပဒေဆိုသည်မှာ ထိုဆိုခဲ့ပြီးသော နယ်များ၌ သာသနာပြုသော ဥပဒေဖြစ်သည်။

ဝိနယဂရုဒီပနီမှာ "ကျမ်းစာ" ဟု နာမည်တပ်ထားသော်လည်း အလုံ စသောနယ်တို့၌ သီတင်းသုံးတော်မူကြသော ရဟန်းတော်များ လိုက်နာရန် ဆင့်ဆိုထားသော ဆင့်စာသာ ဖြစ်သည်။ ထို့ကြောင့် "ရွှေကျင်ဆရာမေတ္တာ စကားဖြင့် ဆင့်ဆိုအပ်သည် အလုံနယ်အတွင်း သီတင်းသုံးနေကြသော သံဃာကြီး ငယ်တစ်စုတို့" ဟု ထိုကျမ်းစာကို အစချီထားပေသည်။

တလုပ်မြို့သည် ၁၂၃၀ ပြည့်နှစ်က မင်းတုန်းမင်းတရားကြီးက အလုံ စသော မြို့များနှင့်အတူ သာသနာပြုရန် အပ်နှံထားသောမြို့ဖြစ်၍ အလုံဥပဒေနယ် တွင် ပါဝင်ပြီးမြို့ ဖြစ်သည်။ ယခု ဖော်ပြထားသော ဥပဒေမှာ ၁၂၄၃ ခုနှစ် ၉–၁၁ာန သာသနာပြုစေလွှတ်ရာတွင် ဧရာဝတီအရှေ့ဘက်ကမ်း တလုပ်မြို့၊ မြင်းခြံမြို့၊ ပုပ္ပါး၊ စလေ၊ ပုဂံ၊ ပုခန်းငယ်၊ ကြေးမြှင်၊ ရေနံချောင်း၊ ဝက်မစွတ်၊ မြစ်ကွေ့၊ မြင်ကွန်း၊ ပတ္တနဂိုရ်၊ တောင်ခွင်၊ မြေထဲ၊ ဆင်ပေါင်ဝဲမြို့များနှင့် အနောက်ဘက်ကမ်း ပုခန်းကြီး တောင်လက်၊ စလင်း၊ လယ်ကိုင်း၊ စကု၊ မလွန်၊ မင်းတုန်း၊ ငဖဲ၊ စေတုတ္တရာ၊ လောင်းရှည် စသောမြို့နယ်များ ပါဝင်သည့် ပဥ္စမသာသနာပြု၁ာနအဖြစ် သတ်မှတ်အပ်သော နယ်များ၌ သာသနာပြုကြရမည့် သာသနသောဓကဆရာတော်တို့ ကျင့်ဆောင်ရန် ဥပဒေနှင့် တလုပ်မြို့ဝန်တို့ ကျင့်ဆောင်ရန် ထုတ်ပြန်ထားသော ဥပဒေဖြစ်သည်။

သီလဝိသောဓနီကျမ်းမှာ ရဟန်းပြုတော်မူကြသော ပုဂ္ဂိုလ်အရှင်မြတ်တို့ ဘုရားရှင် ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်များကို ရိုသေစွာ လိုက်နာ ကျင့်သုံးတော်မူကြရန် လျှောက်ထားသော လျှောက်လွှာဖြစ်သည်။

ထို့ကြောင့် "သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံယာစာမိ" ဟု အဘိယာစကပြုတော်မူကြကုန်သည်နှင့်အညီ သံသရာဝဋ်မှ လွတ်လိုကြ ကုန်သည်ဖြစ်၍ ရဟန်းပြုတော်မူကြကုန်သော ပုဂ္ဂိုလ်သခင် အရှင်မြတ် တို့သည် အလွန်ကြည်နူးလှစွာသော သဒ္ဓါမေတ္တာစိတ်ဖြင့် ကျွန်ုပ် လျှောက်ဆိုရေးသားလတ္တံ့သော ရှင်တော်ဘုရား၏ ရွှေနှုတ်တော်မြွက် ဓမ္မစကကို ပညာတည်းဟူသော နားရွှေခွက်ဖြင့် မှတ်သားလေ့ကျက် ဆောင်ရွက်ကြည့်ရှုတော်မူကြပါစေကုန်သတည်း" ဟူသော စကားဖြင့် ထိုကျမ်းကို ဖွင့်ဆိုထားခြင်း ဖြစ်သည်။ ထိုကျမ်းကို သက္ကရာဇ် ၁၂၄၆ ခုနှစ်၊ ကဆုန်လဆုတ် (၄) ရက်နေ့တွင် ရေးသားပြီးဆုံးခဲ့သည်။

## ဩဝါဒနှစ်စောင်

ပထမောဝါဒနှင့် ဒုတိယောဝါဒတို့မှာ ဆရာတော်ဘုရားကြီး ဘဝခရီး အပြီးမသတ်မီ ၉–လ အလိုတွင် ရွှေကျင်ဂိုဏ်းဟု သီးခြားထင်ပေါ်မလာမီကာလက အခြေချသာသနာပြုခဲ့ရာ ရှိမ်းမကားရွာရှိ ဒကာကြီးငယ်တို့ထံ သာသနာရေးနှင့်စပ်၍ ပေးသောဩဝါဒဖြစ်သည်။ ထိုဩဝါဒနှစ်စောင်ကို မဟာဝိသုဒ္ဓါရုံ ဆရာတော် စသော ရှေးရှေးရွှေကျင်ဆရာတော်အဆက်ဆက်က ဓမ္မဝိနယအမိန့်တော် ပြန်တမ်းကြီး၊ ဝိသုဒ္ဓါရုံဆရာတော်ရေးသော ဝိနယကောသလ္လကျမ်းတို့နှင့် တွဲဖက်ရိုက်နှိပ်၍ ဂိုဏ်းဝင်ကျောင်းများသို့ အကြိမ်ကြိမ် ဖြန့်ဝေခဲ့ဖူးသည်။

## ဓမ္မဒါန ကုသိုလ်ရှင်များ

ဤကျမ်းစာထုတ်ဝေရန် စာမူစုဆောင်းပြီး စာမူတင်ရန် မိတ္တူပွားပြီး အဆင်သင့်ဖြစ်နေသည်မှာ ကြာပြီဖြစ်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ထုတ်ဝေသည့်အဆင့်သို့ မရောက်နိုင်ဘဲ ရှိနေခဲ့၏။ ၁၃၅၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅) ရက်နေ့တွင် သိရီခေတ္တရာအောင်မြင်ဗာဟုသာသနာပြုဆရာတော် အသျှင်မဟာဝေရဝိဇယထေရ်၊ ညီဖြစ်သူ မဟာဓမ္မဝိဇယ ဦးသုဝေ၊ နှမဖြစ်သူ မဟာသုဓမ္မနန္ဒီ ဒေါ်ဖြူဖြူတင်တို့ မဟာဝိသုဒ္ဓါရုံတိုက်သို့ ရောက်လာကြပြီး နဝမရွှေကျင်သာသနာပိုင် စံကင်းဆရာတော်ဘုရားကြီး၏ ပန်းချီပုံတော်ကြီး လာရောက်ပို့လှူရင်း ရွှေကျင်ဆရာတော်ဥပဒေစာအုပ်ရိုက်နှိပ်ရန် ငွေ ၂၀၀၀၀ိ (နှစ်သိန်း) ကျပ်ကို ကပ္ပိယလွှဲအပ်ပြီး စာမူတင်ရန် စသော ကိစ္စများအတွက် ငွေ ၁၀၀၀၀ိ (တစ်သောင်း) ကျပ် လွှဲအပ်လှူဒါန်းခြင်း ပြုသဖြင့် ဤကျမ်းစာ ပေါ်ထွက်လာနိုင်ခြင်း ဖြစ်ပေသည်။

## ဖတ်ပါ ကျင့်ပါ

ရွှေကျင်ဆရာတော်သည် သူ၏ဥပဒေများ၌ သာသနာတော်၏ အသက်ဖြစ်သော သိက္ခာပုဒ်တော်များကို လက်တွေ့လိုက်နာကျင့်သုံးကြရန် နှိုးဆော်ထားသည်ဖြစ်ရာ ဤကျမ်းစာကို စိတ်အေးချမ်းသာနေစဉ်အခါ လုံးစေ့ပါဌ်စေ့ ဖတ်လိုက်မိမည်ဆိုပါက ဘုရားရှင်၏ သိက္ခာပုဒ်တော်များကို လိုက်နာကျင့်သုံးလိုစိတ်များ ဖြစ်ပေါ်တိုးပွားလာပေလိမ့်မည်။ ရွှေကျင်ဆရာတော်သည် သူ၏ ဥပဒေများ၌ ဝိနည်းသိက္ခာပုဒ်တော်များ လိုက်နာကျင့်သုံးတတ်စေရန် သွန်သင်

ထားသည်ဖြစ်ရာ ဤကျမ်းစာကို ဖတ်လိုက်မိသည်နှင့် ဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ်တော်များကို လိုက်နာကျင့်သုံးတတ်လာပေမည်။ ရွှေကျင်ဆရာတော်သည် သူ၏ ဥပဒေများ၌ ဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ်တော်များကို မလွန်ကျူးမိစေရန် ကန့်မြစ်ထားသည်ဖြစ်ရာ ထိုကန့်မြစ်ချက်များကို လိုက်နာမည်ဆိုပါက ဘုရားရှင်၏ ဝိနည်းသိက္ခာပုဒ်တော်များကို လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်သည့် သိက္ခာကာမသီလဝန္တစင်စစ် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ဤကျမ်းစာကို စိတ်အေးချမ်းသာနေစဉ်အခါ လုံးစေ့ပါဌ်စေ့ ဖတ်ဖြစ်အောင် ဖတ်ပါ၊ ထို့နောက် ကြိုးစား၍ လိုက်နာပါဟု တိုက်တွန်းလိုက်ရပါသည်။

သိက္ခာကာမသီလဝန္တအရှင်မြတ်များ ဖြစ်ကြပါစေ။

ဥူးမာနိတသိရီဘိဝံသ

အကျိုးဆောင်

ရွှေကျင်နိကာယစာပေထိန်းသိမ်းရေးအဖွဲ့

မဟာဝိသုဒ္ဓါရုံတိုက်သစ်

၁၃၆၁ ခု၊ ကဆုန်လဆန်း (၁၃) ရက်

(၂၇-၄-၉၉)။

၁

# ပဉ္စမသင်္ဂါယနာတင်
# မင်းတရားကြီး ထုတ်ပြန်တော်မူအပ်သော
# ဓမ္မဝိနယ အမိန့်တော် ပြန်တမ်း

ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော ရေမြေ့အသျှင်၊ ဆဒ္ဒန်ဆင်မင်းသခင် ဆင်ဖြူများရှင် လက်နက်စကြာသခင် အသျှင်ဘဝရှင်မင်းတရားကြီးဘုရား အမိန့်တော်ရှိသည်။

"ငါအသျှင် ဇကရာဇ်မင်းမြတ်သည် ကိုယ်ကျိုးကိုယ်စီးပွားကိုသာ ငဲ့၍ မင်းအဖြစ်ကို ယူတော်မူသည် မဟုတ်၊ ဘေးလောင်းတော် အဇာတသတ်မင်း၊ ကာလာသောကမင်း၊ သီရိဓမ္မာသောကမင်း စသော သာသနာပြုမင်းတို့ကဲ့သို့ ရှေးရှေးသော ကိုယ်တော်၏ အဖြစ်၌ မပြတ်လေ့လာကျင့်ဆောင်တော်မူခဲ့ဖူးသော သမ္မာဆန္ဒတော်ရင်း ရှိသဖြင့် သာသနာတော်ကို ချီးမြှင့်ပြုစုတော်မူလိုသည်နှင့်အညီ၊ ကျင့်ဆောင်နိုင်ခဲ့လှသော ရာဇဓမ္မအပေါင်းတို့ကို မတိမ်းမယိမ်း မလစ်မလပ်စေရ၊ ကျင့်ဆောင်တော်မူ၍ မြတ်သောတရား၌ တည်တော်မူလျက် မျိုးတော် မတ်တော်မူထမ်းရာထမ်းတို့ကိုလည်း အလောင်းတော် မဟောသဓ၊ ဝိဓုရ၊ နန္ဒိသေန စသော ရှေးမျိုးကောင်းမတ်ကောင်းတို့ကဲ့သို့ ရာဇမ္မလောကအကြောင်း သုံးပါးတို့၌ တည်စေခြင်း၊ မင်း၊ မိဖုရား၊ မင်းညီမင်းသားမှစ၍ တိုင်းသူပြည်သားတို့ကိုလည်း ဒါန၊ သီလ စသော သူတော်ကောင်းတရားတို့၌ တည်စေခြင်း၊ ရဟန်းတော်တို့ကိုလည်း ပါတိမောက်ပြန်ခြင်း၊ ဥဘတော ဝိဘင်းဆောင်ခြင်း စသော သာသနာတော်မြတ်၏ မူလဘူတ တရားထင်ရှားရှိလျက် မေ့မေ့လျော့လျော့ ပြုကြခြင်းကြောင့် ယိုယွင်း တိမ်မြုပ်ရှိသည်ကို ဝိနည်း ပညတ်တော်နှင့်ညီအောင် အားထုတ်ရွက်ဆောင်စေခြင်း၊ အနုဂ္ဂဟနှစ်ပါးဖြင့် သာသနာတော်ကို အလွန်အကျူး ချီးမြှင့်တော်မူခြင်း စသော သာသနာတော်စည်ပင်အံ့သည်ကို ရည်ရွယ်တော်မူလျက် သာသနာနုဂ္ဂဟ ဓမ္မရာဇာ ဖြစ်သော မင်းအဖြစ်ကို ယူတော်မူသည်။

သာသနာတော်၏ တည်ရာသည် ဝိနည်းတရားတော်[၁]၊ ဝိနည်းတရားတော် ထင်ရှားရှိသည့်အတိုင်း ရဟန်းတော်တို့ ကောင်းမွန်စွာ မကျင့်ဆောင်ပါက သာသနာတော် ညှိုးနွမ်းသည်။

---

၁။ ဝိ၊ ၄၊ ၁၊ ၁၁။

ဝိနည်းတရားတော် မကျင့်ဆောင်သော တစ်ယောက်သော **အလဇ္ဇီသည်** အလဇ္ဇီတစ်ထောင်ကို ဖြစ်စေ၍[၁] သာသနာတော်ကို ဖျက်ဆီးနိုင်သည်။

ယင်းသို့ သာသနာတော် ညှိုးနွမ်းပျက်စီးကြောင်းဖြစ်သော အလဇ္ဇီတို့၏ အမှုအကျင့်ဟု ဆိုအပ်သော "ရွှေ၊ ငွေ၊ မာသက၊ ကဟာပန" ဟူသော နိဿဂ္ဂိယဝတ္ထု[၂]၊ ပုလဲ၊ ပတ္တမြား၊ ကြောင်မျက်ရွဲ၊ ခရုသင်း၊ ကျောက်သလင်း၊ သန္တာ၊ ပတ္တမြားနီ၊ ပတ္တမြားပြောက်၊ စပါးခုနစ်ပါး၊ ကျွန်မိန်းမ၊ ကျွန်ယောကျ်ား (ကျွဲ၊ နွား၊ ခွေး၊ ဝက်၊ ကြက်၊ ငှက်) လယ်ယာ၊ ပန်း၊ သစ်သီး၊ အာရာမ် စသော ဒုက္ကဋ်ဝတ္ထု[၃] တို့ကို ရှာမှီးခြင်း၊ အနီး၌ထားသည်ကို သာယာခြင်း၊ သိုမှီးသိမ်းဆည်းခြင်း ဟူသော အလဇ္ဇီဓမ္မ။

နိဿဂ္ဂိယဝတ္ထုချင်းချင်း လဲလှယ်ရောင်းဝယ်ခြင်း၊ နိဿဂ္ဂိယဝတ္ထုဖြင့် ဒုက္ကဋ်ဝတ္ထုကို လဲလှယ်ရောင်းဝယ်ခြင်း၊ နိဿဂ္ဂိယဝတ္ထုဖြင့် ဆွမ်းဆန်, ဖျင်, ပုဆိုး စသော ကပ္ပိယဝတ္ထုကို လဲလှယ်ရောင်းဝယ်ခြင်း။ ဒုက္ကဋ်ဝတ္ထုချင်းချင်း လဲလှယ်ရောင်းဝယ်ခြင်း၊ ဒုက္ကဋ်ဝတ္ထုဖြင့် နိဿဂ္ဂိယဝတ္ထု, ကပ္ပိယဝတ္ထုကို လဲလှယ်ရောင်းဝယ်ခြင်း စသော အလဇ္ဇီဓမ္မ[၄]။ ရဟန်းတို့ ပရိက္ခရာကို ရောင်းချ၍ရသော ရွှေ၊ ငွေ စသော နိဿဂ္ဂိယဝတ္ထုတို့ကို ခံခြင်းဟူသော အလဇ္ဇီဓမ္မ[၅]။

ရဟန်းတို့ ကပ္ပိယ ပရိက္ခရာဖြင့် ခဝါသည် စသော လူတို့ထံ ကွမ်းအစ်, ထုံးဘူး, ကန့်ကူ, ပုရပိုက် စသော ကပ္ပိယဝတ္ထုကို ကိုယ်တိုင် လဲလှယ်ရောင်းဝယ်ခြင်း ဟူသော အလဇ္ဇီဓမ္မ[၆]။

ပန်းပေးခြင်း၊ သစ်သီးပေးခြင်း၊ ကသယ်မှုန့်ပေးခြင်း၊ မြေညက်ပေးခြင်း၊ ဒန်ပူပေးခြင်း၊ ဝါးပေးခြင်း၊ ဆေးပေးခြင်း၊ သလုံးမြင်းခေါင်းဖြင့် ဒါယကာတို့ အစေအပါးကို ခံခြင်း ဤရှစ်ပါးသော ကုလဒူသကအမှုကိုပြုခြင်းဟူသော အလဇ္ဇီဓမ္မ[၇]။ ဝါးပေးခြင်း စသော (၂၁) ပါးသော အနေသနတို့၌ အကျုံးဝင်သော လူတို့ကို ထမင်းကျွေးခြင်း၊ မုန့်ပေးခြင်း၊ ကွမ်းဆေးတည်ခြင်း၊ နေရာခင်း၍

---

၁။ ဝေဇကော အလဇ္ဇီ အလဇ္ဇီသတမ္ပိကရောတိ။ ဝိ၊ ဋ္ဌ၊ ၂၊ ၂၇၃။

၂။ ကခ်ါ၊ ၁၆၉။ (– ဝိ၊ ဋ္ဌ၊ ၂၊ ၂၆၉)။

၃။ ဝိ၊ ဋ္ဌ။ ၂၊ ၂၆၂။ ၂၆၉။ ဝိသင်္ဂဟ၊ ၅၅။ ကခ်ါ၊ ၁၆၉။

၄။ ကခ်ါ၊ ၁၇၆။ (–ဝိ၊ ဋ္ဌ၊ ၂၊ ၂၇၆)။

၅။ ဝိ၊ ၁၊ ၃၄၅–၆။

၆။ ဝိ၊ ၁၊ ၃၅၀–၁။ (–ဝိ၊ ဋ္ဌ၊ ၂၊ ၂၇၉။)

၇။ ဝိ၊ ၁၊ ၂၈၁။ (ဝိ၊ ဋ္ဌ၊ ၂၊ ၂၀၉။ ၂၁၀–၂၁၁)

အရှိအသေပြုခြင်း၊ ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း စသော အလဇ္ဇီဓမ္မ[၁]။ အသက်မွေးခြင်းဟူသော အကြောင်းကြောင့် ပညတ်တော်မူအပ်သော ခြောက်ပါးသော သိက္ခာပုဒ်ကို လွန်ကျူးခြင်း[၂]။ အံ့သြဖွယ်သရဲကို ဖြစ်စေ၍ လာဘ်ကို ရှာမှီးခြင်း၊ ပစ္စည်းရခြင်း၏အကြောင်းကို ပြောဆို၍ လာဘ်ကို ရှာမှီးခြင်း၊ ရအပ်ပြီးသော အနည်းငယ်သော လာဘ်ကို ပေးသဖြင့် မရသေးသော များစွာသော လာဘ်ကို တောင့်တရှာမှီးခြင်း စသော ယုတ်မာသောသဘော၏ အစွမ်းဖြင့်ဖြစ်သော မိစ္ဆာဇီဝ ဟူသော အလဇ္ဇီဓမ္မ[၃]။

ဆင်စီး၊ မြင်းစီး၊ ရထားစီး အတတ် စသော မဂ်ဖိုလ်မှ ဖီလာဖြစ်သော တိရစ္ဆာနဝိဇ္ဇာအတတ်မျိုး၌ အကျုံးဝင်သော ပြဒါးသတ်ခြင်း၊ ပြာချခြင်း၊ ခဲစေခြင်း စသည်ကိုဆိုသော တိရစ္ဆာနဝိဇ္ဇာ လောကာယတကျမ်းကို ရဟန်းတို့ သင်လည်း မသင်အပ်၊ သူတစ်ပါးကိုလည်း မပြောအပ်။ ကြေးငွေမပါ သစ်မြစ် သစ်ရွက် စသော ဆေးဖြင့်သာ ပြုသော်လည်း ၎င်းအတတ်တို့ကို လေ့လည်း မလေ့ကျက်အပ်၊ သူတစ်ပါးကိုလည်း မပြအပ်၊ လုပ်လည်း မလုပ်အပ်၊ လေ့ကျက်ပြသ ပြုလုပ်သော ရဟန်းတို့သည် ခွန်းတိုင်းခွန်းတိုင်း ပယောဂတိုင်း ပယောဂတိုင်း ဒုက္ကဋ်အာပတ်သင့်ခြင်းဟူသော အလဇ္ဇီဓမ္မ[၄]။

ငွေနှင့်ခဲကြေးကို စပ်၍ စပ်တူအဂ္ဂိရတ်ပြုလုပ်သူတို့သည် လုပ်ဆောင်ရန် ငွေကို ခံကတည်းကပင် နိဿဂ္ဂိယပါစိတ် အာပတ်သင့်သည်[၅]။ ခဲကြေးကို ငွေနှင့်စပ်၍ သုံးသောအခါ ခိုးခြင်း (၂၅) ပါးတွင် ထေယျာဝဟာရ၌ အကျုံးဝင်သောကြောင့် ကူဋကဟာပဏာဝဟာရဖြင့် ဆုံးဖြတ်အပ်သည်[၆]။ ကြေးနီ (၅) ကျပ်ကို ရွှေမွေး* ထင်စေ၍ သုံးဆောင်လျှင် ပါရာဇိကဖြင့် ဆုံးဖြတ်အပ်သည်ဟု လာသည်ကို ပြုကျင့်ကျူးလွန်ခြင်းဟူသော အလဇ္ဇီဓမ္မ[၆]။

---

၁။ မိလိန္ဒ၊ ၃၅၂။ (—မ၊ ဋ္ဌ၊ ၃၊ ၄။ ခုဒ္ဒက၊ ဋ္ဌ၊ ၂၀၂။ သုတ္တနိ၊ ဋ္ဌ၊ ၁၇၈။ မူလဋီ၊ ၁၊ ၉၇)

၂။ ဝိသုဒ္ဓိ၊ ၁၊ ၂၂။

၃။ အဘိ၊ ၂၊ ၃၆၅–၆ (အဘိ၊ ဋ္ဌ၊ ၂၊ ၄၆၁–၆၇။ ဝိသုဒ္ဓိ၊ ၁၊ ၂၂–၂၃။)

၄။ ဝိ၊ ၂၊ ၄၀၁–၂။ ဝိ၊ ၄၊ ၂၈၀။ ဝိ၊ ဋ္ဌ၊ ၃၊ ၂၁၅။ ဝိသင်္ဂဟ၊ ၄၄၇။

၅။ ဝိ၊ ၁၊ ၃၄၅။

၆။ ဝိ၊ ဋ္ဌ၊ ၁၊ ၃၃၀ (ကင်္ခါ၊ ၁၁၇။ ကင်္ခါ၊ ဋီသစ်၊ ၂၀၃)

* ရွှေမွေး – ရွှေစစ်ရွှေမှန် (ငွေမွေးရက်နီ မှန်ပေါ် ၄–မူးကဲအချိန် (၇၀) ကျပ် ပေး၍ အစိုးရပိုင်ဝယ်ရပါသည်။) ဝိနယသမူဟ–ဝိနိစ္ဆယ၊ တတိယ၊ ၄၀။

ထိုးကွင်းခါးလှည့်၊ လက်ဖွဲ့၊ အင်းအိုင်၊ ခါးပြီး၊ လုံပြီး စသော အတတ်မျိုးသည် မဂ်, ဖိုလ်မှ ဖီလာတိရစ္ဆာန ဝိဇ္ဇာလောကာယတကျမ်း၌ အကျုံးဝင်သောကြောင့် ရဟန်းတို့ မပြုမကျင့်အပ်သည်ကို ပြုကျင့်ခြင်းဟူသော အလဇ္ဇိဓမ္မ[၁]။ ထိုအတတ်ကို မှီ၍ရသော ပစ္စည်းကိုလည်း ရဟန်းတို့ မသုံးဆောင်ထိုက်ပဲ သုံးဆောင်ခြင်းဟူသော အလဇ္ဇိဓမ္မ[၂]။

အနာရောဂါမရှိဘဲ ရထားပေါင်းချုပ်၊ လှည်း၊ ထမ်းစင်၊ သန်လျင်း စသော ယာဉ်တို့ကို ရဟန်းတို့ မစီးအပ်သည်ဖြစ်လျက် စီးခြင်းဟူသော အလဇ္ဇိဓမ္မ[၃]။

ခြေကွဲခြင်း၊ ခြေအသားစွန်းထွက်ခြင်း၊ အလွန်မြေကြမ်းခြင်း၊ အလွန်ပူခြင်းဟူသော အကြောင်းမရှိဘဲ ဖိနပ်စီး၍ မြို့တွင်းရွာတွင်းသို့ မဝင်အပ်ဘဲလျက် ဝင်ခြင်းဟူသော အလဇ္ဇိဓမ္မ[၄]။ အလုံးစုံဖြူသော ဖိနပ်၊ လူတို့အသုံးအဆောင်နှင့် တူသော သမဏသာရုပ္ပမဖြစ်သော နီသောသည်းကြိုး မည်းသောသည်းကြိုး တပ်သောဖိနပ်တို့ကို ရဟန်းတို့ အချင်းခပ်သိမ်း မစီးကောင်းဘဲလျက် စီးခြင်းဟူသော အလဇ္ဇိဓမ္မ[၅]။

ပြောက်ကျားသော သားမွေးဖြင့် ပြီးသော သဘော်ကော်ဇော၊ တရုတ်ကော်ဇောတို့သည် တရားဟောပလ္လင်၊ ဆွမ်းစားဇရပ်၊ အိမ်၌ လူတို့ခင်းသည်ကို ကြည်၍ ဘူမတ္ထရဏပြုလျက် ကပ္ပိယအခင်း မခင်းဘဲ အိပ်ခြင်း၊ ထိုင်ခြင်းငှာ မအပ်သည်ကို လွန်ကျူးကျော်နင်းခြင်းဟူသော အလဇ္ဇိဓမ္မ[၆]။ ကိုယ်ပူနာ၊ မျက်စိနာ၊ သည်းခြေနာ စသော အနာဟူသော အကြောင်းမရှိဘဲ ရဟန်းတို့ ထီးမဆောင်းအပ်သည်ကို ဆောင်းခြင်းဟူသော အလဇ္ဇိဓမ္မ[၇]။

(မူကွဲ–၁၂၈၇ ခုနှစ်၊ ပြာသိုလ ပြည်ကြီးမဏ္ဍိုင် ပုံနှိပ်တိုက်မူနှင့် ယင်းနှစ်တပေါင်းလတွင် ပုံနှိပ်သော သူရိယသတင်းစာပုံနှိပ်မူတို့၌၊ "ဂါမခေတ်အာရာမ်တွင်းတောအရပ်၌ မအပ်သော ထီးဆောင်းခြင်းဟူသော အလဇ္ဇိဓမ္မ။ ခွင့်ပြုတော်မူ

---

၁။ ဝိ၊ ၂၊ ၄၀၁–၂။ ဝိ၊ ၄၊ ၂၈၀။ ဝိ၊ ဋ၊ ၃၊ ၂၁၅။ ဝိသင်္ဂဟ၊ ၄၄၇။

၂။ ဝိ၊ ၄၊ ၂၈၀။ ဝိသင်္ဂဟ။ ၄၄၇။

၃။ ဝိ၊ ၃၊ ၂၈၀။ ဝိသင်္ဂဟ၊ ၄၅၇။

၄။ ဝိ၊ ၃၊ ၂၈၃။ ဝိသင်္ဂဟ၊ ၄၅၆။

၅။ ဝိ၊ ၃၊ ၂၇၂–၃။ ဝိ၊ ဋ၊ ၃၊ ၃၆၇–၈။ ဝိသင်္ဂဟ၊ ၄၅၄။ ခုဒ္ဒသိက္ခာ–၁၇၆ ဂါထာ။ ငှင်းဋီ ၁၄၆–၇။ ငှင်းဋီသစ်၊ ၃၃၈။

၆။ ဝိ၊ ၃၊ ၂၈၀–၁။ ဝိ၊ ဋ၊ ၃၊ ၃၆၉။ ဝိသင်္ဂဟ၊ ၄၅၂–၃။

၇။ ဝိ၊ ၄၊ ၂၆၉။ ဝိ၊ ဋ၊ ၄၊ ၅၂။ ဝိသင်္ဂဟ၊ ၄၄၅။

အပ်သောထီးကို ရောဂါမရှိ သမ္မုတိမရဘဲ ဂါမ၊ ဂါမခေတ်တို့၌ ဆောင်းခြင်းဟူသော အလဇ္ဇိဓမ္မ” ဟု ဖော်ပြထားသည်။)

ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းနှင့်စပ်သော ဆိုင်း၊ ကချေသည်၊ ရုပ်သေးရုပ်စုံ၊ ဇာတ်၊ ပုံရှည် စသော အလုံးစုံသော သဘင်မျိုးတို့ကို မိမိပယောဂဖြင့်လည်း မယှဉ်စေအပ်၊ မိမိပယောဂ မဟုတ်သော ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ကိုလည်း ကြည့်ရှုနားထောင်ခြင်းကို မပြုအပ်၊ ရာဂ စသော ကိလေသာပွားကြောင်းဖြစ်သော ကုသိုလ်အဖို့ကို ဖျက်ဆီးတတ်သော သာသနာတော်၏ ဆန့်ကျင်ဘက် ဆူးငြောင့်သဖွယ်ဖြစ်သော သဘင်ခံခြင်း၊ ဘာရတမင်း စသည်တို့ ပြောဟောနာခံခြင်း၊ လက်ခုပ်တီးခြင်း၊ စည်ပုတ်တီးခြင်း၊ အိုးစည်တီးခြင်း ကချေသည်တို့ကို ကစေခြင်း၊ သံချောင်းကစားခြင်း၊ အရိုးဆေးကစားခြင်း၊ ဝါးထောင်ကစားခြင်း၊ ဖဲရိုက်၊ အံခတ်၊ စစ်တုရင်၊ ဆင်တိုက်၊ မြင်းတိုက်၊ ကျွဲတိုက်၊ နွားတိုက်၊ ဆိတ်တိုက်၊ သိုးတိုက်၊ ကြက်တိုက်၊ ခါတိုက်၊ ကျည်းသားရိုက်၊ တုတ်ပေါက် လက်ဝှေ့သတ်ကစားခြင်း၊ စစ်ထိုးခြင်း၊ ဗိုလ်ရေတွက်ခြင်း၊ စစ်သည်စုခြင်း၊ ဆင်မြင်းရထား ခြေသည်တို့ကို ကြည့်ရှုခြင်း၊ မီးဖြူ၊ မီးဝါ စသော မီးမျိုး၊ မီးပိတုန်း စသော ရှူးမီးမျိုး*၊ မီးအိမ်ပုံ၊ [illegible]၊ ဗြောက်ခွဲစသော အလုံးစုံသော အမှုသည် ဝိသုကဖြစ်၍ ရဟန်းတို့ မအပ်မစပ်သော အမှုကိုလျက် လွန်ကျူးကျော်နင်း ပြုလုပ်စီရင်ကြည့်ရှုနားထောင်ခြင်းဟူသော အလဇ္ဇိဓမ္မ[၁]။

မြစ်နားရဟန်းတို့သည် လှော်လှေ၊ လှော်လောင်း ပြုပြင်၍ ကစားလိုသောစိတ်ဖြင့် ထိုမှဤမှ မသွားလာအပ်သည်ကို သွားလာခြင်းဟူသော အလဇ္ဇိဓမ္မ[၁]။

ယာဝဇီဝိကဖြစ်သော ကွမ်း၊ ဆေးတို့ကို နေလွဲအခါ အနာဟူသော အကြောင်းမရှိဘဲ သုံးဆောင်ခြင်းဌာ အကပ်ခံခြင်း၌လည်းကောင်း၊ မျိုတိုင်း မျိုတိုင်း၌လည်းကောင်း ဝိကာလဘောဇန သိက္ခာပုဒ်၏ အန္တရာပတ်ဖြင့် ဒုက္ကဋ် အာပတ်သင့်သည်။ ယမန်နေ့က အကပ်ခံပြီးသော ကွမ်းဆေးတို့ကို နံနက်အခါ၌ အနာဟူသော အကြောင်းမရှိဘဲ အာဟာရအလို့ငှာ ခံယူခြင်း၊ မျိုခြင်းတို့၌ သန္နိဓိကာရသိက္ခာပုဒ်၏ အန္တရာပတ်ဖြင့် ဒုက္ကဋ်အာပတ်သင့်သည်။

---

* ရှူးမီးမျိုး = တောက်လင်းစေသောမီးမျိုး။ မီးရှူးမီးမျိုးဟူ၍လည်း မူကွဲရှိ၏။

၁။ ဝိ၊ ၂၊ ၃၅၀-၁။ ဝိ၊ ၄၊ ၃၊ ၂၀၁။ ဒီ၊ ၁၊ ၆-၇။ ဒီ၊ ၄၊ ၁၊ ၇၅-၆။ ၈၁-၂။ မ၊ ၄၊ ၂၊ ၁၁၃။ သံ၊ ၄၊ ၃၊ ၃၃၅။ အံ၊ ၄၊ ၂၊ ၁၉၈။ အဘိ၊ ၄၊ ၃၊ ၈၉။ ခုဒ္ဒက၊ ၄၊ ၂၆။ သာရတ္ထ၊ ၃၊ ၂၅၃။ သီ၊ ဋီသစ်၊ ၁၊ ၃၄၇။

ထိုကွမ်းဖတ်ဆေးဖတ် ကွမ်းသီးဖတ် မကင်းသော ခံတွင်းဖြင့် ဆွမ်းစသော အာမိသကို စားသောအခါ မျိုတိုင်းမျိုတိုင်း သန္နိဓိပါစိတ် အာပတ်သင့်သည်။ ဆွမ်းစားပြီး အာမိသ မကင်းသော ခံတွင်းဖြင့် ကွမ်းဆေးတို့ကို သုံးဆောင်သောအခါတို့၌လည်း မျိုတိုင်း မျိုတိုင်း သန္နိဓိပါစိတ် အာပတ်သင့်သည်။ နေလွဲအခါ ယမန်နေ့က အကပ်ခံပြီးသော ကွမ်းဆေးတို့ကို အနာဟူသော အကြောင်းမရှိဘဲ သုံးဆောင်ခြင်း၌ ခံယူရာ၊ မျိုရာတို့၌ ဝိကာလ ဘောဇနသိက္ခာပုဒ်၊ သန္နိဓိကာရသိက္ခာပုဒ် နှစ်ပါးတို့ဖြင့် ဒုက္ကဋ်အာပတ် နှစ်ချက်သင့်သည်ဖြစ်၍ ယမန်နေ့က အကပ်ခံအပ်သော ကွမ်းဆေးတို့ကို အကြောင်းမဲ့ အချင်းခပ်သိမ်း မသုံးဆောင်အပ်။ ထိုနေ့ အကပ်ခံသော ကွမ်းဆေးတို့ကို နေလွဲအခါ အကြောင်းမဲ့ မသုံးဆောင်အပ်သည်ကို သုံးဆောင်ခြင်းဟူသော အလဇ္ဇီဓမ္မ[၁]။

ဦးခေါင်းပူနာ၊ ကုတ်ဟီးချောင်းဆိုးကြီးအနာ၊ ထိပ်ခတ်နာဟူသော အကြောင်းမရှိဘဲ အခိုးတံဆေးလိပ်တို့ကို မသောက်မရှူအပ်၊ ယမန်နေ့က အကပ်ခံအပ်သော အခိုးတံဆေးလိပ်၊ ထိုနေ့ အကပ်ခံအပ်သော အခိုးတံဆေးလိပ်တို့ကို သောက်ရှူသော ရဟန်းအား ကွမ်းဆေး၌ ဆိုအပ်ပြီးသည့်အတိုင်း အာပတ်သင့်သည်ကို မရှောင်မကြဉ်ဘဲ ပြုကျင့်လွန်ကျူးခြင်းဟူသော အလဇ္ဇီဓမ္မ[၂]။

ထင်ရှားရှိသော ရဟန်းကို မပန်မကြားမူ၍ ရှောင်တခင်ပြုအပ်သော ကိစ္စမရှိဘဲ နေလွဲအခါ မြို့တွင်းရွာတွင်းသို့ မဝင်အပ်သည်ကို ဝင်ခြင်းဟူသော အလဇ္ဇီဓမ္မ[၃]။

ဤသို့ စသော အလဇ္ဇီအဖြစ်ကို ပြုတတ်သော သိက္ခာပုဒ်တို့ကို လေးစားမှု သဗ္ဗညုဘုရား ရွှေမျက်နှာတော်ကို မထောက်မညှာ တစ်သက်လျာမျှ လာဘ်ပူဇော်သက္ကာရကိုငဲ့၍ ရဟန်းကောင်းတို့၏ အသွင်အပြင် —

အဝတ်အဆင်ကား အရဟတ္တဓဇ မြတ်သောအဝတ်၊ အကျင့်ကား သာသနာတော်၏ ဆူးငြောင့်ခလုတ် ယုတ်မာလှသော အကျင့်ဖြစ်၍ သာသနာတော်ကို ဖျက်ဆီးတတ်သော အလဇ္ဇီပုဂ္ဂိုလ်တို့ကို အားပေးအားမြှောက် ပူဇော်လှူဒါန်းသူတို့လည်း အလဇ္ဇီနှင့် ပေါင်းဖက်၍ သာသနာတော်ကို ဖျက်ဆီးသည်မည်လေသောကြောင့် အမိန့်တော်ပါရှိသည့် အလဇ္ဇီဓမ္မတို့ကို လွန်ကျူးကျော်နင်း၍ ကျင့်သော အလဇ္ဇီပုဂ္ဂိုလ်တို့ကို ရွှေမြို့တော်မှစ၍ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ ကျေးရွာနေ

---

၁။ ဝိ၊ ၂၊ ၁၁၅-၆-၇။ ဝိ၊ ၄၊ ၃၊ ၁၀၅။
၂။ ဝိ၊ ၃၊ ၂၆၆။
၃။ ဝိ၊ ၂၊ ၂၁၅။

လူတို့ မကိုးကွယ် မလှူဒါန်းကြစေနှင့်၊ မြို့ရှင် ရွာရှင်တို့က မြို့ရွာနေလူတို့ကို နိုင်နင်းအောင် တားမြစ်စေ၊ ကိုးကွယ်ရင်းဖြစ်၍ ကိုးကွယ်လိုလျှင် အလဇ္ဇီမမွတို့ကို စွန့်စေ၍ အပြစ်အားလျော်စွာ ဝိနည်းကံဖြင့် ကုစားစေပြီးမှ ကိုးကွယ်လှူဒါန်းမြဲ လှူဒါန်းစေ။ အလဇ္ဇီပုဂ္ဂိုလ်မှန်းသိလျက် အမိန့်တော်အာဏာတော်ကို မတည်၊ ကိုးကွယ်လှူဒါန်း အားပေးအားမြှောက်ပြု၍ သာသနာတော်ကို ဖျက်ဆီးသူတို့ကို အများကြောက်ရွံ့၍ သာသနာတော်ဘေးရန် ကင်းငြိမ်းအောင် တင်းတင်းကြပ်ကြပ် ဝန်တို့က စီရင်။

ထီးရုံနန်းရုံ စော်ဘွားမြို့စား မြို့ဝန်မြို့သူကြီးတို့ကို စေနှံ့အောင် ပြန်ဆိုမှာထားစေ။

သက္ကရာဇ် ၁၂၁၇ ခု၊ တပို့တွဲလဆန်း (၁၀) ရက်နေ့၊ နာခံတော်
မင်းထင်ရာဇာသီဟသူပြန် အမိန့်တော် ။

## ဓမ္မဝိနယစာတမ်းခေါ်
# ရွှေကျင်တိုက် ဥပဒေ

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ အစရှိသော တစ်ဆယ့်တစ်ပါး သောမီးတို့ဖြင့် တညီးညီး တပြောင်ပြောင် အမြဲလောင်အပ်သည်ဖြစ်၍ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်မျှ သက်သာရာမရ သံသာရဝဋ္ဋဒုက္ခတို့ဖြင့် မပြတ် နှိပ်စက်အပ်သည်ကို မပြတ်အောက်မေ့လေ့၊ ဆင်ခြင်လေ့၊ ကြောက်ရွံ့လေ့ရှိကုန်သော ပုဂ္ဂိုလ်အရှင်မြတ်တို့သည် ဤယခုဆိုလတ္တံ့သော သမ္မာပတိပတ် အကျင့်ဝတ်အတိုင်း ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်လင် ရှင်လန်းသောစိတ်ဖြင့် ကြိုးပမ်းအားထုတ်တော်မူနိုင်ကြစေကုန်သတည်း။

### ၁ - ရွှေကျင်တိုက် သံဃာတို့ကို ဆုံးမသော နိဿယောဝါဒ

သီတင်းသုံးနေအံ့သောငှာ ဆိုက်ရောက်လာသော အာဂန္တုကပုဂ္ဂိုလ်တို့ သုံးရက်၊ သုံးကြိမ်တိုင်တိုင် လျှောက်ထားလာမှ ဆရာမထေရ်ကြီးက ပုဂ္ဂိုလ်အင်ကို ထောက်ထား၍ သနားခွင့်ပြုလိုလျှင် ခွင့်ပြုရခြင်း။ ခွင့်ပြုသောအခါ၌လည်း အလုံးစုံ ခွင့်မပြုလိုက်ဘဲ ဤတိုက်တာတွင် သံဃာထေရ်ပုဂ္ဂိုလ်ကြီးတို့ထံ လျှောက်ထားဦးတော့၊ ဤမျှသာ ခွင့်ပြုရခြင်း။ ၎င်းပုဂ္ဂိုလ်ကြီးများထံ ကျိုးနွံစွာ လျှောက်ထား၍ အခွင့်ရလျှင် ပုဂ္ဂိုလ်ကြီးတို့ထံမှ အခွင့်ရပါကြောင်းကို အထက်ဆရာကြီးထံ ပြန်လျှောက်ထားရခြင်း။ ဦးပဥ္စင်းကြီးပုဂ္ဂိုလ်တို့ထံမှ အခွင့်ရလျှင် အာမခံဆရာ ရှာတော့ဟု အထက်ဆရာကြီးက ခွင့်ပေးရခြင်း။ အာမခံဆရာရခဲ့သော် ၎င်းအာမခံဆရာနှင့်တကွ ဆရာကြီးထံ ရောက်၍ ၎င်းအာမခံဆရာက ဤပုဂ္ဂိုလ်၌ ဆိုဆုံးမရန် ရှိသမျှကို ဘုရားတပည့်တော်က ဆုံးမပါမည်။ ဤပုဂ္ဂိုလ်တစ်စုံတစ်ရာ ဖောက်ပြန်တိမ်းယိမ်းရှိလျှင် ဘုရားတပည့်တော်အား ထိုက်ရာဒဏ် သနားတော်မူပါဟု လျှောက်ထားဝန်ခံရခြင်း။ ထိုအခါ မထေရ်ကြီးက အာမခံတတ်၊ အာမခံအပ်နှစ်ရပ်သော ပုဂ္ဂိုလ်တို့ နှလုံးသွင်းရန်၊ သတိထားရန်၊ ပြုကျင့်ရန်များကို ဟောပြောပြသဆုံးမရခြင်း။ ၎င်းနောက် သံဃာကြီးများထံ အာမခံနှင့်တကွ သွား၍ ရှေးမထေရ်ကြီးထံ လျှောက်ထားနည်းအတိုင်း လျှောက်ထားရခြင်း။ ၎င်းနောက် အာမခံနှင့်

တကွ တိုက်တွင်းရှိ မိမိထက်ကြီးသမျှပုဂ္ဂိုလ်တို့ထံ တစ်ပါးစီစေ့အောင် နေရာကျောင်းသို့လိုက်၍ တပည့်တော်အား သနားသဖြင့် ဆိုဆုံးမတော်မူပါ။ ဆုံးမတော်မူသမျှကို မသွေမလှန် လိုက်နာခံပါမည်ဘုရားဟူ၍ လျှောက်ထားရခြင်း။ ၎င်းနောက် သံဃာကြီးငယ်တို့ တကွဝတ်တက်ရာ သံဃာ့အစည်းအဝေးတွင် အစုံအညီ ရှေးနည်းအတိုင်း မိမိအား သံဃာတော်များ မရွံ့မကြောက် ဆိုဆုံးမဝံ့ အောင် ကျိုးနွံစွာ ဖိတ်ကြားလျှောက်ထားရခြင်း။ ၎င်းသံဃာတော်အလယ်တွင် အဓမ္မိယ ပစ္စည်းရှိခဲ့လျှင် ကုန်စင်အောင် စွန့်ပစ်ပြီး၍ ဘုရားတပည့်တော်၌ အကပ္ပိယ အဓမ္မိယ ပစ္စည်း အသုံးအဆောင် တစ်စုံတစ်ခုမရှိ၊ စင်ကြယ်ပါကြောင်းကို ဘုရားရှင် မျက်မှောက်တော်ဝယ် သံဃာတော်တို့အလယ် လျှောက်ထားရခြင်း။ သူတစ်ပါးထံမှ ရအပ်သော အကပ္ပိယကုလ ဒူသန စသည်ဖြင့်ဖြစ်သော လဒ္ဓိပုဂ္ဂိုလ်အများ သံသယမကင်း စအပ်သော ဆွမ်း၊ သင်္ကန်းပစ္စည်းတို့ကိုလည်း သိလျက်၊ သံသယမကင်းဘဲလျက် မသုံးဆောင်ပါ၊ ဘုရားတပည့်တော်လည်း ကုလဒူသနအမှု၊ အကြောင်းမဲ့ နေလွဲကွမ်းစား၊ ဆေးဝါးဆေးသောက်၊ ထီးဆောင်း၊ ဖိနပ်စီး စသော အလဇ္ဇီဓမ္မတို့ကို မလွန်ကျူးမိအောင် အထူးသတိပြု၍ ရှောင်ကြဉ်ပါမည်။ ပုထုဇဉ်ဂတိ အလျောက် ရန့်ကြမ်းသော အာပတ်ကြီးတို့၌ သတိမှောက်မှားရှိလျှင် နွံနာအောင် ဒဏ်ထမ်း၍ အာယတိံသံဝရဖြင့် ကောင်းမွန်စွာ စောင့်ရှောက်ပါမည်ဘုရားဟု လျှောက်ထားဝန်ခံရခြင်း။ ထိုအခါ သံဃာကြီးပုဂ္ဂိုလ်တို့က ဤယခုလျှောက်ထား ဖိတ်ကြားသော ပုဂ္ဂိုလ်တို့၏ ဤတိုက်တာ၌ သီတင်းသုံးနေခြင်းကို သဘောမတူသော ပုဂ္ဂိုလ်ရှိလျှင်၊ မဆုံးမ ဝံ့ကြသောပုဂ္ဂိုလ်ရှိလျှင် မိန့်တော်မူကြ၊ သဘောတူလျှင် ဆိတ်ဆိတ်နေကြဟု ဖိတ်ကြားရခြင်း။ ထို့နောက် သံဃာ သဘောတူကြသည့်အခါ ဆရာကြီးထံ ဒွေမာတိကာတို့ကို ပြန်ဆိုရခြင်း။ ဒွေမာတိကာ ပြန်ဆိုပြီးသည့်အဆုံး၌ အာမခံနှင့်တကွ လာ၍ ဆရာမထေရ်ကြီးထံ နိသျည်းယူရခြင်း။ အာမခံဆရာပုဂ္ဂိုလ်က နိသျည်းဆရာတို့ ပြုကျင့်အပ်သောဝန်ကို ဘုရားတပည့်တော်က ကြောင့်ကြပြု၍ ကြည့်ရှုပြုစုပါမည် ဝန်ခံရခြင်း။ နိသျည်းဆရာ၌ပြုရာသော မျက်သစ်ရေ၊ ဒန်ပူပေးခြင်း စသော ဝတ်နိဗဒ်တို့ကို ငါ့ရှင်အလိုရှိသမျှ နေလော့၊ ငါ၌ ပြုရာသော ဝတ်နိဗဒ်တို့ကို ငါခွင့်လွှတ်ပါ၏ဟူ၍ ခွင့်ပြုပြီးလျှင် သင့်ရာကျောင်း၌ ကျောင်းနေပုဂ္ဂိုလ်ကြီးထံ အပ်နှံ၍ ထားရခြင်း။ ၎င်းနောက် ဉာဏ်နုလှ စာပေအား နည်းလှသောသူကို ချန်ထား၍ ညရွတ်သုတ်ကို အနက်ထင်အောင် လေ့လာ၍ ပါဠိကို နှုတ်ငုံမရမချင်း တစ်ပါးစာကို မတက်စေရ၊ ညရွတ်သုတ်စုကို ရမှ တစ်ပါးစာကို တက်စေရခြင်း စသည်တည်း။ ဤကား ဤတိုက်အတွင်း

သီတင်းသုံးနေလိုသော ပုဂ္ဂိုလ်တို့ပြုရာသော ပုဗ္ဗပယောဂအကျင့်ပတိပတ် ဥပဒေနည်းတည်း။

## ၂ - အာမခံပုဂ္ဂိုလ်ကျင့်ရာသော ဥပဒေနည်းကား

မိမိအာမခံအပ်သော ပုဂ္ဂိုလ်၌ အဝတ်အရုံတို့ကို နေရာကျနအောင် ကြောင့်ကြတစ်ခု ကြည့်ရှုပြုပြင်သွန်သင်ပြရခြင်း။ ဆွမ်းစားကျောင်း၊ ဘုရားဝတ်တက်ရာကျောင်း၊ စာအံသရဇ္ဈာယ်ရာ သိမ်တန်ဆောင်း၊ ဥပုသ်ပြုရာ သိမ်တန်ဆောင်းအရပ်တို့၌လည်းကောင်း၊ နဝကမ္မပြုလုပ်ကြသည့်အခါ၌လည်းကောင်း ကျင့်ရာသောနည်း၊ ဆရာသမား သီတင်းသုံးဖော်တို့၌ ကျင့်ရာသောနည်း စသည်တို့၌ ဆရာမထေရ်ကြီး ဆုံးမ၍ ထားအပ်သည့်အတိုင်း နေရာကျနအောင် မိမိအာမခံအပ်သော ပုဂ္ဂိုလ်တို့အား ကြောင့်ကြတစ်ခု အာရုံပြု၍ သွန်သင်ဆုံးမရခြင်း။ မိမိအာမခံအပ်သော ပုဂ္ဂိုလ်တစ်စုံတစ်ခု ပြောပလောက်အောင် ဖောက်ပြန်၍ ဒဏ်ထမ်းရလျှင် အမှုအင်ကို ကြည့်၍ အာမခံတတ်သောပုဂ္ဂိုလ်လည်း ၎င်းပုဂ္ဂိုလ်၏ ထက်ဝက်သောဒဏ်ကို ထမ်းရခြင်း။ မိမိအာမခံအပ်သော ပုဂ္ဂိုလ်အရပ်တစ်ပါး ထွက်ပြေးလျှင် အထက်ဆရာကြီးထံ လျှောက်၍ ဒဏ်အခေါက်နှစ်ဆယ် ထမ်းရခြင်း၊ မိမိအာမခံအပ်သော ပုဂ္ဂိုလ်အား ဒုဗ္ဗစသဘောထင်၍ မဆုံးမနိုင်လျှင် မထေရ်ကြီးတို့ထံ၌ ပန်၍ အာမခံကို ပြန်နုတ်ရခြင်း စသည်တည်း။ ဤကား အာမခံတတ်သော ပုဂ္ဂိုလ်ကျင့်ရာသော ဥပဒေနည်းတည်း။

## ၃ - အာမခံအပ်သည့်ပုဂ္ဂိုလ်ကျင့်ရာသော ဥပဒေနည်းကား

အာမခံဆရာ ဆုံးမသမျှကို တရားနှင့်ညီသော၊ မညီသော၊ သို့လော သို့လော ဆင်ခြေမတက် သက်သက်ကျိုးနွံစွာ နာခံရခြင်း၊ ၎င်းအာမခံဆရာသာ ငါ့မှာ စင်စစ် ကိုးကွယ်ရာဖြစ်တော့သည်။ ငါ့အား သူ မဆိုမဆုံးမဝံ့၍ အာမခံကို ပြန်နုတ်ခဲ့သော် တစ်စုံတစ်ယောက် အာမခံဆရာ မရနိုင်ရာသည်ဖြစ်၍ ဤတိုက်တာမှ ငါသွားရတော့မည် ဧကန်ဖြစ်တော့သည်ဟု နှလုံးထား၍ အာမခံဆရာ၌ လွန်စွာ ရိုသေကျိုးနွံတုပ်ဝပ်ရခြင်း၊ ကျေးဇူးတတင် ချစ်ခင်မေတ္တာဖြင့် ရိုသေစွာဝတ်ကြီးဝတ်ငယ်ပြုရခြင်း၊ အာမခံဆရာထံ ရံခါရံခါ သွားလာ၍ တရားဆုံးမခံရခြင်း စသည်တည်း။ ဤကား အာမခံအပ်သော ပုဂ္ဂိုလ်ကျင့်ရာသော ဥပဒေနည်းတည်း။ ၎င်းဝတ်နှင့် မညီ အမှတ်မဲ့ပြုခဲ့လျှင် တိုက်အုပ်၊ တိုက်ကြပ်၊ မထေရ်

ကြီးတို့က အာမခံဆရာနှင့်တကွ ဒဏ်ပေးရခြင်း၊ မထေရ်ကြီးတို့ပါ အမှတ်မဲ့ နေခဲ့သော် ၎င်းအာမခံတတ် အာမခံအပ်နှစ်ရပ်သောပုဂ္ဂိုလ်တို့နှင့်တကွ တိုက်အုပ် မထေရ်တို့ပါ အထက်ဆရာကြီးက ဒဏ်နွှနာအောင် ပေးခြင်းကို ပြုကြစတမ်း။ ဤကား အာမခံအပ်သော ပုဂ္ဂိုလ်ဖောက်ပြန်ရာ၌ ကျင့်ရာသောဥပဒေနည်းတည်း။

## ၄ - အဝတ်အရုံ၌ ကျင့်ရာသော ဥပဒေနည်းကား

သင်းပိုင်ကို အလွန်ရှည်စွာ တွဲလျားချ၍ ဝတ်ခြင်း၊ အလွန်တိုစွာဝတ်ခြင်း တို့ကိုကြည့်၍ ဆင်နှာမောင်းကဲ့သို့ ရှေ့အစွန်းရှည်ခြင်း၊ ထန်းရွက်ယပ်ဝန်းကဲ့သို့ ရှေ့အစွန်းတိုခြင်း၊ ငါးမြီးကဲ့သို့ အစွန်းနှစ်ဖက်ထွက်ခြင်း၊ အထက်အစကို အတွင်း သို့ လိပ်၍ သွင်းသဖြင့် လူတို့ကဲ့သို့ ခါးပုံထိုး၍ဝတ်ခြင်း၊ ချက်ကိုဖော်၍ ဝတ် ခြင်း၊ ပုဆိုးဝတ်သကဲ့သို့ အစကို ချည်လိမ်၍ ဝတ်ခြင်း စသော ဖောက်ပြန်သော ဝတ်ခြင်း မရှိစေရ၊ မတိုလွန်း မရှည်လွန်း သားလုံးဖုအဆုံးကို ဖုံးမိရုံမျှပြုလျက် တိမဏ္ဍလ ဝတ်နည်းကျအောင် အရိအသေ ကောင်းမွန်စွာ အခါခပ်သိမ်း ဝတ်ရ ခြင်း၊ ကိုယ်ရုံ နေ့ကိုင် သင်္ကန်းကို သင်းပိုင်ထက် မရှည်လွန်းစေရ၊ တစ်ဖက်နိမ့်မြင့် မရှိစေရ ဖိုးရိုးဖားရား ဖရိုဖရဲ မရှိစေဘဲ ရှေ့အစွန်း နောက်အစွန်းနှစ်ဘက်ကို ဖုံးလွှမ်း၍ ညီညွတ်စွာ အခါခပ်သိမ်း သတိထား၍ ဝတ်ရုံရခြင်း၊ ဘုရားရှိခိုးပူဇော် ရာတို့၌ လက်ျာလက်ရုံးကို ဖုံးလွှမ်းခြင်း၊ လက်ဝဲလက်ရုံးကိုဖော်ခြင်း၊ ရင်ကို ဖော်ခြင်း စသော ဒုပ္ပာရုပနတို့ကို မဖြစ်စေရ အခြားနေရာတို့ထက် သတိပြု၍ ဝတ်ရုံခြင်း၊ စာတက်သွားရာ ဆွမ်းစားကျောင်းသို့ သွားရာ စသည်တို့၌ သွားတိုင်း သွားတိုင်း သင်းပိုင်၊ ကိုယ်ဝတ်ကို ပြင်ဆင်၍ အရိအသေကောင်းမွန်စွာ ဝတ်ရုံရခြင်း၊ ရေချိုးရာတို့၌ ကိုယ်ရုံနှင့်တကွ မချိုးနိုင်လျှင် ထိုမှဤမှ မသွားမလာနေရာမြဲတိုင်း၌ သာနေ၍ ချိုးရခြင်း၊ နဝကမ္မအမှု စသည်ပင်ရှိသော်လည်း ကိုယ်ရုံကို မချထားဘဲ အမြဲရန်းရုံ၍ နေရခြင်း၊ ပူအိုက်သည့်အခါ သင်္ကန်းအစွန်းနှစ်ဘက်ကို ပခုံးနှစ်ဘက် လက်ဝဲလက်ျာ သိုင်းတင်ခြင်း၊ လည်ပင်းရောက်ခြင်း၊ ခါးပန်း၍ ဝတ်ခြင်း၊ ရောဂါ အန္တရာယ်မရှိဘဲ နေပူမိုယ်းစွတ် မရှိဘဲ တိုက်တာအတွင်း ထိုမှဤမှ သင်္ကန်းကို ဦးခေါင်းခြုံ၍ သွားခြင်း စသော သမဏသာရုပ္ပ မရှိသော ဝတ်ရုံခြင်းတို့ကို မဖြစ်စေရ၊ ကောင်းမွန်စွာ အခါခပ်သိမ်း သတိထား၍ ဝတ်ရုံရခြင်း စသည်တည်း။ ဤကား ဝတ်ရုံခြင်းတို့၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၅ - ဆွမ်းစားကျောင်း၌ ပြုကျင့်ရာသော ဥပဒေနည်းကား

ဆွမ်းတော်တင် ကာလတက် ခေါက်သည့်အခါ သင်းပိုင် ကိုယ်ဝတ်တို့ကို ညီညွတ်စွာ ပြင်ဆင်လျက် ဆွမ်းတော်တင်ရာဘုရားကျောင်းသို့ မနှေးမလျင် ကောင်းမွန်စွာသွား၍ ဘုရားရှိခိုး ဝတ်တက်ရခြင်း၊ ဆွမ်းတော်ပွဲအုပ်ရောက်လာသည့်အခါ ဆွမ်းတော်၊ ပန်းတော်၊ ရေချမ်းတော် ကပ်လှူပြီးသည့်နောက် ဆွမ်းစား ကာလတက်ခေါက်သည့်အခါမှ ဘုရားကျောင်းကဆင်း၍ ဆွမ်းစားကျောင်းသို့ တက်ရခြင်း၊ ဆွမ်းစားကျောင်းသို့ တက်သည့်အခါ မထေရ်ကြီးတို့ရှေ့ အရိုအသေ ကုန်းကိုင်း ညွတ်တွားလျက် သီတင်းငယ်တို့ကို မတိုးမဝှေ့ မနှေးမလျင် ကောင်းမွန် ရှိသေစွာ ဝင်သွား၍ မိမိနေမြဲတိုင်းနေရာ၌ ထက်ဝယ်ဘွဲ့ခွေ နေထိုင်၍ ဆွမ်းစား ရခြင်း၊ ဆောင့်ကြောင့်ထိုင်၍ မကြည်ညိုဖွယ် မစားရခြင်း၊ စားဘော်စားဘက်ပွဲ သံဃာများစွာ စုံညီမှ စားရခြင်း၊ ဆွမ်းလုတ်ကို မငယ်လွန်း၊ မကြီးလွန်း အဝန်းညီ အောင် အလွန်အားထုတ်ပြုပြင်၍ စားရခြင်း၊ ထိုမှဤမှ များစွာမကြည့်၊ သူတစ်ပါး မျက်နှာကိုလည်း မော်၍မကြည့်၊ သပိတ်ဆွမ်းလုတ်တို့ကိုသာကြည့်၍ သေခိယ သိက္ခာပုဒ်တော်၊ ပဋိကူလသညာ ကမ္မဋ္ဌာန်းတို့ကို နှလုံးထား၍ စားရခြင်း၊ ဇွန်း ရှိလျက် ဟင်းရည်ခွက်ကို လက်နှင့်နှိုက်၍ မစားရခြင်း၊ ဟင်းရည်ဟင်းဖတ်မများ လွန်းစေရ အတိုင်းအရှည်နှင့်ယှဉ်၍ စားရခြင်း၊ ဆွမ်းစားပြီးသည့်အခါ ကျယ်လောင် စွာ လုတ်ဆေးခြင်း၊ ချွဲဟပ်ခြင်း၊ ဆွမ်းစားပွဲအနီး ဒန်ပူစားခြင်း၊ သွားကြားထိုးခြင်း၊ ဖုတ်သလဲမြူမှုန်ခါတွက်ခြင်း စသော မကြည်ညိုဖွယ်ကို မပြုမိစေရခြင်း၊ မိမိအား ထိုက်လျောက်သော စားခွက်၊ သောက်ခွက်တို့ကို ဆေးလျှော်သိမ်းဆည်းပြီးလျှင် ဆွမ်းစားကျောင်းပေါ်၌ အရှည်အကြာ မနေ၊ မိမိနေရာသို့ ဆင်းသွားရခြင်း၊ တစ်နေရာမှထ၍ တစ်နေရာ၌ မစားသောက်ရခြင်း၊ သစ်သီးခဲဖွယ် ဝေဖန်သော ဖလာဘာဇက၊ ခဇ္ဇဘာဇကပုဂ္ဂိုလ်တို့၌ တစ်စုံတစ်ခွန်းမျှ ကဲ့ရဲ့ပြစ်တင် မပြုရခြင်း၊ ဆွမ်းလိုက်ပါလော့၊ ဟင်းလိုက်ပါလော့ စသည်ဖြင့် များစွာ မတောင်းမရမ်း မခေါ် မအော်ရခြင်း၊ အကြောင်းထူးဝိသေသမရှိလျှင် ဆွမ်းစားကျောင်းသို့ တက်သည့် အခါမှစ၍ ဆွမ်းစားကျောင်းမှ ဆင်း၍ သွားသည်တိုင်အောင် တစ်စုံတစ်ခွန်းမျှ စကားပြောဆိုမရှိရခြင်း၊ ဆွမ်းစားကျောင်းအုပ်ပုဂ္ဂိုလ်တို့ပင်သော်လည်း အာဂန္တုကကိစ္စ၊ ပြောပလောက်သော ဂိလာနကိစ္စ၊ ပြောပလောက်သော သံဃကိစ္စ၊ တစ်နေကုန် တစ်ညဉ့်ကုန် သွားရမည့်ကိစ္စကို ချန်ထား၍ တစ်ပါးသောကိစ္စဖြင့် ကာလတက် မခေါက်မီ ဆွမ်းချက်တဲမှ ဆွမ်းကို မယူဆောင်စေရခြင်း၊ မိမိတို့သပိတ်ဖြင့်

ပတ္တပိုဏ်စားသူကို ချန်ထား၍ ပြောပလောက်အောင် အသည်းအသန် မနာမဖျား အနည်းငယ်သော အကြောင်းများနှင့် ဆွမ်းစားကျောင်းမှ ဆွမ်းကို ယူဆောင်စေ၍ အခြားနေရာ၌ တခွဲတခြား မစားရခြင်း၊ ဤသို့ စသောသံဃဝိဝါဒကင်း၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေရကြောင်း ကောင်းမြတ်သော အမူအကျင့်တို့ကို ပြုကျင့်ခြင်း စသည်တည်း။ ဤကား ဆွမ်းစားကျောင်း၌ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၆ - ဘုရားဝတ်တက်ရာကျောင်း၌ ကျင့်ရာသောဥပဒေနည်းကား

ဘုရားဝတ်တက် ကလတက်ခေါက်လျှင် ခေါက်ချင်း မကြာလွန်းစေရ၊ ပြောပလောက်သော သံဃကိစ္စ၊ ဆရာကြီးကိစ္စမှတစ်ပါး မိမိကိစ္စဖြင့် ကိစ္စကြီးငယ် ရှိသေးသည်ဟု အမြွက်မပြုဘဲ ဆောလျင်စွာဘုရားကျောင်းသို့ သွားရခြင်း၊ သင်းပိုင်၊ ကိုယ်ဝတ်တို့ကို ရှေးအခြားနေရာထက်မက သတိထား၍ အဝန်းသုံးပါး အလွန် ညီညွတ်အောင် ဝတ်လျက် အစွန်းနှစ်ဘက်ကို မပေါ်စေရအောင် ကောင်းမွန်စွာ ဖုံးလွှမ်း၍ တဘက်ရုံလက်ကန်တော့ စမွယ်တင်၍ ငြိမ်သက်သောဣန္ဒြေဖြင့် ကောင်းမွန်ရိုသေစွာသွားရခြင်း၊ ဘုရားကျောင်းသို့ မရောက်မီအကြား စကားအများ ပြောဆိုခြင်း မရှိ၊ ဘုရားဂုဏ်တော် စသော ကမ္မဋ္ဌာန်းကို စွမ်းအားရှိသမျှ နှလုံးထား ၍ သွားရခြင်း၊ မထေရ်ကြီးတို့ကို တွေ့မြင်လျှင် ဖိနပ်ချွတ်ခြင်း၊ ရိုသေကိုင်းညွတ် တုပ်ဝပ်ခြင်း၊ သီတင်းကြီးတို့ကို ရှိခိုး၍ သီတင်းငယ်တို့ကို မတိုးမဝှေ့ မထိမခိုက် စေရ၊ ဘုရားကျောင်းသံဃာ့အစည်းအဝေးသို့ ကောင်းမွန်စွာဝင်လျက် ဘုရားရှင်ကို မြင်လျှင်မြင်ချင်း လက်အုပ်ချီ၍ ရှိခိုးခြင်း၊ ပူဇော်ခြင်း၊ ရေချမ်းတော်၊ ပန်းတော် ကပ်လှူပြီး ဘုရားပူဇော်ပြီးသည့်နောက် ပါတိမောက်၊ ညရွတ် နံနက်ရွတ် သုတ် တို့ကို အညီအညွတ်ရွတ်ခြင်း၊ ၎င်းအခါ ပျင်းမူပျင်းရာမလုပ်အစွမ်းရှိသမျှ အားပါ ထုတ်၍ အများနည်းတူ ကြည်ဖြူ သဒ္ဓါကောင်းမွန်စွာ ရွတ်ခြင်း၊ အနာရောဂါ စသော အကြောင်းထူး ဝိသေသရှိ၍ ဝတ်တက်ဝတ်ကပ် မလိုက်နိုင်လျှင် သင့်ရာ ပုဂ္ဂိုလ်အား အကြောင်းနှင့်တကွ မှာထားလိုက်ရခြင်း၊ ၎င်းပုဂ္ဂိုလ်က သံဃထေရ် အား လျှောက်ထားရခြင်း (မိမိအောက် အခြားမဲ့ ဝတ်တက်နေကျ ပုဂ္ဂိုလ် မပါလာ လျှင် ၎င်းပုဂ္ဂိုလ်က သံဃထေရ်အား လျှောက်ကြားခြင်း)* အကြောင်းမဲ့ နေရစ် ခဲ့သော်လည်းကောင်း၊ အကြောင်းထူးရှိသော်လည်း မှာထားခြင်းငှာ အခွင့်ရလောက်

---

* (–) ဤကွင်းအတွင်းစာများ ပေမူ၌ မပါ။

လျက် မမှာမထား လျောက်လျားနေရစ်ခဲ့သော်လည်းကောင်း၊ **နှံ့နှာအောင်** ဒဏ်ထမ်းရခြင်း၊ ဝတ်တက်ပြီး အဆုံး၌ သံဃထေရ်ကြီးတို့ ခွင့်လွှတ်သည့်အခါမှ ကောင်းမွန်စွာ ဖြည်းညင်းသက်သာနေရာမှထ၍ ဘုရားရှင်ကို နောက်ဆုတ်ရှိခိုးလျက် သံဃာများကို မထိမခိုက်စေရ၊ ကြမ်းနင်းသံ မမြည်မကြားစေရအောင် ရိုသေစွာ ဘုရားကျောင်းက ဆင်းသွားရခြင်း၊ အကြောင်းထူး ဝိသေသ မရှိလျှင် ဘုရားကျောင်းသို့ တက်သည်မှစ၍ ဆင်းခဲ့သည့်တိုင်အောင် တစ်စုံတစ်ခွန်းမျှ မပြောမဆို တုဏှိဘာဝ ပြုနေခဲ့ခြင်း ဤသို့ စသော သံဃာတော်တို့ ကုသိုလ်တရားအထူး ဖြစ်ပွားခြင်းအကြောင်း ကောင်းမြတ်သော အကျင့်ဝတ်ပဋိပတ်တို့ကို ပြုကျင့်ကြရမည်။ ဤကား ဘုရားရှိခိုးဝတ်တက်ရာကျောင်း၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၇ - ညဉ့်အခါ စာပြန်ရာ သိမ်တန်ဆောင်း၌ ကျင့်ရာသော ဥပဒေနည်းကား

ဘုရားရှိခိုး ဝတ်တက်ရာမှ ပြန်လည်ပြီးနောက် တစ်စုံတစ်ရာ အကြောင်းထူး ဝိသေသမရှိလျှင် အရပ်တစ်ပါး မသွားမလာ စာပြန်ရာ သိမ်တန်ဆောင်းသို့ မနှေးမလျင် ကောင်းမွန်စွာသွား၍ မိမိနေမြဲတိုင်း နေရာ၌ ထိုင်၍၊ ထ၍ စာပြန်သရဇ္ဈာယ်ခြင်း၊ ရှုပ်ရက်ခတ် စကြံသွား၍ စာမအံရခြင်း၊ စကြံသွား၍ အံလိုလျှင်သိမ်တန်ဆောင်း အောက်အနီးအနား မြေပြင်တလင်း၌ ဆင်း၍ စာအံရခြင်း၊ မိမိအနီးအပါး အိပ်ငိုက်သူကို မြင်လျှင် မနှိုးဘဲ မနေရခြင်း၊ မိမိအိပ်ငိုက်သည်ကို သူတစ်ပါးတို့ နှိုးလာလျှင် မအိပ်ချင်အောင် ထိုင်၍ မအံ၊ ထ၍ အံခြင်း၊ မျက်နှာသစ်ခြင်း၊ အောက်သို့ ဆင်းသဖြင့် စကြံသွား၍ အံခြင်း၊ စာပြန်ရာ၌ အကျယ်အပွား စာစကားကိုမျှ ပြော၍ မနေရခြင်း၊ ပြောပလောက်သော အကြောင်းထူး ဝိသေသ မရှိလျှင် စာပြန်ရာ သိမ်တန်ဆောင်းသို့ တက်သည်မှစ၍ စာအံတိတ်ကလတက်ခေါက်သည်တိုင်အောင် အကျိုးမရှိသောစကားကို တစ်စုံတစ်ခွန်းမျှ မပြော မဆိုရခြင်း၊ စာအံတိတ်ကလတက်ခေါက်လျှင် ခေါက်ချင်းသိမ်ပေါ်၌ စကားပြော၍ မနေ၊ အရှည်အကြာ စာအံ၍ မနေဘဲ စာပြန်ရာ အကြီးအအုပ်သံဃထေရ်ရှိရာ လက်အုပ်ချီ၍ အရိုအသေ မနှေးမလျင် သိမ်တန်ဆောင်းမှဆင်း၍ မိမိနေရာကျောင်း အိပ်နေကျအခန်းတွင်း၌ သင့်လျော်လျောက်ပတ်သော ကမ္မဋ္ဌာန်းကို စွမ်းအားရှိသမျှ နှလုံးသွင်း၍ အိပ်ရခြင်း၊ သူတစ်ပါးအိပ်ခန်း၊ သူတစ်ပါးနေရာတို့၌ အမှတ်မဲ့ အိပ်မိလျှင် နံနက်ထအခါ ဒဏ်ဆယ်ခေါက်ထမ်းရခြင်း၊ ဆယ်ဝါမှ

အောက်ငယ်သောကျန်းမာပကတိရှိသောပုဂ္ဂိုလ်တို့ သိမ်တန်ဆောင်းသံဃာ စည်းဝေးရာအရပ်မှ အခြား မိမိနေရာ စသည်တို့၌ အမှတ်မဲ့ စာအံ၍နေသူမှာ ဒုက္ကဋ်ဆယ်ခေါက်၊ အိပ်၍နေသူမှာ ဒုက္ကဋ်အခေါက်သုံးဆယ် ထမ်းရခြင်း၊ ဆယ်ဝါထက်ကြီးသူပုဂ္ဂိုလ်တို့လည်း မည်သည့် အရပ်နေရာမဆို စာအံတိတ်ကလတက်မတီးမချင်း နှစ်ပါး၊ သုံးပါး စသည်စု၍ အလွတ်စကား အလကားပြောဆိုနေခဲ့သော် ဒုက္ကဋ်ဆယ်ခေါက်၊ အိပ်၍နေခဲ့သော် ဒုက္ကဋ်အခေါက်သုံးဆယ် ထမ်းရခြင်း၊ ကိုယ်လက်မချမ်းမသာ ရောဂါ စသောအကြောင်းရှိ၍ သိမ်တန်ဆောင်းသို့ တက်သဖြင့် စာမအံနိုင်သော် သိမ်တန်ဆောင်းအုပ်မထေရ်ကြီးထံ ခွင့်ပန်လျှောက်ထားပြီးမှ မိမိကျောင်းသို့ သွားရခြင်း၊ နေ့တိုင်းပင် စာမအံနိုင်လျှင် အထက်ဆရာကြီးထံ လျှောက်ထား၍ နေရခြင်း၊ စာမအံနိုင်သူပုဂ္ဂိုလ်ဖြစ်လျှင် သူတစ်ပါး စာအံမတိတ်မီအတွင်း မအိပ်မလှဲ ပုတီးစိပ်၍ ကမ္မဋ္ဌာန်းကို ပွားများ၍နေရခြင်း၊ သံဃထေရ်ကြီးဖြစ်သူတို့လည်း အချင်းချင်း အခြားကိစ္စတိုင်ပင်ရန် ရှိသော်လည်း မလွှဲမကင်းသာလျှင် ထိုအခါ မတိုင်ပင်ရလျှင် အကျိုးမပြီးလောက်သောအကြောင်းကို ကြည့်၍ သူတစ်ပါးတို့ စာအံကြသည့်အတွင်း စာအံတိတ်ကလတက်မခေါက်မီ မတိုင်ပင်ဘဲ အများ နည်းတူ စာအံနိုင်လျှင် စာအံ၊ စာမအံနိုင်လျှင် ပုတီးစိပ်ပြီး၍ စာအံတိတ်ကလတက်ခေါက်ပြီးသည့်နောက်မှသာ ချင်းတို့ချင်း တိုင်ပင်ရန်ရှိသည် များကို တိုင်ပင် ပြောဆိုခြင်း၊ ၎င်းဆိုအပ်ခဲ့ပြီးသည့်အတိုင်း နေရာမကျ အမှတ်မဲ့ပြုခဲ့မိလျှင် မိမိ လျော့လျားဘာသာဒုက္ကဋ်ဆယ်ခေါက် စသည်ထမ်း၍ မည်သည့်အပြစ်ကြောင့် ဒုက္ကဋ်ထမ်းရပါကြောင်းကို သံဃထေရ်အား လျှောက်ကြားရမည်။

ဤကား ညဥ့်အခါ စာပြန်ရာ သိမ်တန်ဆောင်း၌ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၈ - ဥပုသ်ပြုရာ သိမ်တန်ဆောင်း၌ ကျင့်ရာသော ဥပဒေနည်းကား

ဥပုသ်ပြုကလတက်ခေါက်လျှင် ခေါက်ချင်း မကြာလွန်းစေရ၊ ဥပုသ်ပြုရာ သိမ်တန်ဆောင်းသို့ သွားရခြင်း၊ ကိုယ်ဝတ်ကိုယ်ရုံကို လက်ကန်တော့ စမွယ်တင်လျက် တဘက်ရုံနည်းကျအောင် ဝတ်ရုံပြီးလျှင် ငြိမ်သက်သောဣန္ဒြေရှိသည်ဖြစ်၍ သိမ်တန်ဆောင်းသို့ ကောင်းမွန်စွာလာရခြင်း၊ သီတင်းကြီးတို့ကို ရှိသေကိုင်းညွတ်လျက် သီတင်းငယ်တို့ကိုလည်း တိုးဝှေ့တိုက်ခိုက်မရှိ သံဃထေရ်ရှိရာ လက်အုပ်ချီ၍ အရိုအသေ သံဃာ့အစည်းအဝေးသို့ ဝင်ရခြင်း၊ ပါတိမောက်ပြမည့်

ပုဂ္ဂိုလ်သည် ဥပုသ်မပြုမီ အဖိတ်နေ့တစ်ရက်ကလာ၍ မထေရ်ကြီးထံ အမေးအဖြေနှင့်တကွ ပါတိမောက် ပြန်ရခြင်း၊ ပါတိမောက်ပြန်သည့်အခါ ညောင်းညာပင်ပန်းခြင်း စသော အနည်းငယ်သောအကြောင်းကို အကြောင်းပြုသဖြင့် အကျဉ်းသင်္ခေပ မပြဘဲ အခါခပ်သိမ်း အကျယ်ဝိတ္ထာရပြခြင်း၊ ပါတိမောက်ပြပြီးသည့်နောက် မေတ္တာသုတ် စသည်တို့ကို အညီအညာရွတ်ရခြင်း၊ ရွတ်ပြီးသည့်နောက် ဆုံးမရန်ရှိသည်များကို သံဃာ့ထေရ်တို့က ဆုံးမပြီး၍ ခွင့်လွှတ်ခါမှ အစဉ်အတိုင်း ထ၍ ဖြည်းညင်းသက်သာစွာ သိမ်တန်ဆောင်းမှ ဆင်းသက်ခြင်း ဤသို့ စသော အကျင့်ကို ပြုအပ်၏။ ဤကား ဥပုသ်ပြုရာ သိမ်တန်ဆောင်း၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။ ၎င်းအတိုင်း မညီဖောက်ပြန်ခဲ့လျှင် အာမခံနှင့်တကွ ထိုက်ရာ ဒဏ် ထမ်းရမည်။

## ၉ - နဝကမ္မပြုရာ၌ ကျင့်ရာသောဥပဒေနည်းကား

နဝကမ္မကလတက်ခေါက်လျှင်ခေါက်ချင်း မကြာလွန်းစေရ၊ သံဃာ့အစည်းအဝေးသို့ သွားရခြင်း၊ ညီညာဖျဖျ နောက်မကျရအောင် အထူးသတိပြုရခြင်း၊ မိမိအာမခံအပ်သောပုဂ္ဂိုလ် နောက်မကျရစ်အောင် အထူးသဖြင့် ကြည့်ရှုနှိုးဆော်ရခြင်း၊ သံဃထေရ်ညွှန်ချဝေဖန်ရာအမှုကို တွက်ချက်ခိုကပ်မရှိ စွမ်းအားအလျောက် အားထုတ်ရွက်ဆောင်ရခြင်း၊ ကိုယ်လက်မအီမသာ ရောဂါစသောအကြောင်းရှိလျှင် သံဃာကြီး၊ ပုဂ္ဂိုလ်ကြီးများထံ ပန်ကြားလျှောက်ထား၍ နေရခြင်း၊ မပန်ကြား အမှတ်မဲ့နေခဲ့သော် သင့်လျော်အောင် ဒဏ်ထမ်းရခြင်း၊ အကြောင်းထူး ဝိသေသမရှိ အမှတ်မဲ့ ပျင်းမှုပျင်းရာ ခိုကပ်နေရစ်ခဲ့သော်လည်းကောင်း၊ အလွန်ကြာမြင့်စွာ နောက်ချန်၍ နေရစ်ခဲ့သော်လည်းကောင်း လျောက်လျားဘာသာ ဒဏ် အခေါက် နှစ်ဆယ်၊ သုံးဆယ် စသည် ထမ်း၍ မထေရ်ကြီးတို့ထံ မည်သည့်အပြစ်နှင့် ဒဏ်ထမ်းရပါကြောင်းကို လျှောက်ရခြင်း။ နဝကမ္မပြုလုပ်သည့်အခါ အကျိုးမရှိ နိရတ္ထကတိရစ္ဆာနကထာ ရယ်မောစရာစကားတို့ကို မပြောမဆိုမိအောင် အထူးသတိပြုရခြင်း၊ ၎င်း နဝကမ္မပြုလုပ်ရာဝိုင်းဖွဲ့၍ လက်ဖက်ရည်သောက်ခြင်း စသော လူတို့ကဲ့သို့ ပျော့ရမ်းသော အမှုအရာတို့ကို မပြုရခြင်း၊ အကြီးအအုပ် သံဃထေရ်တို့မှတစ်ပါး သံဃာငယ်ချင်းချင်း မည်သူမည်ဝါ မလာကြသည်၊ အပျက်အဟတ် လုပ်ကြသည် စသည်ဖြင့် မညည်းတွားရခြင်း၊ ကျယ်လောင်စွာ မအော်မခေါ်ရခြင်း၊ နေရာကျအောင် မလုပ်သည်၊မတတ်သည်၊ ပျင်းသည်၊ ဖျင်းသည် စသည်ဖြင့်

သူတစ်ပါးအမှုကို မကဲ့ရဲ့ရခြင်း၊ ဤနဝကမ္မပြုလုပ်ကြသည့်အခါ ငါ၏တွက်တာနှင့် တစ်စုံတစ်ခုအပြစ်တင်ရန် ပြောဆိုရန် မရှိပါစေသတည်းဟု အထူးသတိပြု၍ အရိုအသေ ငြိမ်သက်သော ကာယကံဖြင့် ကောင်းမွန်စွာ ပြုလုပ် အားထုတ်ရခြင်း၊ သံဃထေရ်ကြီးတို့က တစ်ခုခုကို စေခိုင်းရာ တစ်ခွန်းတည်းသော စကားဖြင့် မငြင်းမဆန် သွားလာအားထုတ်ပြုလုပ်ရခြင်း၊ အမှုကိစ္စပြီး၍ မထေရ်ကြီးတို့ ခွင့်ပြုသည့်အခါမှ လိုရာအရပ်သို့ ဖဲသွားရခြင်း၊ အမှုမပြီးမီ အကြောင်းအထူး ဝိသေသရှိ၍ ဖဲသွားလိုသော် မထေရ်ကြီးများထံ ပန်ကြား၍ သွားရခြင်း စသည် တည်း။ ဤကား နဝကမ္မပြုလုပ်ရာ၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၀ - ရေခပ် ရေချိုးရာသွားရာ၌ ပြုကျင့်ရသော ဥပဒေနည်းကား

နှစ်ပါး၊ သုံးပါး စသည် တိုင်ပင်ပေါင်းစု၍ မသွားခြင်း၊ လမ်းခရီးအကြား သူတစ်ပါးနှင့် ပေါင်းဆုံမိသော်လည်းကောင်း၊ ရေခပ်ဆိပ်၌ အများနှင့် ပေါင်းဆုံမိသော်လည်းကောင်း စကားများစွာ မပြောဆိုရခြင်း၊ သုံးပါး လေးပါးစု၍ အတူ ရေမချိုးရခြင်း၊ မိမိထက် ခြောက်ဝါကြီးသော အာစရိယမတ္တမထေရ်ကြီး တို့အနီးအပါး ရေမချိုးရခြင်း၊ ၎င်းမထေရ်တို့၏ အထက်အညာကနေ၍ ရေမချိုး ရခြင်း၊ တိစီဝရိက်စုတင်ဥက္ကဋ္ဌဆောင် ပုဂ္ဂိုလ်မဟုတ်ဘဲလျက် မလျောက်မပတ် အချည်းနှီးချွတ်၍ ရေမချိုးဘဲ ရေသနုပ်နှင့်တကွ ချိုးရခြင်း၊ အချင်းချင်း စကား ပြောလျက် ရယ်မောမြူးတူး ရေကူး ရေကစား ထိုမှ ဤမှ ကူးသန်းသွားလာခြင်းကို မပြု၊ ချိုးမြဲတိုင်းသောနေရာ၌ ငြိမ်သက်သောကာယကံရှိသဖြင့် ရေချိုးရခြင်း၊ ပုဆစ်ဖမျက်နစ်လောက်ရုံမျှသော ရေ၌သော်လည်း ရေအပြင်ကို ခြေနှင့်ခတ်ခြင်း၊ လက်နှင့်ပုတ်ခြင်း၊ လက်ချောင်းနှင့် တောက်ခြင်းကိုပြုကာမျှဖြင့်လျှင် ဟာသဓမ္မ သိက္ခာပုဒ်ဖြင့် ပါစိတ်အာပတ်သင့်ကြောင်းကို အဋ္ဌကထာ၌ မိန့်ဆိုရကား ရေချိုး ရာ၌ အလွန်အာပတ်နှင့် နီးသည်ဖြစ်၍ ပျော်ရွှင်လိုသောစိတ်ဖြင့် လက်ခြေကိုယ် အင်္ဂါတို့ကို လှုပ်ရှားရောက်ရက်မရှိစေရ အထူးသတိပြု၍ ချိုးရခြင်း၊ ရေချိုးရေခပ် ဆိပ်၌ အတိုင်းထက်အလွန် အရှည်အကြာ မနေရခြင်း ဤသို့ စသော အကျင့်ဝတ် တို့ကို ပြုကျင့်ရမည်။ ဤကား ရေချိုးရေခပ်ရာ၌ ပြုကျင့်ရာသော ဥပဒေနည်း တည်း။ ၎င်းဥပဒေနှင့် မညီ ဖောက်ပြန်ခဲ့ကြလျှင် အာမခံဆရာကျောင်းနေပုဂ္ဂိုလ် တို့ပါ ထိုက်ရာဒဏ်တည်း။

## ၁၁ - မြို့တွင်း ရွာတွင်းသို့ဝင်ရာ၌ ကျင့်ရာသောဥပဒေနည်းကား

မြို့တွင်း ရွာတွင်းသို့ ဝင်လိုသောပုဂ္ဂိုလ်သည် ဆရာမထေရ်ကြီးထံ ပန်ကြား လျှောက်ထား၍ အခွင့်ပြုမှ ဝင်ရခြင်း၊ ဆရာ သင်္ဃာ သဘောတူ ခွင့်ပြုသည်ကို ချန်ထား၍ မိမိကိစ္စနှင့် အညာတကအပဝါရိတတို့ထံ ကာယဝိညတ် ကိုယ်ဖြင့် ရပ်၍သော်လည်း လျှပ်ပေါ်လော်လည် တစ်စုံတစ်ခု အလှူခံမှု တောင်းရမ်းမှုတို့ကို မပြု၊ အကြင်ကိစ္စအမှုဖြင့် အကြင်ဒါယကာ့အိမ်သို့ သွားအံ့သောဟာ မထေရ်ကြီးထံ ပန်လျှောက်၏။ ထိုကိစ္စပြီးစီးသည့်အခါ ထိုမှ၌မှ မလည်မပတ် နေမြဲကျောင်းအရပ် သို့ ဖြောင့်ဖြောင့်မတ်မတ် ပြန်လည်ခဲ့ရခြင်း၊ ပြန်လည်ပြီးသည့်အခါ ဆရာမထေရ် ကြီးထံလာ၍ မြို့တွင်းရွာတွင်း၌ ဖြည့်ကျင့်အပ်သော ဩက္ခိတ္တစက္ခု စသော သေခိယသိက္ခာပုဒ်တော် လုံခဲ့သည်။ မလုံခဲ့သည်၊ ကျိုးပေါက်ခဲ့သည်၊ မပေါက် ခဲ့သည်များကို လျှောက်ထား၍ ကျိုးပျက် ပြောက်ကျားရှိခဲ့လျှင် သဲဒဏ်၊ ရေဒဏ် ဆယ်ခါက်ဆယ့်ငါးခါက် စသည်ထမ်း၍ ဒေသနာကြားရခြင်း စသည်တည်း။ ဤကား မြို့တွင်း ရွာတွင်းသို့ဝင်သောအခါ ၌ ပြုကျင့်ရာသောဥပဒေနည်းတည်း။ ၎င်းအတိုင်း မပြုမကျင့်အမှတ်မဲ့လွန်ကျူးသူတို့မှာ တိုက်မှုပစေ။

## ၁၂ - ဇာတိနေရင်း ရပ်ရွာသို့ အခိုက်အတန့်ပြန်လိုသော ပုဂ္ဂိုလ်တို့ပြုကျင့်ရာသော ဥပဒေနည်းကား

ရပ်ရွာသို့ အခိုက်အတန့် ပြန်သွားလိုသောပုဂ္ဂိုလ်သည် အာမခံဆရာသံဃ ထေရ်ပုဂ္ဂိုလ်ကြီး၊ အထက်ဆရာမထေရ်ကြီးတို့ထံ ဓွေနဲ့အောင် လျှောက်ထားပြီးမှ ပြန်သွားရခြင်း၊ လမ်းခရီးအကြား အခမ္မိယမိစ္ဆာဇီဝဖြင့် သံသယမကင်းစကောင်း သော ကျောင်းအိပ်ရာနေရာ၊ အစားအသောက်တို့ကို စားသောက်မှီဝဲ၊ တည်းခိုခြင်း စသော သိက္ခာပုဒ်တော်နှင့် မလျော်သောအမှုကို မဖြစ်စေရ။ အထူးသတိပြု၍ စောင့်ရှောက်ရခြင်း၊ ရပ်ရွာသို့ပြန်ပြီးသည့်နောက် အကြောင်းထူးဝိသေသမရှိဘဲ လခွဲ၊ ဆယ်ရက်ထက်အလွန် ရပ်ရွာ၌ အရှည်အကြာ မနေရခြင်း၊ အကြောင်းရှိသည် ဖြစ်၍ အရှည်အကြာနေခဲ့ရလျှင် နှစ်လကျော်၊ သုံးလကြာမှ ပြန်လာခဲ့သော ပုဂ္ဂိုလ်တို့အား အာမခံဆရာအသစ်ရှာ၍ တခြားပုဂ္ဂိုလ်သစ်တို့ နည်းတူစွာ သံဃာ့ မထေရ်ကြီးတို့ထံ အသစ်လျှောက်ရခြင်း၊ အခွင့်ရမှနေရခြင်း၊ အကြောင်းထူး ဝိသေသကိစ္စ မရှိ အမှတ်မဲ့ရှည်ကြာစွာ ရပ်ရွာ၌နေခဲ့သော် ရောက်သည့်အခါ နှံ့နာ လောက်အောင် ဒဏ်များစွာထမ်း၍ သံဃာကို နှစ်သိမ့်စေလျက် အာမခံဆရာ

အသစ်ရာ၍ သံဃာ့မထေရ်ကြီးတို့ ခွင့်ပြုမှ ဒွေမာတိကာ စသည်ကို အသစ်ပြန်ဆို၍ နေရခြင်း၊ ဤသို့ စသော အကျင့်တို့ကို ပြုကျင့်ကြရမည်။ ဤကား ရပ်ရွာပြန်ရာ၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၃ - ပရိဝါသ်မာနတ်ဆောက်တည်ရာ၌ ပြုကျင့်ရာသောဥပဒေနည်းကား

ကာမဝိတက်ကို ကြံမိကာမျှဖြင့် သံဒဏ်များစွာထမ်း၍ စိတ်ကို နှိပ်ကွပ်ဆုံးမကြသော နေရဋ္ဌရာမြစ်နား ဥရုဝေဠဝါသီတောအရပ်၊ ရသေ့တာပသပုဂ္ဂိုလ်တို့ အကျင့်များကိုထောက်၍ သဒ္ဓိစ္စဖြင့် ဂရုကအာပတ်သို့ရောက်လျှင် နွံနာလောက်အောင် ဒဏ်ထမ်း၍ နေ့ညဥ့်မဖုံးမလွှမ်း ဆောလျင်စွာ အာဝိကတပြုရခြင်း၊ ညဥ့်လွန်အောင် ဖုံးလွှမ်း၍ ပဋိစ္ဆန္န - ပရိဝါသ်ကို ဆောက်တည်ခဲ့ရလျှင် တစ်ရက်၊ တစ်ရက် ဖုံးလွှမ်းသည်၏အထွက်ကို သံဒဏ်ရေဒဏ်ငါးခေါက်စီ တာချ၍ ဝတ်နေရက်များတိုင်း ဒဏ်များစွာထမ်းရခြင်း၊ အပ္ပဋိစ္ဆန္နမာနတ်မျှနေသော်လည်း ကမ္မဝါစာဆရာ၊ ကာရကသံဃာတို့ကို အလွန်မြတ်နိုးစေခြင်းငှာ စေတီတော်၊ သံဃာတော်အား ရေဒဏ်ငါးလုံး၊ ဆယ်လုံးလှူပြီးမှ သံဃာကို မာနတ်တောင်းပန်လျှော်ထားရခြင်း၊ ပကတတ်ရဟန်းအနီး တစ်ဆယ့်နှစ်တောင်အတွင်း ဖိနပ်မစီး မသွား၊ ပုစ္ဆာပြဿနာ မမေးမဖြေ၊ ပကတတ်ရဟန်းတို့နှင့်သော်လည်းကောင်း၊ ဒဏ်သားချင်းချင်းသော်လည်းကောင်း၊ တစ်မိုးတစ်ရံတည်းမအိပ်မနေရခြင်း စသော ဒဏ်သားရဟန်းတို့ ကျင့်ရာသောဝတ်တို့ကို အရိုအသေကောင်းစွာ ကျင့်ဆောက်တည်ရခြင်း ပရိဝါသ် မာနတ်ကြားရာအရပ်၌ ဒဏ်သား၊ ပကတတ်သားနှစ်ပါးလုံးပင် တိရစ္ဆာနကထာများကို မပြောမဆိုဘဲ သင့်လျော်လျောက်ပတ်သော ကမ္မဋ္ဌာန်းကို နှလုံးထား၍ ကောင်းမွန်စွာနေထိုင်ရခြင်း ဤသို့ စသော အာသဝေါ ကိလေသာကင်းကြောင်း ကောင်းမြတ်သော သလ္လေခအကျင့်တရားတို့ကို သံဃာရာဇိရက မဟာသမဏသကျပုတ္တတို့ပီပီ ညီညွတ်သော ကိုယ်စိတ်နှလုံးရှိသည်ဖြစ်၍ ကောင်းမွန်စွာ ကျင့်ဆောက် တည်နိုင်ကြပါစေကုန်သတည်း။ ဤကား ပရိဝါသ်၊ မာနတ် ဆောက်တည်ရာ၌ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၄ - အထက်ဆရာမထေရ်ကြီး ပြုကျင့်ရာသောဥပဒေနည်းကား

တပည့်ပရိသတ်တို့အား ပါဠိ၊ အဋ္ဌကထာ စသည်တို့ကို စွမ်းအားအလျောက် ပို့ချပြသရခြင်း၊ တစ်လလျှင် လေးသီတင်း၊ ရှစ်သီတင်း စသည်ဖြင့်

တရားစကား ဟောကြားပြသ၍ ပရိသတ်တို့အား သဒ္ဒါတရား တက်ပွားစေခြင်းငှာ အခါအခါ၌ ဩဝါဒ အနုသာသနီမပြတ်ပေးသဖြင့် ပရိသတ်ကို ယဉ်ကျေးအောင် ဆုံးမရခြင်း၊ နိဂ္ဂဟာရဟ၊ ပဂ္ဂဟာရဟပုဂ္ဂိုလ်တို့အလျောက် ချီးမြှောက်နှိပ်ကွပ် ဆုံးမရခြင်း၊ နှုတ်မကြမ်းတမ်းရခြင်း၊ အချော်အဖျင်း မပြောရခြင်း၊ နဝကမ္မအမှု မထူရခြင်း၊ ပဉ္စင်းငယ်၊ သာမဏေငယ်တို့နှင့် ရောနှောခြင်း စသော သင်္ဂဏိကာ ရာမတာ၊ စကားများခြင်း ဘဿာရာမတာ၊ အိမ်ကြူးခြင်း နိဒ္ဒါရာမတာစသော ရဟန်းတရားမှ ဆုတ်ယုတ်ကြောင်း မကောင်းသော အမှုအရာတို့ကို မဖြစ်စေရ အထူးသတိပြုရခြင်း၊ ပဉ္စင်းငယ်၊ သာမဏေငယ်တို့နေရာတိုက်ခန်း စသည်တို့သို့ လည်ပတ်သွားလာ တရားလွတ်စကားပြောဆို မရှိရခြင်း၊ မိမိထံ ရောက်လာသော တပည့်၊ ပရိသတ်တို့အား အကျိုးမရှိ အလွတ်စကား ရယ်မောဖွယ်ရာ စကားများကို ကြဉ်၍ လျောက်ပတ်သော ဩဝါဒကထာ၊ ဓမ္မကထာ စသော အကျိုးစီးပွားများ လောက်သော စကားတို့ကိုသာ ပြောဆိုရခြင်း၊ ဆန္ဒာဒေါသာဘယာဂတိသို့ မလိုက် ရခြင်း၊ ပစ္စည်းလာဘ်တို့၌ ခင်မင်မက်မောနမြောစုံမက်မရှိရခြင်း၊ မျက်နှာကြီးငယ် မရွယ်မထောက် သံဃာအား ကျေးဇူးနည်းများ ပုဂ္ဂိုလ်အားလျော်စွာ အနုဂ္ဂဟနှစ်ပါး ဖြင့် တပည့်သားတို့အား ချီးမြှောက်ထောက်ပံ့ရခြင်း၊ ပုဂ္ဂလိကပစ္စည်း၊ သံဃိက ပစ္စည်း၊ ဂရုဘဏ်ပစ္စည်း၊ လဟုဘဏ်ပစ္စည်းရပ်များကို တရားအလျောက် နေရာ ရောက်အောင် သုံးဆောင်ဝေဖန်ဖြန့်ချိရခြင်း၊ သံဃိကပစ္စည်းကို ပုဂ္ဂလိကပစ္စည်း ထိုကဲ့သို့ပြု၍ အမှတ်မဲ့မသုံးဆောင် မဝေဖန်ရခြင်း၊ တခြားပုဂ္ဂိုလ်တို့မှ ရအပ်သော ပစ္စည်းလာဘ်တို့ကို အဓမ္မိယပစ္စည်းမှန်းသိလျက်၊ သံသယမကင်းစကောင်း ပဲလျက် အများနှင့်ဆက်ဆံရာ၊ ဘဏ္ဍာသိုမှီးရာ ဆွမ်းစားကျောင်း စသည်တို့သို့ မပို့မတင်စေ ဘဲ အနပေက္ခစွန့်ပစ်ခြင်း၊ စွန့်၍တဖန် ရပြန်လျှင်လည်း သုံးဆောင် ဝေဖန် လက်ခံသိမ်းထားမရှိရခြင်း၊ တစ်စုံတစ်ခုအမှုအဓိကရဏ်း ပေါ်ပေါက်လာလျှင် လူရှင်အများ ကြားသိတော့မည်။ တိုက်တာကျက်သရေပျက်တော့မည်ဟု ဖုံးလွှမ်း လျှို့ဝှက်မပြု၊ အမှုအင်ကိုကြည့်ရှု၍ ထင်ရှားသင့်ကို ထင်ရှားအောင် တိုက်အုပ်၊ တိုက်ကြပ်အရာ၌ လွှဲအပ်ထားသော ဦးပဉ္စင်း တပည့်ကြီးတို့နှင့် သဘောတူစီရင် ဆုံးမရခြင်း၊ မလိမ်မာသူ အောက်လူငယ်တို့ တစ်ဖက်စကားဖြင့် တပည့်ကြီးပုဂ္ဂိုလ် များကို မေးမြန်းတိုင်ပင်မပြုဘဲ တပည့်ကြီးပုဂ္ဂိုလ်များအား ပြစ်တင်စကား မပြော မဆိုရခြင်း၊ တဆင့်စကား နားကြားရုံမျှဖြင့် အမှုသည်ကို မမေးမမြန်းရခင် ရှေးဦး တင်၍ တစ်စုံတစ်ယောက်သော တပည့်ကိုမျှ ကဲ့ရဲ့ရှုတ်ချဒေါသအမျက် မထားရ ခြင်း၊ ကျောင်းသားသူငယ်ကိုသော်မှလည်း ပြင်းထန်စွာသော ဒေါသစိတ်ဖြင့်

အမှတ် .... .... ....

အော်အင်ငေါက်ငမ်း ဆွဲရမ်းရိုက်နှက် ပုတ်ခတ်ခြင်းကို ရစေဖြို၊...အမှုနှင့်လျော်စွာ သင့်ရာဒဏ်ကိုပေး၍ ကြောက်ရွံ့ယဉ်ကျေးလောက်အောင် ဆုံးမရခြင်း၊ ဂုဏ်မာန့်ဖြင့် ဝင့်ဝါပလွှား ဝါကြွားသော ကိုယ်အမူအရာ၊ နှုတ်မှုရအကျင့်တို့ကိုလည်း မဖြစ်စေရ၊ သူတစ်ပါးတို့ကိုလည်း မဖြစ်စေရ၊ အထူးသတိပြု၍ ပရိသတ်ကို ဆုံးမစောင့်ရှောက်ရခြင်း၊ မိမိ၌ သိက္ခာပုဒ်တော် အာပတ်အရာနှင့်စပ်၍ သံသယ မကင်းသဖြင့် တပည့်ဦးပဉ္စင်းတို့ လျှောက်ထားစောဒနာလာသည့်အခါ မကြည်လင် မနှစ်သက်သော အမူအရာတို့ကို မဖြစ်စေရ၊ ဆရာအရာ၌ တည်သော တပည့် ကောင်းဖြစ်ပေသည်တကားဟု ကောင်းမွန်စွာ နှလုံးထားလျက် နားခံသာသော စကားဖြင့် အကြောင်းအားလျော်စွာ ပြန်ကြားပြောဆိုရခြင်း၊ ဒါယကာတို့နှင့် အနနုလောမိကဂိဟိသံသဂ္ဂ အနေသန အမူအရာတို့ကို မိမိလည်း မဖြစ်စေရ၊ တပည့်ပရိသတ်တို့ကိုလည်း မဖြစ်စေရအောင် မပြတ်မလပ် ဟောပြောဆုံးမရခြင်း၊ စာပေကျမ်းဂန်သင်အံ့သရဇ္ဈာယ်ခြင်း ပရိယတ်အရာ။ ပုတီးစိပ်ခြင်း၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း ပဋိပတ်အရာတို့၌ မပြတ်မလပ် အားထုတ်နှိုးဆော် တိုက်တွန်းရခြင်း၊ မည်သည့်စာကို တက်သနည်း၊ မည်သည့်စာကို ဆောင်သနည်း၊ မည်သည့်ကမ္မဋ္ဌာန်း ကို အားထုတ်သနည်း စသည်ဖြင့် ရံဖန်ရံခါ မေးမြန်း၍ တပည့်ပရိသတ်တို့အား တရားတိုးတက်အောင် ကြံဆောင်နှိုးဆော်ရခြင်း၊ ငါဆုံးမ၍ ထားအပ်သော ဥပဒေ နည်းအတိုင်း ကျင့်ဆောင်နိုင်ပါ၏လော စသည်ဖြင့် မေးမြန်း၍ တပည့်ပရိသတ် တို့အား ဥပဒေနည်းအတိုင်း နေရာကျအောင် အထူးသဖြင့် ကြည့်ရှုရခြင်း၊ ပြောပ လောက်အောင် ဖျားနာသည့် တပည့်ရဟန်း၊ သာမဏေတို့ကို အထူးအာရုံပြု၍ ကြည့်ရှုမှိုင်းမရခြင်း၊ တပည့်ပရိသတ်တို့ကို လိုရာပစ္စည်းရပ်ကို စွမ်းအားအလျောက် ချီးမြှောက်ပေးကမ်းဝေဖန်ရခြင်း၊ တပည့်ပရိသတ်တို့ ဖြစ်ဟန် ပျက်ဟန်၊ နေပုံ နေဟန်၊ ကျင့်ကြံဟန်တို့ကို အမှန်သိရအောင် သူလျှိုတမန်တို့ကိုသော်လည်း လွှတ်၍ မပြတ်မလပ် ထောက်လှမ်းမေးမြန်း စုံစမ်းရခြင်း၊ နှစ်ကြိမ် သုံးကြိမ်ပြောဆို ဆုံးမသော်မှ မရ ဒုဗ္ဗစတပည့်၊ အလဇ္ဇီတပည့်တို့ကို ဆန္ဒာဘယာမလိုက် တိုက်တာအတွင်းမှ နှင်ထုတ်ရခြင်း၊ မလိမ်မာသူ လူငယ်တို့ကို မမြှောက်စားရခြင်း၊ အများသံဃာ သဘောမတူသော ပုဂ္ဂိုလ်ကို အကြီးအအုပ်အရာ မလွှဲထားရခြင်း၊ သံဃာ ယုံမှတ်အပ်သည်ဟု လွှဲထားအပ်သော တပည့်ပုဂ္ဂိုလ်ကြီးတို့နှင့် တိုင်ပင်၍ အလုံးစုံ အမှုကြီးငယ်တို့ကို စီရင်ဆုံးဖြတ်ခြင်း၊ "ခမာဇာဂရိယုဋ္ဌာန်၊ သံဝိဘာဂေါ ဒယိက္ခဏာ" ဟူသော သည်းခံခြင်း၊ နိုးကြားခြင်း၊ ထကြွလုံ့လရှိခြင်း၊ ပစ္စည်း ပရိက္ခရာ ဝေဖန်ဖြန့်ချိခြင်း၊ သနားတတ်ခြင်း၊ အရာရာမျိုးတို့၌ သုဓနု၊ ဒုဓ္ဓနအဆိုး

အကောင်း တပည့်ပရိသတ်တို့၏ အခြင်းအရာကို မှန်ကန်စွာသိအောင် ပညာ[illegible] ရှုဆင်ခြင်ခြင်း။ ဤနာယကဂုဏ်ခြောက်ပါးနှင့် ပြည့်စုံအောင် နှလုံးထားရခြင်း။ ဤကား ဦးကိုင် နာယကပြုလုပ်သူ ဆရာမထေရ်ကြီး ပြုကျင့်ရသော ဥပဒေနည်းတည်း။

## ၁၅ - ဆရာမထေရ်ကြီးနှင့်တကွ သံဃာတော် သဘောတူ တိုက်အုပ်တိုက်ကြပ်အရာ လွှဲအပ်ထားသော ပုဂ္ဂိုလ်ကြီးတို့ ပြုကျင့်ရသော ဥပဒေနည်းကား

အထက် မထေရ်ကြီးထံ ရံခါရံခါ သွားလာ၍ မထေရ်ကြီး ဆုံးမရာ နာခံမှတ်သားရခြင်း၊ ဆရာမထေရ်ကြီး ဆုံးမအပ်သော ဥပဒေနည်းအတိုင်း နေရာကျအောင် ပရိသတ်ယော်သားတို့၌ ကြောင့်ကြတစ်ခု အာရုံပြု၍ ကြည့်ရှုဆုံးမရခြင်း၊ ဆရာမထေရ်ကြီး ပညတ်အပ်ပြီးသော အမှုဥပဒေနည်းတို့ကို ဆရာကြီးထံ မပန်မကြား အမှတ်မဲ့ မနုတ်ထားရခြင်း၊ ပညတ်သစ်ဥပဒေအထွေအထူး ထားပြန်လိုလျှင် ဆရာမထေရ်ကြီးနှင့်သာ တိုင်ပင်၍ထားရခြင်း၊ တစ်စုံတစ်ယောက် အောက်လူယော်သားတို့တဆင့်စကားဖြင့် ဆရာမထေရ်ကြီးအား ပြစ်မှားကဲ့ရဲ့ မပြုရခြင်း၊ ပုဂ္ဂိုလ်ကြီးတို့အချင်းချင်း တစ်ပါးသြဇာကို တစ်ပါးမဖျက်ရခြင်း၊ တစ်ယောက်ကျေးဇူးမဲ့ကို တစ်ယောက်ကွယ်ရာ အတင်းအဖျင်း မပြောဘဲ ကျေးဇူးဂုဏ်ကိုသာ ရှာကြံ၍ ပြောဆိုရခြင်း၊ အောက်လူယော်သားတို့ တစ်ဆင့်ကုန်းချောစကားနှင့် ပုဂ္ဂိုလ်ကြီးချင်း မကွဲပြားရအောင် သူပြောလာတိုင်း မယုံမိအောင် အထူးသတိပြုရခြင်း၊ မနာလို ကုန်းချောစကား မိမိထံ ပြောကြားလာသော ယော်သားတို့ကို နှံ့နာအောင် ဒဏ်ပေးဆိုမြည်ရခြင်း၊ အောက်ယော်သားတို့အား သူ့တပည့်၊ ငါ့တပည့် သူ့အသင်း၊ ငါ့အသင်း ကွဲပြား မရှိစေရ၊ တစ်ဘတည်းသားတို့ကဲ့သို့ ညီညွတ်စေ့စပ်အောင် တစ်လုံးတစ်စည်းတည်းဖြစ်အောင် ပရိသတ်အလုံးကို ဆုံးမကြည့်ရှု စောင့်ရှောက်ရခြင်း၊ အစားအစာနှင့်စပ်သော ပစ္စည်းလာဘ်ကို သူ့ဟာ၊ ငါ့ဟာ သီးသန့်ကွဲပြား မသိထားဘဲ မိမိပုဂ္ဂလိက ရအပ်သော အစားအစာ၊ ပစ္စည်းလာဘ်တို့ကိုသော်လည်း သူအပြစ်တင်လောက်အောင် ရခဲ့၍ရှိလျှင် ဆွမ်းစားကျောင်းသို့တင်၍ သံဃာ့ဘောင်သို့ ပို့ချရခြင်း၊ သံဃာ့အလယ် လူယော်တို့ရှေ့ ပုဂ္ဂိုလ်ကြီးချင်း တစ်ယောက်တခြားကွဲပြား ငြင်းခုံမပြုရခြင်း၊ သံဃာမှအပ သင့်တင့်ရာအရပ်ဝယ်ချင်းတို့ချင်း ညှိနှိုင်းတိုင်ပင်၍ သဘောညီမျှပြီးသောစကားအမှုတို့ကိုသာ သံဃာအလယ်၌ ပြောဆို

ဆုံးမရခြင်း၊ ပရိသက်အလယ် ကျယ်လောင်စွာ အော်အင်ငေါက်ငမ်း မကြမ်းတမ်း စေရခြင်း၊ အခါခပ်သိမ်း ကျယ်လောင်စွာ ရယ်ရွှင်မြူးတူး မပြုရခြင်း၊ ဆရာမထေရ် ကြီးလာဘ်၊ သံဃာ့လာဘ်ပစ္စည်းတို့ကို အညီအညွတ်ဝေဖန်မိအောင် အထူး သတိပြုရခြင်း၊ သံဃကိစ္စ၌ အထူးရွက်ဆောင်ဖေါ်ရသော သံဃဘာရနိတ္ထရဏ ပုဂ္ဂိုလ်၊ အများသံဃာ့တွက်တာ အနုမောဒနာတရား စသည် ဟောကြား ရွက်ဆောင် တတ်သော သရဘာဏကပုဂ္ဂိုလ်၊ သံဃာအား အစေ့အစပ်ဖြစ်အောင် ဟောကြားပေတတ်သော ဓမ္မကထိကပုဂ္ဂိုလ်၊ သံဃာကို စာဝါများစွာတို့ဖြင့် ကျေးဇူး များစွာရှိအောင် ရွက်ဆောင်ချီးမြှင့်လေ့ရှိသော ဂဏဝါစကပုဂ္ဂိုလ်၊ သမ္မုတိရ လောက်အောင် ဖျားနာသော ဂိလာနပုဂ္ဂိုလ်တို့ကို နဝကမ္မအမှုသစ်မှ နုတ်ထားရ ခြင်း၊ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာအထူး ချီးမြှောက်ခြင်း စသည်တို့ကို ပြုလုပ်မိ အောင် ဆရာမထေရ်ကြီးထံ ပန်ကြားလျှောက်ထား၍ ချီးမြှင့်သင့်သောပုဂ္ဂလဝိသေသ ကို အထူးချီးမြှင့်ရခြင်း၊ နိဂ္ဂဏှာရဟ နှိပ်နင်းထိုက်သူပုဂ္ဂိုလ်တို့ကို နိုင်နင်းအောင် နှိပ်ကွပ်ဆုံးမရခြင်း၊ ကျောင်းသားလူငယ်တို့ကိုသော်လည်း ကျယ်လောင်စွာ အော်အင်ငေါက်ငမ်း ရိုက်နှက်ပုတ်ခတ် မရှိစေရ၊ သင့်လျော်အောင်သာ ဒဏ်ပေး၍ နူးနာယဉ်ကျေးအောင် ဆုံးမရခြင်း၊ ဆုံးမ၍ မရ ဒုဗ္ဗစကျင့်သူတို့ကို ဆရာမထေရ်ကြီး ထံ လျှောက်ထားရခြင်း၊ မိမိတို့လည်း နိုင်နင်းနူးနာလောက်အောင် မဆုံးမ၊ ဆရာ မထေရ်ကြီးထံလည်း မလျှောက်ထား၊ ဆန္ဒာ၊ ဘယာ၊ မောဟာဂတိလိုက်၍ အမှတ်မဲ့ အရှည်အကြာ နေမိလျှင် သတိရသည့်အခါ နူးနာလောက်အောင် ဒဏ်ထမ်းရခြင်း၊ အထက်ဆရာမထေရ်ကြီး၌ မတော်မလျော်သောအပြစ်ကို မြင်လျှင် ပြောဆို လျှောက်ထားဝံ့ရခြင်း၊ လျှောက်ထားသောအခါ ဆရာမထေရ်ကြီးသဘောမကျ ရှိခဲ့လျှင်လည်း မျက်မှောက်မျက်ကွယ် အဆောတလျင် ပြစ်တင်ကဲ့ရဲ့ မပြုဘဲ သံဃာ့အလယ် လှန်ပြန်ပြောဆိုမပြုဘဲ လျှောက်ပတ်သည့်အခါမှ နေရာတကျ ပြောဆိုလျှောက်ထား ရခြင်း စသော တပည့်တို့အင်္ဂါအမိမတ္တာပေမ၊ အဓိမတ္တဂါရဝ တရားများကို အထူး နှလုံးထား၍ အထက်ဆရာကြီးနှင့် ယုဂဂ္ဂါဟ၊ ပဋ္ဌာသမပြုမိ အောင် အထူးသတိပြုခြင်း စသည်တည်း။ ဤကား ဆရာမထေရ်ကြီးက တိုက်အုပ်၊ တိုက်ကြပ်အရာ လွှဲအပ်သော ပုဂ္ဂိုလ်ကြီးတို့ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၆ - တိုက်သားသံဃာငယ် ဦးပဥ္စင်းတို့ကျင့်ရာသော ဥပဒေနည်းကား

တိုက်အုပ်၊ တိုက်ကြပ်၊ ဦးပဥ္စင်းကြီးတို့ ဆုံးမစကားကို တစ်ရံတစ်ဆစ်မျှ ခွန်းတုန့်မပြန်မလှန်ရခြင်း၊ ဆရာမထေရ်ကြီးတို့ထံ ရံခါရံခါသွား၍ တရားဆုံးမ

ခံရခြင်း၊ ၎င်းမထေရ်ကြီး၊ ပုဂ္ဂိုလ်ကြီးတို့၌ အလွန်ရိုသေဦးညွတ်တုံ့ဝပ်လေ့ရှိရခြင်း၊ ဆရာမထေရ်ကြီး၊ ပုဂ္ဂိုလ်ကြီးတို့ သံဃာအလယ်၌ မောဟာဂတိကြောင့် မဟုတ်သည့်အရာကိုပင် ပြစ်တင်ပြောဆိုမိသော်လည်း သံဃာလယ်၌ ခွန်းတုံ့ပြန်လှန်မငြင်းဆန်ဘဲ ခန္တီသောဝစသဃတာမင်္ဂလာတရားများကို နှလုံးထား၍ ဆိတ်ဆိတ်သည်းခံသဖြင့် လျောက်ပတ်သင့်လျော်သောအခါမှ အဟုတ်အမှန်သဘောကျအောင်ကောင်းမွန်ရိုသေစွာ လျှောက်ထားရခြင်း၊ တိုက်အုပ်၊ တိုက်ကြပ်၊ ဦးပဥ္စင်းကြီးတို့၏ အပြစ်အနာကို မရှာမရှု ကျေးဇူးဂုဏ်ကိုသာ ရှုလေ့ရှိရခြင်း၊ ၎င်းတိုက်အုပ်၊ တိုက်ကြပ်၊ ဦးပဥ္စင်းကြီးတို့သဘောတူစီရင်ဆုံးဖြတ်အပ်ပြီးသောအမှု၊ ငြိမ်းစေအပ်ပြီးသော အဓိကရဏ်းတို့ကို ဆန္ဒာ၊ ဘယာလိုက်၍ စီရင်ဆုံးဖြတ်ကြသည် စသည်ဖြင့် တစ်စုံတစ်ခွန်းမျှ ကဲ့ရဲ့ရှုတ်ချမပြုရခြင်း၊ အရိုအသေလက်အုပ်မိုး၍ ရှိခိုးလျှောက်ထားရခြင်း၊ သီတင်းကြီးတို့ကို ပန်၍ ဆီးမီးထွန်းရခြင်း၊ ဆီမီးငြိမ်းရခြင်း၊ ပုစ္ဆာပြဿနာမေးရခြင်း၊ ဖြေရခြင်း၊ တရားစကား ဟောပြောရခြင်း၊ စာအံရခြင်း၊ စာချရခြင်း၊ မိမိနေရာသီတင်းကြီးပုဂ္ဂိုလ်လာလျှင် နေရာမှထကြွရခြင်း၊ ရှိခိုးဝပ်ချပြုရခြင်း၊ ဆရာမထေရ်ကြီးထံ ဆည်းကပ်သောအခါ သံဃာ့ဘောင်သို့ သက်ဝင်သောအခါတို့၌ သီတင်းကြီးနေရာ၊ သီတင်းငယ်နေရာ မှတ်သား၍ မိမိအား လျှောက်ပတ်သောနေရာ၌ နေရခြင်း၊ မိမိထက်ကြီးသော သီတင်းကြီးတစ်ယောက် လာပြန်လျှင်လည်းကောင်း၊ ပုဂ္ဂိုလ်၏အောက် နောက်ကိုဆုတ်၍ အသာကောင်းမွန်စွာ နေရခြင်း၊ ယုတ်သောအပိုင်းအခြားအားဖြင့် (၇) နှစ်ရွယ်သာမဏေငယ်တို့ကိုသော်လည်းနင်၊ ဟယ် စသော အဂါရဝစကားတို့ကိုလည်းကောင်း၊ ရဟန်းငယ်ချင်းချင်း၊ သာမဏေငယ်ချင်းချင်း မင်း,ငါ ဟူသော စကားကိုလည်းကောင်း၊ လူတို့ချင်းကဲ့သို့ ခင်ဗျားဟူသော စကားကို ခေါ်ဆိုသုံးစွဲလေ့မရှိ အတိသက္ကစ္စဖြစ်အောင် အယုတ်ဆုံးအားဖြင့် (၇) နှစ်ရွယ် သာမဏေငယ်ချင်းတို့သော်လည်း အချင်းချင်း ဦးထိပ်ရွက်ပါသည်ဘုရား၊ တင်ပါသည်ဘုရား စသည်ဖြင့် အရိုအသေပြောဆိုလေ့ရှိခြင်း၊ မထေရ်ကြီးဆရာ၊ အာမခံဆရာ၊ ကမ္မဝါဆရာ၊ ရှင်ပြုရာသရဏဂုံပေးသော ဆရာတို့၌ပြုရာသော ဝတ်နိဗဒ်ကို မလစ်မလပ် မပြတ်ပြုမိစေခြင်း၊ သတိလစ်လပ်မအားလပ်၍ အခါခပ်သိမ်း မပြုစွမ်းနိုင်လျှင် ၎င်းဆရာတို့ထံ ဝတ်နိဗဒ်လစ်လပ်သည့်အရာများကို သနားခွင့်ပြုတော်မူပါဟု ခွင့်ပန်လျှောက်ထား၍နေရခြင်း၊ ရေချမ်းတော်၊ ပန်းတော် စသော မိမိစွမ်းနိုင်ရာ တစ်ခုခုသောဝတ်နိဗဒ်တို့ကို နေ့စဉ်မပြတ်စေရ၊ စေတိယင်္ဂဏ၊ ဗောဓိယင်္ဂဏဝတ်တို့ကို အမြဲအားထုတ်ပြုစုခြင်း၊ ချင်းတို့ချင်းကတောက်ကဆတ် ခိုက်ရန်ဖြစ်ကြောင်း မကောင်းသောစကားတို့ကို

မပြောမဆိုမိအောင် အထူးသတိပြုခြင်း၊ မလိမ်မာလှသည့် ပုဂ္ဂိုလ်တို့က ငေါက်ငမ်းပြောခံရသည့်အခါမှာ ငေါက်လျှင် ငေါက်ချင်း၊ အော်လျှင်အော်ချင်းတို့ကို မဖြစ်စေသဖြင့် ဆိတ်ဆိတ်သည်းခံသဖြင့် ဆရာမထေရ်ကြီး၊ ပုဂ္ဂိုလ်ကြီးများထံ၌ သာလျှင် အကြောင်းခြင်းရာကို တိုင်ကြားလျှောက်ထားပြောဆိုလေ့ရှိခြင်း၊ ယင်းသို့ သည်းမခံ လှန်ပြန်ပြောဆိုလျှင် နှစ်ဦးစလုံးကိုပင် အာမခံဆရာတို့က ဒဏ်နှံ့နှာအောင် ပေးရခြင်း၊အကြောင်းထူးဝိသေသမရှိဘဲ သူတစ်ပါးတိုက်ခန်းသို့ မလည်မပတ် မသွားမလာရခြင်း၊ အကြောင်းကိစ္စမရှိဘဲ (၃) ပါး၊ (၄) ပါး စု၍ စကားတပြောပြော မနေထိုင်ရခြင်း၊ မိမိနှင့် စပ်လျဉ်း၍ တပည့်သူငယ် လက်ခံလိုလျှင် အထက်ဆရာကြီးထံ ခွင့်ပန်လျှောက်ထား၍ အခွင့်ရသည့်အခါ တိုက်အုပ်၊ တိုက်ကြပ် ပုဂ္ဂိုလ်တို့ထံ အပ်နှံလျှောက်ထား၍ သူတော်ယော်ပြုလုပ်စေပြီးလျှင် သူတော်ယော်တို့ကို အုပ်ထိန်းဆုံးမသူ ဆရာ့ထံ ဖိတ်မာန်လျှောက်ထား၍ ငါ့တပည့်၊ သူ့တပည့်ဟု ကေလာယနစွဲလမ်းခြင်း အားမကြီးစေရ၊ သံဃာတော့် ဘုံတပည့် အမှတ်နှင့်ထား၍ သံဃာတော်တို့ ဆုံးမပြောဆိုတိုင်း သုံးစွဲစေခိုင်းတိုင်း ဝမ်းမြောက်ဝမ်းသာရှိနိုင်မှ တပည့်သူတော်ယော်တို့ကို လက်ခံမွေးမြူခြင်း၊ ရှင်ပြုသောအခါ၌လည်း ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်အချိန် လိမ္မာလောက်သောအရွယ်ရောက်မှ ငြိမ်သက်သော ရှင်သာမဏေတို့ ဏ္ဍဘွေနှင့် ကောင်းမွန်စွာ နေနိုင်ဟန်ထင်မှ ဆရာမထေရ်ကြီး၊ သံဃထေရ်ပုဂ္ဂိုလ်ကြီးတို့ သဘောတူမှလိင်၊ ဒဏ်၊ သေခိယ စသော ရှင်ကျင့်ဝတ် ပတိပတ်တို့ကို နှုတ်တက်အာဂုံရ၍ သရဏဂုံကို ဌာန်၊ ကရိုဏ်း၊ နိဂ္ဂဟိတန္တ၊ မကာရန္တ၊ သိထိလ၊ ဓနိတပီသအောင် သင်ပြီးမှ အာမခံဆရာရှိမှ ရှင်သာမဏေပြုစေရခြင်း၊ ရှင်သာမဏေပြုပြီးနောက် ခုနစ်ရက်ပတ်လုံး အာမခံဆရာက ဝတ်နည်း၊ ရုံနည်း၊ ဆွမ်းစားနည်းတို့ကို အသေအချာကြပ်မ ကြည့်ရှုဆုံးမပဲ့ပြင်၍ လိမ္မာယဉ်ကျေးပြီးမှ ဆွမ်းစားကျောင်း ရှင်သာမဏေအပေါင်းအဖော်တို့နှင့် အတူတကွ စားစေရခြင်း၊ မိမိတပည့် ရှင်သာမဏေယော်တို့ကို လွန်စွာခင်မင်စွဲလမ်းခြင်း သတ္တကေလာယန မရှိစေဘဲ ယခင်သူတော်ယော်ကဲ့သို့ အလုံးစုံသံဃာတော်တို့ ဘုံတပည့်အမှတ်နှင့်သာ အာမခံဆရာ၊ သံဃထေရ်ပုဂ္ဂိုလ်တို့ထံ အလုံးစုံ အပ်နှံထားသဖြင့် သံဃာကြီး ငယ်အလုံးစုံတို့ စေခိုင်းဆုံးမပြောဆိုသမျှကို ဝန်တိုက္ကဿာ မသဒ္ဒါသော အမူအရာ မထင်စေရ၊ ကြည်လင်သဒ္ဒါ ဝမ်းမြောက်ဝမ်းသာရှိနိုင်မှသာ ရှင်သာမဏေ တပည့်လက်ခံမွေးမြူခြင်း၊ ၎င်းရှင်သာမဏေတို့မှာ တစ်လလျှင် (၄) ကြိမ် (၈) ကြိမ် လိင်ပြန်ဒဏ်ထမ်းစေရခြင်း၊ အရပ်တစ်ပါး စာသင်ပြောင်းသွားလိုသော ပုဂ္ဂိုလ်သည် အာမခံဆရာနှင့် ရှေးဦးစွာ တိုင်ပင်နှီးနှော

ပြောဆိုလျှောက်ထားပြီး၍ တိုက်အုပ်၊ တိုက်ကြပ် ပုဂ္ဂိုလ်တို့ထံ လျှောက်ထားပြီးမှ ဆရာမထေရ်ကြီးထံ လျှောက်ထားရခြင်း၊ ဆရာမထေရ်ကြီးက အကျိုးစီးပွားများ လောက်သည်ဟု ညွှန်ကြားရာအရပ်ကိုသာ သွားလာရခြင်း၊ သွားလာအံ့သည့်အခါ အာမခံဆရာ၊ သံဃထေရ်ပုဂ္ဂိုလ်တို့ကို အကျွန်ုပ်၌အပြစ်ကြီးငယ်ရှိသမျှကို သည်းခံတော်မူပါ၊ မတော်မလျော်နေထိုင်သည်များကို ကြားသိလျှင် အကျွန်ုပ်အား သနားသဖြင့် အဝေးအနီးမဆို ထိုထိုနေရာအရပ်သို့ မှာထား ဆုံးမတော်မူလိုက်ပါ စသည်ဖြင့် ရိုသေစွာ လျှောက်ထား၍ အလုံးစုံသံဃာကြီးငယ်ဟူသမျှကို ပဋိသန္ထာရ အစေ့အစပ်ပြုပြီးမှ မေတ္တာစိတ်ကို ရှေ့ရှုထား၍ သွားလာရခြင်း၊ ငါးဝါမပြည့်၊ ဒွေမာတိကာမရသည်ဖြစ်၍ နိဿယမုစ္စက အင်္ဂါနှင့်မပြည့်စုံခင် ဆရာအမိုကင်း၍ မနေထိုင်ပါ၊ ပရိသတ် မွေးမြူလောက်သော ဆရာ့အင်္ဂါမရှိဘဲလျက် တပည့်ပရိသတ် မွေး၍ ကျောင်းသီးကျောင်းခြား မနေထိုင်ပါ စသည်ဖြင့် ဆရာမထေရ်ကြီးထံ အာမခံလျှောက်လွှာပေးရင်းအတိုင်း နေရာကျအောင် အထူးသဖြင့် အားထုတ် ပြုကျင့်ကြရမည်။ ၎င်းကျင့်ဝတ်အတိုင်း ကျင့်ဆောင်နိုင်မှ ဤဂါတို့ဂိုဏ်းအတွင်း သီတင်းသုံးနေကြရမည်။ ဤကား တိုက်သားပုဂ္ဂိုလ်ကြီးငယ်တို့ ကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၇ - ကျောင်းနေပုဂ္ဂိုလ်တို့ကျင့်ရာသော ဥပဒေ

မိမိကျောင်း၌ နေကုန်သောပုဂ္ဂိုလ်တို့၌ ဆိုဆုံးမရန်ရှိသည်များကို တရားနှင့်အညီ ဆုံးမပြောဆိုခြင်း၊ ဆိုဆုံးမ၍ မနိုင်သူတို့ကို အာမခံဆရာ၊ တိုက်အုပ်၊ တိုက်ကြပ်ဆရာတို့ထံ လျှောက်ထားပြောကြားခြင်း၊ မိမိကျောင်းတွင်နေသော ပုဂ္ဂိုလ်သို့ အကြောင်းမရှိဘဲ တစ်ခန်းနှင့်တစ်ခန်း မကူးသန်းကြရအောင် အလွတ် စကားပြောဆို၍ မနေကြရအောင် ကြည့်ရှုခြင်း၊ စာပေသင်အံ့ သရဇ္ဈာယ်နိုင်ခြင်း၊ အိပ်ရာထကလတက်၊ နဝကမ္မကလတက် စသည် ခေါက်သည့်အခါ ကျောင်းလုံး ပါလာအောင် နှိုးဆော်ကြပ်မကြည့်ရှုခြင်း၊ မိမိကျောင်း၏ အနီးအပါး အမှိုက်မြက် သစ်ပင် မရှိစေရအောင် သုတ်သင်ရှင်းလင်းစေခြင်း၊ ကျိုးသည်ပျက်သည်ကို ပြင်ဆင် ပြုပြင်စေခြင်း၊ မိမိကျောင်း၌ သူနာရဟန်းရှိလျှင် အထူးသဖြင့် ကြည့်ရှုပြုစုနိုင်ခြင်း၊ အထူးသဖြင့် ငြိမ်သက်သော ဣန္ဒြေရှိခြင်း စသည်တည်း။ ဤကား ကျောင်းနေ ပုဂ္ဂိုလ်ကြီးတို့ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၁၈ - သူနာရဟန်းတို့၌ ပြုကျင့်ရာသော ဥပဒေ

ပြောပလောက်အောင် နာဖျားမကျန်းရှိသည့်အခါ အာမခံဖြစ်သူတို့က အထူးအာရုံပြု၍ ကြည့်ရှုခြင်း၊ ရောဂါမဆုတ် တိုးတက်အံ့ထင်လျှင် တိုက်အုပ်၊ သံဃထေရ်ပုဂ္ဂိုလ်ကြီးတို့က ဆေးသမားလက်သည်တို့ကို ခေါ်သင့်သည့်အခါ ရောက်လျှင် ခေါ်ကုစေ၍ ဆရာမထေရ်က သံဃာတော်တို့ကို လျော်ကပတ်အောင် ပန်ကြားလျှောက်ထား၍ ဆေးသမားလက်သည်တို့အား ကပ္ပိယကာရကတို့ကို စေခိုင်းခေါ်ငင်သဖြင့် ဆုချီးမြှောက်ရခြင်း၊ ဆေးဝါးတိုက်သူ၊ ယာဂုဆွမ်းပေးသူ လူငယ်၊ ရှင်ငယ်အမှန်ထား၍ လူနာတို့အား ချီးမြှောက်ရခြင်း၊ တိုက်သားဖြစ်သူ ရဟန်းငယ်၊ သာမဏေငယ်တို့ကလည်း သူနာကိစ္စနှင့်စပ်၍ ဖြစ်ပေါ်လာသမျှ အမှုမျိုးကို သနားကြင်နာသောစိတ်ဖြင့် မေတ္တာရှေးရှု ဝိုင်းဝန်းကြည့်ရှုပြုစုရခြင်း၊ သူနာအများဖြစ်၍ တခွဲတခြားပြုစုခက်သော် သပ္ပါယဖြစ်ရာ တစ်ခုခုသောကျောင်း၌ ပေါင်းစုနေစေ၍ အညီအညွတ်ကြည့်ရှုပြုစု ချီးမြှောက်ရခြင်း၊ သတိလစ်လပ်၍ ဆရာသံဃာတို့ အာပတ်မသင့်ရအောင် သံဃာသဘောတူ ဂိလာနုပဋ္ဌာကပုဂ္ဂိုလ် အမြဲထားရခြင်း၊ ၎င်းပုဂ္ဂိုလ်က အထူးသတိပြု၍ ပြုစုရခြင်း စသည်တည်း။ ဤကား ဂိလာနရဟန်း၌ ပြုရာသော ဥပဒေနည်းတည်း။

## ၁၉ - အာဂန္တုက ရဟန်းတို့၌ ပြုရာသော ဥပဒေ

မိမိထံ အာဂန္တုကရဟန်းဆိုက်ရောက်လာလျှင် ခရီးဦးကြိုဆို၍ အရိုအသေ ပုဆစ်၊ ဒူး၊ နဖူး မြေကျရှိခိုးဝပ်ချရခြင်း၊ သောက်ရေပေးခြင်း၊ သောက်ရေ ထည့်ခြင်း၊ ပဋိသန္ထာရစကားတို့ကို အရိုအသေပြောဆိုပြီးနောက် သက်ရွယ်ရင့်ပြီး မထေရ် ကြီး ဖြစ်၍ ညောင်းညာပင်ပန်းအံ့ထင်လျှင် အာဂန္တုကဝတ်ပြုနေကျပုဂ္ဂိုလ် တို့က ကိုယ်တိုင်သော်လည်းကောင်း၊ ပဥ္စင်းငယ်တို့ကိုသော်လည်းကောင်း ခြေလက် ဆုပ်နယ် ဝတ်ကြီးဝတ်ငယ်ပြုခြင်း၊ ပြုစေခြင်း၊ ကာလအခါရောက်လာသော အာဂန္တုကပုဂ္ဂိုလ်တို့ကို အဝေးအနီးမဆို ထိုထိုရောက်လာသမျှ အာဂန္တုကကြီး ငယ်တို့အား ဆွမ်းလုပ်ကျွေးခြင်း၊ ဆွမ်းလုပ်ကျွေး ပြုစုလိုသော ပုဂ္ဂိုလ်တို့သည် ရေတံခေါင်း၊ လက်ဆေးခံ၊ လက်သုတ်ပုဝါ၊ ဆွမ်းစားပြီးနောက် သုံးဆောင်ရန် ဒန်ပူအသင့် ပြင်ဆင်ထားပြီးနောက် လျော်ကပတ်စွာ ဆွမ်းဟင်းပွဲကို ပြင်ဆင်လျက် စားပွဲတင်ဒေါင်းလန်း၌ ဆွမ်းစားခွက်ကိုတင်၍ ရှိသေကောင်းမွန်စွာ ပြုစုလုပ်ကျွေးပြီး လျှင် နေသန့်စရာ အိပ်ရာတို့ကို ပြင်ဆင်ခင်းထားပြီးမှ မိမိကျောင်းသို့ပဲ သွားရ

ခြင်း၊ အာဂန္တုက သောက်ရေခပ်သူ၊ ရေတံခေါင်းလဲသူ၊ ထွေးခံသွန်သူ၊ ကွမ်းဆေးကပ်သူတို့ကို သတိမလပ်စေရ အထူးနေရာကျအောင် သွန်သင်ဆုံးမခြင်း၊ အာဂန္တုကမထေရ်ကြီးကို ပန်၍ ဆီမီးထွန်းခြင်း၊ ဆီးမီးငြိမ်းခြင်း၊ ပုစ္ဆာပြဿနာမေးလျှောက်ခြင်း၊ ပုစ္ဆာပြဿနာဖြေခြင်း၊ ဝစ္စကုဋိ–ပဿာဝကုဋိတို့ကို ညွှန်ကြားခြင်း စသော အဂန္တုကဝတ်တို့ကို မလစ်လပ်စေရခြင်း၊ တိုက်အုပ်၊ တိုက်ကြပ်၊ ထေရ်ကြီးပုဂ္ဂိုလ်တို့လည်း လျှောက်ပတ်သည့်အကွက်အခါကို ကြည့်၍ အာဂန္တုကမထေရ်ကြီးထံ ရံခါရံခါ လာသဖြင့် ပဋိသန္ထာရပြုရခြင်း၊ သီတင်းငယ် ဦးပဉ္စင်း၊ သာမဏေတို့လည်း နေ့ညဥ့်မဆို လျှောက်ပတ်သည့် အချိန်အခါကို ကြည့်ရှု၍ အာဂန္တုကမထေရ်ကြီးအား ခြေဆုပ်လက်နယ်ဝတ်ကြီး၊ဝတ်ငယ်ပြုရခြင်း၊ အာဂန္တုကမထေရ်ကြီး တရားစကား ဆုံးမရာ နာခံရခြင်း စသည်တည်း။ ဤကား အာဂန္တုကပုဂ္ဂိုလ်တို့၌ ပြုကျင့်ရာသော ဥပဒေနည်းတည်း။

## ၂၀ - ပတိပတ္တိအရာ၌ ပြုကျင့်ရာသောဥပဒေ

တစ်လလျှင် လေးသီတင်း၊ ရှစ်သီတင်း ဇောသနိက်ဓုတင်၊ ပတ္တပိုဏ်ဓုတင် စွမ်းအင်အလျောက်အားထုတ်ခြင်း၊ ခလုပစ္ဆာဓုတင်ကို နေ့စဉ်မပြတ် ကျင့်ခြင်း၊ အိပ်ရာထ ကလတက်ခေါက်သည့်နောက်တဖန် လှဲ၍ မအိပ်ဘဲ နိသဇ်ဓုတင် နေ့စဉ်မပြတ် ဆောက်တည်ခြင်း၊ ဝိနည်းတိစီဝရိက်ကို အမြဲဆောင်၍ တိစီဝရိတ်ဓုတင်မှာ တစ်နှစ်လျှင် တစ်ဥတု၊ နှစ်ဥတု စွမ်းနိုင်သမျှ အချည်းနှီး မလွတ်ရအောင် အားထုတ်ရခြင်း၊ မိုဃ်းရိပ်၊ ဆီးနှင်းကင်းသည့်အခါ အရဏ်မတက်မီအတွင်း ကျောင်းခန်းထဲက ထွက်သဖြင့် အမိုးကင်းရာ အရပ်တွင် အရဏ်တက်စေ၍ အဗ္ဘောကာသိကဓုတင်၊ ရုက္ခမူဓုတင်အကျင့်ကို ဆောက်တည်ခြင်း၊ ဒွတ္တိံသာကာရ၊ အသုဘဘာဝနာ၊ လက္ခဏာရေး ကမ္မဋ္ဌာန်းတို့ကို တတ်စွမ်းသည့်အလျောက် အချည်းနှီး မလွတ်စေရအောင် အာမခံဆရာ၊ အထက်ဆရာကြီးတို့ထံ ဝန်ခံ၍ နေ့စဉ်မပြတ်မလပ်စေရကြိုးပမ်းအားထုတ်ခြင်း၊ ဝိသေသအထူး ကမ္မဋ္ဌာန်းကို နေ့ညဥ့်မပြတ် အားထုတ်လိုသော ပုဂ္ဂိုလ်အား အလုံးစုံ သံဃကိစ္စ၊ နဝကမ္မဟူသမျှတို့၌ ယထာသုခနေခွင့်ရအောင် အခွင့်ပေးခြင်း၊ အထူးချီးမြှောက်ခြင်း စသည်တည်း။ ဤကား ဓုတပဓာန ပတိပတ္တိအရာ၌ ကျင့်ရာသော ဥပဒေနည်းတည်း။

ပဗ္ဗဇိတဒုလ္လဘကို ရကြသည့်အခိုက် ယုတ်သောအပိုင်းအခြားအားဖြင့် ဤမျှလောက်ကိုမှ မကျင့် အမှတ်မဲ့နေသသူမှာ အခြားတိုက်တာအရပ်တစ်ပါး ပျော်ရာ သွားကြရမည်။

ဤဆိုအပ်ပြီးသော နှစ်ဆယ် အတိုင်းအရှည်ရှိသော ဝတ်တို့ကို သဒ္ဓါသမ္ပန္နကုလပုတ္တအမျိုးကောင်းသားတို့သည် သကျပုတ္တမဟာသမဏပိပိ ညီညွတ်သောကိုယ်စိတ်ရှိကုန်သည်ဖြစ်၍ ကြည်လင်ရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ညီညာဖျဖျ အားထုတ်ကျင့်ဆောင်နိုင်ကြစေကုန်သတည်း။

*နောက်အဆက်ဆက် သူတော်ကောင်း အမျိုးသားတို့အား ဓိဋ္ဌာနုဂတိ အကျိုးကို မျှော်ကိုးတောင့်တသဖြင့် ရေးသားစီရင်အပ်သော ဩဝါဒအကျင့်ဝတ် ဥပဒေနည်း ဤတွင် ပြီး၏။*

## စွမ်းအားလျော်စွာ အားထုတ်ရာသော သမထဝိပဿနာနည်း

ဤငါ၏ခန္ဓာကိုယ်၌ တစ်စုံတစ်ခု အဏုမြူမျှ တွယ်တာအပ်သော သဘောမရှိ၊ ဆံပင်၊ အမွေး။ ပ။ ဦးနှောက်၊ သုံးဆယ့်နှစ်ပါးသော စက်ဆုပ်ရွံရှာဖွယ်သော အစုမျှသာဖြစ်၏။ ဤသုံးဆယ့်နှစ်ပါးသော အစုသည်လည်း တစ်လုံးတစ်ခဲ တစ်ပေါင်းတစ်စည်းတည်းမဟုတ်။ မဟာဘုတ်၊ ဥပါဒါရုပ်နှစ်ပါး အဖို့ရှိ၏။ ကြမ်းတမ်းခြင်းလက္ခဏာရှိသော – ပထဝီဓာတ်၊ ပြောင်းဖွဲ့ခြင်း – အာပေါဓာတ်၊ အရှိန်အစော်တည်းဟူသော တေဇောဓာတ်၊ လွင့်ပါးခြင်းလက္ခဏာရှိသော ဝါယောဓာတ်၊ မြင်အပ်ခြင်း – ရူပါရုံ၊ အနံ့နံ့ခြင်း – ဂန္ဓာရုံ၊ သာယာအပ်ခြင်း – ရသာရုံ၊ တွေ့ခြင်း – ဖောဋ္ဌဗ္ဗရုံ ဤသို့ အစရှိသော ရုပ်တရားတို့၏ အပေါင်းအစုမျှသာဖြစ်၏။ ၎င်းရုပ်တရားအပေါင်းအစုသည်လည်း ဤခန္ဓာကိုယ် ပရမာဏုမြူမျှသော အရိုးအသား၌သော်လည်း အရာအထောင်မကသော ကမ္မဇရုပ်၊ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်၊ ကမ္မသမုဋ္ဌာနဥတုဇရုပ်၊ စိတ္တသမုဋ္ဌာနဥတုဇရုပ်၊ အာဟာရ သမုဋ္ဌာန ဥတုဇရုပ် အစရှိသော သမုဋ္ဌာနရုပ်အပေါင်းအစုမျှသာဖြစ်၍ ရထရေဏုမြူ မှုန့်လောက်ရှိသော အရိုးအသားစိုင်တစ်ခု၌ အကုဋေ အသင်္ချေမက မရေတွက်နိုင်သော ရုပ်တရားအစုမျှဖြစ်၍ တစ်လုံးတစ်ခဲတည်းမဟုတ်။ ၎င်းရုပ် တရားအစုတို့သည်လည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရတရားလေးပါးတို့သည် အဖန်ဖန်ပြုပြင်အပ်သည် ဖြစ်၍ အဖန်တလဲလဲထင်၍ ထပ်၍ထပ်၍ ဖြစ်၍ဖြစ်၍ ပျက်ကြကုန်၏။ တစ်ကြိမ်တစ်ကြိမ်ဖြစ်သော မရေတွက်နိုင်သော ရုပ်တို့သည် စိတ္တက္ခဏ တစ်ဆယ့်ခုနစ်ချက်မျှသာ ကာလအရှည်တည်ကုန်သည်ဖြစ်၍ မျက်စိတစ်မှိတ်၊ လျှပ်တစ်ပြက်အတွင်း၌ အကြိမ်ပေါင်း အရာအထောင်မကထပ်၍ထပ်၍ ဖြစ်၍ဖြစ်၍ အသစ်အသစ်လဲ၍ ပျက်ကြလေကုန်၏။

ထိုမျှမကလောက် ဆောလျင်စွာ ပျက်စီးသည်ဖြစ်၍ မမြဲသည်ဖြစ်ရကား အနိစ္စ၊ ထိုသို့ ပျက်စီးခြင်းဖြင့် ဖောက်ပြန်နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲရကား ဒုက္ခ၊ ၎င်းဒုက္ခအစုတို့၏ တစ်လုံးတစ်ခဲတည်းမဟုတ် ဆိုအပ်ခဲ့ပြီးသော ရုပ်မှုန့် အပေါင်းတို့၏ အသီးသီးသဘောအားဖြင့် တစ်စုတစ်စုစီ တကွဲတခြားစီဖြစ်ရကား လုံးလုံးလျောင်းလျောင်းကိုယ်ကောင်ဟူသည်၊ ငါဟူသည် တစ်စုံတမျှမရှိရကား အစိုးမရ၊ ကိုယ်မဟုတ်သည်ဖြစ်၍ အနတ္တ၊ ဤသို့အနိစ္စ၊ ဒုက္ခ၊ အနတ္တအစုမျှသာ ဖြစ်၏။ နိဿတ္တနိဇ္ဇီဝ အဗျာပါရမျှသာ ဖြစ်၏။

ဤရုပ်တရားတို့ကို ဤယခုအောက်မေ့၍ အာရုံပြု၍ ဝိပဿနာရှုသော တရားအပေါင်းသည်လည်း အာရုံ၌ညွတ်ခြင်း နာမနသဘောရှိသောကြောင့် နာမ်တရား မည်၏။ ဤနာမ်တရားအပေါင်း၌ အာရုံကို ညွတ်ကာမျှသော သဘောသည် ဝိညာဏက္ခန္ဓာ၊ အာရုံကို သုံးဆောင်ခြင်း ခံစားခြင်းသဘောသည် ဝေဒနာက္ခန္ဓာ၊ အမှတ်ပြုခြင်းသဘောသည် သညာက္ခန္ဓာ၊ ဤတရားရုပ်တို့၌ မတပ်ခြင်း၊ မပြစ်မှားခြင်း၊ မတွေဝေခြင်း၊ ကြည်လင်စွာ အောက်မေ့ခြင်း၊ တည်ကြည်ငြိမ်သက်ခြင်း အစရှိသော တရားအပေါင်းသည် သင်္ခါရက္ခန္ဓာ၊ ဤ နာမက္ခန္ဓာ လေးပါးအပေါင်း အစု ဖြစ်၏။

ဤနာမက္ခန္ဓာလေးပါးတို့သည်လည်း ရှေးဘဝ၌ဖြစ်လေပြီးသော အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ ကံ၊ သင်္ခါရတို့သည် အဖန်တလဲလဲ ပြုပြင်အပ်သည်ဖြစ်၍ ဤယခု အဖန်တလဲလဲဖြစ်၍ဖြစ်၍ ပျက်၍ပျက်၍ နေကြကုန်၏။ မျက်စိတစ်မှိတ်၊ လျှပ်စစ်တစ်ပြက်အတွင်း၌ အသိန်း၊ အသန်းမကလျင်သောအပြန်ရှိသည်ဖြစ်၍ အသစ်အသစ်လည်း၍ ပျက်၍ပျက်၍ နေကြကုန်သည်ဖြစ်၍ မမြဲရကား အနိစ္စ၊ ထိုသို့ပျက်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ ဆင်းရဲရကား ဒုက္ခ၊ ထိုနာမ်တရား အပေါင်း၏ တစ်လုံးတစ်ခဲတည်းမဟုတ် ဆိုအပ်ခဲ့ပြီးသော များစွာသော သဘော တရားတို့၏ အစုအဝေးဖြစ်၍ ငါဟူသော၊ ကိုယ်ဟူသော အခြင်းအရာ စွဲလမ်းစရာ မရှိသည်ဖြစ်၍ ကိုယ်မဟုတ်ရကား အနတ္တ။

ဤသို့လျှင် ရူပက္ခန္ဓာ၊ နာမက္ခန္ဓာအပေါင်းအစု အနိစ္စစု၊ ဒုက္ခစု၊ အနတ္တ စုမျှသာတည်းဟု သတ္တ၊ ဇီဝ ငါ သူတစ်ပါးဟူသည် မရှိ၊ တွယ်တာ နှစ်သက် စုံမက်အပ်သော သဘောမည်သည် မရှိ၊ စင်စစ် စက်ဆုပ်ရွံရှာအပ်၊ ကြောက်အပ်၊ ငြီးငွေ့အပ်၊ လွတ်အပ်၊ စွန့်ပစ်အပ်သော သဘောတရားအစုမျှသာတည်း။ ဤသို့ သော သဘောတရားအစုမျှသာတည်း။ ဤသဘောအစုမျှသာတည်း။ ဤသာတည်း ဟူ၍ သင်္ခါရုပေက္ခာဉာဏ်သဘောတိုင်အောင် ဆင်ခြင်အပ်၏။

ဤကား သမထ၊ ဝိပဿနာအကျဉ်းတည်း။ ဤဆိုအပ်ကဲ့ပြီးသည့်အတိုင်း နှုတ်တက်အာဂုံပြု၍ အဖန်တလဲလဲ ကြိုးပမ်းအားထုတ်နိုင်ကြစေကုန်သတည်း။

*သမထဝိပဿနာနည်း အမြွက်နှင့်တကွ အာစရိယောဝါဒနည်းအခန်း ဤတွင် ခါးပတ်သတ်လတ်ပြီ။*

## "စိတ္တံ ဒမေထ မေဓာဝီ၊ စိတ္တံ ဒန္တံ သုခါဝဟံ"

ကျမ်းဂန်ဒေသနာလာသည့်အတိုင်း အနမတဂ်သံသာစက်ဝယ် ပရပွက်ဆူ သပွတ်အူသို့ မည်သူဆရာတစ်ယောက်မျှ ဆုံးမ၍ မရ၊ ဂင်္ဂါဝါလုမက ဘုရားအဆူဆူ ချွတ်ယူမဖြစ်၊ အမုန်ယစ်သော တောဆင်ပေါက်ပမာ နှောင်လွန်စွာ ရုန်.ကြမ်းသော စိတ်မိုက်စိတ်ကြမ်း စိတ်သေ့ သွမ်းစိတ်လေပွေနောက်သို့သာ သူထက်ငါ လိုက်စား မိုက်မှားကြ၍ "ဥဒ္ဓံ – ယာဝဘဝဂ္ဂါစ၊ အမောယာဝအဝီစိ" တိုင် သူ့ထက်ငါ အပြိုင် ပရ ပိုင်ညွှန်အစစ်မှာနစ်သည်ထက် နစ်ကြအောင်၊ အဆိပ်ကို စားမှားသောသူ၊ ဆွဲမူ၍ သေသောသူအလား ကိုယ်၏ဒုက္ခကို ကိုယ်ရှာမှားစေတတ်သော ကောဓ၊ ဥပနာဟ၊ ပါပိစ္ဆာ၊ မဟိစ္ဆာ၊ အတြိစ္ဆာ၊ လာဘသိလောက၊ ဂရဟာ၊ ဝမ္ဘနာ၊ အဏ္ဏောသနာ၊ ဝိပနာ စိတ်ယုတ်မာတို့ကို ပယ်ခွာတွန်းသတ်၍ သော၀ စဿတာမင်္ဂလာ တပည့်တို့အင်္ဂါနှင့်ညီစွာ ဆရာဆုံးမအပ်သည့် ဥပဒေနည်းအတိုင်း နှောင်သိဿာနုသိဿ တပည့်စဉ်ဆက်မပျက်စေရ၊ နတ်တို့သုဓာ နတ်ဩဇာကို နတ်ဒေဝါတို့ မမုန်းနိုင်သကဲ့သို့ ဆရာ့နည်းနာ ဆရာ့ဩဇာ ဆရာ့လက်သုံး ဆရာ စဉ်ဆက်တို့ထုံးကို နှလုံးကြပ်ကြပ် မပြတ်ထားနိုင်ကြပါစေကုန်သတည်း။

## တရိတ္တအဆုံးအမ

(၁) စကားပြောကျယ်၊ အရယ်ကျယ်၊ အခေါ်ကျယ်၊ အချေကျယ်၊ အသမ်းကျယ်၊ ကျယ်ငါးပါးကို ပယ်ရမည်။

(၂) စကားများ၊ အရယ်များ၊ အအိပ်များ၊ အစားများ၊ နဝကမ္မများ၊ ပစ္စည်းဆည်းစုများ၊ ရှင်ငယ်လူငယ်တို့နှင့် ရောနှောများ၊ အလည်အပတ်များ၊ များရှစ်ပါးကို ပယ်ရမည်။

(၃) အစားကြမ်း၊ အအိပ်ကြမ်း၊ အသွားကြမ်း၊ အထိုင်ကြမ်း၊ အရယ်ကြမ်း၊ စိတ်ကြမ်း၊ ကိုယ်ကြမ်း၊ နှုတ်ကြမ်း၊ အဆုံးမကြမ်း၊ ကြမ်းကိုးပါးကို ပယ်ရမည်။

**အစားကြမ်းမှာ** လက်များစွာနှင့် ဟင်းခွက်ကို နှိုက်ခြင်း၊ ရှူးရှူးရှဲရှဲ အသက်ရှူ၍ စားခြင်း၊ ဟင်းရည်ဟင်းဖတ်ကို အတိုင်းအရှည်မသိ အစားကြီးခြင်း၊ စကားတပြောပြောစားခြင်း၊ ဝက်သားကြက်သား ငါးအမဲကို လွန်စွာစုံမက် အချက် အဝယ်ခိုင်း၍ ရှာကြံခြင်း၊ လက်ဖက်အုပ် လက်ဖက်ရည် အထွေထွေလာလာရှာကြံ စားသောက်ခြင်း စသည်တည်း။ **အအိပ်ကြမ်းမှာ** နေ့ကိုင်နေ့ရန်းကို ချ ကိုယ်ဝတ် သင်းပိုင်မှုနှင့် အိပ်ခြင်း၊ ဒူးထောင်ပေါင်ကားအိပ်ခြင်း၊ ဟောက်၍အိပ်ခြင်း စသည် တည်း။ **အသွားကြမ်းမှာ** အလွန်မြန်စွာ သွားခြင်း၊ တောင်မြောက်ကြည့်ရှု လျှပ်ပေါ် လော်လည်သွားခြင်း၊ ကြမ်းနင်းပြင်းခြင်း၊ လှေကားအဆင်းအတက် မြန်ခြင်း စသည်တည်း။ **အထိုင်ကြမ်းမှာ** မြူမှုန်ဖုန်သလဲရှိရာ အခင်းမပါ နေထိုင်ခြင်း၊ မရှိမသေ နေထိုင်ခြင်း၊ သီတင်းငယ်တို့ကို တိုးဖေ့တိုက်ခိုက်နေထိုင်ခြင်း စသည် တည်း။ **အရယ်ကြမ်းမှာ** လက်ခုပ်လက်ဝါးတီး၍ ရယ်ခြင်း၊ ခစ်ခစ်မြည်အောင် ရယ်ခြင်း၊ ဟီးလားဟားလားအသံဖြင့် ပြင်းစွာရယ်ခြင်း စသည်တည်း။ **စိတ်ကြမ်းမှာ** စိတ်အလွန်တိုခြင်း၊ ရန်ငြိုးကြီးခြင်း၊ ငြူစူစောင်းမြောင်းခြင်း၊ သူတစ်ပါးတို့အား မကောင်းကြံခြင်း စသည်တည်း။ **ကိုယ်ကြမ်းမှာ** သီတင်းသုံးဘော်တို့ရှေ့ မရှိမသေ ထိုင်ထသွားလာခြင်း၊ မကုန်းမကိုင်းနိုင်ခြင်း၊ ပုဆစ်ဒူးနဖူး မြေကျဝပ်မချနိုင်ခြင်း စသည်တည်း။ **နုတ်ကြမ်းမှာ** ငမိုက်ငမဲ ငခွေးငဝက် မြည်တွန်ခြင်း၊ ရဟန်းတို့နှင့် မလျောက်ပတ် ပုံကြမ်းစကားပြောဆိုခြင်း စသည်တည်း။ **အဆုံးမကြမ်းမှာ** ရိုက်နှက် ပုတ်ခတ်၍ ဆုံးမခြင်း၊ ကာလဥာန ငံ့မလင့် ဆုံးမခြင်း၊ ဒေါသ၊ မာန်မာနှင့် ဆုံးမခြင်း စသည်တည်း။

ကြည်ညိုဖွယ်သော ကိုယ်၊ နုတ်အမူအရာကို ပြုခြင်း၌ အကျိုးငါးပါး–

(၁) မိမိကိုယ်ကို မစွပ်စွဲရခြင်း

(၂) သီတင်းသုံးဖော်တို့ကြည်ညိုချီးမွမ်းခြင်း

(၃) သတင်းကောင်းထွက်ခြင်း

(၄) မတွေမဝေသေခြင်း

(၅) သေလျှင် နတ်ရွာသုဂတိသို့ လားရခြင်းတည်း။

ကြည်ညိုဖွယ်သောကိုယ်၊ နှုတ်အမူအရာ မရှိခြင်း၌ အပြစ်ငါးပါး –

(၁) မိမိကိုယ်ကို မိမိစွပ်စွဲရခြင်း

(၂) သီတင်းသုံးဖော်တို့ ကဲ့ရဲ့ခြင်း

(၃) မကောင်းသတင်းပျံ့နှံ့ခြင်း

(၄) တွေတွေဝေဝေ သေရခြင်း

(၅) သေလျှင်အပါယ်လေးပါးသွားရခြင်းတည်း။

ဆရာသမားထံ ဆုံးမခံ၍ လဇ္ဇသဘောကို အတန်အရာရ၍ လဇ္ဇီပုဂ္ဂိုလ်ပင်ဖြစ်ကြစေကာမူ ၎င်းအကျဉ်းအားဖြင့် ပြအပ်ခဲ့ပြီးသော သူမကြည်ညိုဖွယ်တို့ကိုပယ်နိုင်ကြမှ သာသနာတော်ဝယ် ရဟန်းကောင်းတစ်ယောက် ဆိုစလောက်အောင်ဖြစ်နိုင်ကြမည်မှတ်။

*(ဤကား စာရိတ္တအဆုံးအမတည်း)*

## ဝါရိတ္တအဆုံးအမ

ဝါရိတ္တအဆုံးအမကား ဤဆိုလတ္တံ့သည့်အတိုင်းတည်း။

(၁) အစိတ္တက၊ အဝိသယဋ္ဌာနမှတစ်ပါး အားကြီးရန့်ရင်းသော ဝိတိက္ကမစေတနာဖြင့် အာပတ်ကို မလွန်မကျူးမိအောင် အထူးရှောင်ကြဉ်ပါမည်ဘုရား။

(၂) အာပတ်သင့်မှန်းသိလျက် တစ်နံနက် တစ်နေကုန် ဖုံးလွှမ်း၍ မထား၊ အားလပ်စွမ်းနိုင်သည့်ခဏ၌ ဆောလျင်စွာ သုတ်သင်ပါအံ့ဘုရား။

(၃) အကပ္ပိယ၊ အဓမ္မိယပစ္စည်း အသုံးအဆောင်မှန်းသိလျက် တစ်နေ့တစ်နံနက်မျှ သုံးဆောင်သိမ်းစားသောက်ခြင်းကို မပြုရှောင်ကြဉ် စွန့်ပစ်ပါအံ့ဘုရား။

(၄) သီတင်းသုံးဖော်တို့အား ပြင်းထန်စွာ ဒေါသ၊ မာနစိတ်နှင့်တကွ ရန့်ကြမ်းသောစကားတို့ဖြင့် အော်အင်ငေါက်ငမ်း ကြမ်းတမ်းပုတ်ခတ် မပြုပါအံ့ဘုရား။

(၅) သီတင်းသုံးဖော်တို့အား ဝင့်ဝါပလွှား ဝါကားတတ်သည်၊ ပဏာသနပြုချင်တတ်သည်၊ အလိုကြီးသည်၊ တွက်ချက်ခိုကပ်တတ်သည်။ အလိုက်အလာမသိတတ်သည်၊ လောဘကြီးသည်၊ ဒေါသ၊ မာနကြီးသည်၊ အစားအအိပ်ကြီးသည်၊ စဉ်းလဲကောက်ကျစ်သည် စသည်ဖြင့် မျက်မှောက်မျက်ကွယ် မပြောမဆိုပါအံ့ဘုရား။

(၆) တိုက်အုပ်၊ တိုက်ကြပ်၊ မထေရ်ကြီးတို့ သဘောတူစီရင်ဆုံးမ၍ ပြီးပြီးသောအမှုကို မည်သို့ တစ်စုံတစ်ခုမျှ အားမရသော၊ မနှစ်သက်သော အမှုအရာကို မပြောမဆိုပါအံ့ဘုရား။

(၇) သစ်သီး ခဲဖွယ် စသည် ဝေဖန်သော ဖလဘာဇက၊ ခဇ္ဇဘာဇက၊ အပ္ပမတ္တကဝိဿဇ္ဇကရဟန်းတို့အား အဝေအခြမ်း မညီသည်၊ နည်းသည်၊ များသည်ဟု မဆို၊ မငြိုမငြင်သည်းခံစောင့်စည်းပါအံ့ဘုရား။

(၈) နဝကမ္မပြုလုပ်ကြရာ မည်သူမလာသည်၊ မည်ဝါမလာသည် **စသည်ဖြင့်** မြည်တွန် တွက်ချက်ခြင်းကို မပြု၊ ကိုယ်မှုတွက်ကို ကိုယ်သာ သူ့နောက် မကျရအောင် ရှက်ဆောင်အားထုတ်ပါအံ့ဘုရား။

(၉) အကြောင်းထူး ဝိသေသကိစ္စ မရှိလျှင် ဆွမ်းစားရာ ဆွမ်းစားကျောင်းပေါ်၌ စကားမပြောပါ။ အကြောင်းရှိ၍ ပြောရလျှင်လည်း တိုးတိုးသက်သာ ပြောပါအံ့ဘုရား။

(၁၀) အကြောင်းကိစ္စမရှိလျှင် ရေခပ်သွားရာ၊ ရေချိုးသွားရာတို့၌ စကား တပြောပြောနှင့် မသွား၊ အဖော်ခေါ်၍ မသွား၊ မချိုးပါ၊ သင့်ရာတရားကို နှလုံးထား၍ ဆိတ်ဆိတ်သွားချိုးပါအံ့ဘုရား။

(၁၁) အကြောင်းထူးကိစ္စမရှိလျှင် အကျိုးမဲ့တစ်ကျောင်းမှတစ်ကျောင်း၊ တစ်ခန်းမှ တစ်ခန်း ကူးသန်းလည်ပတ်ခြင်းကို မပြု၊ အထူးသတိပြု၍ ရှောင်ကြဉ် ပါမည်ဘုရား။

(၁၂) ပြောပလောက်သော အကြောင်းရောဂါ မရှိလျှင် ညဥ့်စာအံတိတ် ကလတက်မတီးမချင်း အလွတ်စကားမများ၊ စာအံခြင်း၊ ပုတီးစိပ်ခြင်း တို့ကို ကြိုးစားအားထုတ်ပါမည်ဘုရား။

(၁၃) ပြောပလောက်သောရောဂါအကြောင်းကိစ္စ မရှိလျှင် ညဥ့်စာအံတိတ် ကလတက်ခေါက်သည်မှစ၍ အိပ်ကလစာက်ခေါက်သည်တိုင်အောင် တုံးလုံးလှည်း၍ မနေ၊ ထိုင်လျက်လည်း မငိုက်ရအောင် ကြိုးစား အားထုတ်ပါအံ့ဘုရား။

(၁၄) ပြောပလောက်သောရောဂါအကြောင်းမရှိလျှင်နံနက်အိပ်ရာထ ကလတက် ခေါက်သည်မှစ၍ အရုဏ်လာသည့်တိုင်အောင် လှည်း၍ မအိပ်မနေ၊ စကားမပြော ကြိုးစားအားထုတ်ပါအံ့ဘုရား။

(၁၅) ပြောပလောက်သောရောဂါအကြောင်းမရှိလျှင် ယုတ်စွအဆုံး ဝါတွင်းအခါ တစ်လလျှင် ရှစ်သီတင်း၊ ဝါပလေးသီတင်း ဧကာသနိက်ဓုတင်မြောက် အောင် ကျင့်ဆောင်ပါအံ့ဘုရား။

(၁၆) အထက် မထေရ်ကြီးမှစ၍ အောက်သဃ်နဝက သာမဏေငယ်တိုင်အောင် သီတင်းသုံးဖော်တို့ ဆိုဆုံးမသည့်အခါ စိတ်ဆိုးသောအမူအရာကို မပြု အထူးသည်းခံပါအံ့ဘုရား။

(၁၇) အာမခံဆရာ့ထံ မကြာမကြာ သွား၍ ဆိုဆုံးမရန်ရှိသည်များကို အားပါးမနာ ဆုံးမတော်မူပါဟု လျှောက်ထား၍ ဆုံးမခံပါအံ့ဘုရား။

(၁၈) အာမခံအပ်သော တပည့်တို့ကို မကြာမကြာ သွား၍လည်းကောင်း၊ ခေါ်၍လည်းကောင်း၊ အဝတ်အရုံ, စားပုံသောက်ပုံ အလုံးစုံကို နေရာကျ ဆုံးမပြောဆိုပါမည်ဘုရား။

ငင်းဆိုအပ်ခဲ့ပြီးသော တစ်ဆယ့်ရှစ်ရပ်သော ပဋိညာဉ် ဝန်ခံချက်တို့တွင် တစ်ပါးတစ်ပါး ပျက်ခဲ့သော် အာယတိ သံဝရဖြင့် နွံနာအောင် ဒဏ်ထမ်းပါမည်ဘုရား။

"သိက္ခာကာမ လဇ္ဇီပေသလ သီလဝန္တ အစစ်ဖြစ်တော်မူသော "ဇာဂရာဘိဓေ သဒ္ဓမ္မဝံသဓမ္မသေနာပတိ အတုလာဓိပတိ သိရီပဝရမဟာဓမ္မရာဇာဓိရာဇဂုရု" တံဆိပ်နာမံတော်ရှိသော ရွှေကျင်ဆရာတော်ဘုရားကြီးသည် တရားသြဝါဒ ဟောပြထားတော်မူအပ်သော –

*ဓမ္မဝိနယစာတမ်းပြီး၏။*

# မိုးကောင်းတိုက် ဥပဒေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဆရာဆုံးမအပ်သည် မိုးကောင်းတိုက် သံဃာကြီးငယ်တစ်စုတို့ သဗ္ဗညု ဘုရားရှင်သက်တော်ထင်ရှားရှိသည့်အခါ ပါပိစ္ဆာ၊ မဟိစ္ဆာအယုတ်တရား နှိပ်စက် သဖြင့် ဆဗ္ဗဂ္ဂီရဟန်းတို့ ရန့်ရင်းကြမ်းတမ်းသော အလဇ္ဇီပါပမွေတို့ကို ပြုကျင့် လွန်ကျူးကြသည်များကို ဒိဋ္ဌသုတ ကြားသိကြလျက် တစ်စုံတစ်ယောက်သော သူတို့မျှ မဆုံးမဘဲ ရှောင်လွှဲ၍နေကြသည်ကို အကြောင်းပြုသဖြင့် –

ဩဝဒေယျာ နုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ (ဓမ္မပဒ၊ ၂၄) – ဒေသနာ တော်ဖြင့် သီတင်းသုံးဖော် မိတ်ဆွေခင်ပွန်းတို့အား မကောင်းမြစ်တာ ကောင်းရာ တိုက်တွန်း ညွှန်ပြဆုံးမကြပါကုန်၊ သူ့ငရဲအိုး သူခံပစေ၊ သူ့ထိုက်နှင့်သူ နေပစေဟု ကရုဏာ မေတ္တာကင်းသဖြင့် မဆုံးမဘဲ ရှောင်လွှဲ၍ မနေကြကုန်လင့်ဟူ၍ ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ယခုအခါ ရှေးပုည ကမ္မ အကြောင်းဆုံကြ၍ ဘုရား တပည့်အဖြစ်သို့ ရောက်ကြသဖြင့် ဆုံးမသင့် ဆုံးမခွင့်အခါရောက်လာ၍ ကရုဏာ မေတ္တာဗြဟ္မစိုရ်တရားနှင့်တကွ ဆရာဆုံးမဩဝါဒပေးထားလိုက်သည့် မိုးကောင်း တိုက် သံဃာအရှင်သူတို့လည်း သတဥ္စ သော ပိယော ဟောတိ၊ အသတံဟောတိ အပ္ပိယော ဟူသော ယင်း (ဓမ္မပဒ၊ ၂၄) ပါဠိတော်ဂါထာ အပရဒ္ဓဒေသနာတော်မြတ် အတိုင်း သံသရာဝဋ် မှ လွတ်ပါစိမ့်ငှာ ဘေးကင်းရာ သာသနာ၌ ခိုလှုံတော်မူကြ သော သူတော်ကောင်း ရဟန်းတို့ပီပီ ညီညွတ်သောကိုယ်စိတ်နှလုံးရှိကြကုန်သည် ဖြစ်၍ ဘုရားရှင် ဆုံးမတော်မူအပ်သော ဗုဒ္ဓေါဝါဒနှင့် လျော်စွာ ဆရာပေးထား အပ်သော ဥပဒေကျင့်နည်းအတိုင်း ဝမ်းမြောက်ဝမ်းသာ လိုက်နာတော်မူအပ်ကြ ကုန်သည်။ ယင်းသို့ ဆုံးမတော်မူအပ်သော ဗုဒ္ဓေါဝါဒကား –

အတ္တာနံ စေ ပိယံ ဇညာ၊ ရက္ခေယျ နံ သုရက္ခိတံ။

တိဏ္ဏမညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။ (ဓမ္မပဒ၊ ၃၇)။

ဟူသော ဒေသနာတော်မြတ်ဖြင့် လောကန္တရိတ်၊ လောကုမ္ဘီ၊ မဟာအဝီစိ အဆုံးရှိသောနိရယဘေး၊ အရိုးစုပြိတ္တာ၊ အသားစုပြိတ္တာ၊ လုံအမွေးရောက်သောပြိတ္တာ၊ အမွေးပေါက်သောပြိတ္တာ စသော ပေတဘေးကြီး မသင့်ရောက်လို၊ မိမိကိုယ်ကို ချစ်အပ်သည်ထင်မှတ်ကြသော ရဟန်းရှင်လူ ပုဂ္ဂိုလ်တို့သည် ယင်းသို့ အပါယ် လားကြောင်း မကောင်းသော ပါပိစ္ဆာ၊ မဟိစ္ဆာ အလဇ္ဇီ အယုတ်တရား မိမိသန္တာန် တွင် အထင်အရှား ရှိခဲ့သည်များကို ပယ်ရှားသုတ်သင်၍ အဇ္ဈေ ဝါ သုဝေ ဝါ မရဏာ

မင်း ယူလာလျှင် ရဲဝံ့စွာ လိုက်နိုင်ကြရအောင် ကြံဆောင်အားထုတ်အပ်ကြကုန်သည်ဟု ဗုဒ္ဓေါဝါဒအဓိပ္ပာယ်အလိုလာသည်။ ယင်းသို့ ရှေးမဆွက မိမိသန္တာန်တွင် သုတ်သင်အပ်သော အလဇ္ဇီဓမ္မတို့ကို မသုတ်သင်ဘဲ ဝတ်မှု၊ စားမှု၊ ပျော်ရွှင်မှုနှင့်သာ ကာလလျာ နေမှားကြသဖြင့် ဂိဇ္ဈကုဋ်တောင်ရံတွင် အလျှံမစဲ မီးခဲသံတွေ သံမီးရေကို စားသောက်လျက် ကိုယ်အလုံးတောက်လောင်၍ ဆင်းရဲကြီးစွာ ခံနေရသော ပြိတ္တာတို့ကို မြင်တော်မူသဖြင့် ဘုရားရှင်အား အရှင်မောဂ္ဂလာန်လျှောက်ထားရာ–

ဧသော ဘိက္ခဝေ ဘိက္ခု ကဿပဿမ္မာသမ္ဗုဒ္ဓဿ ပါဝစနေ ပါပဘိက္ခု ပါပဘိက္ခုနီ[၁] စသည်ဖြင့် ကဿပရှင်တော်ဘုရား လက်ထက် သာသနာတော် အားနည်းသောအခါ နိုင်နင်းအောင် ဆုံးမမည့်သူ ဆရာအမှီမရသည်ဖြစ်၍ သဒ္ဓါပညာတရား အားနည်းသူ အချို့ ရဟန်းတို့ အလဇ္ဇီပါပ ဓမ္မ ကျင့်ကြံနေထိုင်ကြကုန်လျက် ဤဂိဇ္ဈကုဋ်တောင်ရံတွင် ဤသို့သော ပြိတ္တာဖြစ်၍နေကြကြောင်းကို ဟောပြဆုံးမတော်မူသည်။ ယင်းသို့ ဆုံးမတော်မူခြင်းသည်လည်း ယင်းကဿပရှင်တော်ဘုရား တပည့်သားတို့ကဲ့သို့ ကိုယ်တော်မြတ်တပည့်သားတော်တို့ မှောက်မှားကြမည် စိုးရိမ်တော်မူလှ၍ ဆုံးမတော်မူခဲ့သည်။ ယင်းဂိဇ္ဈကုဋ်တောင် ပြိတ္တာစသည်များကဲ့သို့ နောင်တပူပန် မဖြစ်ကြစေကုန်အောင် သတိပေးတော်မူခြင်းမှာလည်း ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ[၂]–ဟူသော ဒေသနာတော်မြတ်ဖြင့် အလဇ္ဇီပါပ ဓမ္မတရားများကို ပယ်ရှား၍ အားထုတ်ထိုက်သော ရဟန်းတရားကို လက်မလွှတ်စေရ၊ ကြိုးစားအားထုတ်ကြပါကုန်၊ အမှတ်မဲ့ မနေရစ်ကြပါကုန်လင့်ဟု ဆုံးမမှာထားတော်မူခဲ့သည်။ ယင်းသို့ မဟာကရုဏာ ရွှေနှလုံးတော်ဖြင့် ဆုံးမတော်မူအပ်သော ဗုဒ္ဓေါဝါဒကို သဒ္ဓါကြည်နူး အထူးအောက်မေ့ကြကုန်သည်ဖြစ်၍ ရှေးအခါ ပုထုဇဉ်ဂတိအလျောက် မှောက်မှားမိသော ပါပဓမ္မသီလအန္တရာယ် သဂ္ဂအန္တရာယ် မဂ္ဂအန္တရာယ် မကင်း ရှိခဲ့ကြလျှင် ရောဂါငြိမ်းပျောက်လိုသော ရောဂဝန္တယောက်ျားသည် လိမ္မာစွာသော ဆေးဆရာအားကိုယ်၌ရှိသော အမာကို ကုန်စင်အောင် ပြဘိသည့်အလား မိမိတွင် ထင်ရှားရှိသော အပြစ်များကို လောက၏အတွက် အရှက်အကြောက်ကို မငဲ့ပဲ ကုန်စင်အောင် ဖော်ထုတ်လျှောက်ထားသုတ်သင်ဆေးလျော်ရန် ရှိသည်များကို တရားအလျောက် သုတ်သင်ဆေးလျှော်ခြင်းကို တောင့်တအပ်ကြကုန်သည်။ မျက်စိနှစ်ဖက်ပျက်သော သူကန်းသည် တောင်ဝှေးဆွဲသောသူ၏ နောက်သို့ ကောက်ကောက်လိုက်မှ ချမ်းသာရာရသကဲ့သို့ စက္ခုမြာသခင် ဘုရားရှင် ဆုံးမတော်မူရာ ဝိနည်းတရားတော်

---

၁။ ဝိ၊ ၁၊ ၁၄၈။

၂။ မ၊ ၁၊ ၁၆၇။ သံ၊ ၂၊ ၃၄၇။ ၅၃၅။ ၅၄၁။ အံ၊ ၂၊ ၇၇။ ၅၀၄။ အံ၊ ၃၊ ၁၉၄။

လာတိုင်း ကျင့်ဆောင်နိုင်ကြမှ ရှယ်ရင်းမူလ ပဗ္ဗဇိတ ဒုလ္လဘအကျိုး ဖွံ့ဖြိုးနိုင်မည်ကို နှလုံးထားတော်မူကြရမည်။ ယင်းသို့ ရှေးဦးအစ မိမိသန္တာန်တွင် အလဇ္ဇီပါပမဖြစ် ရှိခဲ့လျှင် ကုန်စင်အောင် ဆေးလျှော်သုတ်သင်ပြီးနောက် ၎င်းမိုးကောင်းတိုက်တာတွင် ထာဝရအစဉ် စောင့်ရှောက်မည့်သူ နိဿရည်းဆရာကြီး၊ ၎င်းအောက် တိုက်အုပ်ဆရာကြီး၊ ၎င်းအောက် တိုက်ကြပ်ဆရာကြီး၊ ၎င်းအောက် ကျောင်းနေသင့်သည့် ပုဂ္ဂိုလ်အသီးသီး လက္ခဏာအင်္ဂါတို့နှင့်တကွ ရွေးချယ်ခန့်ထား၍ လောကီ၊ လောကုတ္တရာအကျိုးနှစ်ပါး ထွန်းကားစည်ပင်သဖြင့် သံဃသုဋ္ဌု သံဃဖာသု ဝုမိုဝိရဋ္ဌိ ဖြစ်အောင် ဆရာ ကြံဆောင်မှိုင်းမရာ ရှိသေစွာ လိုက်နာကြစေလိုကြောင်းနှင့် အမိန့်ရှိအပ်သည် မိုးကောင်းတိုက်သံဃာကြီးငယ်တစ်စုတို့ —။ ပထမ။

သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဥ္စတဗ္ဗံ၊ အယံ တတ္ထ သာမီစိ – ပါဠိတော် (ဝိ၊ ၂၊ ၁၈၆) နှင့်အညီ သံသရာမှ ထွက်မြောက်လွယ်ကြောင်း ကောင်းမြတ်သော သီလဝိသုဒ္ဓိကို အထူးရလိုသော ပုဂ္ဂိုလ်တို့သည် ဤဆိုလတ္တံ့သော ကုလဒူသန (၈) ပါး၊ အနေသန (၂၁) ပါး၊ ကုဟနဝတ္ထု အယုတ်တရားဟု ဆိုအပ်သော အာစာရဝိပတ္တိ၊ အာဇီဝဝိပတ္တိအကြောင်းအရာများကို မှတ်သားတော် မူကြစေကုန်သတည်း။

ကုလံ နာမ စတ္တာရိကုလာနိ ခတ္တိယကုလံ ဗြာဟ္မဏကုလံ ဝေဿကုလံ သုဒ္ဒကုလံ။

ကုလဒူသကောတိ ကုလာနိဒူသေတိပုပ္ဖေန ဝါ ဖလေန ဝါ စုဏ္ဏေန ဝါ မတ္တိကာယ ဝါ ဒန္တကဋ္ဌေန ဝါ ဝေဠုယာ ဝါ ဝေဇ္ဇိကာယ ဝါ ဇင်္ဃပေသနိကေန ဝါ။ (ပါဠိတော် ဝိ၊ ၁၊ ၂၈၁။)

ကုလံနာမ – ဖျက်ဆီးအပ်သူ လူမျိုးမည်သည်ကား၊ ခတ္တိယကုလံ – မင်းမျိုး၊ ဗြာဟ္မဏကုလံ – ပုဏ္ဏားမျိုး၊ ဝေဿကုလံ – ကုန်သည်သူကြွယ်မျိုး၊ သုဒ္ဒကုလံ – သူဆင်းရဲမျိုး၊ ဣတိ – ဤသို့၊ စတ္တာရိကုလာနိ – အမျိုးလေးပါးတို့သည်၊ ဟောန္တိ – ကုန်၏။

ကုလဒူသကောတိ – ဟူသည်ကား။ ကုလာနိ – အမျိုးလေးပါးတို့ကို၊ ဒူသေဟိ – ဖျက်ဆီးတတ်၏။ ကေန – အဘယ်ဖြင့်၊ ဒူသေတိ – ဖျက်ဆီးသနည်း။ ပုပ္ဖေန ဝါ – ပန်းပေးခြင်းဖြင့်လည်းကောင်း၊ ဖလေန ဝါ – သစ်သီးပေးခြင်းဖြင့် လည်းကောင်း၊ စုဏ္ဏေန ဝါ – ရေချိုးရန် ကသယ်မှုန့်, ကုက္ကိုမှုန့်ပေးခြင်းဖြင့်လည်းကောင်း၊ မတ္တိကာယဝါ – မြေညက်ပေးခြင်းဖြင့်လည်းကောင်း၊ ဒန္တကဋ္ဌေန ဝါ – ရေတံပူ ပေးခြင်းဖြင့်လည်းကောင်း၊ ဝေဠုယာ ဝါ – ဝါးပေးခြင်းဖြင့်လည်းကောင်း၊ ဝေဇ္ဇိကာယ ဝါ – ဆေးကုခြင်းဖြင့်လည်းကောင်း၊ ဇင်္ဃပေသနိကေန ဝါ – လူတို့အစေအပါး ခံခြင်းဖြင့်လည်းကောင်း၊ ဒူသေတိ – ဖျက်ဆီး၏။

မင်း ပုဏ္ဏား ဆင်းရဲ သူကြွယ် အဘယ်လူမျိုးမဆို ထိုထိုဒါယကာတို့၌ သစ်သီးအစရှိသည်တို့ကို ပေးမိသော ရဟန်းအား ကုလဒူသန ဒုက္ကဋ်အာပတ် သင့်၏။ ၎င်းရဟန်းတို့ ပေးကမ်းရာ ခံယူသုံးဆောင်မိသော ဒါယကာတို့ကိုလည်း ပကတိသံဃာတော် အမှတ်နှင့်လျှဒါန်းနေကျ၊ ရှိခိုးပူဇော်နေကျ သဒ္ဓါတရား သက်သက်မဖြစ်၊ လောကဝတ်တဏှာတရား ဖက်ဝင်၍ ချစ်ကျွမ်းဝင်ခြင်း ဖြစ်တတ် သောကြောင့် ဖျက်ဆီးသည်မည်၏ ယူလိုသည်။ (ဤကား အဓိပ္ပာယ်အကျဉ်း။)

*ဤကား ကုလဒူသနအခန်းတည်း။*

**ကေဝီသတိအနေသန် နာမဝေဠုဒါန် ပဏ္ဏဒါန် ပုပ္ဖဒါန် ဖလဒါန် ဒန္တကဋ္ဌဒါန် မုခေါဒကဒါန် သိနာနဒါန် စုဏ္ဏဒါန် မတ္တိကာဒါန် စာဋုကမျတာ မုဂ္ဂသူပျတာ ပါရိဘဋျတာ ဇင်္ဃပေသနိယကမ္မံ ဝေဇ္ဇကမ္မံ ဒူတကမ္မံ ပဟိဏဂမနံ ပိဏ္ဍပဋိပိဏ္ဍဒါန် အနုပဒါန် ဝတ္ထုဝိဇ္ဇာ နက္ခတ္တ ဝိဇ္ဇာ အင်္ဂဝိဇ္ဇာတိ။ (ဝိသုဒ္ဓိမဂ်ဝိနည်းဋီကာတို့မှလာသောပါဠိ[၁]။)**

**ကေဝီသတိ အနေသန် နာမ** – နှစ်ဆယ့်တစ်ပါးသော မအပ်သော ရှာမှီးခြင်း မည်သည်ကား၊ **ဝေဠုဒါန်** – ဝါးပေးခြင်း၊ **ပဏ္ဏဒါန်** – သစ်ရွက်ပေးခြင်း၊ **ပုပ္ဖဒါန်** – ပန်းပေးခြင်း၊ **ဖလဒါန်** – သစ်သီးပေးခြင်း၊ **ဒန္တကဋ္ဌဒါန်** – တံပူပေးခြင်း၊ **မုခေါဒကဒါန်** – မျက်နှာသစ်ရေပေးခြင်း၊ **သိနာနဒါန်** – ချိုးရေပေးခြင်း၊ **စုဏ္ဏဒါန်** – ရေချိုးကသယ်မှုန့်ပေးခြင်း၊ **မတ္တိကာဒါန်** – မြေညက်ပေးခြင်း၊ **စာဋုကမျတာ** – ဒါယကာတို့ကို ပင့်မြှောက်၍ ဒါယကာတို့အောက် မိမိကိုယ်ကို နှိမ်ချသဖြင့် အရှိသသေပြုခြင်း၊ ပြောဆိုခြင်း၊ **မုဂ္ဂသူပျတာ** – မှန်မမှန်တရား အသားဝတ္ထုကို မငဲ့ မင်းဆင်းရဲသား မင်းညီမင်းသား မိဖုရားတို့ အလိုအကြိုက် လိုက်၍ ပြောဆိုခြင်း၊ **ပါရိတဋျတာ** – ဒါယကာတို့ သားငယ်မြေးငယ်တို့ကို နို့ထိန်းပမာ ကောင်းစွာ ချော့မော့သိမ်းပိုက်ခြင်း၊ **ဇင်္ဃပေသနိယကမ္မံ** – ဒါယကာတို့ စေခိုင်းရာ တစ်အိမ်မှ တစ်အိမ်သို့သွား၍ အစေအပါးခံခြင်း၊ **ဝေဇ္ဇကမ္မံ** – ဆေးပေးဆေးကု ဆေးနည်း ပေးသော ဝေဇ္ဇကမ္မံအမှု၊ **ဒူတကမ္မံ** – တစ်မြို့တစ်ရွာမှ သည်တစ်မြို့တစ်ရွာသို့ တမင်းမှ သည်တမင်းသို့ ဒါယကာတို့ စေခိုင်းရာ အစေအပါးခံ၍ တမန်သည် အမှုပြုလုပ်ခြင်း၊ **ပဟိဏဂမနံ** – ဒါယကာတို့ စေခိုင်းရာ သွားလာပြုလုပ်ခြင်း၊ **ပိဏ္ဍပဋိပိဏ္ဍဒါန်** – ဆွမ်းတုံ့ပေးခြင်း၊ **အနုပဒါန်** – တံစိုးလက်ဆောင်ပေးခြင်း၊ **ဝတ္ထုဝိဇ္ဇာ** – မြေကြန်အတတ်ကို ဒါယကာတို့အား သင်ကြားပြသပေးခြင်း၊ **နက္ခတ္တ**

---

၁။ ယင်းပါဠိတို့၌ မတွေ့၊ ခုဒ္ဒက၊ ၄၊ ၂၀၂။ သုတ္တနိ၊ ၄၊ ၁၊ ၁၇၈ တို့၌ တွေ့ရ၏။

**ဝိဇ္ဇာ** – နက္ခတ်အတတ်ကို ဒါယကာတို့အား သင်ကြားပြသခြင်း၊ **အင်္ဂဝိဇ္ဇာ** – **ဗေဒင်** ဟောပြောပြသခြင်း၊ **ဣတိ** – ဤကား အနေသနနှစ်ဆယ့်တစ်ပါးတည်း။

**လပနာ** – သူမမေးခင် ရှေးဦးတင်၍ မိမိဂုဏ်ကျေးဇူးကို ပြောဟောခြင်း၊ **အာလပနာ** – သူမေးလာသောအခါ များစွာမိမိဂုဏ်ကို ပြောဟောခြင်း၊ **ဥက္ကာစနာ** – သဒ္ဓါတရားရှိကြပေသည်၊ ကျေးဇူးများလှပေသည် စသည်ဖြင့် ဒါယကာတို့အား ရှေးဦးစွာ ပင့်မြှောက်ပြောဆိုခြင်း၊ **သမုက္ကာစနာ** – ပစ္စည်းမလှူလှူအောင် အထူးထူး အပြားပြား စကားတို့ဖြင့် အဖန်တလဲလဲ ပင့်မြှောက်ပြောဆိုခြင်း၊ **ဥန္နဟနာ** – ပစ္စည်းနှင့်စပ်ရစ်ပတ်ပြောဆိုခြင်း၊ **သမုန္နဟနာ** – အထူးထူး အပြားပြား အဖန်တလဲလဲ ပစ္စည်းလာဘ်နှင့်စပ်၍ ရစ်ပတ်ပြောဆိုခြင်း၊ **သာမန္တဇပ္ပနာ** – ပစ္စည်းအနီးအနား စကားသွယ်ရိပ်ပြောဆိုခြင်း၊ **လာဘေနလာဘံ ဇိဂီသနတာ** – အနည်းငယ်သော မိမိလာဘ်ဖြင့် များ၍လာဘ်အများရအောင် ရှာခြင်း (အရင်းအနီးချီးမြှောက်ပေးကမ်းခြင်းလည်း ဟူ၏။) **နေမိတ္တကတာ** – မိမိလှူကြောင်း နိမိတ်ဩဘာပြောဆိုပြုကျင့်ခြင်း၊ **ဘာကုဋိကဘာကုဋိကတာ** – မိမိ၌ သီလသမာဓိ အထူးမကျင့်ဘဲလျက် ကျင့်သည့်အယောင် မျက်မှောင်တကုတ်ကုတ် ဟန်ဆောင်ပြုလုပ်ခြင်း၊ **ဂရဟာ** – နမြောစုံမက် မလှူရက်ကြသည် စသည်ဖြင့် ဒါယကာတို့အား ပြစ်တင်ကဲ့ရဲ့ခြင်း၊ **ဝမ္ဘနာ** – ရှုတ်ချခြင်း၊ **အက္ကောသနာ** – ဆဲရေးခြင်း, မြည်တွန်ခြင်း၊ **ဝိမှာပနာ** – တန်ခိုးမရှိဘဲလျက် ရှိသည့်အဟန်ကြံ၍ အံ့ဖွယ်ပြုခြင်း၊ **မိဟိတပုဗ္ဗံမဟာ** – ဒါယကာတို့ကို တွေ့မြင်လျှင် ရှေးဦးတင်၍ ပြုံးရယ်ခြင်း၊ **ပုဗ္ဗဘာသိတတာ** – ရှေးဦးတင်၍ နှုတ်ခွန်းဆက်ခြင်း၊ **ဗေဟိသ္သာဂတဝါဒိကာ** – ဒကာ ရောက်လာသည်မှာ တော်ပေစွဟုဆိုလေ့ရှိခြင်း၊ **သုခသမ္ဘာသာ** – ဒါယကာတို့ နားခံသာအောင် ပိယဝါစာ ပျူငှာ လောကဝတ်ပြောဆိုခြင်း၊ **ဂမ္ဘီရကထံ ကထာ** – မိမိတရားအထူးကို အားထုတ်သည်ထင်အောင် သိမ်မွေ့နက်နဲစွာသော ဝိပဿနာ ကမ္မဋ္ဌာန်းတရား စသည်များကို လာဘ်ကိုင်ငဲ့သဖြင့် ဟောကြားခြင်း။ (ဤသို့စသည်ကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။) ဤတွင် ကုလဒူသန၊ အနေသန၊ ကုဟနဝတ္ထု၊ မိစ္ဆာဇီဝဝတ္ထုကထာ စကားတစ်ရပ်တည်း။

ကျောင်းနေပုဂ္ဂိုလ်ကြီးတို့ လေ့လာမှတ်သားရန် ရွှေကျင်ဆရာတော် အမိန့်ရှိအပ်သည် မိုးကောင်းတိုက်သံဃာကြီးငယ်တစ်စုတို့ –

**ဣမေဟိခေါ ပန အဋ္ဌဟိ ကုလဒူသနကမေဟိ ဥပ္ပန္နပစ္စယာ ဥပ္ပန္နမ္ပိ ပဋ္ဌန္နမ္ပိ သဟာဓမ္မိကာနံ န ကပ္ပန္တိ၊ အဘူတာရောစန ရူပိယသံ**

ဝေါဟာရေဟိ ဥပ္ပန္နပစယသဒိသာဝ ဟောန္တိ။ (ကုလဒူသန သိက္ခာပုဒ် အဋ္ဌကထာ။ ဝိ၊ ၄၊ ၂၊ ၂၁၁။)

ရူပိယပဋိဂ္ဂဟဏာဿ ပန ကေနစိ ပရိယာယေန တတော ဥပ္ပန္န ပစ္စယ ပရိဘောဂေါ န ဝဋ္ဋတိ။ ယထာစာ ယံ တေဿ န ဝဋ္ဋတိ၊ ဧဝံ အသန္တ သမ္ဘာဝနာယ ဝါ ကုလဒူသနကမ္မေန ဝါ ကုဟနာဒီဟိ ဝါ ဥပ္ပန္နပစ္စယာ နေဝ တဿ န အညဿ ဝဋ္ဋန္တိ။ (ရူပိယသိက္ခာပုဒ် အဋ္ဌကထာ။ ဝိ၊ ၄၊ ၂၊ ၂၇၂။)

ပဋိပ္ပဿဒ္ဓ ကမ္မေနာပိယေသု ကုလေသု ကုလဒူသနကမ္မံ ကတံ ဟောတိ၊ တတော ပစ္စယာ န ဂဟေတဗ္ဗာ၊ အာသဝက္ခယ ပတ္တာပိ အကပ္ပိယာ ဟောန္တိ၊ ကသ္မာ န ဂဏှာထာတိ ပုစ္ဆိတေ ပန ပုဗ္ဗေ ဧဝံ ကတတ္တာတိ ဝုတ္တေ သစေ ဝဒန္တိ၊ န မယံ တေန ကာရဏေန ဒေမ၊ ဣဒါနိ သီလဝန္တတာယ ဒေမာတိ ဂဟေတဗ္ဗာ။ (ကုလဒူသကသိက္ခာ ပုဒ် အဋ္ဌကထာ။ ဝိ၊ ၄၊ ၂၊ ၂၀၈။)

၎င်းအဋ္ဌကထာပါဠိ (၃) ရပ်တို့၏ ပိဏ္ဍတ္ထအဓိပ္ပာယ်အကျဉ်းကား – ပဗ္ဗာဇနိယကံပြုပြီး၍ စွန့်အပ်သော အကပ္ပိယ၊ အဓမ္မိယပစ္စည်းတို့ကို စွန့်ပြီးသည့်နောက် သီလစင်ကြယ်ခြင်းသို့ပင် ရောက်စေကာ ရှေးကုလဒူသနပြုမိသော ဒကာတို့ထံမှ ကုလဒူသနအမှုကြောင့် ရအပ်သော ပစ္စည်းလာဘ်တို့ကို အလှူမခံထိုက်၊ မခံအပ်၊ မသုံးဆောင်အပ်၊ ရွှေငွေအနာမာသဖြင့် ရောင်းဝယ်၍ရသော ပစ္စည်းနှင့် အတူတူပင် ရှု‘ရှာအပ်၏။ အနပေက္ခ – စွန့်ပစ်အပ်၏။ အဆိပ်ခတ်အပ်သော ဘောဇဉ်ကဲ့သို့ အလွန်လျှင် ရှောင်ကြဉ်အပ်၏။ ပကတိပုထုဇဉ် သီလဝန်ကို မဆိုနှင့်ဦး၊ ခီဏာသဝရဟန္တာ၏အဖြစ်သို့ ရောက်၍ သွားစေကာ ထိုဒါယကာတို့ လာဘ်ကို ခံခြင်းငှာမအပ် ဟူလိုသည်။ အဘယ်အခါအဘယ်သို့သော အခြင်းအရာဖြင့် အပ်ပါဦးမည်နည်းဟူငြားအံ့၊ ထိုဒါယကာတို့ တစ်စုံတစ်ခု အလှူဝတ္ထု လှူဒါန်းလာရာ ဒကာ၏ပစ္စည်းကို ငါအလှူမခံဟု ပယ်လှန်ပြီးနောက် အသို့သော အကြောင်းကြောင့် အလှူမခံသနည်း မေးသောအခါ ဤသို့ ရှေးအခါ ဒါယကာတို့အား သစ်သီး ဆွမ်း စသည်ပေး၍ ကုလဒူသနအမှုများကို ပြုခဲ့ဖူးသောကြောင့် အလှူမခံထိုက်၍ အလှူမခံသည်ဟု ပြောကြားအပ်၏။ ဤသို့သော အကြောင်းကြောင့် လှူဒါန်းခြင်း မဟုတ်ပါ။

ယခုအခါ သီလစင်ကြယ်ခြင်းသို့ ရောက်ပေပြီဟု အရှင်ဘုရား သီလကို ယုံကြည်သဖြင့် လှူဒါန်းပါသည် စသည်ဖြင့် ဒကာတို့ လျှောက်သောအခါမှစ၍

အလျှုခံခြင်းငှာ အပ်၏။ သုံးဆောင်အပ်၏ဟု ဆိုသည်။ ၎င်းဆိုခဲ့ပြီးသော အနေသနဖြစ်တတ်ရာသောနည်း၊ အနေသနလွတ်ရာသောနည်းတို့ကို အဋ္ဌကထာ လာတိုင်းမှတ်၍ ၎င်းဝိနည်းတော်တည်းဟူသော ကြေးမုံ၌ မိမိကိုယ်သဏ္ဌာန်ကို ကြည့်၍ သုတ်သင်သင့်သည်ကို သုတ်သင်၍ ရှောင်ကြဉ်သင့်သည်ကို ရှောင်ကြဉ်၍ သီလအထူးစင်ကြယ်အောင် ကြံဆောင်လုံ့လပြုရမည် မိုးကောင်းတိုက် သံဃာကြီးငယ်တစ်စုတို့။

## ဆရာ ဆုံးမအပ်သည် မိုးကောင်းတိုက်သံဃာတို့ —

၎င်းမိုးကောင်းတိုက် သံဃာတို့ ပဲ့ဦးကိုင်နာယကဖြစ်သူ အထက်ဆရာကြီး၊ ၎င်းအောက် တိုက်ကြပ်ပုဂ္ဂိုလ်၊ ၎င်းအောက် အသီးအသီးကျောင်းနေပုဂ္ဂိုလ်၊ တိုက်သားပုဂ္ဂိုလ်တို့ ကျင့်ဆောင်ကြရန် နှလုံးသွင်းရန်ဝတ်များနှင့် ကောင်းမွန်စွာ ကျင့်ဆောင် နေထိုင်ကြရမည်။ အထက်ဆရာကြီးပြုလုပ်သူ ကျင့်ဆောင်ရမည်မှာကား တပည့်ပရိသတ်တို့အား ပိဋကသုံးပုံပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို သင်ကြားပို့ချနိုင်ခြင်း ပဂုဏာ ဝါစုဂ္ဂတာတိ ဣဒံ ပရိပုစ္ဆာဝသေန ဥဂ္ဂဟဏမ္ပိ သန္ဓာယဝုတ္တံ (ဟူသော သာရတ္ထဒီပနီဋီကာ၊ ၃၊ ၄၀။)၊ အတ္ထမတ္တာဝသေနပေတ္ထ ယောဇနံကရောန္တိ (ဟူ၍ လာသော ဝိမတိဋီကာ၊ ၂၊ ၂၀) ပါဌ်တို့ဖြင့်လျော်စွာ ရအပ် ယူအပ် ဆုံးဖြတ်အပ်သော အနက်ိမပရိစ္ဆေဒအားဖြင့် ဥဘတောဝိဘင်း ပါဠိတော်ကို အနက်ထင်စွာပြ၍ အဓိပ္ပာယ်ကို နားလည်အောင် ဆင်ခြင်လေ့လာ၍ နာမ်၊ ရုပ်အပိုင်းအခြား ကမ္မဋ္ဌာန်းအရာများကို နားလည်အောင်ပြ၍ နိဿရည်း ပေးနိုင်လောက်သော ဗဟုသုတ အင်္ဂါနှင့် ပြည့်စုံခြင်း၊ အကြောင်းမဲ့နေလွဲကွမ်းစား ဆေးဝါးဆေးသောက် မရှိ၊ ကုလဒူသန အနေသနအမှု၊ အနာမာသနိဿဂ္ဂိယ ရူပိ ယုဂ္ဂဟအမှု စသည် မရှိ၊ ပကတိလဇ္ဇီ သိက္ခာကာမသဘောနှင့် ပြည့်စုံခြင်း၊ လဇ္ဇီပုဂ္ဂိုလ်ဟူ၍လည်း အတန်အရာ ကြေညာ ထင်ရှားခြင်း၊ တစ်လလျှင် လေးသီတင်း ရှစ်သီတင်း စသည်ဖြင့် အခါခါတို့၌ တရားစကားဟောကြားပြသခြင်း၊ ပရိသတ်တို့အား သဒ္ဓါတရား တက်ပွားစေနိုင်ခြင်း၊ ပြင်းထန်စွာသော ဒေါသမာနစိတ်ဖြင့် အော်အင်ငေါက်ငမ်း ကြမ်းတမ်း ရိုက်နှက်မှု မရှိ ပကတိတရားစကားတို့ဖြင့်သာ ပရိသတ်ကို ယဉ်ကျေးအောင် ဆုံးမနိုင်ခြင်း၊ နှုတ်မကြမ်းတမ်းခြင်း၊ အဖျင်းအချော် အသရော် မများရခြင်း၊ သစ်ပင်ငယ်စိုက်ခြင်းစသော နဝကမ္မအမှုထမ်းရခြင်း၊ ဒကာတို့နှင့် အနုနလောမိက ဂိဟိ သံသဂ္ဂ ဒါယကာတို့နှင့် ဖြစ်ရအောင် အထူးသဖြင့် တစ်စုံတစ်ခု အဓိကရဏ်း ပေါ်ပေါက်လာ၊ ဝေဖန်ရာ စသည်တို့၌ အဂတိတရားမလိုက်မလားခြင်း၊ တိုက်သား

လဇ္ဇီပုဂ္ဂိုလ်အများ ယုံကြည်နှစ်သက် လောက်သော ကိုယ်အမူအရာ၊ နှုတ်အမူအရာ အကျင့်နှင့်ပြည့်စုံခြင်း၊ တိုက်သားသံဃာအလုံးစုံတို့အား အကြောင်းမဲ့ နေလွဲ ကွမ်းစား ဆေးသောက် စသော အလဇ္ဇီဓမ္မတို့ကို မပြု မကျင့်စေရအောင် အခါ ခပ်သိမ်း သတိထားခြင်း၊ သတိထား၍ တရားနှင့်လျော်စွာ နိုင်နင်းအောင် စောင့် ရှောက်ခြင်း ဆိုအပ်ပြီးသော နိဿရည်းဆရာအင်္ဂါနှင့် ပြည့်စုံအောင်ပြု၍ နိဿရည်း ဥပဇ္ဈာယ်ပေးသဖြင့် တပည့်ပရိသတ်တို့အား ဆုံးမ စောင့်ရှောက်ခြင်း ဤသို့သော အင်္ဂါတို့နှင့် ပြည့်စုံသောပုဂ္ဂိုလ် အထက် နိဿရည်း ဆရာကြီး ခန့်ထားရန် သံဃာသဘောတူ ရှာထားကြရမည်။

၎င်းအောက် တိုက်အုပ်ပုဂ္ဂိုလ် ကျင့်ဆောင်ရမည်မှာကား – အထက် နိဿရည်းဆရာကြီးထံ ရံခါရံခါသွား၍ တရားဆုံးမခံရခြင်း၊ နိဿရည်းဆရာ မထေရ်ကြီးဆုံးမ၍ ထားအပ်သော ဥပဒေနည်းအတိုင်း နေရာကျအောင် ပရိသတ် တိုက်သံဃာအားလုံးကို ဆုံးမစောင့်ရှောက်နိုင်ခြင်း။

**အတ္တာနမေဝ ပထမံ၊ ပတိရူပေ နိဝေသယေ။**

**အထည မနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော (ဓမ္မပဒ၊ ၃၇)။**

ပါဠိတော်နှင့်အညီ သူတစ်ပါးကို မဆုံးမမီ နေရာတကျ သုတ်သင်ဆုံးမ ရဦးမည်ဟု ဟောတော်မူသည့်အတိုင်း မိမိ၌ ကုလဒူသနသိက္ခာပုဒ်တော်ဆရာများနှင့် စပ်၍ မလွတ်မကင်းသဖြင့် ပဗ္ဗာဇနိယ ကံထိုက်သည်ကိုမြင်လျှင် အများတိုက်သား တို့ ယခင်ရှေးဦးတင်၍ စင်ကြယ်အောင် သုတ်သင်ကုသခြင်း၊ အကပ္ပိယကုလ ဒူသန အနေသနပစ္စည်း ရွှေငွေအနာမာသ နိဿဂ္ဂိယပစ္စည်းရှိခဲ့လျှင် အများတိုက်သား တို့အရင် ရှေးဦးတင်၍ အကုန်အစင် စွန့်ပစ်နိုင်ခြင်း၊ တိုက်တာသံဃာတို့အား ဝိနည်းတရားလာတိုင်း သုတ်သင်ရန်ရှိသမျှကို သုတ်သင်နိုင်ကြအောင် တရားနှင့် အညီ ဟောပြောပြသဆုံးမနိုင်ခြင်း တိုက်သံဃာတို့ ကြည်ညိုဖွယ်သော ကိုယ်နှုတ် အမူအရာနှင့် ပြည့်စုံအောင် အခါခပ်သိမ်း စောင့်စည်းခြင်း အထက်နိဿရည်း ဆရာကြီးအား ဖက်ပြိုင်ခြင်း ယုဂဂ္ဂါဟ မက္ခပဠာသမပြု၊ အခါခပ်သိမ်း နှိမ်ချရိုသေ ခြင်းဟု ဆိုအပ်သော နိဿရည်းဆရာမှ ပြုကျင့်ရာသော အဓိမတ္တဂါရဝတရားနှင့် ပြည့်စုံခြင်း၊ တိုက်သားသံဃာတို့၌ ဆုံးမရန်အမှု အကြီးအကျယ်ရှိသရွေ့ကို အထက် နိဿရည်းဆရာကြီးတို့ထံ တိုင်ပင်လျှောက်ထားပြီးမှ သဘောတူနေရာကျ အောင် ဆုံးမစောင့်ရှောက်နိုင်ခြင်း၊ ဒွေမာတိကာနှစ်စောင်၊ ကုလ ဒူသနရှစ်ပါး၊ အနေသန (၂၁) ပါး အခြင်းအရာများကို နှုတ်တက်အာဂုံလေ့လာ ခြင်း၊ ပါဠိ၊ အဋ္ဌကထာတို့ကို နိုင်နင်းအောင် ပို့ချနိုင်ခြင်း၊ အကြောင်းမဲ့ မြို့တွင်း ရွာတွင်း

ထိုးဆောင်းဖိနပ်စီးခြင်း၊ ဒါယကာတို့နှင့် တရားမသင့် ရောနှောဆက်ဆံ ခြင်း စသော အလဇ္ဇီဓမ္မတို့ကို မိမိလည်းမဖြစ်စေရ တိုက်သားသံဃာတို့ကိုလည်း မဖြစ်စေရအောင် အခါခပ်သိမ်း စောင့်ရှောက်ဆုံးမနိုင်ခြင်း၊ ဆုံးမ၍မရ ဒုဗ္ဗစ ကျင့်သော တိုက်သားတို့ကို နိဿရည်းဆရာထံ ပန်ကြားလျှောက်ထားခြင်း ပြင်း ထန်စွာ ဒေါသစိတ်ဖြင့် အော်အင်ငေါက်ငမ်း ကြမ်းတမ်းရိုက်နှက်မှု မရှိ ပကတိ တရားစကားတို့ဖြင့် တိုက်သံဃာအားလုံးကိုလည်း ကျေအောင် ဆုံးမ စောင့်ရှောက် နိုင်ခြင်း၊ အထက်နိဿရည်း ဆရာကြီး၌ သိက္ခာပုဒ်တော်နှင့် မလျော်သောအမှုကို သိမြင်လျှင် အကြောင်းအားလျော်စွာ အရိုအသေနေရာကျအောင် ကောင်းမွန်စွာ လျှောက်ထားပြောဆိုဝံ့ခြင်း၊ မိမိအား သိက္ခာပုဒ်နှင့်မကင်းသဖြင့် လျှောက်ထား စောဒနာလာသည့်အခါ စိတ်ဆိုးသော အမူအရာကို မပြဘဲ အကြောင်းအားလျော်စွာ လျှောက်ထားပြောဆို၍ အများသံသယကင်းလောက်အောင် သုတ်သင်စောင့်စည်း နိုင်ခြင်း၊ တိုက်သံဃာအားလုံးကို ပါတိမောက်ပြသဖြင့် သံဃဥပုသ်အညီအညွတ် စုဝေး၍ ပြုစေခြင်း ဤသို့သော လက္ခဏာအင်္ဂါနှင့် ပြည့်စုံသောပုဂ္ဂိုလ်ကို တိုက်အုပ် အရာ ခန့်ထားရန် သံဃာသဘောတူရာကြရမည်။ (တစ်ရပ်။)

တိုက်ကြပ်ပုဂ္ဂိုလ်တို့ ပြုကျင့်ရမည်ကား — အထက်နိဿရည်းဆရာ တိုက်အုပ်ဆရာကြီးတို့ ဝိနည်းနှင့်အညီ ဆိုဆုံးမရာ မသွေမလှန် လိုက်နာခံနိုင်ခြင်း၊ ၎င်းအထက်ဆရာကြီးတို့ သတိချွတ်ချော် မတော်ပြုကျင့်မိသည်ကို ပြုပြင်သည့်အခါ တရားနှင့်လျော်ညီစွာ လျှောက်ထားခြင်း၊ အကြောင်းမဲ့ နေလွဲကွမ်းစားဆေးဝါး ဆေးသောက် ကုလဒူသန အနေသန စသော အလဇ္ဇီဓမ္မတို့ကို မိမိလည်း မဖြစ်စေ ရ၊ တိုက်သား သံဃာတို့ကိုလည်း မဖြစ်စေရအောင် ကောင်းမွန်စွာ စောင့်ရှောက် ဆောက်တည်ကြပ်မတ်ကြည့်ရှုနိုင်ခြင်း၊ နှုတ်မကြမ်းတမ်းရခြင်း၊ ကျောင်းသား သူငယ်ကိုမျှ ရိုက်နှက်ပုတ်ခတ်မပြု အမှုနှင့်လျော်စွာ သင့်ရာဒဏ်ကိုသာ ပေး၍ ယဉ်ကျေးအောင် ဆုံးမနိုင်ခြင်း၊ တိုက်သားသံဃာတို့၌ ဆိုဆုံးမရန်အမှု အကြီး အကျယ် ရှိသမျှကို အထက်ဆရာကြီးတို့ထံ ပန်လျှောက်ထားသဖြင့် သဘောတူ ဆုံးမစီရင်ရခြင်း၊ တိုက်သားသံဃာတို့ ကြည်ညိုဖွယ်သော ကိုယ်အမူအရာ၊ နှုတ် အမူအကျင့်နှင့် ပြည့်စုံခြင်း၊ မိမိ၌ သုတ်သင်ဆေးလျှော်ရန် ရှိသမျှကို တိုက်သားတို့ အရင် ရှေးဦးတင်၍ သုတ်သင်ဆေးလျှော်နိုင်ခြင်း ဤသို့သောအင်္ဂါတို့နှင့် ပြည့်စုံသူ တို့ကို တိုက်ကြပ်အရာ ခန့်ထားရန် သံဃာသဘောတူ ရာကြရမည်။ (တစ်ရပ်။)

ကျောင်းနေပုဂ္ဂိုလ်တို့ ကျင့်ဆောင်ရာမှာကား အထက်နိဿရည်းဆရာ တို့က တိုက်အုပ်၊ တိုက်ကြပ်ဆရာတို့ ဆင့်ဆိုဆုံးမရာ မသွေမလှန် လိုက်နာခံနိုင်

ခြင်း၊ နိဿယမုစ္စကအင်္ဂါနှင့် မပြည့်စုံမီ မိမိနှင့်တကွ မိမိထံ ရောက်လာသော တပည့်ပရိသတ်တို့ကို အထက်နိဿရည်းဆရာကြီးထံ နိဿရည်းဥပဇ္ဈာယ်ယူ၍ နေစေခြင်း၊ မိမိကျောင်း၌ သီတင်းသုံးနေအံ့သောငှာ ရောက်လာသော ပရိသတ်တို့ကို အထက်ဆရာတို့ထံ ခွင့်ပန်လျှောက်ထား၍နေစေခြင်း၊ ကျောင်းသား လူငယ်တို့ကို ရှင်ပြုစေလိုလျှင် အထက်ဆရာကြီးတို့ထံ ပန်လျှောက်၍ ရှင်ပြုစေခြင်း၊ ၎င်းရှင်သာမဏေတို့ကို နိဂ္ဂဟိတဏ္ဍမကာရန္တသိထိလ ဓနိတတို့နှင့်တကွ ဌာန်ကရိုဏ်းပီသအောင် သရဏဂုံ ပေးစွမ်းနိုင်ခြင်း၊ ဆွမ်းခံခြင်းမှ တစ်ပါးသောကိစ္စဖြင့် မြို့တွင်းရွာတွင်းသို့ ဝင်လိုလျှင် အထက်တိုက်အုပ်ဆရာတို့ထံ ပန်ပြီးမှဝင်ခြင်း၊ အကြောင်းမဲ့နေလွဲကွမ်းစားဆေးဝါးဆေးသောက်အမှု ကုလဒူသနအမှု စသော အလဇ္ဇီအမှုတို့ကို မိမိနှင့်တကွ မိမိကျောင်းနေ ပရိသတ်အားလုံးကို လုံခြုံအောင် စောင့်ရှောက်ဆုံးမနိုင်ခြင်း၊ ကျောင်းသားလူငယ်တို့ကို ပြေးလွှားကစားမြူးထူး ဖယ်တောက် ကျည်းသားတောက် ထွေပစ် ရေကူး ရေကစား ဒုတ်ပေါက် စသည် မရှိ စေရ၊ ဣန္ဒြေရအောင် ဆုံးမစောင့်ရှောက်နိုင်ခြင်း၊ လူငယ်၊ သာမဏေငယ်တို့ကို ရိုက်နှက်ပုတ်ခတ်မှု မရှိ သဲဒဏ်ရေဒဏ် စသည်များနှင့်သာ တရားနှင့်အညီ နိုင်နင်းအောင် ဆုံးမစောင့်ရှောက်နိုင်ခြင်း၊ မိမိကျောင်းနေပရိသတ်အားလုံးကို ညနံနက်အမီ ဘုရားဝတ်တက်ဝတ်ကပ်မှုကို အမှန်ပြုစေခြင်း၊ အခါအခါတို့၌ တရားစကားတို့ဖြင့် ပရိသတ်တို့အား ဟောပြောပြသဆုံးမလေ့ရှိခြင်း၊ မိမိလည်း အထက်နိဿရည်းဆရာ တိုက်အုပ်တို့ထံ ရံခါရံခါသွား၍ တရားဆုံးမခံလေ့ရှိခြင်း၊ ကုလဒူသနရှစ်ပါး၊ အနေသနနှစ်ဆယ့်တစ်ပါးခြင်းရာများကို နားလည်အောင် သေချာမှတ်သား၍ ၎င်းကုလဒူသနအမှု၊ အနေသနအမှုတို့မှ လွတ်အောင်ရှောင်ကြဉ်စောင့်စည်းနိုင်ခြင်း၊ မိမိကျောင်းနေ တပည့်ပရိသတ်တို့အား ပရိယတ် ပဋိပတ်မလွတ်လပ်ရအောင် သင်ကြားပို့ချနှိုးဆော်တိုက်တွန်းလေ့ရှိခြင်း၊ မိမိကျောင်း၏ အနီးအပါး ကျောင်းတလင်းတို့ကို စင်ကြယ်အောင်သုတ်သင်သဖြင့် သေနာသနဝတ်၊ စေတိယင်္ဂဏ ဗောဓိယင်္ဂဏဝတ်တို့ကို မပြတ်ပြုစုစေခြင်း၊ အကြောင်းမဲ့နေလွဲကွမ်းစား ဆေးသောက် ဆေးဝါး အလဇ္ဇီအမှုတို့မှ မရှောင်နိုင်သော တပည့်ရဟန်းသာမဏေတို့ကို လက်ခံသိမ်းထားမှု မရှိခြင်း ဤသို့သောအင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကိုသာ မိုးကောင်းတိုက်၌ ကျောင်းနေပုဂ္ဂိုလ်ပြုလုပ်ကြရမည်။ (တစ်ရပ်။)

တိုက်သားပုဂ္ဂိုလ်တို့ ကျင့်ဆောင်ရမည်မှာကား – ၎င်းမိုးကောင်းတိုက်၌ နေလိုသောပုဂ္ဂိုလ်သည် အထက်နိဿရည်းဆရာ၊ တိုက်အုပ်၊ တိုက်ကြပ်ဆရာတို့ထံ လျှောက်ထားပြီး၍ ၎င်းဆရာကြီးတို့ ညွှန်ချရာကျောင်း၌ နေရခြင်း၊ မိမိသီတင်းသုံး

နေရာကျောင်းတွင် ကျောင်းနေပုဂ္ဂိုလ်ကြီးတို့ ဆုံးမရာ မသွေမလှန်လိုက်နာခံနိုင်ခြင်း၊ ဆွမ်းခံခြင်းမှတစ်ပါး မြို့တွင်းအရပ်တွင်းသို့ ဝင်လိုလျှင် နိဿရည်းဆရာ၊ တိုက်အုပ်ဆရာ၊ ကျောင်းနေဆရာတို့ထံမှ အခွင့်ရမှ ဝင်ရခြင်း၊ မြို့တွင်းအရပ်တွင်းတို့၌ အနာဟူသော အကြောင်းမရှိ၊ ပရိယာယ်ရှာကြံ၍ ဖိနပ်စီးထီးဆောင်း စသော အလဇ္ဇီဓမ္မတို့မှ လွတ်အောင် ရှောင်ကြဉ်နိုင်ခြင်း၊ အကြောင်းမဲ့ နေလွဲကွမ်းစား ဆေးဝါးဆေးသောက် ကစားမြူးထူးခြင်း၊ ပရိယတ် ပဋိပတ်တရားတို့ကို ကြိုးစားအားထုတ်သဖြင့် သင်ကြားနိုင်ခြင်း၊ အထက်နိဿရည်းဆရာ၊ တိုက်အုပ်တိုက်ကြပ်ဆရာ၊ ကျောင်းနေဆရာကြီးတို့ တရားနှင့်အညီ ဆင့်ဆိုဆုံးမရာ မလိုက်နာနိုင်သော ပုဂ္ဂိုလ်တို့သည် တိုက်မှအပ ထွက်သွားရခြင်း စသည်တည်း။ ဤကား တိုက်သားပုဂ္ဂိုလ်တို့နှင့်ဆောင်ရန် ရွှေကျင်ဆရာဆင့်ဆိုလျှောက်ထားအပ်သည် မိုးကောင်းတိုက်သံဃာကြီးငယ်တစ်စုတို့။

မိုးကောင်းတိုက်၌ ယခုဆင့်ဆိုခဲ့သည့်အတိုင်း အလုံးစုံနေရာကျအောင် သုတ်သင်ရှင်းလင်း နေရာချထားရမည်ဖြစ်၍ ၎င်းအတိုင်း စိစစ်မေးမြန်း ထောက်လှမ်း ဆင်ခြင်သဖြင့် နေရာမချထားမီအတွင်း မင်းကွန်းဦးဂုဏ၊ ဦးယောက်၊ ဦးဂန္ဓမာ၊ ဦးတေဇဝန္တ ၎င်းပုဂ္ဂိုလ်လေးပါးတို့က ၎င်းမိုးကောင်းတိုက် အတွင်း အကြောင်းမဲ့ နေလွဲစာကွမ်းစားဆေးဝါး ဆေးသောက် မြို့တွင်းရွာတွင်း ထီးဆောင်း ဖိနပ်စီး စသော မြူးထူးရေကူးကစားရွှေငွေအနာမာသနိဿဂ္ဂိယ ဝတ္ထုပစ္စည်း ခံယူခြင်း၊ ဆွမ်းစဉ် ဆွမ်းစား ပရိတ်ရွတ် အသုဘရှု စသော သုမင်္ဂလ ဒုမင်္ဂလ အမှုတို့၌ ဒါယကာတို့နှင့်ရောယှက် ပူးပေါင်းလျက် ပညတ်ပရိယာယ် နိမိတ်ဩဘာ မိစ္ဆာဇီဝအကြောင်း မကောင်းသောအမှုအရာ သာမဏေလူငယ်တို့ လှော်လေလှော်လောင်း ထိုပြင် ကစားမြူးထူး ရေကူးခြင်း စသော ဆိုးကြမ်းသော အလဇ္ဇီဓမ္မတို့ကို မိမိတို့နှင့်တကွ တိုက်သံဃာအားလုံးကို နိုင်နင်းအောင် စီရင်ဆုံးမစောင့်ရှောက်နိုင်ကြရမည်။

ဆုံးမ၍မရ ဒုဗ္ဗစပုဂ္ဂိုလ်တို့ကို ဆရာ့ထံ အကြောင်းကြားတော်မူကြရမည်။ တိုက်သံဃာတို့ကိုလည်း နိုင်နင်းအောင် မဆို မဆုံးမ၊ ဆရာ့ထံသို့လည်း အကြောင်းမကြား အမှတ်မဲ့နေခဲ့ကြလျှင် ၎င်းအကြီးအအုပ်ပုဂ္ဂိုလ် (၄) ပါး တို့ကို အပြစ်ထိုက်ရာ စီရင်ရလိမ့်မည်။

*ပြီးပြီ။*

✿

# အလုံမြို့ ဥပဒေ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အလုံမြို့ ဂိုဏ်းအုပ် ဂိုဏ်းထောက် သံဃာတော်တို့ကို ရွှေကျင်ဆရာတော်က ဆုံးမဩဝါဒပေးချက်ပါဘုရား။

၁။ လဇ္ဇီဗဟုသုတ ဆယ်ဝါရ၊ ပါဠိအဋ္ဌကထာ နိုင်နင်းစွာ ချပို့နိုင်။ နိဿရည်းပေး၍ တပည့်ပရိသတ် မွေးစေ။

၂။ အလဇ္ဇီ ဗဟုသုတ ပါဠိအဋ္ဌကထာ ချပို့နိုင် ဒုဗ္ဗစ၊ ဥက္ခေပနိယကံပြု။ အယူကို မစွန့်သော် ဂိုဏ်းမှအပ ဖြစ်စေ။

၃။ လဇ္ဇီအပ္ပသုတ ငါးဝါထက်အလွန် ဒွေမာတိကာရ အနက်ထင်။ နိဿယမုစ္စ ကနေစေ။

၄။ လဇ္ဇီ ဆယ်ဝါရ ပါဠိအဋ္ဌကထာနိုင်နင်းအောင် မချပို့နိုင်၊ ဒွေမာတိကာအနက်ထင်၊ ဥဘတောဝိဘင်း ခုဒ္ဒသိက္ခာအနက်ထင်အောင် သင်ဖူးသူ။ ရဟန်းသာမဏေမွေးစေ။

၅။ လဇ္ဇီ အပ္ပဿုတ ပါဠိအဋ္ဌကထာ မချပို့နိုင်၊ ဒွေမာတိကာမရ။ ဆရာတစ်ပါးထံ မှီ၍နေစေ။

၆။ ကုလဒုသန အနေသန လွတ်ကြောင်းကို အမှန်မဆိုဝံ့ သုဗ္ဗစ။ ရပ်ရွာမှ ၇–ရက်ဖဲ၍ မိုးကောင်းတိုက်နည်း စာတမ်းနှင့် ကံပြုစေ။

၇။ ကုလဒူသနမှကားလွတ် အနေသနလွတ်ကြောင်းကို ဘုရားရှင်ထံ ဇာကန်မဆိုဝံ့ ရပ်ရွာမှမဖဲ။ သံသယမကင်းသူတို့ ပစ္စည်းလာဘ်ကိုသာဖြစ်စေ။

၈။ ကုလဒူသနမလွတ် ဒုဗ္ဗစရဟန်း ရပ်ရွာမှ ၇–ရက်ဖဲစေ၍ ကမ္မဝါစာဖြင့် ကံပြုစေ။

၉။ ကုလဒူသနအနေသန မလွတ် ဒုဗ္ဗစ ကံမပြုလို။ တရားနာရွှေကျင်တိုက်သို့ လာစေ။

၁၀။ ဘဏ္ဍနကာရက ဝိဝါဒကာရက ကလဟကာရက ဘဿကာရက အလဇ္ဇီ၊ ကမ္မဝါစာဖြင့် တဇ္ဇနီယကံပြု အဒဏ္ဍ အလုံနယ်မှ ပ စေ။

၁၁။ ဒွေမာတိကာ ခုဒ္ဒသိက္ခာတို့ကို မရသော်လည်း ပါဠိအဋ္ဌကထာဋီကာ နိုင်နင်းအောင် ချပို့နိုင်သူတို့မှာ ၁၂၃၀ ပြည့် မြို့တော်မှ ပြန်ပြီးသည့်နောက် ရပ်ရွာသို့ ရောက်၍ သက္ကရာဇ်မကူးမီ နိဿရည်းပေး၍ နေစေ။

၁၂။ အလဇ္ဇီ အသက်ခုနစ်ဆယ်ယွယ် ဇရာဒုဗ္ဗလ၊ ဗျာဓိဒုဗ္ဗလ၊ အနာထ၊ ဒုဗ္ဗစရဟန်း၊ သာမဏေ။ မွေ့လျော်ရာ နေစေ။

၁၃။ လဇ္ဇီ ဇရာ ဒုဗ္ဗလ အပ္ပဿုတ ဒွေမာတိကာမရ အနက်မျှလည်း မထင်မသာ ဆရာအမှီရှာ၍ နေစေ။

၁၄။ သာမဏေကျောင်းထိုင် မရှိစေရ။

၁၅။ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတို့ မစီရင်မီ အမှုသည်တို့ကို မြို့တော်သို့ မလာမရောက်စေရ။

၁၆။ လဇ္ဇီဟူ၍ မထင်ရှားသောပုဂ္ဂိုလ်က ရဟန်းတစ်ပါးအား ပါရာဇိက အန္တိမ အမှုနှင့် စောဒနာလိုလျှင် ဒုဋ္ဌဒေါသဖြင့် ပရပဝါဒကင်းအောင် ကင်းစေခြင်း ငှာ အန္တိမအမှုနှင့် ယုံမှားမကင်းရှိပါကြောင်းကို ဘုရားရှင်ထံ ကြောက်မက် ဖွယ်သော သစ္စာဓိဋ္ဌာန်ခြင်းကို ပြုဝံ့သူတို့ကိုမှ စောဒနာစေ၊ လက်ခံစီရင် စေ။

၁၇။ ကျောင်းအာရာမ်ဥယျာဉ် စသော ပစ္စည်းဥစ္စာနှင့်စပ်၍ တရားဖြစ်ပွားသော် ပါရာဇိက အဒိန္နာဒါန် သိက္ခာပုဒ်၏ အလွန်သိမ်မွေ့သောကြောင့် ဝိနယဓရပုဂ္ဂိုလ်၌ ပရပဝါဒကုက္ကုစ္စ မကင်းရာသည်ဖြစ်၍ အရှုံးအနိုင် အစိုးတရ မစီရင်ဘဲ နှစ်ပြင်အမှုသွားတို့ကို တရားဟောပြသ၍ အမှုသည် နှစ်ဖက် ကျေချမ်းအောင် စီရင်၊ မကျေချမ်းလျှင် တစ်ပါးသော ဝိနယဓရထံ စီရင်ခံစေ။ နှစ်ဝိနည်းမိုရ်၊ သုံးဝိနည်းမိုရ်ဆရာတို့ နှစ်ဦးနှစ်ဝ ကျေချမ်း အောင် တရားပြသဆုံးမ၍ မရနိုင်။ အာမိသဂရုပြု၍ ကျောင်းအာရာမ် ဥယျာဉ်စသော အမှုများနှင့် ကလဟ–ဝိဝါဒ ငြင်းခုံဖြစ်ပွား ဒုဗ္ဗစ နေထိုင် သည်များကို အလုံးစုံသော သံဃာ့အာရာမ်မှပစေ။

၁၈။ ဂိုဏ်းထောက်ဆရာတို့က ဂိုဏ်းအုပ်ဆရာကို ဒေါသမာနအလျောက် အပြစ် ကောက်၍ မထီမဲ့မြင် ဖက်ပြိုင်အံတု ကြမ်းတမ်းသော အမူအရာကို ပြုသော်လည်းကောင်း၊ ဂိုဏ်းထောက်ချင်းချင်း ကွဲပြားခြင်းအကြောင်း ခိုက်ရန်ဖြစ်ပွားအားကြီးစွာ ဖြစ်ခဲ့သော်လည်းကောင်း တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် မျှဖြစ်အံ့၊ အပြစ်အားလျော်စွာ ဒဏ်များထမ်း၍ ကန်တော့စေ၊ နှစ်ကြိမ် သုံးကြိမ်ထက်အလွန် ဖက်ပြိုင်အံတု မချေမင် မထီမဲ့မြင်ပြုက ဂိုဏ်း ထောက်အရာမှ ကျစေ။ ဂိုဏ်းအုပ်ဆရာတို့ကို ဂိုဏ်းထောက်ဆရာ တို့က အကြောင်းအားလျော်စွာ သာယာဖြည်းညှင်းလျှောက်ထား၍မရ။ (၃) ကြိမ်ထက်အလွန် ဒုဗ္ဗစကျင့်သော် အာယတိံသံဝရ မပြုက ဂိုဏ်းအုပ် အရာမှ ကျစေ။

၁၉။ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းသားမရွေး ကျောင်းသားရှင်ငယ် လူငယ် ဒါယကာတို့ကို တံဖျာကြိမ်လုံးတို့ဖြင့် ရိုက်နှက်ဆုံးမသော် အပြစ်

အားလျော်စွာ ဒဏ်များစွာထမ်း၍ အာယတိံသံဝရဖြင့် သံဃာ့အလယ် ဒေသနာ ကြားစေ၊ နှစ်ကြိမ် သုံးကြိမ်ထက်မက အကြိမ်များစွာ ပြုကျင့် ကျူးလွန်သော် အာပတ္တိဗဟုလဖြစ်၍ အာမခံဆရာတစ်ပါးထံ မှီဝဲနေထိုင်စေ။

၂၀။ အလုံခြောက်ဂိုဏ်း အသီးအသီး ပဌမဂိုဏ်းထောက်ကြီး ပုဂ္ဂိုလ်က ဂိုဏ်းအုပ်ဂိုဏ်းထောက် ဂိုဏ်းသား အလုံးစုံကို ဥပဒေဘောင်နှင့်အညီ ကြောင့်ကြတစ်ခု ကိုယ့်ဝန်ကဲ့သို့ အထူးပြု၍ ကြည့်ရှုသုတ်သင်အားထုတ်စေ။

၂၁။ ကျောင်းသီးကျောင်းခြား နေထိုင်လိုသူတို့ ဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတို့ထံ လျှောက်ထား၍ ခွင့်ရမှ နေထိုင်စေ၊ မလျှောက်မထား ကျောင်းဒကာတို့ ပင့်လာကာမတ္တဖြင့် နေထိုင်သောပုဂ္ဂိုလ်အား လျော်စွာ ဂိုဏ်းထောက် ဂိုဏ်းအုပ်ပုဂ္ဂိုလ်တို့က ဒဏ်သင့်လျော်အောင် ပေးစေ။

၂၂။ ရှင်သာမဏေပြုလိုလျှင် လိင်ဒဏ်ပစ္စဝေက္ခဏာပါဠိအနက်တို့ကို လေ့လာသင်ကြားစေ၍ သရဏဂုံကို ဌာန်ကရိုဏ်း နိဂ္ဂဟိတန္တမကာရန္တ သိထိလ ဓနိတ ပီပြင်အောင် ဥဘတောသုဒ္ဓိဖြစ်အောင် ရွတ်ဆိုနိုင်မှ ရှင်ပြုစေ။

၂၃။ သာမဏေလိင်ပြန်လျှင် တစ်နေ့ကုန် တစ်ညဉ့်ကုန်ကာလ အရှည် လူဝတ်လဲ မနေစေဘဲ ထိုခဏ၌ ဝတ်စေ၊ ပကတိသီလရှိသော သာမဏေကို တစ်ပြည်တစ်ရွာ့ခေါ်သွားလို၍ လိင်ပြန်မခိုင်းစေရ။

၂၄။ လဇ္ဇီဗဟုသုတပင်ဖြစ်သော်လည်း မိမိကိုသာ နေရာကျ၍ တပည့်ရဟန်း သာမဏေတို့ကို ဣန္ဒြေရအောင် ဥပဒေဘောင်နည်းကျအောင် မဆုံးမနိုင်သူတို့ကို ရဟန်းသာမဏေ ပရိသတ် မမွေးစေအပ်။

၂၅။ အကြောင်းမဲ့ ပရိယာယ်ရှာကြံ၍ နေလွဲ ဆေးဝါး ကွမ်းစား တွေ့မြင်သော် ဒဏ်အခေါက်သုံးဆယ် စသည်ထမ်းစေ။ ဆေးသောက်သည်ကို တွေ့မြင်သော်လည်းကောင်း၊ ရွာတွင်း ဖိနပ်စီး ထီးဆောင်း လှည်းစီး စသော အမှုကို တွေ့မြင်ကြားသိသော်လည်းကောင်း ဒဏ်အခေါက် ငါးဆယ် ခြောက်ဆယ် ထမ်းစေ၍ သံဃာ့အလယ်၌ ဒေသနာကြားစေ၊ နှစ်ကြိမ် သုံးကြိမ်ထက်အလွန် ဒဏ်ဖြင့်ဆုံးမ မရ၊ အကြိမ်ကြိမ် ဒုဗ္ဗစ ပြုသူတို့ကို ဆိုင်ရာပါတိမောက်အသင်းမှနှင်ထုတ်စေ၊အလုံးစုံ ပါတိမောက် အသင်းတို့ လက်ခံဆုံးမ မပြုဝံ့သူတို့ကို အလုံနယ်မှပစေ။

ပဋ္ဌာနသတ် ဥပဒေတော်

၁၂၃၀ ပြည့်နှစ် တန်ခူးလဆန်း (၂) ရက်နေ့ည ရွှေကျင်တိုက်တွင် တိုက်သစ်ဆရာတော်လေးပါးနှင့်တကွ ဝါးတောမဆရာတော်၊ ညောင်ကန်ဂိုဏ်းအုပ် ဆရာတော်၊ မောင်းထောင်ဆရာတော်၊ ညောင်ကန်ဂိုဏ်းထောက် ဆရာတော်၊ စိစ္စေးတောရဆရာတော်၊ ခုံညင်းဆိတ်ဆရာတော်မှစ၍ ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ အလယ် ရွှေကျင်ဆရာတော် စီရင်ထားသော ဥပဒေတော်ပါဘုရား။

ဘုရားတပည့်တော်တို့ ဘုရားရှင်မျက်မှောက်တော်ဝယ် သံဃာတော်တို့ အလယ် ပရိယာယ်မရှာမကြံ ဟုတ်တိုင်းမှန်သော ပဋိညာဉ် ဝန်ခံလျှောက်ထားခြင်း ကို ပြုပါသည် သံဃာတော် အရှင်မြတ်တို့ဘုရား။

ဘုရားတပည့်တော်တို့ ဦးစီးဦးကိုင်ပြု၍ သာသနာတော်ကို သုတ်သင် ချီးမြှင့်ရာ မြို့ရွာသံဃာတို့၌ အရပ်ရပ် ခန့်ထားအပ်သော ဂိုဏ်းအုပ် ဂိုဏ်းထောက် တို့ကို တံစိုးမျက်နှာ ဆန္ဒာဒေါသာဘယာလိုက်၍ ခန့်ထားခြင်း မဟုတ်သည် မှန်ပါ၏။ ဂိုဏ်းအုပ်ဂိုဏ်းထောက် ခန့်ထားသင့်သောပုဂ္ဂိုလ်ဖြစ်လျက် တစ်စုံတစ်ရာ ကောရူပနာဟဆန္ဒာဒေါသာဘယာလိုက်၍ မခန့်ထားဘဲနေသည်လည်း မရှိ၊ မှန် ပါ၏။ အရပ်ရပ်ဂိုဏ်းအုပ် ဂိုဏ်းထောက်ဂိုဏ်းသားဥပဒေဆင့်စာဟူသမျှတို့ကို လည်း မိမိကိုယ်တိုင် နှလုံးထားရင်း ကျင့်ဆောင်ရင်း မရှိဘဲလျက် သူတစ်ပါးကိုသာ ဆင့်ဆိုရခြင်း မရှိသည် မှန်ပါ၏။ နောင်လည်း ဆင့်ဆိုဆုံးမလတ္တံ့သော ဥပဒေ ခန့်ထားလတ္တံ့သော အကြီးအကဲပုဂ္ဂိုလ်ဟူသမျှကိုလည်း အဝေးအနီး သိတင်း သုံးဖော်တို့နှင့် ညှိနှိုင်းတိုင်ပင်၍ သာသနာတော်၌ ကျေးဇူးများလောက်သော အမှုကိုသာ ရှက်ဆောင်ပြုစုကြည့်ရှုခန့်ထားအားထုတ်ပါမည်။ ၎င်းဆိုင်ရာ မြို့ရွာ သံဃာတော်တို့မှ ဆိုက်ရောက်လာသော လာဘ်ကို တပည့်အရင်းအချာ ကျေးဇူး ချားစွာ စာပေသင်ကြားပို့ချဖူးသော တပည့်သားတို့မှတစ်ပါး အခြားသံဃာတို့ သာဘ်ကို ယုတ်သော အပိုင်းအခြားအားဖြင့် ငှက်ပျောသစ်သီးတစ်လုံးမျှ ခံယူခြင်း ကို မပြုပါ။ မိမိကိုယ်တွင် ဝတ်ရုံသုံးဆောင် စားသောက်အပ်သော မိမိပစ္စည်း ဝတ္ထုတို့တွင် အချို့ကျမ်းဂန်စာပေဟောင်းများမှာ အသေအချာ မသိသည်မှတစ်ပါး အလုံးစုံ မိမိပစ္စည်းဝတ္ထုသည် ကုလဒူသနအနေသနဝတ္ထုလွတ်ကင်းသည်ထင်သည်။ ကေန်မှန်ပါ၏။ ယခုသတိမရ နောင်သတိရ၍ အောက်မေ့မိလျှင် ဆောလျင်စွာ စွန့်ပစ်ပါမည်။ မိမိတိုက်တာသံဃာတို့နှင့်တကွ မိမိအုပ်ချုပ်စောင့်ရှောက်ရာ မြို့ရွာသံဃာတို့ကို အုပ်ချုပ်ထိန်းသိမ်းသရွေ့ ကာလပတ်လုံး ကျန်းမာပကတိ ရှိသည့်အခါ အလုံးစုံ သာသနာတော်ရေး နေရာကျအောင် ယခင်ဆင့်ဆိုရင်း ဥပဒေနည်းအတိုင်း နေရာမကျ ကျအောင် ကြံဆောင်လုံ့လ ဉဿာဟအထူးပြု၍ ကြည့်ရှုစောင့်ရှောက်ပါမည်။ သည်မှတစ်ပါး ဂိုဏ်းအုပ်ဂိုဏ်းထောက်တို့ ဝန်ခံ အပ်သော ပဋိညာဉ်ဥပဒေများတွင် ပါဝင်သော ဝိနယဓရအင်္ဂါ နာယကဂုဏ်အင်္ဂါ

များကိုလည်း မယုတ်မလျော့စေရအောင် အထူးသဖြင့် နှလုံးထားပါမည်။ ယခု လျှောက်ထား ဝန်ခံတိုင်း မတည်ဖောက်ပြန် ချွတ်ယွင်းမှုရှိလျှင် ဆရာတော် သံဃာတော်တို့ ပေးတော်မူသမျှဒဏ်ကို ထမ်းပါမည်ဘုရား။

သက္ကရာဇ် ၁၂၃၀ ပြည့်နှစ် တန်ခူးလဆန်း (၃) ရက်နေ့ည သံဃာ့အလယ် ဦးစီး အကြီးနာယကဖြစ်သူ ရွှေကျင်ဆရာတော်နှင့်တကွ သာသနသောဓက တိုက်သစ်ဆရာတော်လေးပါး ဝန်ခံချက်။

*ဤကား ဦးစီးနာယက ရွှေကျင်ဆရာတော်နှင့်တကွ သာသန သောဓက တိုက်သစ်ဆရာတော်လေးပါး ဝန်ခံချက် ပြီး၏။*

## ဂိုဏ်းအုပ်ဆရာတို့ဝန်ခံချက်

ဘုရားတပည့်တော် ဂိုဏ်းအုပ်ဆရာတော်တို့ သံဃာတော်ဆရာတော်များထံ ဟုတ်မှန်သည့်အတိုင်း ပဋိညာဉ် ဝန်ခံချက်ကို ပြုပါသည်ဘုရား။

တပည့်တော်တို့ အုပ်ချုပ်စောင့်ရှောက်ရာ ဂိုဏ်းအတွင်း ပါဝင်သမျှ ကျောင်းနေ ရဟန်းသံဃာအပေါင်းတို့ကို အမိန့်တော်ပြန်တမ်းဆရာတော်တို့ ဥပဒေအတိုင်း နေရာကျအောင် ကြောင့်ကြတစ်ခု အာရုံပြု၍ ကြည့်ရှုဆုံးမ စောင့် ရှောက်ကြပါမည်။ ကိုယ့်ရှင်ကိုယ်ကိုလည်း ဆရာတော်ပေးသည့် ဂိုဏ်းအုပ် ဂိုဏ်းထောက်ဥပဒေတွင် ပါဝင်သော ငေါင်ငင်အော်အင် ငေါက်ငမ်း အကြမ်းအတမ်း မပြုခြင်း၊ ဝင့်ဝါပလွှား ဝါကြွားခြင်းကို မပြုရခြင်း၊ သီတင်းကြီးတို့အား မထီမဲ့မြင် မပြုရခြင်း၊ တံစိုးလက်ဆောင်မှစ၍ ဂိုဏ်းသားသံဃာတို့ ပေးလှူကြသော လာဘ်ကို အလှူမခံရခြင်း ဤသို့ စသော ကျင့်ဝတ်ဥပဒေနည်းအတိုင်း နေရာကျအောင် ကျင့်ဆောင်ပါမည်။ ကျောင်းနေတပည့်သံဃာဂိုဏ်းဝင် သံဃာတို့အား ဆုံးမဩဝါဒ ပေးပုံ၊ ၎င်းသံဃာတို့ ကျင့်ကြံနေထိုင်ကြပုံ၊ ပရိယတ်၊ ပဋိပတ် သင်ကြားအားထုတ် ကြပုံ အလုံးစုံအခြင်းအရာများကို နှစ်လတစ်ခါ သုံးလတစ်ခါ ဆရာတော်များထံ လျှောက်လွှာပေးအပ်ပါတော့မည်ဘုရား။

*၎င်းနေ့ အလုံဂိုဏ်းအုပ်ဆရာတော်တို့ ဝန်ခံချက် ပြီး၏။*

## ဂိုဏ်းထောက်ဆရာတို့ဝန်ခံချက်

ဘုရားတပည့်တော် ဂိုဏ်းထောက်ဆရာတို့ သံဃာတော် ဆရာတော်များထံ ဟုတ်တိုင်းမှန်စွာ ပဋိညာဉ်ဝန်ခံချက်ကို ပြုပါသည်ဘုရား။ ဘုရားတပည့်တော်တို့ ဂိုဏ်းအုပ်ဆရာတော်တို့နှင့်တကွ ဂိုဏ်းသံဃာအများကို ဂိုဏ်းအုပ်ဥပဒေဝန်ခံ

ဂိုဏ်းသားဥပဒေဝန်ခံများအတိုင်း နေရာမကျ ဖောက်ပြန်ချွတ်ယွင်းခြင်း ရှိခဲ့ကြသော အနုဝိဇ္ဇကအင်္ဂါများနှင့် ပြည့်စုံအောင် သတိထား၍ လျှောက်ကြားပြောဆိုပါမည်။ နှစ်ကြိမ်သုံးကြိမ် ပြောဆိုလျှောက်ထား၍ မရခဲ့သော် ဂိုဏ်းအုပ်ဂိုဏ်းသားမဆို မျက်နှာကြီးငယ် မရှုယ်မထောက် ဆရာတော်များထံ လျှောက်ပါမည်ဘုရား။ တပည့်တော်တို့လည်း ယခင်ဂိုဏ်းထောက်ဂိုဏ်းအုပ်ဥပဒေနည်းအတိုင်း နေရာကျအောင် ကျင့်ဆောင်ပါမည်။ ၎င်းဝန်ခံချက်အတိုင်း မညီခဲ့သော် ပေးတော်မူသမျှ အပြစ်ဒဏ်ကို ခံပါမည်ဘုရား။

*၁၂၃၀ ပြည့်နှစ် တန်ခူးလဆန်း (၃) ရက်နေ့ည သံဃာတော် အလယ် ဆရာတော်တို့ထံ ဂိုဏ်းထောက်ဆရာတို့ ဝန်ခံချက် ပြီး၏။*

## ပထမပါတိမောက်ခေါင်းဆောင်တို့ဝန်ခံချက်

ဘုရားတပည့်တော်တို့ ပါတိမောက်ခေါင်းဆောင်တို့ အကြီးအကဲဖြစ်သူတို့ သံဃာတော်တို့အလယ် ဆရာတော်ဘုရား မျက်မှောက်တော်ဝယ် ပရိယာယ်မရှာ မကြံ စင်စစ်မှန်သော ပဋိညာဉ်ဝန်ခံခြင်းဖြင့် ဝန်ခံပါမည်ဘုရား။ တပည့်တော်တို့ အုပ်ထိန်း စင်ဖွဲ့ရာ ပါတိမောက်အသင်းစာရင်း ပါဝင်သူပုဂ္ဂိုလ်တို့၌ သိက္ခာပုဒ်တော်၌ မလျော် အမိန့်တော်ပြန်တမ်းဥပဒေဆင့်စာများတွင် ပါဝင်သော အလဇ္ဇီမမှုတို့ကို ပြုကျင့်လွန်ကျူးခြင်း မရှိရအောင် ကြောင့်ကြတစ်ခု အာရုံပြု၍ ကြည့်ရှုပြောဆို လျှောက်ထားဆုံးမပါမည်။

နှစ်ကြိမ် သုံးကြိမ် ဆုံးမ၍မရ၊ ဒုဗ္ဗစပြုသူတို့ကို ပါတိမောက်ပြရာ သမဂ္ဂသံဃာတော်အသင်းအပင်းမှ နှင်ထုတ်ခြင်းကိုပြု၍ အထက်အစိုးရဆရာတော်များထံ မထိန်မချန် ဟုတ်တိုင်းမှန်သည့်အတိုင်း လျှောက်ထားပါမည်။ ပက္ခတိုင်း ပက္ခတိုင်း ပြောပလောက်သော အန္တရာယ်အကြောင်း မရှိသည့်အခါ ပါတိမောက်ကို စောင်လုံးကုန် အကျယ်ဝိတ္ထာရပြသဖြင့် သုတ္တုဒ္ဒေသဥပုသ်အမှန် ပြုပါစေမည်။ ပါတိမောက်ပြုပြီးသော အဆုံး၌လည်း ဆရာတော်ဆင့်ဆိုရင်းအတိုင်း ပါတိမောက်ပြပြီးသည့်အဆုံး၌ အချင်းချင်း စစ်မေးရာသော သိက္ခာပုဒ်ကျင့်ဝတ် ပဋိပတ်တို့ကိုလည်း စစ်ဆေးမေးမြန်းဆုံးမ ပြောဆိုပါမည်။ ၎င်းဝန်ခံချက်အတိုင်းမညီ အမှတ်မဲ့ လျစ်လျူပြုကျင့် နေထိုင်သည်များကို ကြားသိတော်မူရလျှင် အထက်ဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတော်တို့ ပေးတော်မူသမျှ အပြစ်ဒဏ်ကို ခံပါမည်ဘုရား။

*၁၂၃၀ ပြည့်နှစ် တန်ခူးလဆန်း (၃) ရက်နေ့ ည သံဃာတော်အလယ် အလုံမြို့နယ် ပထမပါတိမောက်ခေါင်းဆောင်အကြီးပုဂ္ဂိုလ်တို့ အသီးအသီး ပဋိညာဉ်ဝန်ခံချက်ပါဘုရား။*

## ဒုတိယပါတိမောက်ခေါင်းဆောင်တို့ဝန်ခံချက်

ဘုရားတပည့်တော်တို့ ပါတိမောက် ဒုတိယခေါင်းဆောင်အကြီးဖြစ်သူ ပုဂ္ဂိုလ်တို့ သံဃာတော် ဆရာတော်တို့အလယ် ပရိယာယ် မရှာမကြံ ဆရာတော် မြတ်ထံ ဟုတ်မှန်သည့်အတိုင်း ပဋိညာဉ်ဝန်ခံခြင်းကို ပြုပါသည်ဘုရား။

ဘုရားတပည့်တော်တို့၌ သိက္ခာပုဒ်တော်တို့နှင့် မတော်မလျော်ပြုကျင့်သည် များကို တရားအလျောက် ပါတိမောက်ခေါင်းဆောင်အကြီးအအုပ် ပြုလုပ်သူ ဆုံးမရာ မသွေမလှန် လိုက်နာခံပါမည်။ ၎င်းပါတိမောက်ခေါင်းဆောင်အကြီး ပုဂ္ဂိုလ်နှင့်တကွ ပါတိမောက်အသင်း စာရင်းပါဝင်သူ ပုဂ္ဂိုလ်တို့ သိက္ခာပုဒ်တော်နှင့် မလျော် ဥပဒေတော်အတိုင်းမညီ အလဇ္ဇီကျင့်ကြံဖောက်ပြန်ချွတ်ယွင်းသည်များကို သိမြင်သော် တရားတော်နှင့်အညီ လျှောက်ထားပြောဆိုပါမည်။ နှစ်ကြိမ်သုံးကြိမ် လျှောက်ထား၍ မရလျှင် ကွယ်ရာ အတင်းအဖျင်း မနာလိုစကားပြောကြားမနေဘဲ အထက်ဆရာတော်များထံ အလျင်အမြန် နေ့ရက်မရှည်မကြာ လျှောက်ထားပါမည်။ ၎င်းဝန်ခံချက်အတိုင်း မညီသော် အထက်ဆရာတော်တို့ပေးရာ အပြစ်ဒဏ်ကို ခံပါမည်။

*၁၂၃၀ ပြည့်နှစ် တန်ခူးလဆန်း (၃) ရက်နေ့ ည သံဃာတော်အလယ် အလုံမြို့နယ် ပါတိမောက် ဒုတိယခေါင်းဆောင်ပုဂ္ဂိုလ်တို့ ဝန်ခံချက်ပြီး၏။*

## ပါတိမောက်ငယ်သားပုဂ္ဂိုလ်တို့ဝန်ခံချက်

ဘုရားတပည့်တော်တို့ ပါတိမောက်ငယ်သား ပုဂ္ဂိုလ်တို့ ဆရာတော် သံဃာတော်တို့အလယ် ပဋိညာဉ်ဝန်ခံခြင်းကို ပြုပါသည်ဘုရား။

ဘုရားတပည့်တော်တို့ဆရာ ပါတိမောက် ပထမခေါင်းဆောင်၊ ဒုတိယ ခေါင်းဆောင်အကြီးပုဂ္ဂိုလ်တို့ သိက္ခာပုဒ်တော်တို့နှင့်လျော်စွာ ဆုံးမပြောဆိုရာ မသွေမလှန် လိုက်နာခံပါမည်။ ၎င်းဆရာနှစ်ပါးတို့ ဝိနည်းတရားတော်တို့နှင့်အညီ ပေးပေးသမျှသောဩဝါဒ၊ ထားထားသမျှသော ဥပဒေအတိုင်း လိုက်နာပါမည်။ ဝိနည်းတရားတော်နှင့်လျော်စွာ ၎င်းဆရာနှစ်ပါးတို့ ပေးပေးသမျှဒဏ်ကို ထမ်းပါမည်။ ၎င်းဆရာနှစ်ပါးတို့ ဝိနည်းတော်နှင့် မလျော်မသင့်ပြုကျင့်သည်ကိုသိလျှင် ၎င်းဆရာများကိုသာ အကြောင်းအားလျော်စွာ လျှောက်ထားပါမည်။ ကွယ်ရာ အတင်းအဖျင်း ပြောဆိုခြင်းကိုလည်း မပြု၊ မဟုတ်မမှန် လေသံအမြွက်ရှာကြံ၍ ကဲ့ရဲ့ပြစ်တင်ခြင်းကိုလည်း မပြု၊ စင်စစ်တမူကား ၎င်းပါတိမောက်ခေါင်းဆောင်

ဆရာနှစ်ပါးသည်သာ ငါ့အား အမြဲစောင်မ ကြည့်ရှုဆုံးမခြင်းကို ပြုပေတတ်**သော** ကျေးဇူး အလွန်များသော ကိုးကွယ်ရာဆရာဖြစ်ပေသည်ဟု နှလုံးပြု၍ ၎င်းဆရာနှစ်ပါးတို့ ဆုံးမဩဝါဒပေးရာ ဝမ်းမြောက်ဝမ်းသာ မသွေမလှန် နာခံပါမည်ဘုရား။

*ပါတိမောက်ငယ်သားပုဂ္ဂိုလ်တို့ ဝန်ခံချက် ပြီး၏။*

## "ဂိုဏ်းဆင့်စာ"

"ဣမံ ဝိဟာရံ ကပ္ပိယကုဋိံကတွာ ပရိဘုဉ္ဇိတုံ အာယသ္မတောဒေမ" ဟု မဆိုဘဲ "ဣမံ ဝိဟာရံ ဒေမ" ဟု သာမညလှူဒါန်းသော ကျောင်းသည် အကပ္ပိယကုဋိ ဖြစ်၏။ ၎င်းအတွင်း၌ သိုမှီးအပ်သော ခဲဖွယ်ဘောဇဉ်တို့ကို လူသာမဏေတို့အား သာပေက္ခစိတ်ဖြင့်သော်လည်း ပေး၍တဖန် ပြန်လှူမှ သုံးဆောင်၊ ရဟန်းတို့ကိုယ်တိုင် စိုက်ပျိုးအပ် ရေလောင်းအပ်သော သစ်ပင်ဥယျာဉ်ကို လည်းကောင်း၊ အကပ္ပိယဝေါဟာရဖြင့် သစ်ပင်စိုက်လော့ ရေလောင်းလော့၊ ရေတွင်းတူးလော့၊ ရေကန်တူးလော့ဆို၍ စေခိုင်းအပ်သော သစ်ပင် ရေတွင်း ရေကန်တို့ကိုလည်းကောင်း၊ လူသာမဏေတို့အား ငဲ့ကွက်ခြင်းမရှိ စွန့်ပြီး၍ တဖန် ပြန်လှူပြန်သော် သုံးဆောင်လိုလျှင် သုံးဆောင်စေ။

ရဟန်းတို့ခံသော ရွှေငွေတို့ဖြင့်ဖြစ်သော ပစ္စည်းဝတ္ထုတို့ကို အနပေက္ခစွန့်၍ တဖန်ရပြန်သော်လည်း ပြန်ယူခြင်းကို မပြုအပ်၊ မဟာအကပ္ပိယသပိတ်ကြီးတို့ကဲ့သို့ ကျင့်စေ။

ကုလဒူသန အနေသနပစ္စည်းဟု ဧကန်သိသော ဝတ္ထုတို့ကို ပုဂ္ဂလိက ဖြစ်သော အနပေက္ခ စွန့်လိုကစွန့်စေ၊ သံဃိကဖြစ်လျှင် လဟုဘဏ်ဖြစ်အံ့၊ သံဃာသဘောတူ ပန်ကြား၍ အနပေက္ခစွန့်စေ၊ ဂရုဘဏ်ဖြစ်အံ့ ဤပစ္စည်းဝတ္ထုတို့သည် အဓမ္မိယပစ္စည်းဝတ္ထုဖြစ်သည်၊ ရဟန်းတို့ မသုံးဆောင်ထိုက်ဟု စာတန်းစာရင်း အသေအချာနှင့်ရေး၍ တစ်စုံတစ်ယောက်သော ရဟန်းသာမဏေတို့ မသုံးဆောင်မိအောင် သင့်ရာအရပ်၌ ထားစေ။

ရဟန်းတို့ခံသော ရွှေငွေဖြင့်ဖြစ်သော ကျောင်းတို့ကို ပုဂ္ဂလိက၊ သံဃိက မဆို တစ်စုံတစ်ယောက်သော ရဟန်းတို့ သုံးဆောင်ထိုက်သော ကျောင်းမဟုတ်ဟု အထင်အရှား ကမ္ပည်းရေးသား၍ ဆူးဆို့ပိတ်ထားစေ။

ကုက္ကုစ္စက သိက္ခာကာမပုဂ္ဂိုလ်ဖြစ်၍ သီလဝိသုဒ္ဓိကို အထူးရလိုလျှင် ကုလဒူသနအနေသန အဓမ္မိယပစ္စည်းတို့ကို အနပေက္ခစွန့်ပြီးသည့်နောက် လူတို့လက်သို့ ရောက်၍ တဖန်ပြန်ရသော် အပ်သောအရိပ်၊ မအပ်သောအရိပ် နှစ်ထွေ

နှစ်ပါး ကွဲပြား၍ ကျမ်းဂန်လာရှိသည်တွင် မအပ်ဟူသော ဂရုဝါဒသို့လိုက်၍ တဖန် ပြန်ယူ အလျှုခံခြင်းကို မပြုဘဲ လွတ်လွတ်စင်ကြယ်အောင် ရှောင်စေ။

(ကျမ်းဂန်နှင့်အညီ ပစ္စည်းစွန့်ပုံ ဥပဒေအကျဉ်းတည်း။ သဘောမကျ၍ အကျယ်ကို ရှုလိုက ဝိနယဂရုဒီပနီ ဆင့်စာကိုရှု။)

အလုံနယ်အတွင်း သီတင်းသုံးနေကြသော သံဃာကြီးငယ်တို့သည် အလုံနယ် သံဃာတော်တို့တွင် သုတ်သင်ရှင်းလင်းရန် သာသနာတော် အညစ်အကြေးရှိသည်များကို အလုံးစုံ နေရာတကျ သုတ်သင်ရှင်းလင်းရမည်ဖြစ်၍ သုတ်သင်ရှင်းလင်းစေခြင်းငှာ ရွှေကျင်ဆရာတော်က တစ်လုံးတစ်ဝတည်း ဆုံးမ ဩဝါဒ ပေးတော်မူပါ၊ သာသနာ့ဒါယကာ မဟာဓမ္မရာဇ် လျှောက်ထားလွှဲအပ်သည့် အတိုင်း အလုံနယ် သံဃာတော်တို့၌ သုတ်သင်ဆုံးမနေရာချထားရန် ရှိသည်များကို အလုံးစုံ နေရာတကျ သုတ်သင်ရှင်းလင်းရမည်ဖြစ်၍ အလုံနယ် ခြောက်စို့သံဃာတော်တို့၌ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဥပဒေပင့်ညာဉ် ပါတိမောက်ခေါင်းအကြီးပုဂ္ဂိုလ်တို့ ဥပဒေပင့်ညာဉ် ဂိုဏ်းသားပုဂ္ဂိုလ်တို့ ဥပဒေပင့်ညာဉ် ကျောင်းနေပုဂ္ဂိုလ်တို့ အင်္ဂါ ပဗ္ဗာဇနိယဝိနည်းကံဖြင့် သုတ်သင်ပုံ အခြင်းအရာများနှင့်တကွ အသေအချာ ဥပဒေစာ ပေးအပ်ဆင့်ဆို၍ အလုံခြောက်စို့သံဃာတို့၌ အသီးသီး ဂိုဏ်းအုပ်၊ ဂိုဏ်းထောက် ဆရာတော်တို့ ဆင့်ဆိုဆုံးမ နေရာချထားရာ မသွေမလှန် လိုက်နာခံ၍ ဂန္ထဓူရ ဝိပဿနာဓူရ၊ ပရိယတ် ပဋိပတ်အရာများကို တစ်နေ့တစ်ပါး တိုးပွားအောင် ကြံဆောင်လုံ့လအားထုတ်သုတ်သင်နေထိုင်ကြစေ။ ဂိုဏ်းဆင့်စာတည်း။

## "ဂိုဏ်းအကြီးအကဲခန့်"

အလုံမြို့မဂိုဏ်း၊ မောင်းထောင်ဂိုဏ်း ငင်းနှစ်ဂိုဏ်း၊ ညောင်ကန်ဂိုဏ်းရင်းနှင့်တကွ (၃) ဂိုဏ်းအတွင်း ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဂိုဏ်းသား ဥပဒေအတိုင်း နေရာမကျရှိခဲ့လျှင် ညောင်ကန်ဂိုဏ်းထောက်ဦးနရိန္ဒ၊ ဦးဇနိန္ဒ၊ ဦးဥက္ကံသတို့က အကြေအညာ အနည်းတပြောဆိုဆုံးမရမည်၊ ဆုံးမ၍ မနာခံလျှင် ရွှေကျင်ဆရာတော်ထံ အကြောင်းပြန်ကြားစေ။ ၎င်းပုဂ္ဂိုလ်တို့ သုံးဂိုဏ်းစောင့်။

အလုံအရှေ့ဘက်တိုက် သာစည်ဂိုဏ်း၊ ခင်မွန်ဂိုဏ်း၊ ဝါးတောမဂိုဏ်းနှင့်တကွ (၃) ဂိုဏ်းအတွင်း ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဂိုဏ်းသား ဥပဒေအတိုင်း နေရာမကျ ရှိခဲ့လျှင် အလုံအရှေ့ဘက်တိုက် ဂိုဏ်ထောက် ဦးဇာဂရ၊ ဦးဝိလာသ၊ ဦးဩဘာသတို့က အကြေအညာ အနည်းတပြောဆိုလျှောက်ထားဆုံးမရမည်။ ဆုံးမ၍ မနာခံလျှင် ရွှေကျင်ဆရာတော်ထံ အကြောင်းပြန်ကြားစေ။ ၎င်းတို့လည်း (၃) ဂိုဏ်းစောင့်။

ရွှေကျင်တိုက်သစ် ဆရာလေးပါးတို့မှာ ရွှေကျင်ဆရာနှင့် လ[illegible] သာသနသောဓကေအရာ မင်းဧကရာဇ် လွှဲအပ်ထားသည့်အတိုင်း ၎င်းအလုံ ခြောက်ဂိုဏ်းကို စောင့်ရှောက်ကြည့်ရှုဆုံးမ၊ ဂဏသောဓကဆရာတော် (၄) ပါး၊ ရွှေကျင်တိုက်အုပ် ဦးဝိစာရနှင့်တကွ အလုံခြောက်ဂိုဏ်းစောင့်ငါးပါး၊ ဝါးတောမဆရာတော်ပါ ခြောက်ပါး ဂိုဏ်းစောင့်ပုဂ္ဂိုလ် (၆) ပါး ပါဘုရား။

နိဿရည်းဥပဒေမှာ ၁၂၃၀ ပြည့်နှစ် သက္ကရာဇ်မကူးမီတစ်ရပ်၊ ဝါမဆိုမီတစ်ရပ်၊ သီတင်းဝါလကျွတ်၍ တန်ဆောင်မုန်းလမပြည့်မီအတွင်း တစ်ရပ်၊ ၎င်း (၃) ရပ် (၃) ဌာနတို့၌ နေရာကျစေ၊ မကျသူတို့မှာ ဥပဒေအတိုင်း စီရင်စေ၊ နေရာကျ၍ နိဿရည်းပေးနိုင်သူတို့ကို ယခင် (၃) ရပ် (၃) ဌာနပုဂ္ဂိုလ်ရွေးချယ်၍ ဝါမဆိုမီအတွင်း မည်သည့်လ၊ ရက်မဆို ဂိုဏ်းအုပ် ဂိုဏ်းထောက်ဆရာတို့က စာရင်းတင်ပေးစေ။

## "ဂိုဏ်းဆင့်စာတစ်မျိုး"

ရွှေကျင်ဆရာတော် ဆင့်ဆိုအပ်သည် အလုံနယ်အတွင်း သီတင်းသုံးနေကြသော သံဃာအပေါင်းတို့ –

ပဥ္စဟဂေဟိ သမန္နဂတော ဘိက္ခု ဥဿင်္ကိတ ပရိသင်္ကိတော ဟောတိ ပါပဘိက္ခုပိ အကုပ္ပဓမ္မောပိ၊ ကတမေဟိ ပဥ္စဟိ၊ ဝေသိယာ ဂေါစရော ဝါ ဟောတိ၊ ဝိဓဝါဂေါစရော ဝါ ဟောတိ၊ ထုလ္လကုမာရီဂေါစရော ဝါ ဟောတိ အစရှိသော ပါဠိတော် (ဝိ၊ ၅၊ ၂၃၀) နှင့် အညီ ပြည့်တန်ဆာမ၊ လင်သေလင်ကွာမိန်းမ၊ လင်မရသောမိန်းမပျိုင်း၊ ပဏ္ဍုက်ဖြစ်သူ၊ ဘိက္ခုနီမတို့နှင့် မိတ္တသန္ထဝ ဝေယျာဝစ္စကရပြု၍ နေတတ်သော ရဟန်းအား မြင်သူကြားသူတို့ ယုံမှားသံသယဖြစ်သင့်သည့် အဖြစ်ကို ဟောတော်မူသောကြောင့် လည်းကောင်း၊ ထိုလင်သေလင်ကွာ လင်မရသော မိန်းမပျိုင်းဖြစ်သော မာတုဂါမ မယ်သီလတို့နှင့် မိတ္တသန္ထဝပြု၍ နေသော ရဟန်းတို့ ပျက်စီးခြင်းများသည်ကို ကြားသိရသောကြောင့်လည်းကောင်း မိမိတို့အဖွားအိုဖြစ်သော မယ်သီလမာတုဂါမမှ တစ်ပါးသော မာတုဂါမ မယ်သီလတို့ကို ကျောင်းတိုက်အတွင်း မနေစေရ၊ မြို့တွင်းရွာတွင်း တောကြားတောင်ကြားနေသော ရဟန်းတို့လည်း ၎င်းတောကြား တောင်ကြားတို့၌ ဆည်းကပ်လာသော မာတုဂါမ မယ်သီလတို့နှင့် မိတ္တသန္ထဝ ဝေယျာဝစ္စကရပြု၍ ဖျင်ဆန်စသည်များကို အပ်ထားခြင်း၊ ယာဂုဆွမ်း စသည်များကို ကျိုချက်၍ လုပ်ကျွေးမွေးမြူခြင်းကို မပြုရ၊ တရားနာခြင်း၊ သီလဆောက်တည်ခြင်း စသော အကြောင်းမှ တစ်ပါးသော

အကြောင်းတို့ဖြင့် မရော မနှောစေရ၊ လွတ်ကင်းအောင် နေထိုင်ကြစေ၊ ဂိုဏ်းအုပ် ဂိုဏ်းထောက်ဆရာတို့က နိုင်နင်းအောင်ဆင့်။ ရွှေကျင်ဆရာတော့်စာတည်း။

## "အလုံဝန်မင်းစာ"

အလုံမြို့ဝန်၊ မြို့အုပ်၊ မြို့စာရေးတို့နှင့်ဆိုင်ရာ ဗိုလ်ရာဇဝတ်အုပ်၊ ရွာသူကြီး၊ ကျေးထိန်းရွာအုပ်တို့ -

အလုံမြို့ကျေးရွာများမှာ ရဟန်းတော် သံဃာတော် တို့အကျိုး၊ ဆင်းရဲသားကျွန်တော်မျိုး လူတို့အကျိုးနှစ်ပါးပြန့်ပွား၍ သာသနာတော် အထူးသဖြင့် စည်ပင်ထွန်းကားခြင်းကို ရည်သန်တော်မူသဖြင့် အလုံနယ်အတွင်း သာသနာတော် အညစ်အကြေး သုတ်သင်ရှင်းလင်းရန်ရှိသည်များကို ဝိနည်းတရားတော်အလျောက် သုတ်သင် ရှင်းလင်းတော်မူမည်ဖြစ်၍ ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော အရှင်ဇကရာဇ်မင်းမြတ် လျှောက်ထားလွှဲအပ်တော်မူသည့်အတိုင်း ရွှေကျင်ဆရာတော် ဦးစီးလက်ကိုင်ပြု၍ အလုံမြို့ ကျေးရွာသံဃာများ၌ အသီးအသီး ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်၊ ဂိုဏ်းသားဥပဒေဆင့်စာပေးအပ်၍ သာသနာတော်ကို ချီးမြှောက်သုတ်သင်ရာ ဝိနည်းတရားကို နားမလည်သူ လူအချို့တို့သာသနာတော် အန္တရာယ်မတော် ပြောဆိုပြစ်မှားသဖြင့် အပါယ်လားကြောင်း မကောင်းမှု အကုသိုလ်တရား မဖြစ်ပွားကြအောင် ကွပ်ညှပ်ဆုံးမကြစေ။

ဂိုဏ်းထောက်ဆရာတော်တို့ ဆင့်ဆိုဆုံးမရာ နာခံမှတ်သား၍ လူတို့ကျင့်ရာသော ဝတ္တရားရှိသည့်အလျောက် အာဏာစက်၊ ဓမ္မစက်နှစ်ရပ်တို့ဖြင့် သာသနာတော်ရေးကို နေရာကျအောင် ဝမ်းမြောက်ဝမ်းသာ ညီညာဖျဖျ ဝိုင်းဝန်းပြုစုအားထုတ်ကြစေ။ အလုံဝန်မင်း၏စာတည်း။

## "တတိယပေးစာ"

ရွှေကျင်ဆရာတော် ဩဝါဒစကား ပေးထားအပ်သည် အလုံနယ်အတွင်း သီတင်းသုံးနေကြသော ရဟန်းတော်တို့၏ ကျောင်းဒါယကာ ဒါယိကာမတို့နှင့် တကွ မြို့ဝန်၊ မြို့အုပ်၊ ကျေးထိန်း၊ ရွာအုပ်၊ ရွာလူကြီးတို့မှစ၍ အလုံနယ် ကျေးရွာနေ လူအပေါင်းတို့ -

သာသနာ့ဒါယကာ မဟာဓမ္မရာဇ်တရားမင်းမြတ်က အလုံနယ်တွင် သာသနာတော် အညစ်အကြေးရှိသည်များကို တရားအလျောက် သုတ်သင်

ရှင်းလင်းဆုံးမ ဩဝါဒပေးတော်မူပါ လျှောက်ထားချက်ရှိသည့်အတိုင်း အလုံနယ် တွင် သာသနာတော် အညစ်အကြေးရှိသည်များကို ဝိနည်းတရားတော်နှင့် လျော်စွာ သုတ်သင်ရှင်းလင်းရမည်ဖြစ်၍ အရပ်ရပ် ဂိုဏ်းအုပ် ဂိုဏ်းသားဥပဒေဆင့်စာ ပဋိညာဉ် ဝန်ခံချက် ကျောင်းနေပုဂ္ဂိုလ်တို့ အင်္ဂါ သုတ်သင် ရှင်းလင်းပုံ အခြင်းအရာ များနှင့်တကွ အသေအချာ နေရာတကျ အသီးသီး ဥပဒေပေးအပ်ဆင့်ဆိုရင်း အတိုင်း အလုံနယ်ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်တို့ သာသနာတော်ကို သုတ်သင် ရှင်းလင်းဆုံးမကြရာ မလိမ္မာသူလူအချို့တို့ အထင်အမှတ်မှားသဖြင့် အပါယ်လားကြောင်း လားရာ သာသနာတော်အန္တရာယ်မတော် ပြောဆို ပြုကျင့်မရှိ စေရ၊ ဆိုင်ရာမြို့ဝန်မြို့အုပ် ကျေးရွာထိန်း ရွာအုပ်ရွာလူကြီးတို့က ကျိုးကြောင်း ပြသ၍ တရားသဖြင့် နိုင်နင်းအောင် ဆုံးမကြရမည်။

ဤလောကဌ် မုရင်း ကောက်တီကောက်ကြီး ကောက်သုံးသီးကို ပြီးစေ တတ်သည်ဖြစ်၍ အများလူတို့မှီခိုရာ မဟာတဋ္ဌာက တစ်ဖက်ဆည်ကန် ရေကန်ကြီး ဆီးဆို့ မနိုင် မခိုင်ကျိုးပေါက် ရှိသည့်အခါ လယ်လုပ်သားလူအများတို့ လွန်စွာ မလုပ်စားရ၊ အကျိုးပျက်ပြား၍နေသည့်အတွင်း ပြည့်ရှင်မင်းတို့ပြင်ဆင်၍ ပေးသည့် ပမာ အလုံနယ် မြို့ကျေးရွာများတွင် လူရှင်ရဟန်းတို့၏ ခိုကိုးရာ သာသနာတော် တည်းဟူသော တစ်ဖက်ဆည်ရေကန်ကြီးသည် အခွန့်ရှည်ကြာသဖြင့် အချို့သော ရဟန်းတော်တို့ ဝိနည်းတော်နှင့်မလျော် ဘုရားအလိုတော်နှင့် ဆန့်ကျင်ဘက် လူတို့ ကဲ့သို့ လှည်းစီးနွားမွေးဆေးကု ဗေဒင်ဥယျာဉ်ပန်းမန်အာရာမ်စိုက်ပျိုးခြင်း၊ ပရိက္ခရာ ရောင်းဝယ်ခြင်း၊ ရွှေငွေအနာမာသဝတ္ထု ခံယူခြင်း၊ လူတို့အား သစ်သီးပေးခြင်း ပန်းပေးခြင်း၊ ထမင်းကျွေးခြင်း၊ ဆေးကွမ်းတည်ခြင်း၊ နေရာထိုင်ခင်းပေးခြင်း အိုးခွက်ကန့်လန်ကာ ဖျာရိုင်သင်ဖြူးငှားရမ်းခြင်း၊ လူတို့ကိစ္စကြီးငယ်တို့ကို ရွက် ဆောင်ခြင်း၊ လူတို့နှင့်အတူ ကျေးမှူး ငွေမှူး ရပ်မှူး ရွာမှူးတို့ကို တရားနှင့် မလျော်မတော် စိုက်စွက်ပြောဆိုခြင်း၊ အသုဘရှုဒုမင်္ဂလာရှိရာ ရဟန်းတို့နှင့် မအင် မရာ သူသေအိမ်သို့သွား၍ ပျဉ်တလားစပ်ခြင်း၊ သူသေအခြံအရံပြုလုပ်ခြင်း စသော ကုလဒူသနအနေသန အခါမဲ့မြို့တွင်း ရွာတွင်း ထိးဆောင်းခြင်း၊ ဖိနပ်စီးခြင်းအမှ အကြောင်းမဲ့ နေလွဲကွမ်းစား ဆေးဝါးသောက်အမှုတို့မှစ၍ သိက္ခာပဒ ဝီ တိက္ကမ မိစ္ဆာဇီဝ အလဇ္ဇီပါပဓမ္မတို့ကို ပြုကျင့်လွန်ကျူးကြကုန်သဖြင့် ရဟန်းတော်တို့ သီလပျက်ပြား ညှိုးနွမ်းရှိကြသောကြောင့် ယခင်တစ်ဖက်ဆည်ရေကန်ကြီးဆီးဆို့ မနိုင် ကျိုးပေါက်ခြင်းရှိသည့်အခါ ကျေးရွာနေ လယ်လုပ်သူ လူအများတို့ လွန်စွာ

မလုပ်စားရ အကျိုးစီးပွားပျက်ပြားရသည်နှင့်အတူ သီလညှိုးနွမ်း ဖောက်ပြန်သူ အလဇ္ဇီမသူတော် ရဟန်းတို့အား ကိုးကွယ်လှူဒါန်းချီးမြှောက်ခြင်း၌ အကျိုးဖွံ့ဖြိုးစွာ မရရှိခဲ့ကြသည်ဖြစ်၍ ဘုရားရှင်လက်ထက်တော်တွင် ဆဗ္ဗဂ္ဂီရှင်ယုတ်တို့သည် ကီဋာဂိရိဇနပုဒ်ဝယ် သာသနာဟော် အန္တရာယ်မတော်ပြုကျင့်နေထိုင်ကြသည်များကို ဘုရားရှင် ကြားသိတော်မူသဖြင့် လက်ဝဲရံလက်ယာရံ ရှင်မောဂ္ဂလာန်၊ ရှင်သာရိပုတ္တရာ အမှူးရှိသော ရဟန်းတော်ငါးရာတို့ကို စေလွှတ်၍ သာသနာတော်ကို ပြုစုသုတ်သင်သည့်အခါ ၎င်းဆဗ္ဗဂ္ဂီရဟန်းတို့ကို မိမိတို့နေရင်း ရပ်ရွာ ကီဋာဂိရိဇနပုဒ်မှ နှင်ထုတ်ခြင်း၊ ပဗ္ဗာဇနိယဝိနည်းကံကို ပြုစေတော်မူသည်နှင့်အတူ အလုံနယ်ဂိုဏ်းအုပ်, ဂိုဏ်းထောက်ဆရာတော်တို့က သာသနာ့ဒါယကာ မဟာဓမ္မရာဇ်မင်းဧကရာဇ်အလို ဆရာတော်တို့အလိုဖြင့် သာသနာတော်ကို သုတ်သင် ရှင်းလင်းကြရာ အပြစ်အားလျော်စွာ အချို့သောရဟန်းတို့ကို ရပ်ရွာမှနှင်ထုတ်ခြင်း၊ ရဟန်းတို့နှင့် မအပ်မရာသော အဓမ္မိယပစ္စည်းတို့ကို စွန့်ပစ်စေခြင်း စသည်ဖြင့် ပြုပြင်သုတ်သင်၍ သာသနာတော် စင်ကြယ်သန့်ရှင်းအောင် ရွက်ဆောင် အားထုတ်ကြရာ အသီးအသီးဆိုင်ရာ ရပ်ရွာနေ ဒါယကာ ဒါယိကာမတစ်စုတို့လည်း ဝမ်းမြောက်ဝမ်းသာညီညာဖျဖျ တက်ကြွသောကိုယ်စိတ်နှလုံးရှိကြကုန်သည် ဖြစ်၍ သာသနာပြုဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်တို့ သာသနာတော်မှုကို ရွက်ဆောင်ဆုံးမရာရှိသေစွာ လိုက်နာခံကြရမည်။

တရားလမ်းသို့ ဖြောင့်တန်းစွာ မလိုက်မနာ ကျင့်ဆောင်သူ လူရှင်အချို့တို့ ပြောဆိုလိုရာ သာသနာတော် အန္တရာယ်မတော်ပြုကျင့် ပြောဆိုသည်များကို နားယောင်လိုက်မှား၍ အပါယ်လားကြောင်း မကောင်းမှုအကုသိုလ်တရား မဖြစ်ပွားကြရအောင် ငါတို့ဒေသရပ်ရွာများတွင် ဤအခါ ရှေးထက်အတူ သာသနာတော်နေဝန်း ထွန်းလင်းစင်ကြယ် အံ့သြကြည်ညိုဖွယ်ကို မြင်ရတော့မည်ဟု ဝမ်းမြောက်ဝမ်းသာ လိုက်နာနိုင်ကြရမည်။ ဆင့်ဆိုဆုံးမအပ်သည်ကို မတည် သာသနာတော်အန္တရာယ်မတော် ပြောဆိုပြစ်မှားပြုခဲ့လျှင် "ကာရဏာနုရူပံဖလံ နိပ္ဖတ္တိ" ပါဠိလာတိုင်း မိမိအပြစ်အားလျော်စွာ ပစ္စုပ္ပန်သံသရာ ဘေးဧရာထိရောက်ရန်ရှိသည်များကို နှလုံးကြပ်ကြပ်ထားရမည်။

အလုံနယ်အတွင်း သီတင်းသုံးနေကြသော ရဟန်းတော်တို့ ဒကာ ဒကာမတို့နှင့်တကွ ဆိုင်ရာမြို့ဝန်၊ မြို့အုပ်၊ ကျေးထိန်းရွာအုပ်၊ ရွာလူကြီးတို့အား ရွှေကျင်ဆရာတော် ဆုံးမစာ။

အလုံဝန်က စေ့နှံ့အောင် ဆင့်စေ။

# "မှတ်စု"

သံသဋ္ဌော ဝိဟရတိ ရာဇူဟိ ရာဇမဟာမတ္တေဟိ တိတ္ထိယေဟိ တိတ္ထိယသာဝကေဟိအနနုလောမိကေန သံသဂ္ဂေန။ (အဘိဓမ္မာဝိဘင်းပါဠိတော် နှာ – ၂၅၅)

သံသဋ္ဌော ဝိဟရတိ ရာဇူဟိတိ အာဒီသု ရာဇာနော့တိ အဘိသိတ္တာ ဝါ ဟောန္တု အနဘိသိတ္တာ ဝါ ယေ ရဇ္ဇမနုသာသန္တိ။

မဟာမတ္တာတိ ရာဇူနံ ဣဿရိယသဒိသာယ မဟတိယာ ဣဿရိယမတ္တာယ သမန္နာဂတာ။ အနနုလောမိကေန သံသဂ္ဂေနာတိ အနနုလောမိကသံသဂ္ဂေါ နာမ တိဿန္နံ သိက္ခာနံ အနနုလောမော ပစ္စနီကသံသဂ္ဂေါ၊ ယေန ဗြဟ္မစရိယန္တရာယံ ပညတ္တိဝီတိက္ကမံ သလ္လေခပရိဟာနိဉ္စ ပါပုဏာတိ၊ သေယျထိဒံ ရာဇရာဇမဟာမတ္တေဟိ သဒ္ဓိံ သဟသောကိတာသဟနန္ဒိတာ သမသုခဒုက္ခတာ ဥပ္ပန္နေသု ကိစ္စာ ကရဏီယေသု အတ္တနာဝယောဂံ အာပဇ္ဇနတာ။ (ဌင်းအဋ္ဌကထာ နှာ – ၃၂၅။)

ဂိဟိသံသဋ္ဌော ဝိဟရတိ အနနုလောမိကေဟိ သံသဂ္ဂေဟိ။ (စုဠဝါပါဠိတော် နှာ – ၉။)

အနနုလောမိကေဟိ ဂိဟိသံသဂ္ဂေဟီတိ ပဗ္ဗဇိတာနံ အနနုစ္ဆဝိကေဟိ သဟသောကိတာဒီဟိ ဂိဟိသံသဂ္ဂေဟိ။ (ဌင်းအဋ္ဌကထာ နှာ – ၂။)

အနနုလောမိကေန သံသဂ္ဂေနာတိ တိဿန္နံ သိက္ခာနံ အနနုလောမိကေန ပစ္စနီကဘူတေန သံသဂ္ဂေန သံသဋ္ဌော ဝိဟရတိ ယေန ဗြဟ္မစရိယန္တရာယံ ဝါ သလ္လေခပရိဟာနိံ ဝါ ပါပုဏာတိ။ (ဝိသုဒ္ဓိမဂ်ဋီကာ၊ ၁၊ ၄၂။)

ဇဃ်ပေသနိယန္တိ ဂိဟီနံ ဒူတေယံ သာသနဟရဏကမ္မံ ဝုစ္စတိ၊ တံ န ကာတဗ္ဗံ။ (ဝိနယသင်္ဂဟအဋ္ဌကထာ နှာ – ၂၃။)

ဧကဝီသတိ အနေသနံ နာမ ဝေဠုဒါနံ ပဏ္ဏဒါနံ ပုပ္ဖဒါနံ ဖလဒါနံ ဒန္တကဋ္ဌဒါနံ မုခေါဒကဒါနံ သိနာနဒါနံ စုဏ္ဏဒါနံ မတ္တိကာဒါနံ စာဋုကမျတာ မုဂ္ဂသူပျတာ ပါရိဘဋျတာ ဇဃ်ပေသနိယကမ္မံ ဝေဇ္ဇကမ္မံ ဒူတကမ္မံ ပဟိဏဂမနံ ပိဏ္ဍပဋိပိဏ္ဍဒါနံ အနုပဒါနံ ဝတ္ထုဝိဇ္ဇာ နက္ခတ္တဝိဇ္ဇာ အင်္ဂဝိဇ္ဇာတိ။ (ခုဒ္ဒက၊ ၄၊ ၂၀၂။ သုတ္တနိ၊ ၄၊ ၁၊ ၁၇၈)။

တတ္ထ ဟိ စာဋုကမျတာ နာမ ဥပါသကေ ဥတ္တမဋ္ဌာနေဋ္ဌပေတွာ သယံနီစဋ္ဌာနေ ဝုတ္တိ။

ဇင်္ဃပေသနိယံ နာမ ဂေဟတော အညံဂေဟံ ပေသနံ။

ဒူတကမ္မံ နာမ သာသနံ ဒတွာ ပေသနံ။

ပဟိဏဂမနံ နာမ ခေတ္တာဒိဂမနံ။

ပိဏ္ဍပတိပိဏ္ဍဒါနံ နာမ လာဘာ ပေက္ခာယ ကုလာနံ ပိဏ္ဍပါတဒါနံ။

အနုပဒါနံ နာမ လာဘာပေက္ခာယလဒ္ဓဒါနံ၊ အနေသနသိက္ခာပဒံ။

န ဟိ အညော ဒွိပိဋကဓရောပိ ဧဝံ ကာတုံလဘတိ၊ သော ဧဝ နိဿယံ ဒေတိ သာမဏေရံ ဥပဋ္ဌာပေတိ၊ အညော နေဝ နိဿယံ ဒါတုံလဘတိ၊ န သာမဏေရံ ဥပဋ္ဌာပေတုံ၊ သာမဏေရူပဋ္ဌာနံ ပစ္စာသိသန္တော ပန ဝိနယဓရဿ သန္တိကေ ဥပဇ္ဈံ ဂါဟာပေတွာ ဝတ္တပဋိပတ္တိံ သာဒိတုံ လဘတိ။ (ပါစိတ်အဋ္ဌကထာ နှာ-၁၄၅။)

*နိဋ္ဌိတံ။*

ပဌမ ရွှေကျင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော

# ဝိနယဂရုဒီပနီကျမ်း

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ဥယျောဇဥ်

အနုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု – ပါဠိတော် (ဝိ၊၂၊၇၃။ ဒီ၊၁၊၅၉) နှင့်အညီ အတိကုက္ကုစ္စက သိက္ခာကာမ ပုဂ္ဂိုလ်တို့ ကျင့်ဆောင်ရိုးအမူ ဂရုသို့ လိုက်၍ ကျင့်ဆောင်လိုကုန်သော သဒ္ဓါသမ္ပန္န ကုလပုတ္တအမျိုးကောင်းသားတို့သည် ဤဆိုအပ်လတ့်သော ဝိနယဂရုဒီပနီ သညီ မည်မှန်း ဤသည့်ကျမ်းကို ေလာမှတ်သား သင်ကြားအားထုတ်ဖြည့်ကျင့်တော် မူနိုင်ကြပါစေသတည်း။

ရွှေကျင်ဆရာ မေတ္တာစကားဖြင့် လျှောက်ထား ဆင့်ဆိုအပ်သည့် အလုံနယ် အတွင်း သီတင်းသုံးနေကြသော သံဃာကြီးငယ်တစ်စုတို့ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇ ယာစာမိတု အာဂမသုဒ္ဓိ ပဋိညာဉ် ရှိကြသည်ဖြစ်လျက် အဆက်ဆက်သော ဘဝတို့၌ လိုက်၍ နှိပ်စက်တတ်သော နီဝရဏမာရ် ကိလေသာ ရန်သူတို့သည် ပူပန်စေအပ် နှိပ်စက်အပ်သည်ဖြစ်၍ သံသရာမှ လွတ်ရာလွတ် ကြောင်း ကောင်းမြတ်သော သီလဝိသုဒ္ဓိကိုမျှ အလွန်ရနိုင်ခဲကြကုန်သည် မိမိကိုယ်ကို လဇ္ဇီပုဂ္ဂိုလ်ဟု ထင်မှတ်ခြင်းရှိသော်လည်း သိက္ခာပုဒ် အလုံးစုံကို လုံခြုံစေ့ငုအောင် မပြုကျင့် မပြုနိုင်ကြခြင်းကြောင့် လဇ္ဇီသီလဝန် ပုဂ္ဂိုလ်တစ်ယောက်ဆိုစလောက် အောင် အလွန်ဖြစ်နိုင်ခဲကြကုန်သည် အလုံးစုံ သိက္ခာပုဒ်နှင့် ပြည့်စုံ၍ လဇ္ဇီသီလဝန် အဖြစ်သို့ ရောက်စေကြကာ အမျက်ထွက်ခြင်း ကောဓ၊ ရန်ညိုးဖွဲ့ခြင်း ဥပနာဟ၊ သူ့ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း မက္ခ၊ အဖက်ပြိုင်ခြင်း ပဠာသ၊ ငြူစူစောင်းမြောင်း ခြင်း ဣဿာမစ္ဆေရ၊ ထောင်လွှားခြင်း မာန၊ မထီမဲ့မြင်ပြုခြင်း အတိမာန၊ ခက်ထန် မာမြင့် နတ်ကြမ်းတမ်းခြင်း ထမ္ဘသာရမ္ဘ စသော အကုသိုလ် အယုတ်တရား တို့သည် နှိပ်စက်ဖျက်ဆီးအပ်သည်ဖြစ်၍ အသူရိန်ဖမ်းသော လဝန်းကဲ့သို့ သီလ အရောင်အဝါ လွန်စွာတောက်ပခြင်းမရှိ အများလဇ္ဇီ သူတော်ကောင်းတို့ ကြည်ညို ဖွယ် သမန္တပါသာဒိက မဖြစ်နိုင်ကုန် ယင်းသို့ဖြစ်၍ –

**သတ္တိယာ ဝိယ ဩမဋ္ဌော၊ ဍယှမာနောဝ မတ္ထကေ။**

**သက္ကာယဒိဋ္ဌိပဟာနာယ၊ သတော ဘိက္ခု ပရိဗ္ဗဇေ။**

ပါဠိတော် (သံ၊၁၊၁၂။ ၅၂) နှင့်အညီ ရင်ဝ၌ စူးဝင်သော လှံမကို နှုတ်လိုသော ဝီရိယ လောက်မက သက္ကာယဒိဋ္ဌိပျောက်သဖြင့် ပုထုဇ္ဇနဇာလအဖြစ်ကို လွန်မြောက်၍ အရိယာပုဂ္ဂိုလ်အဖြစ်သို့ မရောက်မခြင်း အရိုးကြေကြေ အရေအခြောက်ခြောက် ပြတ်ပြတ်တောက်တောက် ပြောပလောက်အောင်သော အဓိမတ္တဆန္ဒနှင့်တကွ သမထဝိပဿနာ ဘာဝနာကို အခါမပြတ် သက်စွန့်ကြိုးပမ်းတတ်စွမ်းအားထုတ်သင့်သည်ကိုလျက်အဝိဇ္ဇာ တဏှာရမ္မက် ဖျက်ဆီးနှိပ်စက်သည်ဖြစ်၍ ဤမျှ လောက်ကို မတတ်စွမ်းရှိကြလျှင် အရပ်ဝန်းကျင် လဇ္ဇီသူတော်ကောင်းတို့ ကြည်ညိုဖွယ် သမန္တပါသာဒိက လဇ္ဇီသီလဝန္တ ပုဂ္ဂိုလ်အဖြစ်သို့ရောက်အောင် ကြံဆောင် အားထုတ်အပ်ကုန်ရာသည်။

## ပါရာဇိကအဘိညာ

## ဒုတိယပါရာဇိကသိက္ခာပုဒ်

ယင်းသို့ သမန္တပါသာဒိက ကုက္ကုစ္စက သိက္ခာကာမပုဂ္ဂိုလ်အဖြစ်သို့ ရောက်လိုသော ပုဂ္ဂိုလ်တို့သည် ဤဆိုလတ္တံ့သော သိက္ခာပုဒ်တော် အကျင့်ပဋိပတ်တို့၌ အထူးနှလုံးထားအပ်ကုန်ရာသည်။ ယင်းသို့ ထားအပ်ရာသော ပါရာဇိက လေးပါးတို့တွင် အဒိန္နာဒါန် ပါရာဇိကအရာဝယ် မိမိသန္တကကို စောရတို့ ခိုးယူသွားသည့်အရာ၊ ပရသန္တကကို စောရတို့ ခိုးယူသွားသည်ကို ကြားသိတွေ့မြင်သည့်အရာ၊ မိမိပယောဂဖြင့် ပရသန္တက ပျက်စီးသည့်အရာ၊ အစိုးရပြု၍ တရားစီရင်သောအရာ၊ ဝိဿာသဂါဟဖြင့် ယူသည့်အရာ၊ အခိုက်အတန့် ငှားတောင်းယူသည့်အရာ၊ ဤခြောက်ပါးသောအရာတို့၌ အထူးနှလုံး ထားအပ်ကုန်ရာသည်။ ယင်းခြောက်ပါးသောအရာတို့တွင် မိမိသန္တကကို စောရတို့ ခိုးယူရာ၌ —

ယဒိ ပန သာမိကော၊ ပရိစတ္တံ မယာ ပဌမံ၊ ဣဒါနိ တော်မမ
သန္တကံဝါ တော်နောဝါတိ အာသင်္ကာ ဟောတိ၊ ဗလက္ကာရေန
ဂဟေတုံ နဝဋ္ဋတိ သကသညာဗလေနေဝ ပုန ဂဟေတဗ္ဗ
ဘာဝဿ အာပန္နတ္တာ။

ဝိမတိ (၁၊၁၈၈) ဋီကာ မိန့်ရကား မိမိသန္တကကို စောရတို့ ခိုးယူပြီးသည့်နောက် အာလယပြတ်တောက်၍ တွေ့မြင်ရာ ငါသည် ရှေးဦးစွာ အာလယပြတ်ခဲ့သည်ဖြစ်၍ ငါ၏ဥစ္စာဖြစ်ပါလေသေး၏လော၊ မဖြစ်လေလောဟု တွေးတောယုံမှားခြင်း ဖြစ်တတ်လျက်ရှိသောကြောင့် အတိကုက္ကုစ္စက ပုဂ္ဂိုလ်မှန်က ဤကဲ့သို့

အတ္တနော သန္တကကို စောရတို့ ခိုးယူသွားပြီးနောက် အာလယပျောက်ကင်း၍ရှိလျှင် မိမိဥစ္စာကို တွေ့မြင်သော်လည်း ဗလက္ကာရဖြင့် တဖန်ပြန်ယူခြင်းမပြုမိအောင် အထူး သတိပြုအပ်ကုန်ရာသည်။ ပရသန္တကကို စောရတို့ ခိုးယူသွားသည်ကို တွေ့မြင်ကြားသိရာ၌ —

အတ္တနော သန္တကံ စောရေဟိ ဟတံ စောရပရိဂ္ဂဟိတတ္တာ ပရပရိဂ္ဂဟိတံ ဟောတိ တသ္မာ ပရောစေတံ ထေယျစိတ္တော ဂဏှာတိ ပါရာဇိကံ။

ဝဇိရဗုဒ္ဓိဋီကာ (နှာ–၁၃၇) မိန့်ရကား ၎င်းပရသန္တကကို စောရတို့ လက်ဝယ် တွေ့မြင်သော်လည်းကောင်း နွားကျွဲအစရှိသည်ကို တောချုံအစရှိသည်၌ စောရတို့ ချည်ထားခဲ့သည်ကို တွေ့မြင်သော်လည်းကောင်း၊ မိမိအလိုဂှာ ထေယျစိတ် ဖြင့် လည်းကောင်း၊ ကာရုညာဓိပ္ပါယဖြင့်လည်းကောင်း လွှတ်မိယူမိ၍ရှိက ဘဏ္ဍာ ဒေယျ ဘဏ္ဍေန ကာရေတဗ္ဗ အဝဟာရိလက္ခဏာတို့ဖြင့် ကုက္ကုစ္စမကင်းအံ့သည် ဖြစ်၍ ဤကဲ့သို့အရာများကိုလည်း မပြုမကျင့် မလွန်မကျူးမိအောင် အထူး သတိပြု အပ်ကုန်ရာသည်။ မိမိပယောဂဖြင့် ပရသန္တက ပျက်စီးသည့်အရာ၌ —

ဟရန္တေသု ပရိက္ခာရံ၊ စောရေ့စောရောတိ ဘာသိတေ။
အနတ္ထာ ယေသံ ဂဏှန္တေ၊ ဒဏ္ဍံ ဂီဝါသ တတ္တကံ။ (ခုဒ္ဒ၊ဂါထာ–၃၅၉)

ဂါထာလာရကား — အတ္တနောသန္တက ပရသန္တကမဆို ထိုဥစ္စာကို စောရ တို့ ခိုးယူသည်ကို တွေ့မြင်သည့်အခါ မှုပြစ်ရာကြံလိုသောစိတ်ဖြင့် ခိုးသူခိုးသူဟူ၍ ကြွေးကြော်မြည်တမ်း ဖမ်းဆီးညှင်းဆဲခြင်းကို မပြုအပ် ပြုမိ၍ရှိက ခိုးသူ ကုန်ကျ ပျက်စီးသမျှသော ဥစ္စာတွက်တာကြောင့် ဂီဝါ ဘဏ္ဍာဒေယျတို့ဖြင့် ယုံမှားမကင်း အပ် သည်ဖြစ်၍ ယင်းကဲ့သို့အရာများကိုလည်း မလွန်ကျူးမိအောင် အထူးသတိပြု ကြအပ်ကုန်ရာသည်။

ဘဏ္ဍာဒေယျံနာမ ယံ ပရဿ နဋ္ဌံ၊ တဿ မူလံ ဝါတဒေဝ ဝါ ဘဏ္ဍံ ရာပေ ဒါတဗ္ဗံ။ အဋ္ဌကထာ (ဝိ၊၄၊၁၊၂၇၇)။

**အာလယေန နအဓိမုတ္တံပိ ဘဏ္ဍံ အနဗ္ဘာဝုတ္တကံနာမ ဟောတီတိ "အာဟ အာဟရာပေန္တေ ဒါတဗ္ဗ" န္တိ။** ဝိမတိဋီကာ (၁၊၁၈၈) မိန့်ရကား — တိဏာခေတ္တ ဝတ္ထု သုကရပါသဗန္ဓနဝတ္ထု စသည်များကဲ့သို့ ဘဏ္ဍာဒေယျထိုက်သောအရာတို့၌ ဥစ္စာရှင်မသိသည်ဖြစ်၍လည်းကောင်း၊ ဘေးကို ကြောက်သည်ဖြစ်၍လည်းကောင်း၊ ၎င်းဘဏ္ဍာစားမတောင်းသော်လည်း ဥစ္စာရှင် အာလယ ရှိသေးသည်ကိုသိသော် ဘဏ္ဍာစားမပေးမနေမိအောင် ဥစ္စာရှင်ကျေချမ်းအောင် ပြုအပ်သည့်အရာများကို လည်း အထူးသတိထားကြအပ်ကုန်ရာသည်။

တရားစီရင်သောအရာ၌ ဓမ္မံ စရန္တော သာမိကံ ပရာဇေတိ အာပတ္တိပါရာ ဇိကဿ။ (ပါဠိတော် ဝိ၊၁၊၆၂) န ကေဝလံ တဿေဝ၊ ကူဋဝိနိစ္ဆယကူဋသက္ခိကာ နမ္ပိ သဗ္ဗေသံ ပါရာဇိကံ။ အဋ္ဌကထာ (ဝိ၊၄၊၁၊၂၉၅) လာရကား အာရာမ်ဥယျာဉ် စသည်များကို တရားယှဉ် ပြိုင်ဆိုင်တွေ့ကြသည့်အခါ၌လည်းကောင်း လက်ရောက် မှုတရား လယ်တရား အမွေတရား စသည်များကို စီရင်ရာ၌လည်းကောင်း မိမိ ပယောဂဖြင့် သူတစ်ပါးတို့ ဥစ္စာပျက်ပြား ဆုံးပါးခြင်းသို့ ရောက်က ရဟန်းတို့မှာ ပါရာဇိက ဘဏ္ဍာဒေယျ အမှုတို့ဖြင့် ယုံမှားမကင်း ရှိသောကြောင့်လည်းကောင်း ယခုကာလ စိုးမင်းတို့ လယ်တော်ပယ်မှု နယ်ပယ်မှု သဿမေဓ ငွေတော်ခွဲမှု စသည်တို့၌ စိုးမင်းတို့ နှင့်အတူ စိုက်စွက်ပြောဆို စီရင်ခွဲခန့်ခြင်းကို ပြုကြရာဝယ် မင်းဇကရာဇ်အကျိုး ဆင်းရဲသားလူတို့အကျိုး တစ်ပါးပါး ပျက်ပြားဆုတ်ယုတ်ခဲ့ သော် ၎င်းအတွက်တာနှင့် ရဟန်းတို့မှာ ဘဏ္ဍာဒေယျ ဂိဟိသံသဂ္ဂအမှုတို့ဖြင့် ယုံမှားမကင်း ပူပန်ခြင်း ရှိရာသောကြောင့်လည်းကောင်း ယင်းကဲ့သို့သော အရာများ ကိုလည်း မပြုမကျင့် မလွန်မကျူးမိအောင် အထူးသတိပြုကြအပ်ကုန်ရာသည်။

## ဝိဿာသဂါဟ ယူပုံ

ဝိဿာသဂါဟယူရာ၌ သန္ဒိဋ္ဌောစ ဟောတိ ဇီဝတိစ ဂဟိတေ အတ္တ မနော– စသည်ပါဠိ (ဝိ၊၃၊၄၁၁) လာသော အင်္ဂါသုံးပါး စသည်တို့တွင် အတ္တမန အင်္ဂါကို အလွန်သိနိုင်ခဲသည်။ ဝိဿာသဂါဟဖြင့် ယူသည့်အရာ ပါဠိတော်လာရင်းမှာ သေခါနီးမတိုင်မီ ပကတိအခါ အနည်းငယ်ဥစ္စာရှင်သဒ္ဒါလောက်ရုံ သပိတ်သင်္ကန်း စသည်များ၌သာလျှင် လာရင်းဖြစ်သည် ယခုကာလကဲ့သို့ သေခါနီးဖြစ်သူတို့၏ ဥစ္စာကို တစ်ယောက်သောသူက အကုန်အစင် ဝိဿာသဂါဟဖြင့် သိမ်းယူလိုက် သည်ကို ပါဠိတော်လာရင်းမဟုတ်။ ယင်းသို့ အကုန်အစင်သိမ်းယူခြင်း၌ ဥစ္စာရှင်မှာ တပည့်များစွာ မိတ်ဆွေခင်ပွန်းများစွာ ရှိသေးသည်ဖြစ်ရကား ၎င်းတစ်ယောက်သော သူက မိမိဥစ္စာအားလုံးကို သိမ်းရုံး၍ယူခြင်းကို နှစ်သက်ခြင်းသည် မဖြစ်နိုင်၊ အခြား မိတ်ဆွေခင်ပွန်းများကိုလည်း ယူစေလို ချီးမြှောက်ပေးကမ်းလိုသောစိတ် ရှိသည်လည်းဖြစ်ရာသည်ဟု တွေးတောရန်ရှိသည်ဖြစ်၍ အတ္တမန၌ အလွန်သိနိုင်ခဲ ရကား အတိကုက္ကုစ္စက သိက္ခာကာမပုဂ္ဂိုလ်တို့သည် ယင်းသို့သော သေခါနီးအခါ ဝိဿာသဂါဟယူခြင်းကို မပြုမိအောင် အထူးသတိပြုအပ်ကုန်ရာသည်။

အခိုက်အတန့် ဌားရမ်းတောင်းသည့်အရာ၌ –

ယော ဘိက္ခု "ဣဒံ ဂဟေတွာ ဧတ္ထ ယာဟီ" တိ သာမိကေဟိ အနာဏတ္တော သယမေဝ "ဣဒံ မေ ဒေထ၊ အဟံ ဝေါ ဘဏ္ဍံ ဟောမိ" တိ တေသံ ဘဏ္ဍံ သီသေန အာဒါယ ဂစ္ဆန္တော ထေယျစိတ္တေန တံ ဘဏ္ဍံ အာမသတိ ဒုက္ကဋံ။ ယထာဝုတ္တသီသ ပရိစ္ဆေဒံ အနတိက္ကာမေန္တော၀ ဣတောစိတောစ ဃံသန္တော သာရေ တိပိ ပဏ္ဍာဘာဂေ သာရေတိပိ ထုလ္လစ္စယံ။ ခန္ဓံ ဩရောပိတ မတ္တေ ကိဥ္စာပိ သာမိကာနံ "ဝဟတူ" တိစိတ္တံ အတ္ထိ။ တေဟိ အနာဏတ္တတ္တာ။

အဋ္ဌကထာ (ဝိ၊၄၊၁၊၂၉၃) လာရကား – ဥစ္စာရှင်ဖြစ်သူက ကိုယ်နှုတ်တို့ဖြင့် အခိုက်အတန့်ယူနှင့်ဦးတော့ဟု ခွင့်မပြုဘဲ အကျွမ်းတဝင် မိတ်သင်္ဂဟဖြစ်သည်အားလျော်စွာ ဘာသာအလျောက် စာထုပ်ပေထုပ် စသည်များကို ငှားရမ်းကြည့်ရှုပြုကြသည့်အခါ ၎င်းဥစ္စာကို လိုချင်မက်မောသောစိတ်ဖြင့် နေရာပြောင်းရွှေ့ခြင်း လက်၌ ဥစ္စာကို ခါးရင်ခွင်၌တင်ခြင်း စသည်ကိုပြုမိသည့်အခါ ထေယျစိတ်နှင့် ပြုမိသည် ဖြစ်အံ့။ ထိုဓာဏ၌ပင် ဘဏ္ဍာဌေနေ ကာရေတဗ္ဗံ ပါရာဇိကရောက်သည်အဖြစ် စိတ္တက္ခဏ၏ လဟုပရိဝတ္တနဖြစ်၍ ထေယျစိတ်ရှိမရှိ၏အဖြစ်ကို အလွန်သိနိုင်ခဲသည်၏အဖြစ်ကြောင့် သူတစ်ပါးတို့၏ အဖိုးထိုက် မဟဂ္ဃဥစ္စာကို ငှားရမ်းသုံးဆောင်သောအခါ ဥစ္စာရှင်ကိုယ်နှုတ်ဖြင့် အထင်အရှား ခွင့်ပြုမှသာ ငှားရမ်းသုံးဆောင်မိအောင် အထူးသတိပြုကြအပ်ကုန်ရာသည်။

# သံဃာဒိသေသကဏ္ဍ

## ပဌမသံဃာဒိသေသ် သိက္ခာပုဒ်

သံဃာဒိသေသ် တစ်ဆယ့်သုံးပါးတို့တွင် ပထမသံဃာဒိသေသ်အရာ၌ အယံ ပန အာပတ္တာနာပတ္တိ ဘေဒေါသဏ္ဌောသုခမော ဟု အဋ္ဌကထာ (ဝိ၊၄၊၁၊၁၁၃) လာရကား – မောစနဿာဒပယောဂ မုစ္စနအင်္ဂါတို့၏ အလွန်သိမ်မွေ့သိနိုင်ခဲသည်ဖြစ်၍ ရာဂ ပရိယုဋ္ဌိတပြင်းစွာဖြစ်သည့်အခါ ကိုယ်လက်အင်္ဂါ စသည်ကိုမျှ မလှုပ်ရှားမိအောင်၊ တစ်စုံတစ်ခုသော သက်န်းအဝတ်ကိုယ်အင်္ဂါစသည်နှင့် မိမိနိမိတ်ကို မထိပါးစေမိအောင် ရာဂပူပန်ခြင်း မကင်းမပျောက်သရွေ့ ကာလပတ်လုံး အထူးသတိပြုအပ်ကြကုန်ရာသည်။

ယင်းသို့ သတိပြုလျှက်ပင် ကုက္ကုစ္စမကင်း ပူပန်စေခြင်းဖြစ်လျှင် အဆောတလျင် မီးခဲကိုနင်းမိသော ယောကျ်ားကဲ့သို့ ကာလမဆိုင်းမထား ရဟန်းတစ်ပါးထံ အာဝီကတပြုကြအပ်ကုန်ရာသည်။ အရုဏ်မတက်သည်တိုင်အောင်မှ အာဝီကတ မပြုမိလျှင် အဆောတလျင် သံဃာညီညွတ်ရာရာ၍ ပရိဝတ် မာနတ်နေအပ်သည်၊ လဇ္ဇီသိက္ခာကာမပုဂ္ဂိုလ်မှန်လျှင် မတတ်သာ၍ သဟသာစိတ်ကြောင့် သံဃာဒိသေသ် အာပတ်ဖြင့် ကုက္ကုစ္စမကင်းခဲ့သော် အဆောတလျင် အရုဏ်မတက်ခင် အာဝီကတ ပြု၍ ပရိဝတ်မနေရအောင် အပ္ပဋိစ္ဆန္နမာနတ် ကျင့်ရုံမျှနှင့်သာ ကိစ္စပြီးအောင် ပြုပြင်အပ်ကုန်ရာသည်။ အတိကုက္ကုစ္စကပုဂ္ဂိုလ်ဖြစ်၍ အတိသီလဝိသုဒ္ဓိကို အလိုရှိသော ပုဂ္ဂိုလ်တို့သည် ဤမျှလောက် အပဋိစ္ဆန္န မာနတ်ကိုမျှ ကျင့်နေကြောင်းကိစ္စ မဖြစ်ရအောင် ဖြစ်ပေါ်လာသော ဆန္ဒရာဂစသည်ကို အသုဘသညာ မရဏာဿတိ ကမ္မဋ္ဌာန်း စသည်ဖြင့် နှိပ်နင်း၍ ရုံ့ရင်းသော သံဃာဒိသိသ် ဂရုကအာပတ်ကြီးဖြင့် သံသယ ဖြစ်စလောက်သော ကာမဝိတက်ကာမရာဂ မဖြစ်ပွားလာရအောင် အထူးသဖြင့် လုံ့လ ဉဿာဟပြုအပ်ကုန်ရာသည်။

## ကုလဒူသက သိက္ခာပုဒ်

ကုလဒူသက သံဃာဒိသေသ်သိက္ခာပုဒ်တွင် ဒုက္ကဋ်အမှု ကုလဒူသက အနေသနအရာ၌ ပုပ္ဖဒါန် ဖလဒါန် စသော ကုလဒူသန အမှုတို့မှာ လဇ္ဇီသိက္ခာကာမပုဂ္ဂိုလ်တို့အား သိသာရုံကျမ်းဖြစ်၍ ရှောင်လွယ်ကွင်းသော မထောင်းတာ ကုလဒူသန အနေသန မိစ္ဆာဇီဝအဝင် ဒါယကာတို့ကိုမြင်လျှင် ရှေးဦးတင်၍ ပြုံးရယ်ခြင်း မိဟိတပုဗ္ဗင်္ဂမတာမိစ္ဆာဇီဝ၊ ရှေးဦးတင်၍ လူတို့ကဲ့သို့ ခေါ်ငင်မေးမြန်း နှုတ်ဆက် ခြင်း ပုဗ္ဗဘာသိတတာမိစ္ဆာဇီဝ၊ မှန်မမှန်စကားအသားဝတ္ထုကို မမင်ဆင်းရဲသား မင်းညီမင်းမိဖုရားတို့ အလိုအကြိုက်လိုက်၍ ပြောဆိုခြင်း မုဂ္ဂသုပျတာ မိစ္ဆာဇီဝ၊ လူတို့ကဲ့သို့ ဒါယကာတို့အောက် မိမိကိုယ်ကို နှိမ်ချ၍ အရိုအသေ ပြောဆိုခြင်း ပြုပြင်ခြင်း စာတုကမျတာ မိစ္ဆာဇီဝ၊ ဒါယကာတို့ နားခံသာအောင် ကြံဆောင် ပြောဆိုခြင်း ချစ်ဖွယ်သောစကားကို ပြောဆိုခြင်း ပိယဘာဏိတတာ မိစ္ဆာဇီဝ၊ ဒါယကာတို့ သဒ္ဓါတရားရှိကြပေသည်။ ငါတို့အား ကျေးဇူးများလှပေသည် စသည်ဖြင့် ပင့်မြှောက်ပြောဆိုခြင်း ဥက္ကာစနာ သမုက္ကစနာစသော မိစ္ဆာဇီဝ ဤသို့ စသော မိစ္ဆာဇီဝ စသည်တို့သည် ကုက္ကုစ္စနည်းပါး၍ မဟိစ္ဆာများသော ပုဂ္ဂိုလ် တို့အား လွန်စွာ ဖြစ်လွယ်တတ်ကုန်သည်၊ သည်မှတစ်ပါး –

ဂီဟိသံသဋ္ဌော ဝိဟရတိ အနနုလောမိကေဟိ ဂိဟိသံသဂ္ဂေဟိ။

ဝိဘင်းပါဠိတော်။ (ဝိ၊၄၊၉။)

အနနုလောမိကေဟိ ဂိဟိသံသဂ္ဂေဟီတိ အနနုလောမိက ဂိဟိသံ သဂ္ဂေါနာမ တိဿန္နံ သိက္ခာနံ အနနုလောမော ပစ္စနီက သံသဂ္ဂေါ၊ ယေန ဗြဟ္မစရိယန္တရာယံ ပညတ္တိ ဝိတိက္ကမံ သလ္လေခ ပရိဟာနိဥ္စ ပါပုဏာတိ။ သေယျထိဒံ၊ ရာဇ ရာဇ မဟာမတေဟိ သဒ္ဓိံ သဟ သောကိတာ သဟနန္ဒိတာ သမာနသုခဒုက္ခတာ ဥပ္ပန္နေ သုကိစ္စာ ကိစ္စေသု အတ္တနာဝယောဂံ အာပဇ္ဇနတာ။

ငင်းဝိဘင်း သမ္မောဟ ဝိနောဒနီ အဋ္ဌကထာ (၃၂၅–၆။) စူဠဝါပါဠိအဋ္ဌ ကထာ (ဝိ၊၅၊၄၊၂။) နည်းတူ။

ယင်းသို့သော ပါဠိအဋ္ဌကထာတို့နှင့်အညီ ယခုအခါ အချို့အရပ်ဝယ် ဂိုဏ်းအုပ်ဂိုဏ်းထောက် ဂိုဏ်းသား ရပ်ဆရာ ရွာဆရာဖြစ်သူတို့ မင်းဧကရာဇ် သဿမေဓ ငွေတော်တောင်းခံ ခွဲယူခြင်းအမှု လယ်တော် ပယ်မှု နယ်မှု ဆားတော် စသော ကုန်တော်မှု စသည်များကို စိုက်စွက်ပြောဆိုမိကြရာများ၌ ဆင်းရဲသား ကျွန်တော်မျိုးတို့ကို ချမ်းသာစေလို ချီးမြှောက်လိုသောစိတ်ဖြင့် စိုက်စွက်ပြောဆို ထိုထိုမှုခင်းကြီးငယ်ကို ကြည့်ရှုစီရင်သော ဆင်းရဲသားလူတို့နှင့်လည်းကောင်း၊ မင်းဧကရာဇ်အကျိုး ဖွံ့ဖြိုးအောင် မျက်နှာရှိအောင် ကြံဆောင်နေလုံးထား၍ မဟိစ္ဆာ တရားဖြင့်ပြုမိသော် မင်းဧကရာဇ်နှင့်လည်းကောင်း ယင်းမင်းဆင်းရဲသားနှစ်ပါးတို့ နှင့်ပင် ရဟန်းတို့မှာ သဟသောန္ဒီ ဂိဟိသံသဂ္ဂေ မိစ္ဆာဇီဝ ဂိဟိကမ္မအမှုတို့မှ မလွတ်နိုင်ကုန်။

အနဇာနာမိ ဘိက္ခဝေ ရာဇာနံ အနုဝတ္တိတုံ (ဝိ၊၃၊၁၉၃) ဟူ၍ ဟောတော် မူသောကြောင့် တိုင်းနိုင်ငံသားလူတို့ ချမ်းသာမှ ရဟန်းသံဃာတို့ ချမ်းသာသည်၊ သာသနာတော် ထင်ပေါ်ထွန်းလင်းနိုင်သည်။ ယင်းသို့သော အကြောင်းများကို ရည်သန်၍ သာသနဒါယကာ မင်းဧကရာဇ်တို့ ပြင်းပြစွာသော အလိုဆန္ဒဖြင့် တိုက်တွန်းခြင်းရှိသည် ဖြစ်၍ မင်းတို့အလိုသို့ လိုက်ရာ၌ အပြစ်မရှိသည်ယူရမည်မှာ လည်း –

ရာဇာနံ အနုဝတ္တိတုန္တိ ဝဿုပကမနေ ဘိက္ခူနံ ကာစိပရိဟာ ရိနာမ နတ္ထိတိ ကတ္ဝာ နအညာတံ၊ တသ္မာ အညသ္မိံပိ ဓမ္မိကေ ကမ္မေ အနုဝတ္တိတဗ္ဗော။ အဓမ္မိကေ ပန ကဿစိ န အနုဝတ္တိတဗ္ဗံ။

ငင်း အဋ္ဌကထာ (ဝိ၊၄၊၃၊၃၄၈-၉) ပါဠိနှင့်အညီ မင်းတို့အလိုသို့ လိုက်အပ်၏ဟု ဟောတော်မူသော်လည်း အရာခပ်သိမ်း လိုက်အပ်သည်မဟုတ်။ ရဟန်းတို့အား တစ်စုံတစ်ရာ သိက္ခာတရားပျက်ပြား ဆုတ်ယုတ်မရှိသော ဝါဆို ဝါကပ်တရားနှင့် သင့်မြတ်သော အရာတို့ကိုသာရည်၍ ခွင့်ပြုတော်အပ်သည်ဟု မှတ်အပ်၏။ ယင်းသို့ဖြစ်၍ ပရိသုဒ္ဓသမာအာဇီဝကို အလိုရှိသောပုဂ္ဂိုလ်တို့သည် ဆိုအပ်ခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာသုံးရပ်တို့ကို အဓိပ္ပာယ်သွားနှင့်တကွ နားလည်အောင် လေ့လာသင်ကြားမှတ်သားခြင်းကိုပြု၍ ပညတ်တော်မူအပ်သော မိစ္ဆာဇီဝအကြောင်း မကောင်းသော ရာဇရာဇ မဟာမတ္တစသောလူတို့နှင့် သဟ သောကီ သဟနန္ဒီ ဂိဟိသံသဂ္ဂ မိစ္ဆာဇီဝအမှုတို့မှ လွတ်ကင်းအောင် အထူးသဖြင့် သတိပြုအပ်ကြ ကုန်ရာသည်။

သာသနာတော်၏ စင်ကြယ်ထွန်းလင်းတောက်ပခြင်းကို အလိုရှိသော သာသနဒါယကာပြည့်ရှင် မင်းတို့သည်လည်း ယင်းသို့ ရဟန်းတော်တို့နှင့် အပ်မရာ မိစ္ဆာဇီဝဖြစ်ကြောင်း သာသနာတော် ညစ်နွမ်းကြောင်း နောင်ဒိဋ္ဌာနုဂတိသို့ လိုက်၍ သားတော်အစဉ် မြေးတော်အဆက် မြစ်တော်အညွန့် အဓွန့်ရှည်စွာ မင်းတကာတို့သည်ပင်လျှင် ယင်းကဲ့သို့ ရဟန်းတော်တို့နှင့် ပူးပေါင်းတိုင်ပင်၍ တိုင်းနိုင်ငံ ချမ်းသာအောင် အထင်အမှတ်ဖြင့် ရဟန်းတို့နှင့် မအပ်မရာ မိစ္ဆာဇီဝ ဂိဟိသံသဂ္ဂအမှု၌ တိုက်တွန်းနှိုးဆော်ခြင်းကို ပြုမိကြခြင်းအကြောင်း ဖြစ်သည်။ နောင်အဆက်ဆက် သာသနာတော်ပျက်စီး ညှိုးနွမ်းခြင်းအကြောင်း ဖြစ်သည်။

ယင်းသို့ဖြစ်၍ ဥဇုံ ဂစ္ဆတိ ပုင်္ဂဝေါ စသော ပါဠိတော် (အံ၊၁၊၃၈၇။) နှင့် အညီ ပြည့်ရှင်မင်း တို့ဟူက တိုင်းနိုင်ငံသူ ရှင်လူရဟန်းအများတို့ ခိုကိုးရာ ရှေ့ဆောင်ရာ ဦးတည် အကြီးဖြစ်သည်နှင့်အညီ မြစ်တစ်ဖက်ကူးသော လိမ္မာသော နွားလားဥသဘပမာ သမုဒ္ဒရာ ထိုမှာဘက်ကမ်းသို့ ကူးသန်းသောရေကြောင်း လေကြောင်းအရာ အလွန်လိမ္မာသော ပဲ့ကိုင် ပဲ့ဦးကိုင် နာဝိကနှင့်အတူ အလုံးစုံ ရှင်ရဟန်းတို့ ငြိမ်းချမ်း၍ သာသနာတော်ထွန်းလင်းကြောင်း ကောင်းမြတ်သော ရဟန်းတရား လူတရား နှစ်ပါးလုံးပင် ဆုတ်ယုတ်ပျက်ပြား မရှိရအောင် ကြံဆောင် လုံ့လပြုအပ်ကုန်ရာ သည်။ အကယ်၍ စိုးမင်းတို့ မသင့်သော တိုက်တွန်းခြင်းဖြင့် တိုက်တွန်းစေကာ ရဟန်းတို့ဟူက -

**ပါတိမောက္ခံ ဝိသောဓေန္တော၊ အပ္ပေဝ ဇီဝိတံ ဇဟေ။**

**ပညတ္တံ လောကနာထေန၊ န ဘိန္ဒေ သီလသံဝရံ။** (ဝိသုဒ္ဓိ၊၁၊၃၅)

ကျမ်းဂန်လာသည့်အတိုင်း တမျှင်မျှသောမြီးဆံ၏အတွက် အသက်ကို စွန့်နိုင်သော စာမရီသား ပုံထုံးများကို နှလုံးထား၍ စိုးမင်းတို့နှင့် မျက်နှာပျက်

ရမည်ကို ထောက်ထား၍ ဘုရားရှင်မျက်နှာ ကိုယ်ကျင့်သိက္ခာကို ထော
လေးစားမှုမှ မသူတော်တို့ အကျင့်လမ်းသို့ မလိုက်မှားမိအောင် အထူးသတိရှိအပ်
ကြကုန်ရာသည်။

# နိဿဂ္ဂိယကဏ္ဍ

## စီဝရဝဂ် ပ-ဒု ကထိနသိက္ခာပုဒ်

တိံသနိဿဂ္ဂိယ ပါစိတ်သိက္ခာပုဒ်တို့တွင် ပထမ၊ ဒုတိယ၊ ကထိနသိက္ခာပုဒ်ရာတို့၌ ဖျင်သင်္ကန်း အစရှိသည်တို့ကို ရသည့်နေ့မှစ၍ ဆယ်ရက်အတွင်းတွင် အဓိဋ္ဌာန်ဝိကပ္ပနာ မတင်မပြု ဘဲ အမှတ်မဲ့သုံးဆောင်မိခြင်း၊ အမည်ဖြင့် အဓိဋ္ဌာန်တင်သော သင်္ကန်းကို ဟတ္ထပတ်ကင်း၍ အရုဏ်တက်စေခြင်း မရှိရအောင် နန္ဒင်းဆိုး၊ ပေါက်ပွင့်ဆိုး၊ ပိုးပိတ်နီ စသော မအပ်သော ဆိုးရေရှိသော သင်္ကန်း၊ မြို့တော်ဈေးတန်း အချုပ်တန်း လူတို့ချုပ်ဆိုးကြသော သင်္ကန်းများတို့ကဲ့သို့ မပြတ်ဘဲချုပ်သောသင်္ကန်း၊ နန္ဒင်းရော၍ ဆိုးသောသင်္ကန်း၊ သက္ကလပ်သင်္ကန်းကဲ့သို့ အလျားအနံ အနားပတ် အသီးအခြား မတင် အနားပတ်ရောင်မျှသာ တင်သောသင်္ကန်း၊ မည်သည့် ရဟန်းသာမဏေတို့လက်မှ မည်သို့သောအခြင်းအရာဖြင့် ဖြစ်သည်မူလရင်းကို မသိသူတို့လက်မှ ရအပ်သော ခဝါသင်္ကန်း၊ ဆိုးရေအဆင်းနှစ်ပါး၌ ပင်လျှင် ဧကန်သံသယဖြစ်သင့်သော ဖဲ ကတ္တီပါသင်္ကန်း၊ ဆိုးရေကို အသေအချာမသိသည်ဖြစ်၍ သံသယရှိသင့်သော သက္ကလပ်သင်္ကန်း စသည်များကို မဝတ်မိမရုံမိအောင် သတိပြုခြင်း၊ ကပ္ပဗိန္ဒုထိုးရာ တစ်ထောင့်တည်း၌ နှစ်ပေါက်သုံးပေါက်စသည်စု၍ မထိုးမိအောင် တစ်ထောင့်တည်းမျှသာ ထိုးမိအောင် ဗိန္ဒု မထိုးသေးသောသာမဏေတို့သင်္ကန်း သင်းပိုင် ရေသနုပ်စသည်များကို အခိုက်အတန့် ရေချိုးရုံမျှမဝတ်မိအောင် လက်သန်းလက်သည်းမျှ ပမာဏအပေါက်ရှိသော သင်္ကန်းကိုတဖန်ဖာချုပ်၍ အဓိဋ္ဌာန်တင်မိအောင် "သင်္ကန်းဟူသမျှကို ပရိက္ခာရစောဠချည်းမတင်ဘဲ သုံးထည်ကို အမည်ဖြင့်တင်ခြင်း၊ ကြွင်းသော ဝတ်ရုံလောက်သောသင်္ကန်းကို ဝိကပ္ပနာပြု၍ ကြွင်းသော အလျားတစ်ထောင့်ထွာ အနံတစ်ထွာခွဲပမာဏရှိသော ပုဝါ၊ ဖျင်၊ ပုဆိုး စသည်တို့ကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်၍ ဝိနယဂရုဆရာကြီးဆရာမြတ်တို့ သုံးဆောင်နည်းအတိုင်း သုံးဆောင်မိအောင်"၊ ကုက္ကုစ္စကသိက္ခာကာမပုဂ္ဂိုလ်မှန်လျှင် ၎င်းဆိုအပ်ခဲ့သော အလုံးစုံကို အာပတ္တိဝါရ ဟုတ်သော

မဟုတ်သော အမြွက်လေသ မရှာမကြံဘဲ ဆိုအပ်ခဲ့ပြီးသော ဝိနယဂရုဆရာကြီးတို့ သုံးဆောင်နည်းအတိုင်း နေရာတကျ သုံးဆောင်မိကြအောင် အထူးသတိပြုအပ် ကုန်ရာသည်။

## ရာဇဘောဂသိက္ခာပုဒ်

ရာဇဘောဂသိက္ခာပုဒ်အရာ၌လည်း –

**ဒူတေန ဟိ ဇဝံ အာရောစိတေယေဝ တံ စောဒေတုံ ဝဋ္ဋတိ၊**

**နေဝ တဿဟတ္ထေ ဒတွာ ဂတမတ္တကာရဏေန။**

ငင်းမာတိကာ အဋ္ဌကထာ (ကခ်ါ၊၁၇၀) ပါဌ်၌ လာတိုင်း သက်န်းဖိုး အလှူ လာရာ ဆွမ်းတော်စရိတ် ပို့လာရာတို့၌ ရဟန်းညွှန်ဖြစ်စေ တမန်ညွှန်ဖြစ်စေ ရဟန်းမျက်ကွယ် ကပ္ပိယကာရကလူတို့ထံ တမန်တို့အပ်နှံထားခဲ့ကာမျှဖြင့် လည်းကောင်း၊ ကပ္ပိယလူတို့အား ကပ္ပိယပစ္စည်းသော်လည်း တောင်းယူခြင်းငှာ မအပ်၊ ထိုကပ္ပိယ လူတို့က တပည့်တော်တို့အား အလိုရှိရာ တောင်းတော်မူပါဟူ၍ လည်းကောင်း၊ တမန်လူတို့က အရှင်ဘုရား အလိုရှိရာ ဤကပ္ပိယလူတို့ထံ တောင်းတော်မူရစ်ပါဟူ၍ လည်းကောင်း ဖိတ်ကြားမှသာလျှင် တောင်းခြင်းငှာ အပ်သည်။

**ဒူတော စ သမ္မုခါ ဇဝ တဿ ဟတ္ထေ စေတာပန္နံ ဒတွာ "ထေရဿ စီဝရံ ကိဏိတွာ ဒေဟီတိ ဝတွာ ဂစ္ဆတိ၊ ဇဝံ သညတ္တော သော မယာ" တိ အဝုတ္တေပိ စောဒေတုံ ဝဋ္ဋတိ။**

ငင်း အဋ္ဌကထာ (ကခ်ါ၊၁၇၀) ပါဌ်နှင့်အညီ ရဟန်းညွှန်အပ်သော ကပ္ပိယကာရကတို့ထံ တမန်လူတို့ ရဟန်းမျက်မှောက် အပ်ထားခဲ့သော်လည်း မထေရ်အား ဆွမ်း သင်္ကန်း လှူရစ်ပါ။ ဤသို့မမှာထားခဲ့ဘဲ သာမည အပ်ထားခဲ့ကာ မတ္တဖြင့် မတောင်းအပ်။

**စီဝရတ္ထိကေန ဘိက္ခဝေ ဘိက္ခုနာ။ လ။ "အတ္ထော မေအာဝုသော စီဝရေနာ" တိ န ဝတ္တဗ္ဗော" ဒေဟိ မေ စီဝရံ၊ အာဟာရမေ စီဝရံ၊ ပရိဝတ္တေဟိ မေ စီဝရံ၊ စေတာပေဟိ မေ စီဝရ" န္တိ။**

ပဒဘာဇနီ (ဝိ၊၁၊၃၂၇) နှင့်အညီ အကယ်၍ မထေရ်အား လှူဒါန်းပါဟု မှာထားခဲ့သော် လည်း ဆွမ်းသင်္ကန်းဖြင့် အလိုရှိသည်ဟူ၍သာ တောင်းအပ်သည်၊

ဆွမ်းပေးလော သင်္ကန်းပေးလောဟူ၍ တောင်းခြင်းငှာ မအပ်သေး၊ ထို့ကြောင့် ယခုအခါ ဆွမ်းတော် စရိတ်လှူဒါန်းရာ သဗ္ဗကပ္ပိယဖြစ်အောင် သုံးဆောင်လိုကုန်သော ပုဂ္ဂိုလ်တို့သည် ဤဆိုလတံ့သောနည်းဖြင့် ကျင့်အပ်ကုန်ရာသည်။ ဒါယကာတို့ ဆွမ်းတော်စရိတ်ကို ယူလာခဲ့၍ မိမိထံရောက်သည့်အခါ အရှင်ဘုရားအား ဆွမ်းတော်လှူဒါန်းလိုပါသည်။ ကပ္ပိယကာရက ညွှန်းတော်မူပါဟူ၍လည်းကောင်း မည်သို့ အထူးမဆိုမူ၍ ကပ္ပိယကာရကညွှန်းတော်မူပါဘုရားဟူ၍လည်းကောင်း တောင်းသည်ရှိသော် ဤသူပင်တည်းဟု မိမိကညွှန်ပြလိုက်၍ ထိုညွှန်ပြသော ကပ္ပိယကရကထံ အပ်နှံပြီးနောက် မိမိထံလာရောက်၍ဖြစ်စေ တမန်စေလွှတ်၍ဖြစ်စေ မည်သည့်ကပ္ပိယ ကာရကထံ ဆွမ်းဆန်အပ်နှံထားခဲ့ပါသည် အရှင်ဘုရား။ အလိုရှိရာ ပစ္စည်းဝတ္ထုကို တောင်းတော်မူပါ။ ဤသို့ လျှောက်ထားသည် ရှိသော် သဗ္ဗကပ္ပိယ ဖြစ်၏။ အလုံးစုံတောင်းခြင်းငှာ အပ်၏။ ယင်းသို့ တောင်းသောအခါ၌လည်း တစ်ပြားဖိုး၊ နှစ်ပြားဖိုး ကပ္ပိချေဟု အနာမာသဝတ္ထုနှင့် စပ်၍ အရိပ်အမြွက်မျှ မထွက်စေဘဲ ဆန်တစ်ခွဲဖိုး၊ တစ်တင်းဖိုး စသည်ဖြင့် ကပ္ပိယဝတ္ထုနှင့်သာစပ် စေခိုင်းသော်သာအပ်သည်ဖြစ်၍ ယင်းသို့သော အရာများကိုလည်း နှလုံးအထူး ထားကြအပ်ကုန်ရာသည်။ အကတ ဝိညတ်အရာ၌ –

**တဿ ဉာတကေ ဝါ ပဝါရိတေ ဝါ တံယေဝ သန္တာယ**

**စီဝရံ ဝိညာပေန္တဿ အနာပတ္တီတိ ဝုတ္တံ ဟောတိ။**

ဝိနိစ္ဆယ ဋီကာ (၁၊၃၀) ပါဌ်နှင့်အညီ တစ်စုံတစ်ယောက်သော ရဟန်း၏ အလိုငှာ ထိုရဟန်း၏ သညာတိပဝါရိတထံ တောင်းအပ်သည်ကိုသာ လာရကား အညာတက အပဝါရိတဒါယကာတို့ အလှူဒါနပြုသောအခါ ၎င်းတကာ၏ ဆရာဖြစ်သူ ပုဂ္ဂိုလ်တို့က မိမိအလိုရှိရာ အလှူမပါဝင်သော ရဟန်းတို့ကို ပင့်ဖိတ်အောင် ဝါယာမ စိုက်ထုတ် ပြုလုပ်မိကြခြင်းသည် ယင်းအကတဝိညတ် မိစ္ဆာဇီဝ အဖြစ်မှ မလွတ်နိုင် ကြကုန်၊ ယင်းသို့သော အခြင်းအရာများကို နှလုံးထား၍ မိမိနှင့်စပ်သော ဒါယကာတို့ အလှူပေးသောအခါ မိမိထံ အလုံးစုံ မဖိတ်ကြားလျှာဘဲ တစ်ပါးသောရဟန်း တို့အား အမှတ်မဲ့ မညွှန်ကြားမိအောင် တစ်ပါးသောရဟန်းနှင့် စပ်လျှဉ်းသော ဒါယကာတိုင်း အလှူပေးလို၍ ပင့်ဖိတ်လာသည့်အခါ ၎င်းဒါယကာကို ဆရာဖြစ်သူ ပုဂ္ဂိုလ်များက ညွှန်ကြားလိုက်လေသလားဟု ဆင်ခြင်အောက်မေ့၍ ယင်းသို့သော ပစ္စည်းများကို အမှတ်မဲ့ အလှူမခံမိအောင် အထူးသတိပြုအပ်ကြကုန်ရာသည်။

## ပတ္တဝဂ်ပဥမသိက္ခာပုဒ်

တတိယပတ္တဝဂ် ပဥမသိက္ခာပုဒ်အရာ၌လည်း အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သပိတ်ကို ရသည့်နေ့မှစ၍ ဆယ်ရက်အတွင်း အဓိဋ္ဌာန်မတင်မိ မရှိရအောင် သပိတ်အများရလျှင် တစ်လုံးကိုသာ အဓိဋ္ဌာန်တင်၍ ကြွင်းသောသပိတ်တို့ကို ဝကပ္ပနာပြု၍ သုံးဆောင်မိအောင် ဆပ်ထမင်းလုံး ထွက်လောက်ရုံမျှ အပေါက်ရှိသော သပိတ်ကို တဖန် ချုပ်စပ်ဖာထေး၍ အဓိဋ္ဌာန်တင်မိအောင် ၎င်းသပိတ်ဝယ် အာမိသ အညစ်အကြေး မတင်ရအောင် နေ့စဉ်မပြတ် အထပ်ထပ်ဆေး၍ သုံးဆောင်မိအောင်ဆေးပြီးနောက် ခြောက်အောင် မလှန်း သိုမှီးခြင်း နေပူ၌ အရှည် အကြာ လှန်းခြင်း မစင်ကြယ်သော မြေပေါ်၌ ချထားခြင်း စသည်ကို မဖြစ်စေရ။ သပိတ်၌ ပြုကျင့်ရာသောဝတ်ကို မချွတ်မယွင်း ပြုကျင့်မိအောင် နှလုံးထားအပ်ကုန်ရာသည်။

# ပါစိတ္တိယ ကဏ္ဍ

## မုသာဝါဒဝဂ် မုသာဝါဒသိက္ခာပုဒ်

သုဒ္ဓပါစိတ် ပဥမဝဂ် မုသာဝါဒ သိက္ခာပုဒ်အရာ၌လည်း ဆိုချင်မက်မောအဆောတလျင် ရှောင်တခင် အလိုင်းတကြီးပြောသဖြင့် အပြောလွန်၍ မုသာဝါဒဖြစ်မှန်းမသိ ဖြစ်တတ်သည်ကိုလည်း အထူးသတိပြုအပ်ကုန်ရာသည်။

**ဝိသံဝါဒန ပုရေက္ခရတာ, ဝိသံဝါဒနစိတ္တေန ယံ'မတ္တံ ဝတ္တုကာမော၊ တဿပုဂ္ဂလဿ ဝိညာပနပ္ပယောဂေါစာတိ ဣမာနေတ္ထ ဒွေအင်္ဂါနိ။**

အဋ္ဌကထာ (ကခ်ါ၊ ၁၉၀) ပါဠိနှင့်အညီ နှုတ်မြွက်၍ အထင်အရှား မလှည့်ဖြားသော်လည်း မပြုသည်ကို ပြုသကဲ့သို့ ပြုသည်ကို မပြုသကဲ့သို့ မာယာ သာဌေယျ ကိုယ်အမူအရာတို့ကို ပြုရာ၌လည်း ၎င်းမုသာဝါဒ အာပတ်ဖြင့် သံသယမကင်းသည် ဖြစ်၍ ၎င်းအမူအရာများကိုလည်း မပြုမကျင့် မလွန်မကျူးမိအောင် အထူးသတိပြုအပ်ကြကုန်ရာသည်။

## ဩမသဝါဒသိက္ခာပုဒ်

ဩမသဝါဒ သိက္ခာပုဒ်အရာ၌လည်း ယခုအခါ စိတ်ကြမ်းနှုတ်ကြမ်း၍ အချို့သော ရဟန်းတို့သည် ရဟန်းပဥ္စင်းလူသာမဏေတို့အား ငမိုက်၊ ငမဲ၊

ငကျွဲ၊ ငနွား၊ ခွေးလို၊ ဝက်လို စသည်ဖြင့် ထိုထိုစကားယုတ်တို့ကို ပြောဆိုသည့်အခါ ကိလေသာဖြင့် ဆဲရေးခြင်း ကသဉ်းကလဉ်း အစရှိသည်ဖြင့် ဆဲဆိုသည့်အခါ ဇာတ်ဖြင့် ဆဲရေးခြင်း ပါဒယက်သည် ဒူလာသည် စသည်ဖြင့် ဆိုမည်သောအခါ အနာဖြင့် ဆဲရေးခြင်းတို့မှ မလွတ်နိုင်ကုန်သည်ဖြစ်၍ ပါစိတ်ဒုက္ကဋ် ထိုက်သည့် အားလျော်စွာ အာပတ်သင့်တတ်သည့်အရာများကိုလည်း အထူးသဖြင့် ရှောင်ကြဉ် မိအောင် ယုတ်သောအပိုင်းအခြားအားဖြင့် ခွေးဝက် တိရစ္ဆာန်ကိုမျှ ဆဲရေးမြည်တွန် မပြုမိအောင် အထူးသဖြင့် နှလုံးထားအပ်ကြကုန်ရာသည်။

## ပေသုညသိက္ခာပုဒ်

ပေသုညသိက္ခာပုဒ်အရာ၌လည်း ရဟန်းသာမဏေတို့ အချင်းချင်း တစ်ပါးသည် တစ်ပါးအား ကွဲပြားခြင်း၏အကြောင်း မကောင်းသောစကားတို့ကို ဂုံးချောပြောဆိုမိရာ၌ ပါစိတ် ဒုက္ကဋ်ထိုက်သည့်အားလျော်စွာ အာပတ်သင့်တတ်သည့် အရာများကိုလည်း အထူးသတိပြုကြအပ်ကုန်ရာသည်။

## ပဒသောဓမ္မသိက္ခာပုဒ်

ပဒသောဓမ္မသိက္ခာပုဒ်အရာ၌လည်း ပိဋကသုံးပုံပါဠိဓမ္မများကို လူ သာမဏေတို့အား သင်ကြားပို့ချသည့်အခါ နှုတ်ခွန်းသံပြိုင် ပုဒ်ပြိုင်ပို့ချမိသဖြင့် အက္ခရာပုဒ် အရေအတွက် ပါစိတ်အာပတ်သင့်တတ်သည့် အရာများကိုလည်း အထူးသဖြင့် နှလုံးထားအပ်ကုန်ရာသည်။

## ပထဝီခဏနသိက္ခာပုဒ်

ပထဝီခဏနသိက္ခာပုဒ်အရာ၌လည်း ဤနေရာတူးလော ဆွလော မီးမွှေး လော မီးဖုတ်လော စေခိုင်းခြင်း စသည်ကိုပြုသဖြင့် ၎င်းအာပတ်သင့်တတ်သည့် အရာများကိုလည်း သတိပြုအပ်ကုန်ရာသည်။

## ဘူတဂါမဝဂ်ပဌမသိက္ခာပုဒ်

ဘူတဂါမဝဂ် ပဌမသိက္ခာပုဒ်အရာ၌လည်း စိမ်းရှင်သော မြက်သစ်ပင် စသော ဘူတဂါမ်ကိုကား လဇ္ဇီပေသလ ရဟန်းသာမန်တို့သည်ပင် လွန်ကြူးခြင်း မဖြစ်တဲ့ရာ ၎င်းသိက္ခာပုဒ် ဒုက္ကဋ်ဝါရ ဗီဇဂါမ်ကိုမူကား –

**ဘူတဂါမတော ဝိယောဇိတံ ပန ဗီဇဇာတံ ပုနပိ ကပ္ပိယံ ကရောဟီတိ ကာရေတဗ္ဗံ ပရိဘုဥ္ဇိတဗ္ဗံ။**

မာတိကာအဋ္ဌကထာ(ကခ်ါ၊၁၉၈)ပါဠ်နှင့်အညီ တဖန် ပေါက်ရောက်စေကောင်းသော မူလဗီဇ အဂ္ဂဗီဇ စသော ဝတ္ထုတို့ကို အဂ္ဂိနာဝါ နခေနဝါ သတ္ထေနဝါ ကာတဗ္ဗံ။ ၎င်းအဋ္ဌကထာလာတိုင်း မီးလက်သည်း စသည်တို့ဖြင့် ကပ္ပိရာ၌လည်း အဂ္ဂိ–နာဇကေဒေသေ ဖုသန္တေန ကပ္ပိယန္တိ ဝတ္တဗ္ဗံ ကာတဗ္ဗံ–၎င်း (ကခ်ါ၊၁၉၈) အဋ္ဌကထာလာတိုင်း လူသာမဏေတို့အား ငရုတ်သီးအစရှိသည်တို့ကို မီးဖုတ်စေသည်ကို မယူမူ၍ ဓားငယ်ဖြင့် ကပ္ပိယကဲ့သို့ ကပ္ပိလိုသောဝတ္ထု၌ မီးဖြင့်ထိစေ၍ ကျွမ်းစေ၍ ကပ္ပိမိအောင် လူသာမဏေတို့ဖုတ်၍ ထောင်း၍ ဆောင်ယူခဲ့သော ငရုတ်သီးထောင်း အစရှိသည်ကိုလည်း လူသာမဏေတို့ ဖုတ်ခြင်းမျှသာဖြစ်၍ သမဏကပ္ပိယ မဟုတ်သေးသောကြောင့် ၎င်းဝတ္ထုအတွင်း၌ မီးမဖုတ်မိသော အချို့သောငရုတ်စေ့ စသည်တို့နှင့် ရောနှောမိခြင်း မကင်းနိုင်ရာသည်ဖြစ်၍ ကုက္ကုစ္စက သိက္ခာကာမပုဂ္ဂိုလ်မှန်လျှင် လူသာမဏေတို့ မီး၌ဖုတ်ကာမျှဖြင့် တင်းတိမ်အားရဝိဂတ ကုက္ကုစ္စ မပြုမူ၍ တဖန်ထပ်၍ ကပ္ပိယဖြင့် ဝိနယဂရု ပုဂ္ဂိုလ်တို့ကျင့်ရိုးအတိုင်း နေရာကျ ကျင့်ဆောင်၊ ဒါးလက်သည်းနှင့် ကပ္ပိသောအခါ၌လည်း ဓားနှောင့် လက်ထိပ် စသည်ဖြင့် ပွတ်နိုပ်ချေခြင်းကို မပြုမိစေဘဲ ဝေဓံဝါ ဆေဒံဝါ ဒဿေန္တေနတထေဝ တကာတဗ္ဗံ – ၎င်း (ကခ်ါ၊၁၉၈) အဋ္ဌကထာလာတိုင်း ဓားသွားလက်သည်းဖျားအရာ ထင်စေသဖြင့် ကပ္ပိခြင်းကို ပြုမိအောင်။ ယင်းသို့ ကပ္ပိသောအခါ၌လည်း –

**'ကပ္ပိယ' န္တိ ဝတ္တဗ္ဗဝါတိ ပုဗ္ဗကာလကြိယာဝသေန ဝုတ္တေပိဝစနက္ခဏေ ယေဝ အဂ္ဂိသတ္ထာဒိနာ ဗီဇဂါမေ ဝဏံ၊ ကာတဗ္ဗန္တိ ဝစန တော ပန ပုဗ္ဗေ ကာတုံ နဝဋ္ဋတိ။**

ဝိမတိဋီကာ (၂၊၁၂) ပါဠ်နှင့်အညီ "ကပ္ပိယံ ဘန္တေ" ဟူသော စကားကို မဆိုသေးခင် ရှေးဦးတင်၍ မကပ္ပိစေဘဲ ၎င်းစကားနှင့်တစ်ပြိုင်နက်ကျစေသဖြင့် ကပ္ပိစေမိအောင် ယင်းသို့ ကပ္ပိသောအခါ၌လည်း ဆိုပြီးသော အတိုင်းနေရာကျ ဒဠှီကမ္မဖြစ်၍ ကုက္ကုစ္စအထူး ကင်းစေခြင်းငှာ တစ်ကြိမ်နှစ်ကြိမ် စသည်ထပ်၍ ကပ္ပိစေသဖြင့် ကျင့်ဆောင်ရိုး ဝိနယဂရုသို့ လိုက်သဖြင့် ကျင့်ဆောင်မိအောင် နှလုံးထားအပ်ကုန်ရာသည်။

## အညဝါဒကသိက္ခာပုဒ်

အညဝါဒက သိက္ခာပုဒ်အရာ၌လည်း အာပတ်ကြီးငယ်ဖြင့် သူတစ်ပါးတို့အား တရားနှင့်အညီ ပြောဆိုဆုံးမလာရာ ဖြောင့်မှန်စွာ ဝန်ခံခြင်းကိုမပြု

မိမိအမှုကို ဖုံးလွှမ်းလိုသဖြင့် ထိုထိုအလွတ်စကားများစွာ ဖာဖာထေးထေး [redacted] ရာ၌ –

အနာရောပိတေ ပန အညဝါဒကေ ဝါ ဝိဟေသကေ ဝါ
တထာ ကရောန္တဿ ဒုက္ကဋမေဝ။

၎င်းအဋ္ဌကထာ (ကင်္ခါ၊ ၁၉၉) ပါဠိနှင့်အညီ အညဝါဒက ဝိဟေသက ကမ္မဝါစာဖြင့် ၎င်းကံသို့ မတင်သော်လည်း ယခုအခါ အချို့သော ပရိယာယ်မာယာ များသော ဒုဗ္ဗစရဟန်းတို့ကဲ့သို့ မိမိအမှုကို ဖုံးလွှမ်းလို၍ ထိုထိုအလွတ်စကား ပြောဆိုရာ၌လည်းကောင်း၊ မေးမြန်းသည့်စကားကို မဖြေမပြော တုဏှိဘောနေခြင်း တို့၌လည်းကောင်း ဒုက္ကဋ်အာပတ် မလွတ်နိုင်ရာ နှလုံးထား၍ ယင်းသို့သော အရာများကိုလည်း မလွန်ကျူးမိအောင် အထူးသတိပြုကြကုန်ရာသည်။

## ဥဇ္ဈာပနကသိက္ခာပုဒ်

ဥဇ္ဈာပနက သိက္ခာပုဒ်အရာ၌လည်း အဂတိသို့ မလိုက်မလာ တရားဖြောင့်စွာ စီရင်ကျင့်ဆောင်သော ပုဂ္ဂိုလ်ကို ထိုထိုအမျက်ထွက်သဖြင့် ကဲ့ရဲ့လိုသော စိတ် ရှိသည်ဖြစ်၍ အဂတိဖြင့် စွပ်စွဲပြောဆိုမိသည့်အခါ –

**အသမ္မတဿစ အဝဏ္ဏံ ယဿ ကဿစိ သန္တိကေ ဘဏန္တဿ၊**
**အနုပသမ္ပန္နဿ ပန သမ္မတဿ ဝါ အသမ္မတဿ ဝါ အဝဏ္ဏံ**
**ယဿ ကဿစိဒေဝ သန္တိကေ ဘဏန္တဿ စ ဒုက္ကဋမေဝ။**

၎င်းအဋ္ဌကထာ (ကင်္ခါ၊ ၂၀၀) ပါဠိနှင့်အညီ သမ္မုတိမရ သာမညရဟန်း သာမဏေကိုပင် မျက်ကွယ်ရာ သူတစ်ပါးထံ ပြစ်တင်ကဲ့ရဲ့ အရွဲ့ဖြင့် အတင်း ပြောဆိုတတ်သော ပုဂ္ဂိုလ်အား ဒုက္ကဋ်အာပတ် ခွန်းတိုင်းများစွာ အခါခါ သင့်တတ် သည်များကို နှလုံးထားသဖြင့် သူတစ်ပါးကို ကျေးဇူးမဲ့ ကဲ့ရဲ့ပြစ်တင်ခြင်းကို မပြုမိအောင် အထူးသတိထားအပ်ကုန်ရာသည်။

## သံဃိကသေနာသနသိက္ခာပုဒ်

သံဃိကသေနာသန သိက္ခာပုဒ်အရာ၌လည်း အကျွမ်းဝင်သောပုဂ္ဂိုလ် ဥစ္စာမှတစ်ပါး မည်သည့်သံဃိက ပုဂ္ဂလိကဥစ္စာမဆို ထိုထိုသူတစ်ပါးတို့ဥစ္စာကို ငှားရမ်းသိမ်းယူပြီးနောက် တစ်ခေါက်တစ်ခါ သူ့နေရာသို့ရောက်အောင် မယူဆောင် မပန်မကြား မပြောမထားဘဲ အမှတ်မဲ့ပစ်ထားခဲ့သော ပုဂ္ဂိုလ်တို့အား –

ယံဝါ ပန ကိဉ္စိ ဒါရုဘဏ္ဍံ မတ္တိကာဘဏ္ဍံ အန္တမသော ပတ္တာဓာရကမ္ပိ ပုတ္တလက္ခဏော အန္ခောကာသေ ထပေတွာ ဂစ္ဆန္တဿ ဒုက္ကဋမေဝ။

၎င်းအဋ္ဌကထာ (ကင်္ခါ၊၂၀၂) ပါဠ်နှင့်အညီ အိပ်ခင်းနေရာ ဖျာရိုင်သင်ဖြူး မှုသာမက ပန်းကန်ခွက်သောက် စသော အလုံးစုံသော မြေဘဏ္ဍာ သစ်ဘဏ္ဍာတို့ကို ပင် ဥားရမ်းသိမ်းယူပြီး တဖန်နေရာရင်းသို့ ရောက်အောင် ဆောင်ပို့ပန်ကြားခြင်းကို မပြု အမှတ်တမဲ့ ပစ်ထားရာတို့၌ ဒုက္ကဋ်အာပတ်မှ မလွတ်နိုင်သည်များကို နှလုံးထား၍ ယင်းသို့သော သိက္ခာပုဒ်တော်များကိုလည်း လုံခြုံစွာ ဖြည့်ကျင့်မိအောင် သတိ အထူးပြုအပ်ကုန်ရာသည်။

## ဘောဇနဝဂ် ပဝါရိတသိက္ခာပုဒ်

ဘောဇနဝဂ် ပဝါရိတ သိက္ခာပုဒ်အရာ၌လည်း "အသနံ ပညာယတိ၊ ဘောဇနံ ပညာယတိ၊ ဟတ္ထပါသေ ဌိတော အဘိဟရတိ၊ ပဋိက္ခေပေါ ပညာယတိ" စသည်ပါဠိတော် (ဝိ၊၂၊၁၁၁) နှင့်အညီ ဆွမ်းစားဆဲ ပဝါရိတ်လောက်သော ခဲဖွယ်ဘောဇဉ် ကပ်လာသည့်အခါ တန်ပြီဟုမြစ်ပြီး၍ အတိရိတ် ဝိနည်းကံမပြုဘဲ တဖန် နေရာမှထပြီးသည့်နောက် သုံးဆောင်ရာဝယ် ပါစိတ်အာပတ် သင့်တတ်သည့် အရာများကို နှလုံးထား၍ ၎င်းအာပတ်မှ လွတ်စေခြင်းငှာ ဆွမ်းစားရာဝယ် ယူဆောင်လာသော စားဖွယ်ဘောဇဉ်ကိုပါ တန်ပြီဟု တရံတစ်ဆစ် မမြစ်မိအောင် မြစ်မိ၍ရှိက နေရာမှ ထပြီးသောအခါ အတိရိတ်ဝိနည်းကံ မပြုဘဲ ခဲဖွယ်ဘောဇဉ် တို့ကို မစားမိအောင် အတိရိတ်ဝိနည်းကံပြုသောအခါ၌လည်း ဆွမ်းစားဆဲ ရဟန်းတစ်ပါးထံ မိမိသပိတ် ကို ယူဆောင်၍ စဉ်းငယ်ညွတ်၍ ဆောင့်ကြောင့်ထိုင်၍ "အတိရိတ္တံ ကရောထ ဘန္တေ" – မိမိကဆိုပြီးသည့်အခါ "အလ မေတံသဗ္ဗံ" – ဟု ဆို၍ ၎င်းရဟန်းတစ်ပါးက ပြန် ၍ ဖြေသည့်အခါမှ သုံးဆောင်မိအောင်၊ တဖန် မလောက်တတ်၍ အတိရိတ် ဝိနည်းကံ ပြုပြန်လိုလျှင် ယခင်ပြုဖူးသော ပုဂ္ဂိုလ်ထံ ယခင်ပြုဖူးသောအာမိသ လျှုကပ်သောသပိတ်နှင့်ထည့်၍ မပြုမိအောင် အတိရိတ်ဝိနည်းကံ ပြုအပ်သော ခဲဖွယ်ဘောဇဉ်မှတစ်ပါး အခြားသော ခဲဖွယ် ဘောဇဉ်တို့ကို မသုံးဆောင်မိအောင် ကျင့်ဆောင်သဖြင့် ၎င်းပဝါရိတသိက္ခာပုဒ် အာပတ်မှလွတ်အောင် အထူး သတိရှိကြအပ်ကုန်ရာသည်။

## ဝိကာလဘောဇနေသိက္ခာပုဒ်

ဝိကာလဘောဇန သိက္ခာပုဒ်အရာ၌လည်း ယာမကာလိကာဒီနိ **အာဟာ** ရတ္ထာယ ပဋိဂ္ဂဟဏ အဇ္ဈောဟာရေသု ဒုက္ကဋံ–၎င်းအဋ္ဌကထာ (ကဒ်ါ၊၂၂၅) ပါဌ်နှင့်အညီ ယခုအခါ အကြောင်းမဲ့ နေလွဲကွမ်းစား ဆေးဝါး ဇီးဖြူ ဖန်ခါး စားသောက်ကြသော ပုဂ္ဂိုလ်တို့အား အကပ်ခံဆဲအခါ ဆေးရေကွမ်းဖတ် မျိုတိုင်း မျိုတိုင်းအခါတို့၌ ကွမ်းသွေး ကွမ်းရေတို့သည် ကွမ်းယာစားပြီးနောက် ဝင်တိုင်း ဝင်တိုင်း ဒုက္ကဋ် အာပတ်များစွာ သင့်တတ်ရကား ၎င်းအာပတ်တို့ဖြင့် သီလညှိုးနွမ်း ပျက်စီးခြင်း မရှိရအောင် နေမလွဲခင်ပင် ဖြစ်သော်လည်း နေ့ဆွမ်းစားပြီးသည့်အခါ များစွာထပ်ထပ်စားအပ်သော ထုံးရားစေးကွမ်းရွက်တို့ကို စွဲ၍ဖြစ်သော ကွမ်းရေ ကွမ်းသွေးတို့၏ အလွန်ဆေးလျှော် သုတ်သင်ခက်ခြင်း ဒုဗ္ဗိသောဓနေဖြစ်၍ မွန်းလွဲ ညနေတိုင်အောင်ပင် အာခံတွင်းမှ ကွမ်းသွေးအဆင်းအနံ့ မပြယ်မပျောက်နိုင်သဖြင့် ကုက္ကုစ္စ မကင်းနိုင်ရာဟု အတိကုက္ကုစ္စက ဝိနယဂရုပုဂ္ဂိုလ်အချို့တို့ နေ့ဆွမ်း စားပြီးနောက် တစ်ကြိမ်တစ်ခါမျှ ကွမ်းဆေးမစားဘဲ အမြဲရှောင်ကြသည်များကို ထောက်ထားသဖြင့် တတ်စွမ်းနိုင်၍ ရှိလျှင် ၎င်းနည်းအတိုင်း ကျင့်နိုင်အောင် မတတ်စွမ်းနိုင်၍ နေ့ဆွမ်းစားပြီးနောက် ကွမ်းဆေးစားမိသည့်အခါ ရေဒန်ပူတို့ဖြင့် အခါခါ အထပ်ထပ် အကြိမ်များစွာ သုတ်သင်ဆေးလျော်မိအောင် နေလွဲသည့်အခါ ခံတွင်းနံခြင်း ပုပ်ခြင်း စသော အကြောင်းအနည်းငယ်ကို ပရိယာယ်ရှာကြ၍ လွန်ကျူးစားသောက်ခြင်းကို မပြုမိအောင် အထူးရှောင်ကြဉ်အပ်ကုန်ရာသည်။

## သန္နိဓိကာရသိက္ခာပုဒ်

သန္နိဓိသိက္ခာပုဒ်အရာ၌လည်း –

**သတ္တာဟကာလိက ယာဝဇီဝကာနံ ပန အာဟာရတ္ထာယ ပဋိဂ္ဂဟဏေအဇ္ဈောဟာရေ စ ဒုက္ကဋံ။**

၎င်း အဋ္ဌကထာ (ကဒ်ါ၊၂၂၆) ပါဌ်နှင့်အညီ ရှေးနေ့အကပ်ခံအပ်သော ပုရေပဋိဂ္ဂဟိတ ယာဝဇီဝကဖြစ်သော ကွမ်းဆေးအစရှိသည်တို့ကို ပုနဒိဝသ၌ အနာဟူသော အကြောင်းမရှိဘဲ ကာလအကာလမဆို ထိုထိုဆေးကွမ်းတို့ကို အကပ်ခံတိုင်း သုံးဆောင်တိုင်း ကွမ်းရေကွမ်းသွေးဝင်တိုင်း ဒုက္ကဋ်အာပတ်အကြိမ် များစွာသင့်ခြင်း၊ တဖန် ဆွမ်းအစရှိသည်ကို သုံးဆောင်သည့်အခါ ယင်းဆေးဖတ် ကွမ်းဖတ်နှင့် ရောမိသည်ဖြစ်၍ မုခသန္နိဓိပါစိတ်အာပတ်သင့်တတ်သည်များကို

နှလုံးထားကြကုန်သဖြင့် ယင်းသို့သော အာပတ်မသင့်ရအောင် ဆွမ်းစားသည့်အခါ အကပ်ခံပြီးသော ဟင်းရည်ဟင်းဖတ် လူးလဲသော ပန်းကန်ခွက်ယောက် ယောက်ချို ယောက်မ စသည်တို့ကို ဆွမ်းအိုးဟင်းအိုးတို့ထဲ၌ ကော်မိခတ်မိ မွှေမိ မရှိစေဘဲ အလုံးစုံသော စားခွက်သောက်ခွက်ဟူသမျှတို့ကိုလည်း ရေနွေးဆပ်ပြာ စသည်တို့ဖြင့် နေ့ညမပြတ် အထပ်ထပ်ဆေး၍ သုံးဆောင်ခြင်းကို ပြုသဖြင့် ယင်းသန္နိမိသိက္ခာပုဒ်ဖြင့် ကုက္ကုစ္စသံသယ အထူးကင်းလွတ်ရအောင် ကျင့်ဆောင်အားထုတ်အပ်ကုန်ရာသည်။

## အဒိန္နာဟာရသိက္ခာပုဒ်

အဒိန္နာဟာရသိက္ခာပုဒ်အရာ၌လည်း —

**တိဓာ ဒေန္တေ ဒွိဓာ ဂါဟော၊ ပဥ္စင်္ဂံ ပဋိဂ္ဂဟော။** (ခုဒ္ဒ၊၁၀၆။)

ဂါထာပါဠိ၌လာတိုင်း ရဟန်းအား ရှေးရှုဆောင်ခြင်း ရဟန်း၏ ဟတ္ထပါသ်သို့ ရောက်ခြင်း ဤအင်္ဂါနှစ်ပါးဖြင့် ဆောင်ကပ်လာသည့်အခါ မန်ကျည်းရွက် ဇီးရွက်စသည်ကဲ့သို့ ငယ်လွန်းသောဝတ္ထု၊ ချီကြွနိုင်ခဲသော ဖျာကြီးသင်ဖြူးကြီးစသော ကြီးလွန်းသောဝတ္ထု၊ ကြာရွက် ပိန်းရွက် စသည်တို့ကဲ့သို့ မခုတ်မဖြတ်ထိုအပင်၌ စပ်လျက် တည်သောဝတ္ထုတို့ဖြင့် အကပ်မခံမိရအောင် ကိုယ်ဖြင့်လည်းကောင်း၊ ကိုယ်နှင့်စပ်သော ပြောင်းရွှေ့ရစကောင်းသော ဝတ္ထုဖြင့်လည်းကောင်း အကပ်ခံမိအောင် ဟတ္ထပါသ်သို့ မရောက်မီ အဝေးမှ လက်လှမ်း၍ အကပ်မခံမိအောင် ဆွမ်းစားဆဲအခါ ရထရေဏုမြူပမာဏရှိသော နေပြောက်နေရောင်မထိုးရာဝယ် ပကတိမြင်စကောင်းသော မြူမှုန်ကျသည့်အခါ တဖန်ပြန်၍ အကပ်ခံမိအောင် ၎င်းသိက္ခာပုဒ်၏လည်း အစိတ္တကသိက္ခာပုဒ်ဖြစ်၍ မသိနိုးနား အမှတ်မဲ့စားမိသော်လည်း အာပတ်သင့်တတ်သောကြောင့် —

**အနုမတ္တေသု ဝဇ္ဇေသု ဘယဒဿဝီ သမာဒါယ သိက္ခတိ**–ပါဠိတော်(ဝိ၊၂၊၇၃) လာတိုင်း ယင်းသို့သော အစိတ္တက အာပတ်သင့်ခြင်းသို့မျှ မရောက်စေခြင်းငှာ ဆွမ်းစားဆဲအခါတွင် မြူကျသည် မကျသည်ကိုလည်းကောင်း၊ အာခံတွင်းက တံထွေးရေလူးသော ဆွမ်းလုံးဟင်းဖတ်တို့၏ ဆွမ်းခွက်ထဲသို့ ပြန်၍ ကျသည် မကျသည်ကိုများကိုလည်းကောင်း အထူးသဖြင့် သတိထားမိအောင် အကပ်မခံဘဲ ဒန်ပူစားသည့်အခါ ဒန်ပူရေဝင်ရာ၌ —

**သစေပန ဒန္တ ရသော ပဝိသတိ ဒုက္ကဋံ အာပဇ္ဇတိ**–ဝိနည်းဋီကာနှင့်အညီ ဒုက္ကဋ် အာပတ်သင့်တတ်သောကြောင့် ဒန်ပူစားဆဲတွင် ဒန်ပူရေ မဝင်ရအောင် သောက်ရေကွက်၌ မြူမှုန်ကျခဲ့သော် ရေကို အကပ်ခံ၍သော်လည်းကောင်း၊ မြူမှုန်

ကို သွန်၍သော်လည်းကောင်း သုံးဆောင်မိအောင် မြူမှုန်ကပ်သော မဆေးသော လက်ဖြင့် တစ်စုံတစ်ခုသော ဝတ္ထုကို လက်ဖြင့်ကိုင်၍ မစားမသောက်မိအောင် ယုတ်သောအပိုင်းအခြားအားဖြင့် လက်ဖက်, ဆေးကွမ်းတို့ကိုလည်းကောင်း လက်ကို စင်ကြယ်အောင် ဆေးလျှော်သုတ်သင်ပြီးမှ သုံးဆောင်မိအောင် ရေသောက်ပြီး၍ လုပ်ထွေးသည့်အခါ တံထွေးနှင့်တကွ ထိုသောက်ရေ၏ သောက် ရေခွက်၌ စင်ကျတတ်သည်များကိုလည်း မကျစေခြင်းငှာ အထူးလုံ့လပြုမိအောင် မိမိသည် လည်းကောင်း တစ်ပါးသောရဟန်းသည် လည်းကောင်း တန်ပြီ မစားပြီ ဟု စွန့်အပ်ပြီးသောဝတ္ထုတို့ကို စားလိုပြန်လျှင် တဖန် အကပ်ခံ၍ စားမိအောင် လူသာမဏေအားပေးအပ်ပြီးသောဝတ္ထုကို လူသာမဏေပင် မယူသော်လည်း လက်မှ လွှတ်သည်ဖြစ်အံ့၊ သုံးဆောင်လိုသည်ဖြစ်အံ့ တဖန် အကပ်ခံ၍ သုံးဆောင်မိအောင် အထူးသတိပြုအပ်ကြကုန်ရာသည်။

## သုရာပါနဝဂ် တသဓမ္မသိက္ခာပုဒ်

ဟသဓမ္မသိက္ခာပုဒ်အရာ၌လည်း –

**ယော ဘိက္ခု ဥပရိဂေါပ္ဖကေ ဥဒကေယေဝ ဂစ္ဆန္တော**
**ဟသာဓိပ္ပါယော နိမုဇ္ဇတိ ဝါ ဥမ္မုဇ္ဇတိ ဝါ၊ တဿ နိပုဇ္ဇနာဒီနံ**
**အတ္ထာယ ဩတရန္တဿ ဟတ္ထဝါရေ ပဒဝါရေ ဒုက္ကဋံ။**

၎င်းအဋ္ဌကထာ (ကခါ၊ ၂၃၉) ပါဠ်နှင့်အညီ ဖမျက်မျှလောက်သောရေ၌ ခရီးသွားဆဲတွင် ရွှင်မြူးလိုသောစိတ်ဖြင့် ရေကိုခြေနှင့်ကော်ခြင်း၊ ပစ်ခြင်း ခြေကို လှုပ်ခြင်းမျှဖြင့် ပါစိတ်အာပတ်သင့်တတ်ရကား ရေအိုင် ကန် ချောင်း မြစ်လောင်း မြစ်မ စသည်တို့၌ ရေချိုးသောအခါ ရယ်ရွှင်လိုသောစိတ်ဖြင့် ကူးခတ်ကစား သွားလာဆော့ပေါ့ ခြေလှုပ်လက်လှုပ် ငုပ်ခြင်းပေါ်ခြင်းကို မပြုမိအောင် အထူး သတိပြုအပ်ကြကုန်ရာသည်။

## အနာဒရိယသိက္ခာပုဒ်

အနာဒရိယသိက္ခာပုဒ်အရာ၌လည်း "အနာဒရိယေတိ ပုဂ္ဂလဿ ဝါ ဓမ္မဿ ဝါ အနာဒရကရဏေ" စသည်ဖြင့် မိန့်အပ်သော ၎င်းအဋ္ဌကထာ (ကခါ၊ ၂၃၉) ပါဠ်နှင့်အညီ သီတင်း သုံးဖော်တို့ တရားစကား ဝိနည်းစကား ပြောကြားဆုံးမသည့် အခါ ပြောကြားသော ပုဂ္ဂိုလ်ကိုလည်းကောင်း၊ ယင်းတရားကိုလည်းကောင်း မရိုမသေ ပြောဆိုပြုကျင့်မိသည့်အခါ ပါစိတ်အာပတ်သင့်တတ်သည့် အရာများ ကိုလည်း နှလုံးကြပ်ကြပ် ထားအပ်ကြကုန်ရာသည်။

## ဘိံသာပနသိက္ခာပုဒ်

ဘိံသာပန သိက္ခာပုဒ်အရာ၌လည်း ရူပါဒီနိ ဥပသံဟရေယျ ဘယာနက ကထံဝါ ကထေယျ–စသော ၎င်းအဋ္ဌကထာ (ကဒ်ါ၊၂၄၀) ပါဋ္ဌ်နှင့်အညီ ရဟန်းလူသာမဏေတို့ကို အလန့်တကြား ဖြစ်စေခြင်းငှာ တစ္ဆေဘီလူးသူရူး စသည့် အယောင်ဟန်ဆောင် ပြုလုပ်ခြင်း၊ ကြောက်မက်ဖွယ်သောစကားတို့ကို ပြောကြားခြင်းကို ပြုမိရာ၌ ပါစိတ်ဒုက္ကဋ်ထိုက်သည်အားလျော်စွာ သင့်တတ်သည့်အရာများကို နှလုံးထားအပ် ကုန်ရာသည်။

## ဇောတိသိက္ခာပုဒ်

ဇောတိသိက္ခာပုဒ်အရာ၌လည်း –

**သယံ သမာဒဟန္တဿ အရဏိသဏ္ဍာပနတော ပဋ္ဌာယ ယာဝ ဇာလာ နဉဋ္ဌဟတိ တာဝ သဗ္ဗပယောဂေသု ဒုက္ကဋံ၊ ဇာလုဋ္ဌာနေ ပါစိတ္တိယံ၊ သမာဒဟာပေန္တဿ အာဏတ္တိယာ ဒုက္ကဋံ။**

စသော အဋ္ဌကထာ (ကဒ်ါ၊၂၄၀) ပါဋ္ဌ်နှင့်အညီ မီးကိုလှုံလိုသောစိတ်ဖြင့် မွေးခြင်း၊ မွေးစေခြင်း၌ ပယောဂတိုင်း ဒုက္ကဋ် အလျှံတောက်တိုင်း ပါစိတ်အာပါတ် သင့်တတ်သည့် အရာများကို နှလုံးထား၍ ယင်းသို့သောအမှုတို့ကို မပြုမိအောင် သူတစ်ပါး အလိုအလျောက် မွေးထားအပ်သော မီးကိုလှုံရာ၌လည်း မီးကိုမှုတ်ခြင်း၊ မီးကို ရွှေ့ပြောင်းခြင်း စသော အမှုအရာတို့ကို မပြုမိအောင် အထူးနှလုံးထားအပ် ကုန်ရာသည်။

## သပါဏကသိက္ခာပုဒ်

သပါဏက သိက္ခာပုဒ်အရာ၌လည်း ယေပါဏကာ ပရိဘောဂေန မရန္တိ တေဟိ သပ္ပါဏကံ–စသော အဋ္ဌကထာ (ကဒ်ါ၊၂၄၅) ပါဋ္ဌ်နှင့်အညီ သောက်ခြင်း၊ ချိုးခြင်း၊ အဝတ်ဖွပ်ခြင်း၊ ထမင်းဟင်းချက်ခြင်း အစရှိသော တစ်စုံတစ်ခုသော သုံးဆောင်ခြင်း ဖြင့် သုံးဆောင်သောအခါ သေတတ် သေလောက်သော ပိုးရှိသော ရေကို သုံးဆောင် ခြင်း၌ ပယောဂတိုင်း ဒုက္ကဋ် သုံးဆောင်သောအခါ ပါစိတ် အာပတ်သင့်တတ်သည့် အရာများကို နှလုံးထား၍ သောက်ရေအိုး သုံးဆောင်ရေအိုး ဝစ္စကုဋိရေအိုး စသည် တို့၌ ရေစစ်အမြဲထားသဖြင့် သုံးဆောင်တိုင်း သုံးဆောင်တိုင်း ရေကိုစစ်၍ သုံးဆောင်မိအောင် အထူးနှလုံးထားကုန်ရာသည်။

## သဟာဓမ္မိကဝဂ် သဟာဓမ္မိကသိက္ခာပုဒ်

သဟာဓမ္မိက သိက္ခာပုဒ်အရာ၌လည်း သီတင်းသုံးဖော်တို့ ဝိနည်းသိက္ခာပုဒ်ဖြင့် ဆုံးမလာသည့်အခါ ငါ့ရှင်တို့ စကားမျှဖြင့် အားရကြည်ညို ငါမကျင့်လိုသေး ပုဂ္ဂိုလ်တစ်ပါး လျှောက်ထားမေးမြန်းဦးမည်ဟု သိက္ခာပုဒ်ကို မကျင့်လို၍ ပြောဆိုသောအခါ ပါစိတ်အာပတ်သင့်တတ်သည့်အရာများကို နှလုံးကြပ်ကြပ်ထားအပ်ကြကုန်ရာသည်။

## ပဟာရသိက္ခာပုဒ်

ပဟာရဒါနသိက္ခာပုဒ်အရာ၌လည်း အနုပသမ္ပန္နေတိက ဒုက္ကဋ် – စသောအဋ္ဌကထာ (ကၡ၊ ၂၅၃) ပါဠ်နှင့်အညီ ရဟန်းတို့အား ရိုက်နှက်ပုတ်ခတ်ခြင်းကို မပြုမိတဲ့သော်လည်း ကျောင်းသားလူငယ် ခွေးတိရစ္ဆာန် စသည်ကို ဒေါသရှေ့ထားသဖြင့် ရိုက်နှက်ပုတ်ခတ်မိသောအခါ ဒုက္ကဋ်အာပတ်သင့်ရောက်တတ်သည့် အရာများကို လည်း နှလုံးကြပ်ကြပ်ထား၍ ကျောင်းသားလူငယ်တို့ မတော်ဖောက်ပြန်သည့် အခါ နင်မိုက်လျှင် ငါလည်းမိုက်မည်၊ နင်မှ ငါ၏စကားကို နားမထောင်လျှင် ငါလည်း ဘုရား စကားကို နားထောင်တော့မည်မဟုတ်၊ နင်ဥဿဒ္ဒရက်ဆင်းလျှင် ငါလည်း ရောရုဝသို့ ဆင်းတော့မည်ဆိုဘိသည့်အလား မလိမ္မာသူ လူငယ်အတွက်တာများနှင့် ကိုယ်ကျင့်တရား ပျက်ပြားဆုတ်ယုတ်မရှိရအောင် အထူးနှလုံးထားကြကုန်ရာသည်။

## တလသတ္တိကသိက္ခာပုဒ်

တလသတ္တိက သိက္ခာပုဒ်အရာ၌လည်း ရှေးနည်းအတူ လူသာမဏေတို့အား ဒေါသတရားနှိပ်စက်၍ လက်ဝါးပြက် တံပြာကြိမ်လုံးကိုမျှ မိုးပြခြိမ်းခြောက်ခြင်းကို မပြုမိအောင် အထူးရှောင်လေ့ရှိမှ သီလအညစ်အကြေး ကင်းဝေးနိုင်မည့်အရာများကိုလည်း နှလုံးကြပ်ကြပ် ထားအပ်ကြကုန်ရာသည်။

## အမူလကသိက္ခာပုဒ်

အမူလက သိက္ခာပုဒ်အရာ၌လည်း အာစာရဝိပတ္တိယာဝါ ဒိဋ္ဌိဝိပတ္တိယာဝါ**အနုဒ္ဓံသနေ** ဒုက္ကဋံ။ အနုပသမ္ပန္နေ တိကဒုက္ကဋံ – ၎င်းအဋ္ဌကထာ (ကၡ၊ ၂၅၄) **ပါဠ်နှင့်အညီ** ရဟန်းပဋ္ဌင်း ရှင်သာမဏေတို့အား ကြားခြင်း မြင်ခြင်း အရင်းမရှိဘဲ

မှုပြစ်ရာကြ၍ စွပ်စွဲပြောဆိုသည့်အခါ အာပတ်များစွာ သင့်တတ်သည့်အရာများကို နှလုံးထား အပ်ကြကုန်ရာသည်။

ကုက္ကုစ္စဉပ္ပါဒန သိက္ခာပုဒ်အရာ၌လည်း ရဟန်းသာမဏေတို့အား မကောင်းသောစိတ်ထားဖြင့် ရဟန်းမဖြစ်သည့် ယောင်ယောင် လိင်ကျသည် ယောင်ယောင် တောင်တောင် မြောက်မြောက် သူတစ်ပါး ကုက္ကုစ္စဖြစ်လောက်အောင် ပြောဆိုမိခြင်း ကိုလည်းကောင်း၊ ဥပဿုတိ သိက္ခာပုဒ်အရာ၌လည်း ခိုက်ရန်ဖြစ်ပွားသော ရဟန်း သာမဏေတို့အနီးအပါး မည်သည့်စကားကို ငါ့အား မကောင်းဖြစ်အောင် ပြောဆိုကြ သည်မသိဟု ချောင်းမြောင်းကြည့်ရှုနားထောင်ခြင်းအမှုကို ပြုမိသဖြင့် ပါစိတ်ဒုက္ကဋ် သင့်တတ်သည့်အရာများကိုလည်းကောင်း နှလုံးထား ပြုအပ်ကြကုန်ရာသည်။

ရတနဝဂ် ဝိကာလဂါမ ပဝေသန သိက္ခာပုဒ်အရာ၌လည်း –

**ပရိက္ခိတ္တဿ ဂါမဿ ပဋိက္ခေပံ အတိက္ကမန္တဿ အပရိက္ခိတ္တဿ ဥပစာရံ ဩက္ကမန္တဿ ပဌမပါဒေ ဒုက္ကဋံ၊ ဒုတိယ ပါဒေ ပါစိတ္တိယံ။**

ငင်းအဋ္ဌကထာ (ကခ်ါ၊၂၆၈) ပါဌ်နှင့်အညီ နေလွဲရွာဝင်သည့်အခါ ပန်ကြားစရာ ရဟန်း ထင်ရှားရှိလျက် ရွာဥပစာသို့ မရောက်မီအကြား ရဟန်းတစ်ပါးထံ မပန်ကြားဘဲ ဝင်သွားမိက ပါစိတ်ဒုက္ကဋ်အာပတ်များစွာ သင့်တင့်အရာများကို နှလုံးထား၍ ယင်းသို့နေလွဲအခါ မပန်ကြားဘဲ ဝင်သွားခြင်းကို မပြုမိအောင် အထူးသတိပြု အပ်ကြကုန်ရာသည်။

## သေခိယကဏ္ဍ

## ပရိမဏ္ဍလသိက္ခာပုဒ်

သေခိယ ပရိမဏ္ဍလ သိက္ခာပုဒ်အရာ၌လည်း –

**ပရိမဏ္ဍလန္တိ တွေ နာဘိမဏ္ဍလံ ပဋိစ္ဆာဒေတွာ ဇာဏုမဏ္ဍလဿ ဟေဋ္ဌာဇင်္ဃဋ္ဌိကတော ပဋ္ဌာယ အဋ္ဌင်္ဂုလမတ္တံ နိဝါသနံ ဩတာရေတွာ နိဝါသေန္တေန ပရိမဏ္ဍလံ နိဝတ္ထံနာမ ဟောတိ၊ ဧဝံ အနိဝါသေတွာ အနာဒရိယေန ပုရတော ဝါ ပစ္ဆတော ဝါ ဩလမ္ဗေတွာ နိဝါသေန္တဿ ဒုက္ကဋံ။**

စသော အဋ္ဌကထာ (ကခ်ါ၊၂၇၆) ပါဠိလာတိုင်း အထက်ချက်**မှစ၍** ပုဆစ်ဒူးဝန်းအောက် လက်ရှစ်သစ်ထက် မရှည်မတိုစေ၍ သင်းပိုင်ကို **ဝတ်မိအောင်** ဆင်နှာမောင်းကဲ့သို့ ရှေ့နှာမောင်းစွန်းရှည်၍ နောက်မှတိုစေ၍ဝတ်ခြင်း၊ မအပ်သော ဟတ္ထိသောဏ္ဍ ဝတ်နည်း၊ ထန်းရွက်ယပ်ဝန်းကဲ့သို့ ရှေ့နှာမောင်းစွန်းတိုစေ၍ နောက်မ ပတ်လည် ဝန်းကျင်ရှည်စေ၍ ဝတ်ခြင်းဟု ဆိုအပ်သော တာလဝဏ္ဍက ဝတ်နည်း၊ အထက်နှစ်စွန်း အောက်နှစ်စွန်း ထွက်စေ၍ ဝတ်ခြင်းဟု ဆိုအပ်သော စတုကဏ္ဏက ဝတ်နည်း၊ အောက်၌လည်းကောင်း အထက်၌လည်းကောင်း တင်ပါး တစ်ဘက် တစ်ချက် အစွန်းထွက်စေ၍ ဝတ်ခြင်းဟုဆိုအပ်သော မစ္ဆဝါလက ဝတ်နည်း၊ အထက်အစွန်းကို ချက်အတွင်းသို့ သွင်းသဖြင့် ခါးပုံထိုး၍ ဝတ်ခြင်းဟု ဆိုအပ်သော သတဝလိက ဝတ်နည်း၊ ခါးတောင်းကျိုက်၍ဝတ်ခြင်းဟု ဆိုအပ်သော သံဝလ္လိယ ဝတ်နည်း စသော ဖောက်ပြန်သောဝတ်နည်းတို့ကို မဖြစ်စေရအောင် — အာရုမပိ အန္တရ ဃရေပိ သဗ္ဗတ္ထ သိက္ခာ ကာတဗ္ဗာ–အဋ္ဌကထာ (ဝိ၊၄၊၃၊၁၆၂) လာတိုင်း ရွာတွင်း ကျောင်းတွင်း တောအရပ်မဆို ထိုထိုသွားလာနေထိုင်ရာတို့၌ သင်းပိုင်ကိုယ်ဝတ်တို့ကို အဝန်းညီစွာ အခါမပြတ် ဝတ်ရုံမိအောင် နှလုံးထားအပ်ကြကုန်ရာသည်။

## သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်

သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်အရာ၌လည်း —

**သုပ္ပဋိစ္ဆန္နောတိ သုဋ္ဌုပဋိစ္ဆန္နော၊ ဂဏ္ဌိကံ ပဋိမုဥ္စိတွာ အနုဝါတန္တေန ဂီဝံ ပဋိစ္ဆာဒေတွာ ဥဘော ကဏ္ဏေ သမံကတွာ ပဋိသံဃရိတွာ ယာဝ မဏိဗန္ဓံ ပဋိစ္ဆာဒေတွာ အန္တရဃရေ ဂမိဿာမီတိ အတ္ထော၊ တထာ အကတွာ ပန ဇာဏုံဝါ ဥရံဝါ ဝိဝရိတွာ ဂစ္ဆန္တဿ ဒုက္ကဋံ။**

၎င်းအဋ္ဌကထာ (ကခ်ါ၊၂၇၉) လာသည့်အတိုင်း လည်မျို လက်ကောက်ဝတ်နှင့်တကွ ပုဆစ်ဒူးဝန်းအောက် သလုံးသားဖုံးမိရုံမျှ ကျစေသဖြင့် အဝန်းညီစွာ သင်္ကန်းကို ဝတ်ရုံ၍ မြို့တွင်းရွာတွင်း ဝင်သွားမိအောင် သင်္ကန်းကိုမရုံဘဲ အမှတ်မဲ့ ဝင်မသွားမိအောင် နှလုံးအထူးထားအပ်ကြကုန်ရာသည်။

## သုသံဝုတသိက္ခာပုဒ်

သုသံဝုတသိက္ခာပုဒ်အရာ၌လည်း —

**ဣမသ္မိံ ယေဝ သိက္ခာပဒေ "ဝါသူပဂတဿ" တိ ဝုတ္တတ္တာ နိသီဒန**

ပဋိသံယုတ္တေသု ဆဋ္ဌအဋ္ဌမေသု အဝုတ္တတ္တာ ဝါသုပဂတေနာပိ သုသံဝုတေန ဩကာ္ခိတ္တစက္ခုနာဝနိသီဒိတဗ္ဗံ။

ဝိမတိ ဋီကာ (၂၊၆၂) ပါဠ်နှင့်အညီ မြို့တွင်းရွာတွင်း၌ ဆောက်တား အပ်သော ဇရပ်တန်ဆောင်း မင်းကွန်းစံနန်းတော်၊ တဲတော် စသည်တို့၌ ညဥ့်အိပ် ညဥ့်နေ တည်းခိုနေသောအခါ၌လည်း ထမ်းပိုးတစ်ပြန် လေးတောင်ခန့်ထက် မသာမလွန် စေရ၊ ချအပ်သော မျက်လွှာရှိသည်ဖြစ်၍ ဩက္ခိတ္တစက္ခုသိက္ခာပုဒ်ကို နှလုံးထားမိရအောင် –

ကေစိပန "ဧကေကသ္မိံ ပဋ္ဌမံ ဂန္တွာ ဝါသပရိဂ္ဂဟေ ကတေ တတော အညေဟိ ယထာသုခံ ဂန္တုံ ဝဋ္ဋတီ" တိ ဝဒန္တိ၊ အပရေ ပန "ဂေဟာဿာမိကေဟိ 'ယာဝ တုမှေ နိဝသိဿသ၊ တာဝ တုမှာကံ ဣမံ ဂေဟံ ဒေမီ'တိ ဒိန္နေ အညေဟိ အဝါသာ ဓိပ္ပာယေဟိ အန္တရာ ရာမေ ဝိယ ယထာသုခံ ဂန္တုံ, နိသီဒိတုံစ ဝဋ္ဋတီ" တိ ဝဒန္တိ၊ တံသဗ္ဗံ နဂဟေတဗ္ဗံ၊ တထာဝစနာဘာဝါ ဒါနလက္ခဏာဘာဝါ တာဝတ္တကေန ဝိဟာရသင်္ချာနုပဂမနတော။

စသည်ဖြင့် ဝိမတိဋီကာ (၂၊၆၁) မိန့်အပ်သည်အတိုင်း ကိုယ်တော် အရှင်တို့ သီတင်းသုံးနေသမျှကာလပတ်လုံး ကျောင်း၏အမှတ်နှင့် သီတင်း သုံးတော်မူပါ ဒါယကာတို့ လျှောက်ထားလျှင် ၎င်းဆိုအပ်ခဲ့ပြီးသော ရွာတွင်း အာရာမ်တို့၌ ကျောင်း၌ကဲ့သို့ အလိုရှိတိုင်းပင် နေအပ်၏ဟု ကေစိ အပရေ အထွေထွေ ဆိုအပ်သော်လည်း လဟုဝါဒသို့လိုက်၍ ပေါ့ပေါ့တန်တန် သိက္ခာပုဒ် မဖောက်ပြန် ကောင်း၊ မကောင်းသောအမှု အယူဝါဒတို့သို့ မလိုက်မရှု မပြုမိအောင် နှလုံးအထူး ထားအပ်ကြကုန်ရာသည်။

## ခမ္ဘကတဝဂ် အပ္ပသဒ္ဒသိက္ခာပုဒ်

အပ္ပသဒ္ဒ သိက္ခာပုဒ်အရာ၌လည်း –

သစေ ဒွါဒသဟတ္ထေ ဂေဟေ အာဒိမှိ သံဃတ္ထေရော, မဇ္ဈေ ဒုတိယတ္ထေရော, အန္တေ တတိယတ္ထေရောတိ ဧဝံ နိသိန္နေသု ယံ သံဃတ္ထေရော ဒုတိယတ္ထေရေန သဒ္ဓိံ မန္တေတိ၊ ဒုတိယတ္ထေ ရော စ တဿ သဒ္ဒံ သုဏာတိ၊ ကထဉ္စ ဝဝတ္ထာပေတိ။ တတိ ယတ္ထေ ရော ပန သဒ္ဒမေဝ သုဏာတိ၊ ကထံ န ဝဝတ္ထာပေတိ၊ ဧတ္တာဝတာ အပ္ပသဒ္ဒေါ ဟောတိ။

ငင်း အဋ္ဌကထာ (ကန်္ခါ၊၂၈၀) ပါဠိလာတိုင်း ရွာတွင်း၊ မြို့တွင်းတို့၌ သရဘည ယပ်ထောင်တရားဟောခြင်း၊ ဓမ္မကထာ ယပ်လှဲတရားဟောခြင်းတို့မှ တစ်ပါး အခြားသောစကားတို့ကို တစ်ဆယ့်နှစ်တောင်အတွင်း၌သာ ပီပြင်စွာ ကြားလောက်ရုံမျှသာ ပြောကြားမိအောင်၊ ထိုထက်ကျယ်လောင်စွာ မပြောမိအောင် အထူး သတိထားကြအပ်ကုန်ရာသည်။

## သက္ကစ္စဝဂ် သက္ကစ္စဘုဥ္စနသိက္ခာပုဒ်

သက္ကစ္စဘုဥ္စန သိက္ခာပုဒ်အရာ၌လည်း –

**တေန ခေါပန ဘိက္ခူ တဟိံ တဟိံ ဩလောကေန္တော ပိဏ္ဍ ပါတံ ပရိဘုဥ္စန္တိ၊ မနု သာ ဥဇ္ဈာယန္တိ။ လ။ ဧဝဥ္စ ပန ဘိက္ခဝေ။ လ။ ဥဒ္ဒိသေယျာထ သက္ကစ္စံပိဏ္ဍပါတံ။ လ။ ကရဏီယောတိ။ (ပါဠိတော် ဝိ၊၂၊၂၅၀။)**

ဥက္ကစ္စန္တိ သတိံ ဥပဋ္ဌာပေတွာ ငင်းအဋ္ဌကထာ (ကန်္ခါ၊၂၈၁) ပါဠိတို့နှင့်အညီ ဆွမ်းစားသည့်အခါ မစားချင်သော အခြင်းအရာလို ထိုထိုအရပ်သို့ ရောက်ရက် ကြည့်ရှု မရှိမသေပြုသဖြင့် သတိအမှုမထား စားသောက်ရာ၌ လုတ်တိုင်းလုတ်တိုင်း ဒုက္ကဋ်အာပတ်သင့်တတ်သည့်အရာများကို သတိထားကြမိအောင် ထက်ဝယ်ဘဲ့ခွေ ဣန္ဒြေဖြင့် ရှိသေကောင်းမွန်စွာ နေထိုင်လျက် ထိုမှ ဤမှ စက္ခုလောလမဖြစ်စေရ ပဋိကူလသညာ ပစ္စဝေက္ခဏာများကို ဆင်ခြင်၍ စားသောက်သုံးဆောင်မိအောင် ဆွမ်းစားတိုင်း ဆွမ်းစားတိုင်း အခါမပြတ် နှလုံးထားအပ်ကြကုန်ရာသည်။

## ပရိမဏ္ဍလအာလောပ သိက္ခာပုဒ်

ပရိမဏ္ဍလ အာလောပ သိက္ခာပုဒ်အရာ၌လည်း –

**ပရိမဏ္ဍလန္တိ အဒီဃံ။ ဣမ ပန ခဇ္ဇကဖလာဖလေဟိ သဒ္ဓိံ ဥတ္တရိဘင်္ဂေပိ အနာပတ္တိ။**

အဋ္ဌကထာ (ကန်္ခါ၊၂၈၃) ပါဠိနှင့်အညီ ဟင်းလျာ လက်သုပ် မုန့် ခဲဖွယ် ဘောဇဉ်မှ တစ်ပါး ဆွမ်းစားရာမှာ ဆွမ်းလုတ်ကို ရှည်ရှည်လျားလျား မပြုဘဲ ပုပုအဝန်း ညီညွတ်စွာ ပြုမိအောင် –

**မိမိခံတွင်းနှင့် မတန်မရာ ကြီးကျယ်လှစွာ အလုတ်ကို ပြု၍ မသုံးဆောင် မိအောင် –**

သုရာသုရကာရက သိက္ခာပုဒ်နှင့် ဆန့်ကျင်ဘက် ဟင်းရည်သောက်သည့် အခါ ရှုပ်ရှုပ်သံ မမြည်ရအောင် —

စပုစပုကာရကသိက္ခာပုဒ်နှင့် ဆန့်ကျင်ဘက် ဆွမ်းကို ဝါးသည့်အခါ စပ်စပ်ပြတ်ပြတ်သံ မမြည်ရအောင် —

သိတ္ထာဝကာရက သိက္ခာပုဒ်နှင့် ဆန့်ကျင်ဘက် ဆွမ်းလုတ်သွတ်သည့်အခါ ဆွမ်းလုံးများစွာ ဖရိုဖရဲကြဲကျစေ၍ မစားမိအောင် အထူးသတိပြုကြကုန်ရာသည်။

သဗျာဟရဏ သိက္ခာပုဒ်အရာ၌လည်း —

**ယတ္တကေန ဝစနံ အပရိပုဏ္ဏံ ဟောတိ၊ တက္ကကေ သတိ ကထေန္တဿ အာပတ္တိ။**

ဟူသော အဋ္ဌကထာ (ကခ်ါ၊ ၂၈၃) ပါဠ်နှင့်အညီ ဆွမ်းစားစဉ် မပြီမသ အာလုပ်သံနှင့် စကားမပြောမိအောင် ယုတ်သောအပိုင်းအခြားအားဖြင့် —

**ယော ပန ဓမ္မံ ကထေန္တော ဟရိဋကာဒီနိ မုခေ ပက္ခိပိတွာ ကထေတိ၊ ယတ္တကေန ဝစနံ အပရိပုဏ္ဏံ နဟောတိ တတ္တကေ မုခမှိ သတိ ဝဋ္ဋတိ။**

၎င်းအဋ္ဌကထာ (ကခ်ါ၊ ၂၈၃) ပါဠ်နှင့်အညီ ဆွမ်းစားစဉ် မပီမသ၊ ဇီးဖြူဖန်ခါးစားဆဲ, ဆေးဝါးကွမ်းစားဆဲတို့၌လည်း အာလုပ်သံနှင့် မပီမသ စကားမပြောမိအောင် အထူးရှောင်ကြဉ်အပ်ကုန်ရာသည်။

## ပကိဏ္ဏက ကထာ

### ထီးဆောင်း ဖိနပ်စီးခြင်း

ထီးဆောင်း ဖိနပ်စီးနှင့်စပ်သော အရာ၌လည်း မြို့တွင်းရွာတွင်း အကြောင်းမရှိဘဲ ထီးဖိနပ်စီးဆောင်းခြင်းကိုကား လဇ္ဇီသူတော်ကောင်း ရဟန်းတို့ မပြုကျင့်၊ တရားဟောရာ အရပ်၌ကား အချို့ လဇ္ဇီသမုတ်အပ်သောပုဂ္ဂိုလ်တို့သော်လည်း အနာမရှိ ထီးဆောင်းခြင်းအမှုကို ပြုကျင့်လွန်ကျူးမိတတ်ကုန်သည်။ အချို့သော ပုဂ္ဂိုလ်တို့သည် အတ္တဂုတ္တ စီဝရဂုတ္တအလို့ငှာ ဆောင်းအပ်၏ဟု အရံပတောအရပ်၌သော်လည်း ဆောင်းခြင်းကို ပြုကျင့်ကျူးလွန်မိတတ်ကြကုန်ရာသည်။

**အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ ဆတ္တံ ဓာရေတုံ။ (ပါဠိတော်= ဝိ၊ ၄၊ ၂၆၉။) စွေ့တ္တစ ဂိလာနော်နာမ ကာယဒါဟော ဝါ**

ပိတ္တကောပေါ ဝါ စက္ခု ဒုဗ္ဗလံ ဝါ ဟောတိ။ လ။ ဝသေ
ပန အတ္တဂုတ္တတ္ထံ စီရ ဂုတ္တတ္ထမ္ပိ ဝဋ္ဋတိ။

၎င်းအဋ္ဌကထာ (ဝိ၊၄၊၄၊၅၂။) ပါဠ်နှင့်အညီ အနာဟူသောအကြောင်းမရှိ မိုးစွတ်ခြင်းမရှိ ပကတိအခါ တော ရွာမဆို ထိုထိုအရပ်၌ ထီးဆောင်းခြင်းကို မပြု အထူးရှောင်ကြဉ်မိအောင် သတိပြုအပ်ကြကုန်ရာသည်။ ဖိနပ်မစီးရာ၌လည်း –

န ဘိက္ခဝေ အဂိလာနေန ဘိက္ခုနာ သဉပါဟနေန ဂါမော
ပဝိသိတဗ္ဗော ယော ပဝိသေယျ အာပတ္တိ ဒုက္ကဋဿ (ဝိ၊၃၊၂၈၃)။
ဇွေ့ ဂိလာနော နာမ ယော နသက္ကောတိ အနုပါဟနော ဂါမံ
ပဝိသိတုံ –

စသော အဋ္ဌကထာ (ဝိ၊၄၊၃၊၃၇ဝ) ပါဠ်နှင့်အညီ ခြေကွဲနာ စသော ပြောပလောက်သော အကြောင်းမရှိဘဲ မြို့တွင်းရွာတွင်း ဖိနပ်စီးခြင်းအမှုကို မပြု မိအောင် နှလုံးထားအပ်ကြကုန်ရာသည်။

## အနာမာသအရာ

အနာမာသအရာ၌လည်း ဘဏ္ဍာတူရိယာစသော အနာမာဝတ္ထုတို့ကိုကား လဇ္ဇီသူတော်ကောင်း ရဟန်းကောင်းတို့ သုံးသပ်ကိုင်ယူခြင်းကို မပြုတဲ့မိရာ။

စေတိယဂေါပကာနံ ပန။ လ။ သုဝဏ္ဏစေတိယေ ကစဝရမေဝ ဆဋ္ဌေတုံ ဝဋ္ဋတိ စသော အဋ္ဌကထာ (ဝိ၊၄၊၂၊၁၃ဝ) ပါဠ်နှင့်အညီ အမြဲမိမိကိုးကွယ်ပြုစုသော စေတိယဂေါပက မဟုတ်ဘဲ မြင်မြင်ဝါးဝါး တွေ့ရာမြင်တိုင်း ရွှေမွမ်းမံခြယ်သ ထားသော ဘုရားရုပ်တုစေတီ စသည်များကို သုံးသပ်ကိုင်ယူ မပြုမိအောင် ဗုဒ္ဓ ရူပံပိ အတ္တနော သန္တက ကရဏော နိဿဂ္ဂိယမေဝ – ဝိမတိဋီကာ (၁၊၂၆၂) ပါဠ်နှင့် အညီ ဘုရားဆင်းတုတော်ကိုသော်လည်း ပုဂ္ဂလိကတခြားပစ္စည်းဝတ္ထုကဲ့သို့ မိမိဥစ္စာ အပိုင် မပြုအပ်၊ ပြုသော် ၎င်းရုပ်ထုတော်၌ မွမ်းမံအပ်သော ရွှေငွေအတွက် နိဿဂ္ဂိယအာပတ် သင့်တတ်သည်များကို နှလုံးထား၍ ရုပ်တုတော် ပိဋကတ်စာပေ များကို ကိုးကွယ်ခံယူသည့်အခါ၌ ထို၌ မွမ်းမံခြယ်လှယ်အပ်သော ရွှေငွေကို သာယာသောစိတ် မရှိရအောင် အကယ်၍ သာယာသောစိတ် မလွတ်နိုင်လျှင် အလှူခံခြင်းကို မပြုမိအောင် အထူး ရှောင်ကြဉ်ကြကုန်ရာသည်။

## အကပ္ပိယအရာ

အကပ္ပိယအရာ၌လည်း ယော ပန တဥ္ဇာကံ အကပ္ပိယဝေါဟာရေန ကာရေတိ ဝါ ပဋိဂ္ဂဏှာတိ ဝါ တံနဝဋ္ဋတိ၊ တံနိဿာယ ဥပ္ပါဒိတံ သဿမ္ပိ

နဝဋ္ဋတိ။ လ။ အဋ္ဌကထာပါဌ်ကို ထောက်၍ အကပ္ပိယ ဝေါဟာရဖြင့် ရေကန်တူး လော့ သစ်ပင်စိုက်လော့ ရေလောင်းလော့ စသည်ဖြင့် ရဟန်းကိုယ်တိုင် စေခိုင်း တိုက်တွန်း၍ ပြီးစေအပ်သော ရေကန် အာရာမ် သစ်ပင်တို့ကို အနပေက္ခ စွန့် ပစ်ပြီးနောက် လူတို့လက်သို့ရောက်၍ တစ်ဖန်လှူမှ သုံးဆောင်မိအောင်၊ ပကတိ အတိုင်း မသုံးဆောင်မိအောင်၊ အကပ္ပိယကုဋိအတွင်း သိုမှီးအပ်ချက်အပ်သော ခဲဖွယ်ဘောဇဉ်တို့ကို လူသာမဏေတို့အား ငဲ့ကွက်ခြင်း သာပေက္ခစိတ်ဖြင့်သော် လည်း စွန့်ပေးပြီး၍ တစ်ဖန်လှူမှသာ သုံးဆောင်မိအောင်၊ ခုနစ်ရက်လွန်သော သတ္တာဟ ကာလိက ထောပတ်ဆီ စသည်တို့ကို ဝိနည်းကံဖြင့် စွန့်၍ ပြန်ရခဲ့သော် လည်း ခံတွင်းသို့မျို၍ သုံးဆောင်ခြင်းဖြင့် မသုံးမဆောင်မိအောင်၊ အမာရွတ်ကို မျှလည်း မလိမ်းမကျံမိအောင်၊ လူသာမဏေတို့အား အနပေက္ခစွန့်ပြီးသည့်နောက် တစ်ဖန် ပြန်၍ရသည့်အခါမှ သုံးဆောင်မိအောင် ရဟန်းတို့ခံသော ရွှေငွေဖြင့် ရအပ်သော ပစ္စည်းတို့၌ကား —

> န သက္ကာ ကေနစိ ဥပါယေန ကပ္ပိယော ကာတုန္တိ ဣဒံ
> ပဥ္စန္နံ သဟဓမ္မိကာနံ အဗ္ဘန္တရေ ပရိဝတ္တနံ သန္ဓာယ ဝုတ္တံ၊
> သစေ ပန ဂိဟိ ဂဟေတွာ အတ္တနော သန္တကံ ကတွာ ဒိန္နံ
> သဗ္ဗေသံ ကပ္ပတီတိ ဝဒန္တိ။ သာရတ္ထဒီပနီ ဋီကာ (၂၊၄၂၃)။
> ဣမေ ပန ပထမဒုတိယပတ္တေ ယာဝ ဂဟဋ္ဌေန ပရိဝတ္တေတိ၊
> န တာဝ ကပ္ပိယ ကာရဏူပါယော။ ဝဇီရဗုဒ္ဓိ (၂၆၆)။

ၾင်းဋီကာ အလိုအားဖြင့် လူ၏လက်သို့ ရောက်သောအခါ အကပ္ပိယ မည်သည်မရှိ အရိပ်ထွက်သော်လည်း အဋ္ဌကထာ (ဝိ၊၃၊၂၊၂၇၇) ကြီးစာကိုယ်၌ နသက္ကာ ကေနစိ ဥပါယေန ကပ္ပိယော ကာတုံ စသည်ဖြင့် အကျယ်တဝင့် အလိုင်းကြီးစွာ မဟာကပ္ပိယ သပိတ်ကြီးကို ဆိုလေသည်ကို ထောက်သဖြင့် လည်းကောင်း၊ သံဃာ့အလယ်၌ စွန့်၍ ကပ္ပိယလူတို့ အပ်သောပစ္စည်းဝတ္ထုကို ပေးလှူလာသည်တိုင်အောင်ပင် ရွှေငွေကို ခံရင်း ရဟန်းအား အာရာမ်စောင့်လူတို့ လက်မှရသော ပစ္စည်းဝတ္ထုကိုမျှ မအပ်နိုင်သည်ကို ယင်းအဋ္ဌကထာဆိုလေသည်ကို ထောက်သဖြင့် လည်းကောင်း —

> သော ဟိ  စောရေဟိ အစ္ဆိန္နောပိ ပုန လဒ္ဓေါ ဓာနန္တသဿ
> ကဿစိပိ န ဝဋ္ဋတိ —

ဟူသော ပါဌ်ဖြင့် ခိုးသူယူသွား၍ တဖန်ရပြန်သော်လည်း မအပ်ဟုဆိုအပ်သော ဝိမတိဋီကာ (၁၊၃၄၅။) အလိုကို ထောက်သဖြင့်လည်းကောင်း ရူပိယသံဝေါဟာရ

နှင့်စပ်သော အကပ္ပိယပစ္စည်းလှူတို့လက်သို့ရောက်၍ တဖန်ပြန်**ရသော်လည်း** မအပ်သည့် အခြင်းအရာ အားကြီးစွာ ထင်ရှားခဲ့ရကား ကုက္ကုစ္စကသိက္ခာကာမပုဂ္ဂိုလ် မှန်လျှင် ယင်းကဲ့သို့သောပစ္စည်းတို့ကို ထင်ရှားသိလျက် လှူတို့လက်မှ တစ်ဖန် ရသော်လည်း မသုံးဆောင်မိအောင် မခံယူမိအောင်။ ကုလဒူသန အနေသန အကပ္ပိယ ပစ္စည်းအရာ၌လည်း –

**ယထာစာယံ ဧတေသုံ န ဝဋ္ဋတိ၊ ဧဝံကုလဒူသနကမ္မေနဝါ**
**အသန္တသမ္ဘာဝနာယ ဝါ ကုဟနာဒီဟိ ဝါ ဥပ္ပန္နပစ္စယာ နေဝ**
**တဿ န အညဿ ဝဋ္ဋန္တိ။**

အဋ္ဌကထာ (ဝိ၊၄၊၂၊၂၇၂) ပါဠ်နှင့်အညီ ရဟန်းခံ၍ ရအပ်သော ရွှေငွေကို သံဃာ့အလယ်၌ စွန့်၍လည်းကောင်း စွန့်အပ်ပြီးသော ရွှေငွေဖြင့် ကပ္ပိယလှူတို့ ဖလှယ်၍ ရအပ်သော ကပ္ပိယပစ္စည်းသည် ရွှေငွေခံရင်း ရဟန်းအား သံဃာအလယ် ၌ စွန့်ခြင်း၊ ခိုးသူလုယူ၍ ယူခြင်း အနပေက္ခစွန့်ပစ်ခြင်းဟု ဆိုအပ်သော တစ်စုံတစ်ခု သော အခြင်းအရာဖြင့် အပ်အောင်ပြုခြင်းငှာ မတတ်ကောင်းသကဲ့သို့ ယင်းနည်း အတူ ကုလဒူသန ပစ္စည်းသည်လည်း တစ်စုံတစ်ခုသော အခြင်းအရာဖြင့် အပ်ရာ အပ်ကြောင်းမရှိသည့်အဖြစ်ကို ယင်းအဋ္ဌကထာဆိုသည်အဖြစ် –

ဣမေဟိ ပန အဋ္ဌဟိ ကုလဒူသနကမ္မေဟိ ဥပ္ပန္နပစ္စယာ ပဉ္စန္နမ္ပိ သဟ ဓမ္မိကာနံ န ကပ္ပန္တိ၊ အဘူတာရောစန ရူပိယ သံဝေါဟာရေဟိ ဥပ္ပန္န ပစ္စယ သဒိသာဝ ဟောန္တိ ဟူသော အဋ္ဌကထာ (ဝိ၊၄၊၂၊၂၁၁) ပါဠ်ဖြင့် ကုလဒူသနပစ္စည်း ၏ သီတင်းသုံးဖော် ငါးယောက်တို့အား မအပ်နိုင်သည်၏အဖြစ်ဟူသော ရူပိယသံ ဝေါဟာရနှင့် တူသည်၏အဖြစ်ကို ယင်းအဋ္ဌကထာဆရာ ဆိုသောကြောင့် လည်းကောင်း၊ ပထမပတ္တ ဒုတိယပတ္တစသော ရူပိယသံ ဝေါဟာရနှင့် ဆက်ဆံ၍ သာမညဆိုသည်အဖြစ်ကြောင့်လည်းကောင်း မဟာအကပ္ပိယသံဝေါဟာရနှင့် ကုလဒူသနပစ္စည်း အတူတူဟုယူရန် တွေးတောဆင်ခြင်ခြင်း ရှိသည်ဖြစ်၍ အတိ ကုက္ကုစ္စက သိက္ခာကာမပုဂ္ဂိုလ်မှန်လျှင် ကုလဒူသနပစ္စည်းတို့ကို စွန့်ပစ်၍ လှူတို့ လက်မှ တဖန်ပြန်လှူသည်ကိုလည်း ခံယူသုံးဆောင်ခြင်းကို မပြု၊ ယုတ်သော အပိုင်းအခြားအားဖြင့် ရဟန်းတို့ထံမှ ရအပ်သော ပရိက္ခရာသည်သို့ ရောင်းချ အပ်သော ကဝါသက်န်းတို့ကိုသော်လည်း မူလရင်းက မည်သို့ဖြစ်မည် မသိသော ကြောင့် အနေသနပစ္စည်းအဖြစ်၌ ကုက္ကုစ္စမကင်း၍ မရုံမဝတ် စွန့်ပစ်ရှောင်ကြဉ် ကြသော ပေသလပုဂ္ဂိုလ်တို့နည်းသို့ လိုက်၍ ကျင့်ဆောင်နိုင်ကြအောင် နှလုံး အထူးထားကြအပ်ကုန်ရာသည်။

## ဒီဃာသနအရာ

ဒီဃာသနအရာ၌လည်း —

**မဥ္စကေဝါပိ ပီဌေဝါ ဒွိန္နံ လဗ္ဘံ နိသီဒိတုံ။** (ခုဒ္ဒသိက္ခာ – ၁၉၇ – ဂါထာ)

**မဉ္စ။ လ။ တုလ္လ်ဳေတ္တ ဝါ သဒ္ဒေါ သမုစ္စယတ္တော-တေန တဋ္ဌကာ ဒီသုပိ အဒီဃာသနေသုပိ နိသီဒိတုံ န ဝဋ္ဋတိ။** (ငှင်းဋီကာ)။

**မဥ္စပိဋ္ဌဝိနိမုတ္တံ ယံ အာသနံ တိဏ္ဏံ သုခံ နိသီဒိတုံ ပဟောတိ၊ ဣဒံ ပစ္ဆိမဒီဃာသနံ။ အဒီဃာသနေသု မဥ္စပိဋ္ဌေသု သမာနာသနိကာဧဝ ဒွေ နိသီဒိတုံ လဗ္ဘန္တိ။**

ဝိမတိဋီကာ (၂၊၂၄၄) ပါဠိတို့နှင့်အညီ ဒီဃာသ မဟုတ်သော ပကတိသော ညောင် စောင်းအင်းပျဉ်တို့၌ တိဝဿန္တရ နှစ်ဝါကြီးနှစ်ဝါငယ် ရဟန်းတို့သော် လည်း နှစ်ပါးသာ နေအပ်သည်အဖြစ် သုံးပါးမဆံ့လောက်သော ဖျာ၊ ရိုင်၊ သင်ဖြူး စသည် တို့၌လည်း တိဝဿန္တရထက်ကြီးသော ရဟန်းတို့နှင့် သုံးပါး လေးပါး စသည်ဖြင့် စု၍ မနေထိုင်အပ်သည်အဖြစ်များကို နှလုံးထား၍ ၎င်းအာပတ် တို့မှ လွတ်အောင် အထူးရှောင်ကြဉ်အပ်ကုန်ရာသည်။

## နိသျှည်းယူခြင်း

နိသျှည်းယူ၍ ကျင့်ရာသည့်အရာ၌လည်း —

**အနုဇာနာမိ ဘိက္ခဝေ နိဿယံ ဂဟေတုံ။ ပဥ္စဟိဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန နိဿိတေန ဝတ္ထဗ္ဗံ၊ ဥပေါသထံ န ဇာနာတိ၊ ပဝါရဏာကမ္မံန ဇာနာတိ။**

စသော (ဝိ – ၅ – ၂၃၄) ပါဠိနှင့်အညီ ဥပုသ် ပဝါရဏာပါတိမောက်ပြနည်း အာပတ္တိ အနာပတ္တိကို မသိသောပုဂ္ဂိုလ်တို့သည် အဝါခြောက်ဆယ်ရစေကာ ဆရာသမားတို့ ထံ နိသျှည်းယူ၍ မနေ မိမိအစိုးတရ ဆရာအမှီကင်း၍နေရာ၌ အာပတ်များစွာ သင့်တတ်သည့်အရာများကိုလည်း နှလုံးထား၍ နိသျှည်းပေးသူ လဇ္ဇီဆရာထံ နိယံမပြတ် နိသျှည်းယူ၍နေမိအောင် နှလုံးထားအပ်ကြကုန်ရာသည်၊

## နိသျှည်းပေးခြင်း

နိသျှည်းပေးခြင်းနှင့် စပ်သည့်အရာ၌လည်း —

**နဘိက္ခဝေ ပဥ္စတင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ နိဿယော ဒါတဗ္ဗော။ လ။ အာပတ္တာ နာပတ္တိံနဇာနာတိ ဦနဒသဝဿော ဟောတိ။**

စသော ပါဠိတော် (ဝိ၊၅၊၃၃၄။) နှင့်အညီ အာပတ္တိ အနာပတ္တိ စသည်ကို မသိ ဝိနည်း အဘိဓမ္မာ ကမ္မဋ္ဌာန်းအရာတို့ဖြင့် တပည့်ပရိသတ်တို့အား ယဉ်ကျေးအောင် မဆုံးမဘဲ ဆယ်ဝါလည်း မရဘဲ တပည့်ပရိသတ်မွေး၍ နိသျည်းပေးသည့် အရာ ကျောင်းထိုင်၍ မနေမိအောင် နိသျည်းပေးနိုင်လောက်သော ဗဟုသုတရှိမှ ကျောင်းထိုင်မိအောင် ယင်းသို့ကျောင်းထိုင်သောပုဂ္ဂိုလ်တို့၏လည်း –

ပဂုဏဝါစုဂ္ဂတာတိ ဣဒံ ပရိပုဏ္ဏဝသေန ဥဂ္ဂသမ္ပိ ဟန္ဒာယ ဝုတ္တံ။ (သာရတ္ထဒီပနီဋီကာ၊၂၊၄၀။)။ အတ္တမတ္တဝသေန ပဒမတ္တဝသေန ဓတ္တ ယောဇနံ အရောန္တိ။ (ဝိမတိဋီကာ၊၂၊၂၀။)။ "ဥဘယာနိခေါ ပနဿ ပါတိမောက္ခာနိ ဝိတ္ထာရေန သွာဂတာနိ ဟောန္တိ။ ပ။ အနုဗျဉ္ဇနသောတိတ္တေ သဗ္ဗောပိ အယံ ပဘေဒေါ မာတိကာအဋ္ဌကထာယံ ဉာတတာဟောတိ" တိစ "အာပတ္တိ ဇာနာတိတိ ပါဠေ အဝတ္တမာနေပိ ဣဒံ နာမ ကတွာ ဣဒံ အာပဇ္ဇတီတိ ဇာနတီစေ၊ ဝဋ္ဋတိ" တိစ လိခိတံ။ တဋ္ဌခေါ တတော ပုဗ္ဗေ ပါဠေ ပဂုဏော ဂတောတိ ဂဟေတဗ္ဗံ၊ အာစရိယု ပဇ္ဈာယာနမ္ပိ ဧသေဝနယော။

ဝဇိရဗုဒ္ဓိဋီကာ (၄၂၄–၅) ပါဌ်တို့နှင့်အညီ ဥဘတောဝိဘင်းပါဠိကို နှုတ်အာဂုံ မရသော်လည်း ၎င်းပါဠိတော်ကို အနက်ထင်အောင် သင်ကြားဖူး၍ လည်းကောင်း၊ သင်ကြားဖူးသည်နှင့်လျော်စွာ အာပတ္တိ အနာပတ္တိ စသည်များကို လျောက်ပတ်စွာ သိသည်ဖြစ်၍ လည်းကောင်း ဝိနည်းအဘိဓမ္မာ ကမ္မဋ္ဌာန်းအရာတို့ဖြင့် ဆုံးမနိုင်လောက်သော ဗဟုသုတရှိလျှင် တပည့်သားတို့အား နိသျည်းပေး၍ နေထိုင်မိအောင်၊ ဆိုအပ်ခဲ့ပြီးသော သုတမရှိသည်ဖြစ်၍ နိသျည်းအင်္ဂါမရှိဟု ထင်မှတ်၍ နိသျည်းမပေးဝံ့လျှင် ယင်းနည်းတူအင်္ဂါလာသော ဥပဇ္ဈာယ်ကိုလည်း မပေးမိအောင်၊ နိသျည်းဥပဇ္ဈာယ် မပေးဝံ့ကလည်း တပည့်ပရိသတ်နှင့်တကွ အာပတ်သင့်ခြင်းမှ မလွတ်နိုင်ရာသောကြောင့် တပည့်သားမြေး လုံးလုံး မမွေးမိအောင်၊ ပရိသတ်မွေးလိုလျှင်လည်း ဥဘတောဝိဘင်းပါဠိ ခုဒ္ဒသိက္ခာကျမ်းများကို အနက်ထင်အောင် လေ့လာသင်ကြား အားထုတ်ပြီးမှ နိသျည်းဥပဇ္ဈာယ်ပေးသဖြင့် စင်ကြယ်ယဉ်ကျေးစွာ ဆုံးမ၍ နေထိုင်မိအောင် အထူးသတိပြုအပ်ကြကုန်ရာသည်။

## ဝတ်ကြီးဝတ်ငယ်

ယင်းသို့ နိသျည်းယူခြင်း ပေးခြင်းကို ပြုသဖြင့် သီလသိက္ခာနှင့် ပြည့်စုံစွာ ကျင့်ဆောင်တော်မူကြကုန်သော ပုဂ္ဂိုလ်တို့အားလည်း – ဝတ္တံ အပရိပူရေန္တော၊

သိလ်ပိ နပရိပူရတိ–ပါဠိတော် (ဝိ၊၄၊၄၁၆) နှင့်အညီ ဆရာတပည့်ချင်းချင်း ပြုကျင့်ရာသည့် ဝတ်များကို မလစ်မလပ် ပြုကျင့်မိအောင် သတိလစ်လပ်၍ မပြုကျင့်နိုင်သည့် အရာများကို အချင်းချင်း ခွင့်ပြု တောင်းပန် သည်းခံခြင်းကို ပြသဖြင့်လည်းကောင်း၊ အာဂန္တုကဝတ်အရာဝယ် သီတင်းငယ်အာဂန္တုဆိုက်ရောက်လာလျှင် နေရာပေးခြင်း, သောက်ရေပေးခြင်း, တည်ခြင်း၊ သီတင်းကြီးအာဂန္တုက လာလျှင် မိမိထက် တစ်နေ့ တစ်ရက်မျှပင် ကြီးသော်လည်း ပုဆစ်ဒူးနဖူးမြေကျနှိမ်ချကြည်ညို အရိုအသေ ရှိခိုးခြင်း, သောက်ရေပေးခြင်း, တည်ခြင်း အာဂန္တုကဝတ်ကို ဖြည့်ကျင့်သဖြင့်လည်းကောင်း၊ သေနာသနဝတ်အရာဝယ် မိမိနေရာ အာဝါသတိုက်အတွင်း ရှင်းလင်းစင်ကြယ်အောင် နေ့စဉ်မပြတ် သုတ်သင်သန့်ရှင်းခြင်းကို ပြသဖြင့်လည်းကောင်း၊ ဝစ္စကုဋိ၌ သုံးဆောင်ရေ လက်သုတ်ပုဝါ ရေစစ် ဓမ္မကရိဏ်း သက်န်းတန်း ဝါးများကို အမြဲထား၍ ကွဲလွန်းသော ကြမ်းလွန်းသော ပိုးပေါက်ရှိသော ဆွေးမြေ့သော အကြောမပါ အကာမျှသာဖြစ်သော အလွန်သိမ်ငယ်လွန်းသော ကနုတံကိုပယ်၍ ကြီးမားခိုင်ချော သိမ်မွေ့ခြင်းရှိသော ကနုတံဝါးများကိုသာထား၍ သင်္ကန်းတန်းဝါး၌ သင်္ကန်းကိုတင်၍ သန့်သက်ရေ သုံးဆောင်ခြင်းကိုပြု၍ မနှေးမလျင် ထွက်ဝင်ဆင်းသွားခြင်း စသည်များကို ပြသဖြင့်လည်းကောင်း ဤသို့ စသော ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံစွာ ပရိသတ်တို့နှင့်တကွ နေရာကျ ကျင့်ဆောင်နိုင်ကြအောင် နှလုံးအထူးထားအပ်ကြကုန်ရာသည်။

## တရားဟောခြင်း

န ဘိက္ခဝေ သံဃမ္ဈေ အနိဇ္ဈိဌ္ဌေန ဓမ္မော ပုစ္ဆိတဗ္ဗော။ လ။ ဝိသဇ္ဇိတဗ္ဗောယော ဝိသဇ္ဇေယျ အာပတ္တိ ဒုက္ကဋဿ – စသော ပါဠိတော် (ဝိ၊၃၊၁၅၂–၃) နှင့်အညီ သံဃာ့ထေရ်တို့အား မပန်မကြား တရားဟောခြင်း မေးခြင်း ဖြေခြင်း စသည်ကို ပြုရာ၌ ၎င်းဒုက္ကဋ်အာပတ်သင့်တတ်သည့် အရာများကိုလည်း နှလုံးကြပ်ကြပ် ထားအပ်ကြကုန်ရာသည်။

## အာဂန္တုကဝတ်

**အာဂန္တုကေန ဘိက္ခဝေ ဘိက္ခုနာ "ဣဒါနိ အာရာမံ ပဝိသိဿာမီ" တိ ဥပါဟနံ ဩမုဉ္စိတွာ အာရာမော ပဝိသိတဗ္ဗော။ (ပါဠိတော် ဝိ၊၄၊၃၇၄)။ အာဂန္တုကော သဆတ္တော သဥပါဟနော**

**အညံ့အာရာမံ ပဝိသန္တော ပဝိသန္တော၀ အာပဇ္ဇတိ၊ နော နိက္ခမန္တော။ အာဂန္တုကော သဆင္ဃော သဥပါဟနော သသီသံပါရုတော အညံ့ အာရာမံ ပဝိသန္တော တတ္ထ ဝိစရန္တော စ အာဂန္တုကော၀ အာပဇ္ဇတိ နော အာဝါသိကော။ (အဋ္ဌကထာ ဝိ၊၄၊၄၊ ၁၅၉၊၁၆၉)။**

ၡင်းပါဠိအဋ္ဌကထာတို့နှင့်အညီ အာရာမ်တစ်ပါး ဝင်သွားသောအခါ မိမိသွားလိုရာ ဝင်လိုရာ ကျောင်းနေရာသို့ မရောက်မချင်း ပဝိသနကိစ္စ မပြီးမ်းသမျှကာလပတ်လုံး ဖိနပ်စီး ထီးဆောင်းအမှုကို မပြုမိအောင် နှစ်ရက်သုံးရက်စဉ် စသည်ပင်နေသော်လည်း အာဂန္တုကအဖြစ်နှင့် နေသမျှကာလပတ်လုံး ကျောင်းတိုက်အတွင်း ဦးခေါင်းခြုံ၍ ထိုမှဤမှ မသွားလာမိအောင် ကျင့်သဖြင့် အာဂန္တုကဝတ်များကိုလည်း နှလုံးအထူး ားအပ်ကြကုန်ရာသည်။

## ဖိနပ်မစီးအပ်သောအရာများ

**န ဘိက္ခဝေ အာစရိယေသု အာစရိယမတ္တေသု အနုပါဟနေသု စင်္ကမန္တေသု သဥပါဟနေန သင်္ကမိတဗ္ဗော ယော သင်္ကမေယျ အာပတ္တိ ဒုက္ကဋဿ။**

စသော ပါဠိတော် (ဝိ၊၃၊၂၇၅) နှင့်အညီ မိမိနိသျည်းဆရာ၊ မိမိထက်ခြောက်ဝါကြီးသော အာစရိယမတ္တပုဂ္ဂိုလ်၊ မိမိဥပဇ္ဈာယ်ဆရာပုဂ္ဂိုလ်၊ မိမိထက်ဆယ်ဝါကြီးသော ဥပဇ္ဈာယမတ္တပုဂ္ဂိုလ် ထိုပုဂ္ဂိုလ်တို့ ဖိနပ်မစီးဘဲနှင့် ၎င်းပုဂ္ဂိုလ်တို့အနီးအနား ဆယ့်နှစ်တောင် ဟတ္ထပါသ်အတွင်း၌ ဖိနပ်မစီးအပ်၊ ဒုက္ကဋ်အာပတ်သင့်တတ်သည့် အခြင်းအရာများကိုလည်းကောင်း၊ အာပတ္တိဝါရပင် မဟုတ်သော်လည်း သတ္ထု ဒဿန ဥပဋ္ဌာနေ ဥဘောအံသေ ပါရုပတိ, ဆတ္တံဓာရေတိ။ လ။ ခါဒတိ ဘုဥ္ဇတိ နှယတိ ဗုဒ္ဓအဂါရဝေါနာမ – အဋ္ဌကထာ (ဒီ၊၄၊၃၊၂၁၇) ပါ၌လာသည့်အတိုင်း ကိုယ်စားတော် ရုပ်ပွားဘုရားဆင်းတု အလေးအမြတ်ပြုအပ်သော သီလဝန် ဂုဏဝန် ဆရာသမား မထေရ်ကြီးများ ရှေးရှုမျက်မှောက် မြင်လောက်ရာ အရပ်ကပင် ထီး ဖိနပ်စီးဆောင်း၍ သွားလာက အဂါရဝဖြစ်မည့် အခြင်းအရာများကိုလည်းကောင်း နှလုံးထားကြအပ် ကုန်ရာသည်။

## ဒိဝါသေယျသိက္ခာပုဒ်

**အနုဇာနာမိ ဘိက္ခဝေ ဒိဝါ ပဋိသလ္လီယန္တေန ဒွါရံ ပိဒဟိတုံ။ (ပါဠိတော် ဝိ၊၁၊၄၈။)**

သဒ္ဒါရဇနွနေ ဌာနေ၊ သော ဒုက္ကလကပါသကေ။
သယန္တေန ဒိဝါဒ္ဒါရံ၊ ဇနေ္ဓယျ ပရိဝတ္တကံ။
သန္တေ ဝိညူမှိ ပုရိသေ၊ အာဘောဂေါ စာပိ ကပ္ပတိ။

စသော (ခုဒ္ဒ၊ ၃၃၅) ဂါထာပါဠ်နှင့်အညီ အောက်ဆုံးငယ် အထက်လက်ကောက်ကွင်း ရှိသော တံခါးအဖွဲ့တပ်သောကျောင်းတို့၌ နေ့အခါ အိပ်ရာ၌ တံခါးကို ပိတ်၍အိပ်ခြင်း၊ ဤသူပိတ်လတ္တံ့ဟု အနီးအပါးရှိသောသူကို နှလုံးသွင်းခြင်း စေခိုင်းခြင်းကိုမပြု အမှတ်မဲ့အိပ်သောရဟန်းအား –

ဒွေပါဒေဘူမိတော မောစေတွာ သီသံ ဗိမ္ဗောဟနေ နိက္ခိပိတ္တ မတ္တေနေဝ ဣဓ နိပ္ပဇ္ဇန်နာမ။

ဝိနည်းဋီကာလာသည့်အတိုင်း နှစ်ဘက်သောခြေကို မြေမှလွတ်အောင်ကြွ၍ ခေါင်းအုံးသို့ ခေါင်းချမိလျှင် အိပ်မပျော်ခင်ပင် အာပတ်သင့်တတ်သည့်အခြင်းအရာများကိုလည်း နှလုံးထား၍ ယင်းဆိုအပ်ပြီးသော လက္ခဏာရှိသောကျောင်းတို့၌ အမြဲနေသော်လည်းကောင်း၊ အာဂန္တုက အခိုက်အတန့်ပင် နားနေသော်လည်းကောင်း၊ အိပ်တိုင်း အိပ်တိုင်း ယင်းအာပတ်မသင့်ရအောင် ကြံဆောင်လုံ့လပြုအပ်ကြကုန်ရာသည်။

## အကပ္ပိယအခင်း

ဘူမတ္တရဏသေနာသနံဝါ အကပ္ပိသပစ္စတ္ထရဏံဝါ သံဃိက မဉ္စပီဌံဝါ အတ္ထနော သန္တကေန ပစ္စတ္ထရဏေန အတ္ထရိတွာ နိပ္ပဇ္ဇိတဗ္ဗံ။

အဋ္ဌကထာ (ဝိ၊ ၄၊ ၄၊ ၈၇) လာတိုင်း ဝိနယဂရုဆရာကြီး ဆရာမြတ်တို့ပင် ပဋိကာ ပဋလိကာ စိတြ စသော အကပ္ပိယအခင်းသို့ သွင်းယူအပ်သော တရုတ်ကော်ဇော သဘော်ကော်ဇော စသည်များကို ညှောင်စောင်းဘောင်၌ မခင်းမူ၍ ဘူမတ္ထရဏအရာ ဖျာသင်ဖြူး၌ပင် ခင်းသော်လည်း မိမိကပ္ပိယအခင်း အလွှမ်းကင်း၍ အိပ်ခြင်း နေခြင်းတို့ကို မပြုမိအောင် နဘိက္ခဝေ ဂေါစမ္မာနိ ဓာရေတဗ္ဗာနိ ယော ဓာရေယျ အာပတ္တိ ဒုက္ကဋဿ – စသော ပါဠိတော် (ဝိ၊ ၃၊ ၂၈၂) လာတိုင်း နွားရေ စမ္မခဏ်တို့ကို သားရေနွယ်အရာဆောင်သော အခါ၌လည်း ကပ္ပိယအိပ်ရာခင်း အလွန်ကင်း၍ မနေထိုင်မိအောင် အထူးသတိပြုအပ်ကြကုန်ရာသည်။

## ဖိနပ် စသည် အကြောင်း

န ဘိက္ခဝေ ကဋ္ဌပါဒုကာ ဓာရေတဗ္ဗာ – စသော ပါဠိတော် (ဝိ၊ ၃၊ ၂၇၇) နှင့်အညီ ကွမ်းသီးဖတ်များစွာ အခံပါသော ဖိနပ်များကို မစီးမိစေရ၊ သည်မှတစ်ပါး

ရဟန်းတို့အား မလျော်ကပ်သော အသည်းနီ အသည်းနက်တပ်သော **ဖိနပ်၊** ပန်းပြောက် ပန်းပွင့် ထုသောဖိနပ်၊ အရေးအရစ်ရှိသော တောင်ဖေး၊ ရေစစ်၊ ဆင်မျက်ကွင်း ပုစွန်မျက်စိ သဏ္ဍာန် စသော ဖောက်ပြန်သဖြင့် ပြုလုပ်ခြင်းရှိသော မအပ်သော ခါးပန်းကြိုး စသော အကပ္ပိယ ပရိက္ခရာတို့ကို မသုံးဆောင်မိအောင် နှလုံးထား ကြအပ်ကုန်ရာသည်။

## ဆိုးရေ အဆုံးအဖြတ်

နီလ ပီတကာဒီသု လဒ္ဓေသု ကပ္ပိယရဇနေန ရဇိတွာ ဝဏ္ဏံ နာသေတွာ ကပ္ပိယဝတ္ထာဒိ ဥဘယပသေသု အလ္လိယာပေတွာ ပဋ္ဌိတ္ထာဒေတွာဝါ နိဝါသေတုံ ဝဋ္ဋတိ။ (ဝိနိစ္ဆယ ဝိနည်းဋီကာ။) သဗ္ဗနီလကေဟိ ကေဝလနီလကေ၊ လ္လမိနာ သဗ္ဗနီလကာဒိ ကပ္ပိယရဇန ရဇိတံ ပရိဘုဥ္ဇိတုံ နတ္ထိ ဒေါသောတိ ဒီပေတိ။ ခုဒ္ဒသိက္ခာ ဋီကာ (၂၈၄)။ ၎င်းပါဠိနှင့်အညီ နန္ဒင်းဆိုးပေါက်ပွင့်ဆိုးသော သင်္ကန်းတို့ကို လုံးလုံးမရုံမိအောင် ကျောက်ချဉ်ဖွင့် ပိတ်နီသင်္ကန်းတို့ကို ရသောအခါ လည်းကောင်း၊ ကျောက်ချဉ်၏ ခွင့်ပြုတော်မူအပ်သော ဆိုးရေဝတ္ထုခြောက်ပါးတွင် အကျုံးမဝင်သည်ဖြစ်၍ ကပ္ပိယဖြစ်၏ဟု မုချကုက္ကုစ္စမကင်းကောင်းရကား ၎င်း ကျောက်ချဉ်ဖွင့် သင်္ကန်းကို ပကတိအတိုင်း မဝတ်ရုံဘဲ ပိန္နဲရေထပ်၍ ဆိုးသဖြင့် ပိန္နဲဆိုးသင်္ကန်းနှင့် မကွဲမပြား အလားတူအောင် ပြုပြီးမှ ဝတ်ရုံမိအောင် နှလုံးအထူး ထားအပ်ကြကုန်ရာသည်။

## ပါတိမောက် ပြကြရန်

န ဘိက္ခဝေ တဒဟုပေါသထေ သဘိက္ခုကာ အာဝါသာ အဘိက္ခုကော အာဝါသော ဝါ အနာဝါသော ဝါ ဂန္တဗ္ဗော။ (ပါဠိတော် ဝိ၊၃၊၁၈၈။)

ဧဝံ သစေ ဘိက္ခု ဝိဟာရေ ဥပေါသထံ ကရောန္တိ၊ ဥပေါသထာ ဓိဋ္ဌာနတ္ထံ သီမာပိ နဒီပိ နဂန္တဗ္ဗာ၊ သစေ ပနေတ္ထ ကောစိ ဘိက္ခု ဟောတိ၊ တဿ သန္တိကံ ဝိသဠဥပေါသထာ အာဝါသာ ဂန္တုံ ဝဋ္ဋတိ။ (အဋ္ဌကထာ ဝိ၊၄၊၃၊၃၄၈။)

ဝိဟာရသီမာယံ ပန သံဃေ ဝိဇ္ဇမာနေပိ ကေနစိ ပစ္စယေန ခဏ္ဍသီမာယံ ဒွီသု တီသုဝါ ပါရိသုဒ္ဓိဥပေါသထံ ကရောန္တေသု ကမ္မံ ဓမ္မေန သမဂ္ဂမေဝ ဘိန္နသီမဋ္ဌတ္တာ။ (ဝိမတိဋီကာ၊၂၊၁၇၀။)

ဋင်းပါဠိအဋ္ဌကထာ ဋီကာလာတိုင်း မိမိတို့နေရာ တစ်ခုသော အာဝါသတွင် သံဃာလောက်သည့်အခါ အန္တရာယ်မရှိ၍ ပါတိမောက်ပြကြမည်ဟု အကြံပြု၍ နေကြသောရဟန်းတို့ရှိရာ အာဝါသမှ ပါတိမောက်ပြသူ ရဟန်းမရှိရာ အာဝါသတစ်ပါးသို့ ပါရိသုဒ္ဓိအဓိဋ္ဌာန်ဥပုသ်ပြုခြင်းငှာ မသွားအပ်၊ သံဃာလောက်လျက်ပြောပလောက်သော အကြောင်းကိစ္စမရှိဘဲ နှစ်ပါးချင်းသုံးပါးချင်း ခဏ္ဍသိမ်တွင်းသို့ ဝင်၍ ပါရိသုဒ္ဓိဥပုသ်ကိုလည်း မပြုအပ်။ တစ်စုံတစ်ခု ပြောပလောက်သော အန္တရာယ်ရှိသည်ဖြစ်၍လည်းကောင်း၊ သေလုနီးပါး ဖျားနာသူ ဂိလာနများခြင်းစသောအကြောင်းများကြောင့်ဆန္ဒဆောင်ခွင့်လည်း မရနိုင်သည်ဖြစ်၍လည်းကောင်း၊ ဓမ္မာသောကမင်းလက်ထက်ကဲ့သို့ အညတိတ္ထိယ ဝိသဘာဂပုဂ္ဂိုလ်များပြားသည်ဖြစ်၍လည်းကောင်း၊ "ယနေ့ပါတိမောက် မပြနိုင်ပြီ" ဟု စွန့်ပစ်အပ်သော ဥပုသ်ရှိသော ဝိသဋ္ဌဥပေါသထကျောင်းတိုက်မှသာ မိမိလိုရာသိမ်သို့ သွားအပ်ကြောင်းကိုသာ ကျမ်းဂန်လာသည်များကို နှလုံးထား၍ သံဃာလောက်လျက် ပါတိမောက်မပြဘဲ မနေမိကြရအောင်၊ ပါတိမောက်မပြနိုင်ပြီဟု စွန့်မပစ်အပ်သော ပြမည့်နေ့၌လည်း ပါတိမောက် မပြသေးခင်သွားချင်ရာအရပ်သို့ တစ်ယောက်နှစ်ယောက်သုံးယောက် ချင်းချင်း ညဥ့်အိပ်ညဥ့်နေ ထွက်သွားခြင်းကို မပြုမိကြရအောင် အထူးနှလုံးထား အပ်ကြကုန်ရာသည်။

**န ဘိက္ခဝေ အသတိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတဗ္ဗံ ယော ဥဒ္ဒိသေယျ အာပတ္တိ ဒုက္ကဋဿ** – ပါဠိတော် (ဝိ၊၃၊၁၅၂) လာတိုင်း ပါတိမောက်ကို အန္တရာယ်မရှိဘဲ စွမ်းနိုင်လျက်နှင့် အကျဉ်းသံခိတ္တပြပြန်သော် ဒုက္ကဋ်အာပတ်သင့် သည် အမှန်ဧကန်ဖြစ်သောကြောင့် သံဃာလောက်၍ ပါတိမောက်ပြကြသည့်အခါ အကျဉ်းသံခိတ္တမပြဘဲ စောင်လုံးကုန် အကျယ်ဝိတ္ထာရ ပြမိကြရအောင် –

> **"ဂဏ္ဌာဝုသော သံခိတ္တေနဝါ ဝိတ္ထာရေနဝါ" တိ အာဒိဝစနတော အသတိပိ အန္တရာယေ သံခိတ္တေန ပါတိမောက္ခံ ဥဒ္ဒိသိတုံ ဝဋ္ဋတိ ပိတိမောက္ခုဒ္ဒေသကဿ ဣဓ ပမာဏန္တိ သိဒ္ဓံ။**

ဝဇိရဗုဒ္ဓိဋီကာ (၄၆၃) ပါဌ်နှင့်အညီ ပါတိမောက္ခုဒ္ဒေသက၊ မထေရ်ကြီးပုဂ္ဂိုလ် နှုတ်တက်မစွမ်းနိုင်သည့်အခါ၌သာ သံခိတ္တပြုအပ်သည့်အရာကို လေသံအမြွက်ရာကြံ၍ အကြောင်းသာမန်မျှဖြင့် သံခိတ္တမပြမိအောင် သာကီဝင်မင်းသားဘုရားသားတော်တို့ ပြီပြီ လဇ္ဇီပေသလပုဂ္ဂိုလ်တို့ ကျင့်ရိုးအမှု ဂရုသို့လိုက်၍ ကျင့်ဆောင်မိအောင် ကြံဆောင်လုံ့လ ဉဿာဟ ပြုအပ်ကြကုန်ရာသည်။

## အဝေဘင်္ဂိယ

ဘိက္ခုသံဃံ အဘိဘဝိတွာ ထုသဿရဝတာယ ဝိဿဇ္ဇေန္တော ထုလ္လစ္စယံ အာပဇ္ဇတိ။ ထေယျစိတ္တေန ဝိဿဇ္ဇေန္တော ဘဏ္ဍံ အဂ္ဃါပေတွာ ကာရေတဗ္ဗော။ စသော အဋ္ဌကထာ (ဝိ၊၄၊၂၊၇၇) ပါဌ်နှင့်အညီ သံဃိက ဂရုဘဏ်ပစ္စည်းများကို သံဃာအား မပန်မကြား အစိုးတရ သူတစ်ပါးအား ပေးမိသော် ထုလ္လစ္စည်း ထေယျစိတ်ဖြင့် ချီကြွမိသော် ပါရာဇိက သံသာသဘောတူပင် စွန့်မိသော်လည်း ဒုက္ကဋ်အာပတ် မလွတ်နိုင်သည့် အရာများကို ထောက်ထားဆင်ခြင်၍ –

ပတ္တာဒိ ဘိက္ခုသာရုပ္ပံ၊ တထာ ခိပ္ပကတာ ကတံ။
ဘာဇိယံ လောဟဘဏ္ဍေသု၊ ဝါရကံ ပါဒဂဏှကံ (ခုဒ္ဒ၊၃၂၉)။
တစ္ဆိတာ နိဋ္ဌိတံ ဒါရု၊ ဘဏ္ဍံ ဒန္တဉ္စ ဘာဇိယံ။
ဘိက္ခုပကရဏေပါဒ၊ ဃဋကော မတ္တိကာမယော (ခုဒ္ဒ၊၃၃၂)။

ခုဒ္ဒသိက္ခာ ဂါထာ ပါဌ်တို့နှင့်အညီ ရဟန်းတို့၏ဖွယ်ရာ လျောက်ပတ်စွာ သော သပိတ်ပရိက္ခရာ ကြာသွတ် ညောင်ရေအိုးများမှတစ်ပါး ပြီးပြီးသားသစ်ဘဏ္ဍာ မြေဘဏ္ဍာ အသုံးအဆောင်ဟူသမျှသည် ဂရုဘဏ်သာဟူ၍ ကျမ်းဂန်လာသော ကြောင့် များသောအားဖြင့် ယခု ရဟန်းတို့ သုံးစွဲကြသော ပစ္စည်းဥစ္စာတို့သည် ဂရုဘဏ်သာများသည်ဖြစ်၍ မိမိတို့ကျောင်းတွင်းသို့ ရောက်လာသမျှ ပစ္စည်းရပ်များ ကို သံဃိက ပုဂ္ဂလိက အသေအချာ မှတ်သား၍နေရာကျ သုံးဆောင်မိအောင် သံဃိကပစ္စည်းကို ပုဂ္ဂလိကပစ္စည်းကဲ့သို့ပြု၍ အမှတ်မဲ့ မသုံးဆောင်မိကြအောင် နှလုံးအထူးထားကြအပ်ကုန်ရာသည်။

## ကျင့်ဆောင်ကြရန် တိုက်တွန်းချက်

သည်မှတစ်ပါးလည်း ဘုရားရှင် ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော် ငယ်ငယ် နှောင်းနှောင်း အပေါင်းများစွာရှိသည်များကို ဝိနည်းပါဠိတော် အဋ္ဌကထာ တို့မှ လာတိုင်း နေရာကျ ကျင့်ဆောင်မိနိုင်ကြအောင် သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ –

ပါဠိတော်မြွက် (ဝိ၊၂၊၁၈၆) ဖြင့် မဟာကရုဏာတော်ရှင် ရှင်တော်ဘုရား ဟောကြား မိန့်မှာတော်မူအပ်သည့်အတိုင်း အဖန်တလဲလဲ ဝိနည်းတရားတော်ကို သင်ကြား လေ့လာအားထုတ်ခြင်း ယခုဆုံးဖြတ် ဆင့်ဆိုအပ်သော ဝိနယဂရုဒီပနီ ဤသည့် ဆင့်စာများကို လေ့လာမှတ်သားခြင်းကိုပြု၍ ကျင့်ဆောင်အားထုတ်ကြ ရမည်။ ယင်းသို့အားထုတ်ရာ၌ ဝိနည်းတရားသာ သီလသံဝရ၏ အခြေပါဒဖြစ်၍

ကိုးကွယ်ရာမူလရင်းဖြစ်သည် ဆင်ခြင်အောက်မေ့ခြင်း သမ္မာဒိဋ္ဌိမဂ္ဂင်သည် ဖြစ်၏။ ယင်းနည်းအတူ ဝိနည်းဒေသနာအစဉ်ကို အာရုံပြု၍ ကြံစည် အောက်မေ့ခြင်း၊ သမ္မာသင်္ကပ္ပမဂ္ဂင်၊ သမ္မာသတိမဂ္ဂင် ဝိနည်းဒေသနာကို အားထုတ်လေ့လာခြင်း၊ သမ္မာဝါယာမမဂ္ဂင် ဝိနည်းဒေသနာ၌ စိတ်၏ တည်ကြည်ခြင်း သမ္မာသမာဓိမဂ္ဂင် တရားတို့သည် အစဉ်မပြတ် ဖြစ်ပွားကုန်၏။ ယင်းသို့ လေ့လာသင်ကြား မှတ်သား ပြီးသည်နောက်၌လည်း ယင်းဝိနည်းဒေသနာလာသည့်အတိုင်း ကျင့်ဆောင်မိအောင် ဆွမ်းစားဆဲအခါ ဆွမ်းလုတ်ကို ညီညွတ်စွာ ပရိမဏ္ဍလဖြစ်အောင် ပြင်ဆင်ပြုလုပ် အားထုတ်တိုင်း၊ ဆွမ်းလုတ်နှင့်တကွ စကားမပြောမိအောင် သတိပြုတိုင်းပြုတိုင်း၊ သပိတ်ထဲသို့ မြုံ့မုံ့ကျ၍ အကပ်ပျက်သည်ကို အောက်မေ့ ဆင်ခြင်တိုင်း ဆင်ခြင်တိုင်း၊ အကပ်ပျက်သည်ထင်သဖြင့် ပြင်၍ အကပ်ခံတိုင်း ခံတိုင်း ကပ္ပိ၍ စားသင့်သော ဗီဇဂါမ်ဝတ္ထုတို့ကို ပြုတိုင်းပြုတိုင်း ကပ္ပိခြင်းမြောက်အောင် အထပ်ထပ် အားထုတ်ဆင်ခြင်ရာ၏။

သည်မှတစ်ပါးလည်း ဆွမ်းစားရာ ကျင့်အပ်သော သိက္ခာပုဒ်တော်ဟူသမျှကို နှလုံးထားတိုင်းထားတိုင်း များစွာအရာအထောင်မက မဟာကုသိုလ်အစဉ်တို့သည် ကရားမှတသွင်သွင် ကျအပ်သော ရေအလျဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ကုန်၏။ ဤနည်းတူ ဝစ္စကုဋိသို့ တက်သည့်အခါ လျင်မြန်စွာ မတက်မိအောင် နင်းခုံထက်သို့ မရောက်မီ သင်းပိုင်ကို မပင့်မိအောင် ကိုယ်ရုံသင်္ကန်းကို သင်္ကန်းတန်းဝါး၌ တင်၍ တက်မိအောင်၊ ကွမ်းစားဆေးဝါးတံပူစား၍ မတက်မိအောင်၊ ကျင်ချောင်းတွင်း၌ တံတွေးစသည် မထွေးမိအောင်၊ ကြည်းညည်းလျက် ကျင်ကြီးမသွားမိအောင်၊ အပြစ်ခြောက်ပါးလွတ်သော ကနုတံကို သုံးဆောင်မိအောင်၊ သန့်သက်ရေမဆေးဘဲ မနေမိအောင်၊ သန့်သက်ရေခွက်၌ သန့်သက်ရေအကြွင်းမထားမိအောင်၊ ကျင်ကြီးတွင်းပေါက်၌ ကျင်ကြီးလူးသော် ရေဖြင့်ဆေးလျော်မိအောင်၊ ကုဋိအတွင်း အမှိုက်သရိုက် မရှင်းမလင်းရှိလျှင် သုတ်သင်လှဲဖယ်မိအောင် နှလုံးထား၍ အားထုတ်ကျင့်ဆောင်သည့်အခါ၌လည်း ရှေ့နည်းအတူ အဓိသီလသံဝရ မဟာကုသိုလ်ဇောတို့သည် မရေတွက်နိုင်အောင် ဖြစ်ပွားလေကုန်၏။

သည်မှတစ်ပါး မဆေးသော ရွှံ့စေးမြုံ့မှုန်လူးကပ်သောခြေ၊ စိုသောခြေတို့ဖြင့် သင်္ဃိကပုဂ္ဂလိကမဆို ထိုထိုအိပ်ရာနေရာကို မနင်းမတက်မိအောင် ပြုသဖြင့် ဒုပ္ပရိဘောဂမဖြစ်ရအောင်၊ ဒီဃာသနမဟုတ်သော နေရာတို့၌ တိဝဿန္တရ မဟုတ်သော ရဟန်းတို့ချင်း နှစ်ပါးသုံးပါး စသည်စု၍ မနေမိအောင်၊ စကားပြောတိုင်းပြောတိုင်း အပြောလွန်၍ စကားကျွမ်းဝင်သဖြင့် မုသာဝါဒမဖြစ်ရအောင်၊ ဖရုသဝါစာ မြည်တွန်ဆဲရေးခြင်း အက္ကောသမဖြစ်ရအောင်၊ သူတစ်ပါးတို့အား ကဲ့ရဲ့ရှုတ်ချ

ခြင်း ဥဇ္ဈာပနကခိယျန မဖြစ်ရအောင်၊ ရယ်ရွှင်လိုသဖြင့် ထိုထိုအဖျင်း**အချော်** အသရော်စကားပြောဆိုခြင်း ဒုဗ္ဘာသီအာပတ် မသင့်ရအောင်၊ ဆေးဝါးကွမ်းစားဆဲ မပီမသ အာလုပ်သံနှင့် စကားပြောဆိုမိသဖြင့် သဗျာဟရဏသိက္ခာပုဒ် မဖြစ်ရ အောင် ရှောင်ကြဉ်အားထုတ်ရာ၏။

တံပူစားသည့်အခါ လက်ခြောက်သစ်အောက် လည်းကောင်း၊ တစ်ဆယ့် နှစ်သစ်ထက်လည်းကောင်း မယုတ်မလွန်စေမူ၍ ပမာဏနှင့်ယှဉ်၍ သုံးဆောင်မိ အောင် ဆံပင်တိုတို လက်နှစ်သစ်ထက် မရှည်စေရ။ နှစ်လထက်လည်း မလွန်စေရ အောင် လက်သည်းခြေသည်းတို့ကို လက်ထိပ်လက်သားထက် မရှည်စေရအောင် နှလုံးထား၍ ဖြတ်တိုင်းဖြတ်တိုင်း သတိပြုရာ၏။

သင်္ကန်းအသုံးအဆောင်တို့ကိုရသောနေ့မှစ၍ ဆယ်ရက်မလွန်မိ သတိ ထား၍ ဝိကပ္ပနာပြုတိုင်း ၎င်းအဓိဋ္ဌာန်တင်သောသင်္ကန်း၌ လက်သန်းလက်သည်း ဖြင့် ပမာဏပေါက်သည်ကို မြင်သော် ပြင်ဆင်ဖာထေး၍ တဖန် အဓိဋ္ဌာန်တင်မိ အောင် သင်္ကန်းတို့ကိုရလျှင် အပ်သောဆိုးရေဟုတ်ပါလေ၏လော၊ ဖြတ်ချုပ် သင်္ကန်းဟုတ်ပါလေ၏လော၊ ဗိန္ဒုထိုးမိပါလေ၏လော၊ ကုလဒူသန အနေသန ပစ္စည်းမှ လွတ်ပါလေ၏လော၊ နှလုံးထား၍ အပ်သည်ကိုသာ သုံးဆောင်မိအောင် သတိပြုရာ၏။ ဒါယကာတို့ကိုမြင်လျှင် ရှေးဦးစွာ စတင်၍ ပြုံးရယ်ခြင်း၊ ရှေးဦး တင်၍ နှုတ်ခွန်းဆက်ခြင်း၊ ပျူငှာလောကဝတ် ပြောဆိုခြင်း စသော မိစ္ဆာဇီဝ အနေသန အမှုတို့ကို မပြုမိရအောင် ဤသို့ စသည်ဖြင့် သိက္ခာပုဒ်တော် ကျိုးပျက် ပေါက်ကျား မရှိရအောင် ရှောင်ကြဉ်အားထုတ်တိုင်း အားထုတ်တိုင်းအခါတို့၌ ဘုရားသခင် သိက္ခာပုဒ်တော်ကို သက်ဝင်ကြည်ညိုခြင်း သဒ္ဓါပြဋ္ဌာန်းသော ပုည သမ္ဘာရ မဟာကုသိုလ်ဇောတို့သည် ဟိမဝန္တာတောတောင်ကြီးအထက် တခဲနက် တက်၍ ရွာသော မိုးကြီးသည် ဟိမဝန္တာတောင်မှ အစဉ်အတိုင်း စီးကျ၍ ပဗ္ဗတကန္ဒရ ထုံးအိုင် ကန်ချောင်း တွင်းခေါင်းနရက် အဆက်ဆက်သော မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာတို့မှ အစဉ်အတိုင်း စီးကျ၍ အတိဂမ္ဘီရဖြစ်သော မဟာသမုဒ္ဒရာကို ပြည့်လျှံစေသကဲ့သို့ ဆိုအပ်ပြီးသော ဝိနည်းတော်တည်းဟူသော ဟိမဝန္တာတောမှ သံဝရသီလ ကုသိုလ်တည်း ဟူသော မရေတွက်နိုင်သော မိုးရေမိုးပေါက်ကျရောက် ဖြစ်ပွားကုန်သည် ဖြစ်၍ –

**သံဝရော အာနန္ဒ အဝိပ္ပဋိသာရတ္ထော အဝိပ္ပဋိသာရာနိသံသော၊ အဝိပ္ပဋိ သာရော အာနန္ဒ ပါမောဇ္ဇတ္ထော ပါမောဇ္ဇာနိသံသော။** စသည်ဖြင့် ပါဠိတော် (အံ ၂၃၊၂၅၇) လာတိုင်း ပါမောဇ္ဇပီတိ ပဿဒ္ဓိ စသော ထုံးအိုင်ကန်ချောင်း

တွင်းခေါင်းနရက်တို့ကို ပြည့်လျှံစေလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော မြစ်ကြီးမြစ်ငယ်တို့မှ အစဉ်အတိုင်း လျှောကျ၍ နိဗ္ဗာန်တည်းဟူသော မဟာသမုဒ္ဒရာကို ပြည့်လျှံစေနိုင်သည်။ ဤသို့ တစ်နေ့ တစ်ရက် တစ်မနက်မျှ အားထုတ်ဖြည့်ကျင့်ရသဖြင့် နိဗ္ဗာန်တိုင်အောင် မရေတွက်နိုင်သော လောကီလောကုတ္တရာ ချမ်းသာနှစ်ပါးကို ပေးစွမ်းနိုင်သော သုဒုလ္လဘ ရနိုင်ခဲသော ဗြဟ္မစရိယ မကျင့်စဖူး ထူးမြတ်လှစွာသော အဓိသီလ သိက္ခာတော်မြတ်ကို အသို့သောအကြောင်းကြောင့် မကျင့်ဆောင်ဘဲ ရှိအံ့နည်းဟု မိမိကိုယ်ကို သွန်သင်ဆုံးမကြကုန်သဖြင့် ပစ္စုပ္ပန် သံသရာနှစ်ဖြာသောအကျိုး ဖွံ့ဖြိုးပွားစီးခြင်း၏အကြောင်း ကောင်းမြတ်သော သိက္ခာတော် အကျင့်မြတ်ကို မကျိုးမပျက် မပေါက်မကျားရအောင် ကျင့်ဆောင် အားထုတ်ကြအပ်ကုန်ရာသည်။ အားထုတ်ကြရမည်၊ အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

✿

## မန္တလေး-ရဘာနာပုံ ဒုတိယနန်းစံ
## သီပေါမင်းလက်ထက်
## ဂဏသမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီး ချမှတ်ပေးအပ်တော်မူသော
## တလုပ်မြို့သာသနသောဓကဆရာတော်တို့ကျင့်ဆောင်ရန်ဥပဒေနှင့်
## တလုပ်မြို့ဝန် ကျင့်ဆောင်ရန် ဥပဒေ တို့ကို
## ရွှေကျင်ဂိုဏ်းကြီး၏ ကျင့်ထုံးဥပဒေအဖြစ် ထပ်မံထည့်သွင်းပြဋ္ဌာန်းပေးပါရန်
## ဒွိဒသမအကြိမ် သာသနာတော်လုံးဆိုင်ရာ
## ရွှေကျင်ဂိုဏ်းသံဃာ့အစည်းအဝေးကြီးသို့ အဆိုတင်သွင်းလွှာ

ရှိသေစွာလျှောက်ထားပါသည် ရွှေကျင်နိကာယဝင် သံဃာတော် အရှင်သူမြတ်တို့ဘုရား။

စစ်ကိုင်းတောင်ရိုး ကျစွာချောင် ပဌမဆရာတော်ဘုရားကြီး ရှာဖွေစုဆောင်းထားတော်မူခဲ့သော ရေးဟောင်းပုရပိုက်တစ်ဆူတွင် မန္တလေးရတနာပုံ ဒုတိယနန်းစံ သီပေါမင်းတရားလက်ထက် ၁၂၄၃ ခုနှစ် (၉) ဌာန သာသနာပြု စေလွှတ်ရာ ရွှေကျင်ဂဏသမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီး ချမှတ်ပေးအပ်တော်မူသော "တလုပ်မြို့ သာသနသောဓကဆရာတော်တို့ ကျင့်ဆောင်အားထုတ်ရန် ဥပဒေနှင့် တလုပ်မြို့ဝန် ကျင့်ဆောင်ရန်ဥပဒေ" တို့ကို တွေ့ရှိရပါသည်ဘုရား။

ယင်းဥပဒေပါ အချက်အလက်တို့ကို လေ့လာသုံးသပ်ကြည့်လျှင် ရွှေကျင်ဂိုဏ်း သာသနသောဓက(သာသနာသန့်စင်ရေး) နယ်လှည့်သာသနာပြု ဆရာတော်များ၏ လုပ်ထုံးလုပ်နည်းနှင့် ရွှေကျင်သာသနာသန့်စင် တည်တံ့ပြန့်ပွားရေး အတွက် ကျင့်သုံးဆောင်ရွက်ပုံများ သာသနာပြုမင်း အစိုးရတို့ဘက်က ကျင့်သုံးဆောင်ရွက်ရန် အချက်အလက်များကို အသေးစိတ် စိစစ်တွေ့ရှိရပါသည်ဘုရား။

ဂဏသမုဋ္ဌာပက ရွှေကျင်ဆရာတော်ဘုရားကြီးကိုယ်တိုင် ချမှတ်ပြဋ္ဌာန်းပေးခဲ့သော အဆိုပါ သာသနာပြုလုပ်ထုံးလုပ်နည်းဥပဒေများကို ပြန်လည်ဖော်ထုတ်အသိအမှတ်ပြု၍ ရွှေကျင်ဂိုဏ်း ထုံးဥပဒေများတွင် ထပ်မံထည့်သွင်းပြဋ္ဌာန်းပေးခြင်းအားဖြင့် ယခုမျက်မှောက် ဆောင်ရွက်လျက်ရှိသော ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့ကြီး၏ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေး လုပ်ဆောင်ချက်နှင့် ရွှေကျင်ဂိုဏ်း သာသနသောဓက (သာသနာသန့်စင်ရေး) နယ်လှည့်သာသနာပြု ဆရာတော်များ

အတွက် များစွာအထောက်အကူပြုသည့် လမ်းညွှန်ချက်တစ်ရပ်ဖြစ်မည်ဟု ယုံကြည်ပါသည်ဘုရား။

သို့ဖြစ်၍ ပူးတွဲပါ "တလုပ်မြို့ သာသနာသောဓကဆရာတော်တို့ ကျင့်ဆောင်ရန် ဥပဒေနှင့် တလုပ်မြို့ဝန် ကျင့်ဆောင်ရန်ဥပဒေ" တို့ကို ရွှေကျင်ဂိုဏ်းကြီး၏ ကျင့်ထုံးဥပဒေအဖြစ် ဤဒွါဒသမအကြိမ် သာသနာတော်လုံးဆိုင်ရာ ရွှေကျင်ဂိုဏ်း သံဃာ့အစည်းအဝေးကြီးက ထပ်မံပြဋ္ဌာန်းပေးရန်နှင့် ရွှေကျင်ဂိုဏ်း သာသနသောဓက (သာသနာသန့်စင်ရေး) နယ်လှည့်သာသနာပြုဆရာတော်များက ဤဥပဒေ (၁၃) ချက်နှင့်အညီ သာသနာပြုကိစ္စများ အကောင်အထည်ဖော်ဆောင်ရွက် တော်မူကြရန် အဆိုတင်သွင်း လျှောက်ထားပါသည်ဘုရား။

ရွှေကျင်နိကာယ
မဟာဂန္ဓာရုံ ဝိပဿနာဝိနည်းပြန်ဌာနအဖွဲ့
စစ်ကိုင်းတောင်
၁၃၄၂ ခု၊ တော်သလင်းလ ။

## တလုပ်မြို့သာသနသောဓကဆရာတော်တို့ ကျင့်ဆောင်အားထုတ်ရန် ဥပဒေဘုရား

(၁) ၎င်းတလုပ်မြို့ သာသနသောဓကဆရာတို့သည် တလုပ်မြို့ မြင်းခြံဆိပ်ကမ်းသို့ ရောက်လျှင် ယခင်ဂိုဏ်းစောင့်ဆရာတို့နှင့်တကွ စည်းဝေးပြီးကာ သင့်ရာဇရပ်တန်ဆောင်း၌ တည်းခိုနေထိုင်၍ မြင်းခြံရွာမှ ထက်ဝန်းကျင် နှစ်တိုင် သုံးတိုင်ကွာအတွင်းရှိသမျှကျောင်းတို့ကို လေးကျောင်းတစ်တွဲ ငါးကျောင်းတစ်တွဲ စသည် တပည့်သံဃာတို့နှင့်တကွ အလှည့်အလည် အကုန်အစင် စည်းဝေးပြီးလျှင် အမိန့်တော်ပြန်တမ်းဥပဒေသစ် ဥပဒေဟောင်း ရှိသမျှကို ဖတ်ကြားနာခံစေ၍ သင့်လျော်သော တရားစကားတို့ဖြင့် အတန်ငယ် ဟောကြားပြီးသည့်နောက် ဥပဒေတော်အရပ်ရပ်တွင် ပါဝင်သမျှ အလဇ္ဇီဓမ္မတို့မှ လွတ်အောင် နောင်လည်း ကြဉ်ရှောင်စောင့်ရှောက်ပါမည်၊ ရှေးရှေးက ပုထုဇဉ်အလျောက် မှောက်မှားမိသော အပြစ်ရှိလျှင်လည်း ဝိနည်းကံအလျောက် ကုသပါမည်။ အရှင်မြတ်တို့ သံသယကင်းလောက်အောင် သုတ်သင်ဆေးလျော်ပါမည်။ အရှင်မြတ်များ ဒိဋ္ဌသုတ ရှိသမျှကို တပည့်တော်တို့အား စောဒနာတော်မူကြပါဟု အသီးအသီး လျှောက်လွှာ အသေအချာနှင့် ဝန်ခံလျှောက်ထား ဖိတ်ကြားစေရခြင်း။ ပဌမ။

(၂) ယင်းသို့ ဖိတ်ကြားဝန်ခံကြသည့်အခါ ၎င်းဖိတ်ကြားသောပုဂ္ဂိုလ်တို့ကို တစ်ပါးချင်း ရွေးကောက်၍ မည်သည့်ပုဂ္ဂိုလ်အား အာပတ်ကြီးငယ်နှင့် သံသယကင်းလျှင်ကင်းလျောက်၊ မကင်းလျှင်မကင်းလျောက် စည်းဝေးရာပါ သံဃာတို့ကို အသီးအသီး နှုတ်မြွက်၍ လျှောက်ဆိုစေရခြင်း။ ဒုတိယ။

(၃) ၎င်းပုဂ္ဂိုလ်၌ အာပတ်ကြီးငယ်တို့ဖြင့် သံသယကင်းပါ၏ဟု စည်းဝေးရာပါ သံဃာဟူသမျှတို့က အသီးအသီး လျှောက်ဆို၍ ရှိကြလျှင် ၎င်းပုဂ္ဂိုလ်ကလည်း မိမိ၏အာပတ်ကြီးငယ် မိစ္ဆာဇီဝတို့မှ စင်ကြယ်သည်၏အဖြစ်ကို သံဃာတော် အလယ် ဘုရားရှင် မျက်မှောက်တော်ဝယ် ယုံကြည်ဖွယ် ဝန်ခံနိုင်လျှင် ယင်းသို့သော ပုဂ္ဂိုလ်တို့ကို ဆရာတော်အများ ယုံကြည်ကြ၍ရှိလျှင် ၎င်းပုဂ္ဂိုလ်ဆောင်စာ၊ ချစာ၊ ပရိယတ်၊ ပဋိပတ်အခြင်းအရာများနှင့်တကွ စာရင်းအသေအချာတင်ထားမှတ်သား ခဲ့ရခြင်း။ တတိယ။

(၄) ယင်းသို့ချင်းတို့ချင်း ဖိတ်ကြားသည့်အခါ အချို့သောပုဂ္ဂိုလ်က တစ်စုံ တစ်ယောက်သောပုဂ္ဂိုလ်အား တစ်စုံတစ်ခုသောအာပတ်ဖြင့် သံသယမကင်းရှိကြောင်းကို လျှောက်ထားလျှင် ၎င်းစောဒကပုဂ္ဂိုလ်တို့ သံသယကင်းလောက်အောင် သုတ်သင်ဆေးလျော်ပြီးမှ ယခင်အတိုင်း လဇ္ဇီပုဂ္ဂိုလ်စာရင်း သွင်းထားမှတ်သားခဲ့ရခြင်း။ စတုတ္ထ။

(၅) ယင်းသို့ သံဃာစည်းဝေး ဟောပြောပြသဆုံးမရာ သဒ္ဒါတရားတက်ကြွားသဖြင့် သူတစ်ပါးတို့ စောဒနာခြင်းကို မငံ့ဆိုင်းဘဲ မိမိ၏အပြစ်ကြီးငယ်တို့ကို မိမိပင်ထုတ်၍ တပည့်တော်မှာ အန္တိမအမှုကြီးများနှင့် အပြစ် မရှိသည်မှန်ပါ၏။ ကုလဒူသန အနေသနအမှုများနှင့်မူကား သံသယ မကင်းမရှင်း ရှိပါသည်။ ဝိနည်းကံအားလျော်စွာ အရှင်မြတ်တို့ သံသယကင်းလောက်အောင် ကုသဆေးလျော်ပါမည်ဟု လျှောက်ထားဝန်ခံသူပုဂ္ဂိုလ်ရှိလျှင်လည်း ၎င်းပုဂ္ဂိုလ်ဝန်ခံသည့်အတိုင်း အန္တိမအမှုနှင့် သံဃာအများသံသယကင်းကြ၍ရှိလျှင် ကုလဒူသန အနေသနအမှုတို့မှ စင်ကြယ်အောင် မိစ္ဆာဇီဝမှထွက်မြောက်အောင် ကုသပြီးမှ ဥပဒေတော်တွင် ပါဝင်သမျှ အလဇ္ဇီဓမ္မတို့မှ လွတ်အောင် နောင်အခါခပ်သိမ်း ရှောင်ကြဉ်ပါမည်ဟု သံဃာတော်အလယ် ယုံကြည်ဖွယ် ခံဝန်ချက်ပေးစေပြီးလျှင် အဝတ်အရုံစားသောက်ပုံနှင့်တကွ အလုံးစုံနေရာကျအောင် သွန်သင်ပြသဆုံးမပြီးမှ ယခင်အတိုင်း စာရင်းတင်ထား မှတ်သားခဲ့ရခြင်း။ ပဉ္စမ။

(၆) ကျောင်းနီးချင်းချင်း ပုဂ္ဂိုလ်တို့ကို (၄) ပါး တစ်တွဲ၊ (၅) ပါးတစ်တွဲပြုပြီးလျှင် သိက္ခာပုဒ်တော်မလျော် ဥပဒေတော်နှင့်မညီ အလဇ္ဇီကျင့်ကြံသော

ပုဂ္ဂိုလ်တို့ကို တွေ့မြင်ကြားသိလျှင် ပြောဆိုဆုံးမပါမည်။ သူတစ်ပါးတို့ ပြောဆိုဆုံးမသည်ကို မသွေမလှန် လိုက်နာခံပါမည် ဟု တစ်ပါးသည်တစ်ပါး၏ အာမခံဆရာအရာပြု၍ ခံဝန်စေရခြင်း။ ဆဋ္ဌမ။

(၇) ဥပုသ်ခေါင်းဆရာတို့ကိုလည်း မိမိတို့အုပ်လက်သံဃာတို့ကို နိုင်နင်းအောင် ဆုံးမပါမည်။ ဆုံးမ၍ ဒုဗ္ဗစကျင့်ကြံသူတို့ကို ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းစောင့်ဆရာတော်များထံ လျှောက်ထားပါမည်ဟု အသီးအသီး ဝန်ခံချက်ပေးစေရခြင်း။ သတ္တမ။

(၈) ဂိုဏ်းသားပုဂ္ဂိုလ်တို့ကို ဥပုသ်ခေါင်းဆရာတို့နှင့်တကွ ဂိုဏ်းအုပ် ဂိုဏ်းထောက် ဂိုဏ်းစောင့်ဆရာတို့ ဆင့်ဆိုဆုံးမရာ ရှိသေစွာ လိုက်နာပါမည်ဟု ခံဝန်ချက် ပေးစေရခြင်း။ အဋ္ဌမ။

(၉) ဂိုဏ်းစောင့်ဆရာတို့ကလည်း ဂိုဏ်းသံဃာတို့ကို ဥပဒေအတိုင်း နေရာမကျ ကျအောင် ဆုံးမပြောဆိုပါမည်။ ဆုံးမ၍မရ ဒုဗ္ဗစကျင့်သူတို့ကို ရွှေကျင်တိုက်တော်သို့အရောက် ဆိုင်ရာဝန်တို့ကို ပို့ဆောင်ပါစေမည်ဟု ဝန်ခံချက်ပေးစေရခြင်း။ နဝမ။

(၁၀) အန္တိမအမှုကြီးများနှင့် အမှုပေါ်ပေါက်လာလျှင် စောဒကဆရာတို့နှင့်တကွ သံဃာအများ သံသယကင်းလောက်အောင် စီရင်နိုင်သောအမှုကို အပြီးတိုင်စီရင်၊ သံသယကင်းလောက်အောင် မစီရင်နိုင်သောအမှုတို့ကို ဖြည်းဖြည်းသာသာ သီတင်းဝါလကျွတ်မှ ရွှေကျင်တိုက်သို့ လာခဲ့ကြရမည်။ အမှုမပြီးသေးမီအတွင်းလည်း တစ်စုံတစ်ယောက်သော ရဟန်းသံဃာတို့နှင့် အပေါင်းအဖော်မရှိ ဆိုင်းနေချေဟု မှတ်ချက်ပေး၍ ထားခဲ့ရခြင်း။ ဒသမ။

(၁၁) ယင်းသို့ ဆုံးမ၍ နေရာကျပြီးရှိခါ သင့်ရာ ငါးတိုင်ခြောက်တိုင်ကွာ တစ်ရပ်တစ်ဌာနသို့ ပြောင်းရွှေ့ကြပြီးလျှင် ရှေးပဋ္ဌမအစည်းအဝေးအတိုင်း နေရာတကျ ဆုံးမ၍ ဤနည်းအတူ ပိုက်စိပ်တိုက်၍ ဂိုဏ်းလုံးအနှံ့ ရွှေကျင်တိုက်သံဃာ ဂိုဏ်းစောင့်ဆရာတို့ကို ထိုထိုအနီးအဝေး ကျောင်းတိုင်းအစေ့ လှည့်လည်ကြည့်ရှု၊ အဝတ်အရုံ၊ စားသောက်ပုံ၊ သရဏဂုံ၊ ကမ္မဝါစာရွတ်ပုံများနှင့်တကွ အလုံးစုံနေရာကျအောင် သွန်သင်ပြသစေပြီး၍ ကျောင်းတလင်းသုတ်သင်ပုံ ဝစ္စကုဋိထားပုံ ကနုဒဏ်သုံးဆောင်ပုံများနှင့်တကွ အလုံးစုံ တစ်ဂိုဏ်းလုံးနေရာကျမှ မြို့တော်သို့ ပြန်လည်ခဲ့ရခြင်း။ ဧကာဒသမ။

(၁၂) ယင်းသို့ သာသနာပြုကြဆဲအခါ တလုပ်မြို့ ဂိုဏ်းသံဃာတို့၏ ဆွမ်း အာမိသ စသောပစ္စည်းများကို အနည်းငယ်မျှ မသုံးမယူ အလှူမခံဘဲ

ဒါယကာတို့ ပစ္စည်းကိုသော်လည်း ဆွမ်းအာဟာရမှတစ်ပါး အခြားပစ္စည်းများကို ထိုထိုဆွမ်းစဉ် ပရိတ်ရွတ် လိုက်ယူအလှူမခံရခြင်း။ ဒွါဒသမ။

(၁၃) ယင်းသို့ သာသနာတော်ပြုစုသုတ်သင်ကြရာ မနှံမနာ ပြန်လှန် ပြောဆို သူတို့ကိုလည်းကောင်း၊ ဂိုဏ်းသံဃာ ချောက်ချားအောင် အလဇ္ဇီ အားပေး အားမြှောက် ပြုသူတို့ကိုလည်းကောင်း ဆိုင်ရာဝန်ထံဆင့်၍ ရွှေကျင်တိုက်သို့ တင်ပို့လာစေရခြင်း။ တေရသမ။

ဤနည်းအတိုင်း သုတ်သင်ကြရမည်။

တလုပ်မြို့ သာသနသောဓကဆရာတော်တို့ ကျင့်ဆောင်အားထုတ် သုတ်သင်ကြရန် ဥပဒေ (၁၃) ချက် ဘုရား။

## တလုပ်မြို့ဝန် ကျင့်ဆောင်ရန် ဥပဒေကား။

(၁) သာသနာတော်ရေးနှင့်စပ်၍ ဆရာတော်တို့ ဆင့်ဆိုရာ ကိစ္စကြီးငယ် ရှိသမျှ မလစ်မလပ်စေရ ပြီးပြေအောင် အားထုတ်ရွက်ဆောင်ရခြင်း။

(၂) မြို့ကျေးရွာနေလူတို့ကိုလည်း ပါဏာတိပါတ သိက္ခာပုဒ်တစ်ပါး အမြဲစောင့်ထိန်းသူ၊ သေရည်သေရက်ဝန်ခံစောင့်ထိန်းသူ၊ ငါးပါးသီလဝန်ခံ စောင့် ထိန်းသူ၊ ရှစ်ပါးသီလကို တစ်လလျှင် လေးသီတင်း ရှစ်သီတင်း ဝန်ခံစောင့်ထိန်းသူ၊ ဝတ်တက်ဝတ်ကပ် အမှန်ဝန်ခံသူပုဂ္ဂိုလ်တို့ကိုစာရင်းအသေအချာမှတ်၍ ဆရာတော် တို့ထံ ပေးသွင်းရခြင်း။

(၃) သာသနာတော်အန္တရာယ် ပြုကျင့်ပြောဆိုသူ လူတို့ကို နိုင်နင်း အောင် ဆုံးမတားမြစ်ရခြင်း။

(၄) ဆရာတော်တို့အဆုံးအမကို မနာခံ အလဇ္ဇီကျင့်ကြံသောပုဂ္ဂိုလ် တို့ကို လည်းကောင်း၊ ဂိုဏ်းသံဃာချောက်ချားအောင် အလဇ္ဇီ အားပေးအားမြှောက် ပြုသူတို့ကိုလည်းကောင်း ရွှေကျင်တိုက်သို့ အရောက်ပို့လာစေရခြင်း။

(၅) ယခု စေလွှတ်လိုက်သော တလုပ်မြို့ သာသနာပြုဆရာတော်တို့ ဂိုဏ်းလုံးအနှံ့ လှည့်လည်၍ သာသနာတော်မှုကို ပြုစုအားထုတ် သုတ်သင်ရာ စခန်းတိုင်းစခန်းတိုင်း တလုပ်မြို့ဝန်က သင့်ရာလူထည့်အပ်၍ ရွာအုပ်ရွာသူကြီးတို့ နှင့်တကွ ဆရာတော်များ ဆုံးမရာ ရှိသေစွာ လိုက်နာကြရမည်ဟု ဆိုင်ရာဆိုင်ရာ သူကြီးရွာအုပ်တို့ကို ဆင့်ဆိုရခြင်း။

(၆) အလှူပေး, ရှင်ပြု, ပဥ္စင်းခံရှိသည့်အခါ 'ခြေနှင့်ရေး၍ လက်နှင့်ဖျက် သည်' ဆိုသကဲ့သို့လည်းကောင်း၊ 'ကုသိုလ်တစ်ပဲ၊ ငရဲတစ်ခွဲ' ဆိုသကဲ့သို့

လည်းကောင်း၊ အဝိဇ္ဇာ လောဘ တဏှာအားကြီးစွာ ခြံရံအပ်သောကုသိုလ်သည် လိုအပ်သော လောကီလောကုတ္တရာအကျိုး ဖွံ့ဖြိုးစွာ မပေးနိုင်ဟု ကျမ်းဂန်လာသည့် အတိုင်း အလှူ၏အတွင်း ပွဲလမ်းသဘင်ခံကြ၍ရှိလျှင် တည၃့်လုံးပွဲခံသည့် အကုသိုလ်သည် အခိုက်အတန့် တမနက်ခင်းမျှ လှူဒါန်းသည့် ကုသိုလ်ဒါနတရား ကို နောင်မျိုးလှလှ မဖြစ်နိုင်အောင် ဖျက်ဆီးကန့်ကွက်တတ်သည်ဖြစ်၍ အလှူ ပေးကြဆဲအခါ ပွဲလမ်းသဘင်မခံကြရအောင် ဆုံးမတားမြစ်ရခြင်း။

(၇) သရက်ပင်ကို ခုတ်၍ တမာပင်ကို စည်းရံမှားသော ယောကျ်ား မိုက်ပမာ သီလတရားကို ပျက်ပြားစေ၍ ဒါနတရားကို အားထုတ်ခြင်း၏ အလွန်မသင့်ရကား အလှူပေး၊ ဘုန်းကြီးပျံရှိသည့်အခါ မိမိတို့ ပယောဂဖြင့် အလှူဒါနတွက်တာကြောင့် တိရစ္ဆာန် ကျွဲနွား သေကျေပျက်ပြား၍ ဥဒ္ဒိဿက မံသများ မပေါ်မထွက်ရအောင် အထူးစောင့်ရှောက်ဆုံးမရခြင်း။

(၈) ယင်းသို့ အလှူပေးကြသည့်အခါ ပွဲလမ်းမထည့်ဘဲ အလှူ ပေးပါမည်။ ဥဒ္ဒိဿကမံသမပါစေပဲ အလှူပေးပါမည်ဟု ဝန်ခံကြသောသူ၊ ရှောင်ကြဉ်သည့်သူ၊ မည်၍မည်မျှရကြောင်းကိုလည်း ဆရာတော်များထံ စာရင်း တင်ပေးလိုက်ရခြင်း။

ယင်းသို့ ဥပဒေအင်္ဂါများနှင့် ညီညွတ်အောင် အားထုတ်ရမည်။ (ရှစ်ချက်)

*တလုပ်မြို့ဝန်ကျင့်ဆောင်ဥပဒေ။*

# ပထမရွှေကျင်ဆရာတော်ဘုရားကြီး၏ သီလဝိသောဓနီ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ကျမ်းဦးစကား

သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယပဗ္ဗဇ္ဇံယာစာမိ – ဟု အဘိယာစက ပြုတော်မူကြကုန်သည်နှင့်အညီ သံသရာဝဋ်မှ လွတ်လိုကြကုန်သည်ဖြစ်၍ ရဟန်း ပြုတော်မူကြကုန်သော ပုဂ္ဂိုလ်သခင် အရှင်မြတ်တို့သည် အလွန်ကြည်နူးလှစွာသော သဒ္ဓါမေတ္တာစိတ်ဖြင့် ကျွန်ုပ်လျှောက်ဆို ရေးသားလတ္တံ့သော ရှင်တော်ဘုရား၏ ရွှေနှုတ်တော်မြွက် ဓမ္မစက်ကို ပညာတည်းဟူသော နားရွှေခွက်ဖြင့် မှတ်သား လေ့ကျက်ဆောင်ရွက်ကြည့်ရှုတော်မူကြပါစေကုန်သတည်း။

သဗ္ဗညုရှင်တော်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင်း၌ သီတင်းသုံးနေတော်မူသောအခါ အရှင်သာရိပုတ္တရာ၏ တပည့် ပဏ္ဍိတ သာမဏေ သည် ဆွမ်းခံသွားရာလမ်းခရီးအကြား၌ ရေမြောင်းသွယ်၍ ရေကို လောင်းသော လယ်လုပ်သော ယောက်ျားကိုမြင်သဖြင့်လည်းကောင်း၊ သစ်ကို ရွေသော တံစည်း သမားကို မြင်သဖြင့်လည်းကောင်း၊ မြားကို ဖြောင့်သော လေးသမားကို မြင်သဖြင့် လည်းကောင်း ဤအသက်မရှိ အဝိညာဏကဖြစ်သော ရေ၊ သစ်သား၊ မြားတို့သည် လည်း လူတို့ဆုံးမသည်ရှိသော် လူတို့၏အလိုသို့ လိုက်ရကုန်သေး၏။ အသက် ရှိသော ငါ၏ကိုယ်မူကား အသို့လျှင် ဆုံးမ၍ မရဘဲ ရှိအံ့နည်း – ဟု တရား သံဝေဂယူ၍ မိမိကိုယ်ကို ဆုံးမသည်ရှိသော် ထိုနေ့၌ပင် ပဋိသမ္ဘိဒါ၊ အဘိညာဉ်၊ သမာပတ်တို့နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေသည်ကို အကြောင်းပြု၍

ဥဒကံ ဟိ နယန္တိနေတ္တိကာ၊ ဥသုကာရာ ဒမယန္တိတေဇနံ။
ဒါရုံ ဒမယန္တိတစ္ဆကာ၊ အတ္တာနံ ဒမသန္တိ ပဏ္ဍိတာ။

(ဓမ္မပဒပါဠိတော်နှာ – ၂၅)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

**နေတ္တိကာ** – လယ်လုပ်ယောက်ျားတို့သည်၊ **ဥဒကံ** – ရေလို၊ **နယန္တိ** – လိုရာ အရပ်သို့ ဆောင်ကုန်၏။ **ဥသုကာရ** – လေးသမားတို့သည်၊ **တေဇနံ** – မြားကို၊ **ဒမယန္တိ** – ဖြောင့်ကုန်၏။ **တစ္ဆကာ** – တံစည်းသမားတို့သည်၊ **ဒါရုံ** – သစ်ကို၊ **ဒမယန္တိ** – ရွေကုန်၏။ **ပဏ္ဍိတာ** – ပညာရှိသော လဇ္ဇီသူတော်ကောင်းတို့သည်၊ **အတ္တာနံ** – ကိုယ်ရှင်ကိုယ်ကို၊ **ဒမယန္တိ** – ဆုံးမကြကုန်၏။

ဤဒေသနာတော်၏ အဓိပ္ပာယ်သော်ကား – ငါ၏ချစ်သားရဟန်းများ တို့ ... အသက်မရှိသော အဝိညာဏကဝတ္ထုတို့ပင်သော်လည်း လူတို့ဆုံးမ

သည့်ရှိသော် လူတို့၏ အလိုသို့လိုက်ရကုန်သေး၏။ အသက်ရှိသောငါ၏ ကိုယ်မှုကား အဘယ်သို့လျှင် ဆုံးမ၍ မရဘဲရှိအံ့နည်း ဟု နှလုံးပြုသဖြင့် ပညာရှိတို့သည် ကိုယ်ရှင်ကိုယ်ကို ဆုံးမကြကုန်၏။ ထို့ကြောင့် သင်ချစ်သားတို့သည်လည်း ကိုယ်ရှင်ကိုယ်ကို ကောင်းသောအမှု၌ ယှဉ်စေသဖြင့် သွန်သင် ဆုံးမကြပါကုန်ဟူ၍ တရားဒေသနာတော်မြတ်ပါဠ်ဝယ် အဓိပ္ပာယ်လာသည်။ ထို့ကြောင့် ယခုအခါ သံသရာဘေးကို ရှုသဖြင့် ရဟန်းပြုတော်မူကုန်သော အရှင်မြတ်တို့သည်လည်း အသက်ကဲ့သို့ အလေးအမူ ပြုထိုက်သော သိက္ခာပုဒ်တော်ကို ကျော်နင်းလွန်ကျူး ပြုလိုသော ကောက်ပင်ကို စားတတ်သောနွားဆိုး နှင့်တူသော စိတ်ကို သတိပညာ တည်းဟူသော ဒုတ်လှံတံဖြင့် အဖန်ဖန် ရိုက်နှက် ပုတ်ခတ်၍ သီလကို ဖြူစင်စွာ သုတ်သင်စောင့်စည်းခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း အစရှိသည်ဖြင့် ကုသိုလ်ကောင်းမှု၌ ထမ်းပိုးထမ်း ကြောက်သော နွားဆိုး၊ နွားညစ်ကဲ့သို့ တွန့်တိုဆုတ်နစ် တတ်သောစိတ်ကို ဝီရိယတည်းဟူသော နှင်တံဖြင့် အဖန်တလဲလဲ ပုတ်ခတ်၍ စင်ကြယ်အောင် သုတ်သင်စောင့်စည်း၊ ကမ္မဋ္ဌာန်းဘာဝနာ စီးဖြန်းခြင်း အစရှိသည်ဖြင့် ကိုယ်ရှင်ကိုယ်ကို ဆုံးမ၍ သံသရာဝဋ်မှ လွတ်အောင် ရွက်ဆောင်ကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန် သတည်း။

သဗ္ဗညုဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူသောအခါ အရှင်သာရိပုတ္တရာ၏ တပည့်ဖြစ်သော ရာဓထေရ်သည် အလွန်ပြောဆိုဆုံးမလွယ်သဖြင့် မကြာမြင့်မီပင် အရဟတ္တဖိုလ်သို့ ရောက်သည်ကို အကြောင်းပြု၍ –

**ဣဓ ဘိက္ခဝေ ဘိက္ခု၊နာ နာမ ရာဓေန ဝိယ သုဒမ္မေနဘဝိတဗ္ဗံ၊**
**ဒေါသံ ဒဿေတွာသြဝဒိယမာနေန ပိနကုဇ္ဈိတဗ္ဗံ၊ သြဝါဒဒါယ –**
**ကော ပန နိဓိံ အာစိက္ခဏကောဝိယ ဒဋ္ဌဗ္ဗော။** (ဓမ္မ၊ ဋ၊ ၁၊ ၃၄၇)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

***အနက်*** ။ ။ **ဘိက္ခဝေ** – ရဟန်းတို့၊ **ဣဓ** – ဤငါဘုရားသာသနာတော်၌၊ **ဘိက္ခုနာ နာမ** – ရဟန်းမည်သည်ကား၊ **ရာဓေန ဝိယ** – ရာဓထေရ်ကဲ့သို့၊ **သုဒမ္မေန** – လွန်စွာဆုံးမလွယ်သည်၊ **ဘဝိတဗ္ဗံ** – ဖြစ်ရာ၏။ **ဒေါသံ** – သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်း၍ကျင့်သော ဟုတ်မှန်တိုင်းသောအပြစ်ကို၊ **ဒဿေတွာ** – ပြ၍၊ **သြဝဒိယမာနေနာပိ** – ပြောဆိုဆုံးမသော်လည်း၊ **နကုဇ္ဈိတဗ္ဗံ** – အမျက် မထွက်အပ်၊ **ပန** – စင်စစ်သော်ကား၊ **ဘိက္ခဝေ** – ရဟန်းတို့၊ **သြဝါဒ ဒါယကော** – ဆုံးမပဲ့ပြင် သွန်သင်သောသူကို၊ **နိဓိံ** – ရွှေအိုးကို၊ **အာစိက္ခဏ ကောဝိယ** – ပြောကြားတတ်သော သူကိုကဲ့သို့၊ **ဒဋ္ဌဗ္ဗော** – မှတ်အပ်၏။

ဤဒေသနာတော်မြတ်ဝယ် အဓိပ္ပာယ်သော်ကား — ဝင့်ဆင်းရဲဘေးကို ကြောက်သဖြင့် ရဟန်းပြုကြကုန်သော ငါ၏ ချစ်သားရဟန်းများတို့ ... ငါဘုရား၏ သားတော်ဖြစ်သောသူသည် မသိမလိမ္မာမိကာလ ချွတ်ချော်တိမ်းပါးသော်လည်း သီတင်းသုံးဘော်တို့ ပြောဆိုဆုံးမသောအခါ ရိုသေစွာ လိုက်နာ၍ ကျင့်အပ်၏။ အပြစ်ကို ထင်စွာ ပြသဖြင့် ဆုံးမပေတတ်သောသူကို အမျက်ထွက်ခြင်း၊ မာန်မူခြင်းကို မပြုအပ်၊ ရွှေအိုးရတနာကို ဖော်ပြပေးတတ်သောသူတို့ကဲ့သို့ အလေးအမြတ် ပြုအပ်၏။ ထို့ကြောင့် သင်ချစ်သားတို့သည် ပြောဆိုဆုံးမခြင်းဌာ မခဲယဉ်းကြပါကုန်လင့်၊ သီတင်း သုံးဖော်တို့ ပြောဆိုဆုံးမသောစကားကို ရိုသေစွာ လိုက်နာ၍ ကျင့်ကြပါကုန်ဟု တရားဓမ္မဒေသနာတော်မြတ်ပါဌ်လာသည်။

ဤသို့လာသည်ကို အသင့်အတင့်နှလုံးသွင်းမိကြကုန်သည်ဖြစ်၍ ယခုအခါ သံသရာဝဋ်မှ လွတ်လိုကုန်သည်ဖြစ်၍ သိက္ခာပုဒ်တော်တို့ကို မသိမလိမ္မာမိကာလ ချွတ်ချော်တိမ်းပါး၍ ကျင့်မိသော်လည်း သီတင်းသုံးဖော်တို့ ပြောဆိုဆုံးမသည် ရှိသော် ဝမ်းမြောက်ဝမ်းသာ လိုက်နာတော်မူနိုင်ကြပါစေကုန်သတည်း။

ရှင်တော်ဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူသောအခါ ကီဋာဂိရိဇနပုဒ်၌ အဿဇိ ပုနဗ္ဗသုက ရဟန်းတို့သည် ဒါယကာတို့အား ဆွမ်း၊ သစ်သီး၊ ပန်းပေးခြင်း စသော ကုလဒူသန အနေသန အမှုတို့ကို ပြုကျင့်၍ နေသော်လည်း အလဇ္ဇီအသင်းအပင်းအားကြီးသဖြင့် တစ်စုံတစ်ယောက်သောသူမျှ မဆုံးမဝံ့ကြကုန်သည်ကို အကြောင်းပြု၍ —

**ဩဝဒေယျာနုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ။**

**သတဉ္ဟိ သော ပိယောဟောတိ၊ အသတံဟောတိ အပ္ပိယော။**

(ဓမ္မပဒပါဠိတော် နှာ – ၂၄)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

**ဘိက္ခဝေ** – ရဟန်းတို့၊ **သဟာဓမ္မိကာနံ** – ချွတ်ချော်တိမ်းပါးမှောက်မှားကုန်သော အဆွေခင်ပွန်း သီတင်းသုံးဖော်တို့အား၊ **ဩဝဒေယျ** – သနားသဖြင့် သွန်သင်ဆုံးမရာ၏။ **အနုသာသေယျ** – တားမြစ်ရာ၏၊ **အသဗ္ဘာစ** – ရဟန်းတို့အား မလျောက်ပတ်သော မသူတော်သူတို့၏အကျင့်မှ၊ **နိဝါရယေ** – ဆီးတားရာ၏။ **ဟိ သစ္စံ** – ငါဘုရားမိန့်တော်မူခြင်းသည် သင့်မြတ်၏။ **ဘိက္ခဝေ** – ရဟန်းတို့၊ **သော** – ထိုဆုံးမပဲ့ပြင်သွန်သင်တားမြစ်တတ်သောသူကို၊ **သတံ** – သူတော်ကောင်းတို့၏၊ **ဝါ** – သူတော်ကောင်းတို့သည်၊ **ပိယော** – ချစ်မြတ်နိုးအပ်သည်၊ **ဟောတိ** – ဖြစ်၏၊ **အသတံ** – သူတော်ကောင်းမဟုတ် သူယုတ်မာတို့သည်သာလျှင်၊ **အပ္ပိယောဝ** – မချစ်မမြတ်နိုးနိုင်သည်သာလျှင်၊ **ဟောတိ** – ဖြစ်၏။

အဓိပ္ပာယ်သော်ကား — ငါ၏ချစ်သား ရဟန်းများတို့ ...အဆွေခင်ပွန်း သီတင်းသုံးဖော်တို့သည် ချွတ်ချော်တိမ်းပါးသည်ရှိသော် သနားသဖြင့် ဆုံးမ မြစ်တားရာ၏။

ဤပုဂ္ဂိုလ်ကား ငါဆုံးမသည်ရှိသော် ငါ့အား အမျက်ထွက်ခြင်း၊ ရန်ငြိုး ဖွဲ့ခြင်း၊ မာန်မူခြင်းကို ပြုလတ္တံ့ဟု ရှုံ့ရှားသဖြင့် မသွန်သင် မဆုံးမဘဲ မနေရာ၊ ဆုံးမသွန်သင်တတ်သောသူကို သူတော်ကောင်းတို့သည်ကား အလွန်ချစ်မြတ်နိုး ကုန်၏။ ထို့ကြောင့် သင်ချစ်သားတို့သည်လည်း သီတင်းသုံးဖော်တို့ ချွတ်ချော် တိမ်းပါးသည်ရှိသော် ဆုံးမပဲ့ပြင်သွန်သင် မြစ်တားကြပါကုန် ဟူ၍ အဓိပ္ပာယ် လာသည်။

ဤသို့ လာသည်ကို အသင့်အတင့် နှလုံးသွင်းတော်မူမိကြကုန်သည်ဖြစ်၍ ချမ်းသာကို တောင့်တသဖြင့် ရဟန်းပြုတော်မူကြကုန်သော ဘုရားသားတော်သခင် အရှင်မြတ်တို့သည် သီတင်းသုံးဖော်တို့ သိက္ခာပုဒ်တော်ကို ကျော်နင်းလွန်ကျူး၍ ကျင့်သည်ကို သိမြင်လျက် သူ့ဝန်နှင့်သူ ရှိပါစေ။ သူ့ထိုက်နှင့်သူ နေပါစေ။ သူ့ငရဲသူခံပါစေ။ ဤသူအား ဆုံးမတားမြစ်သည်ရှိသော် ငါ့အား မနှစ်သက်ခြင်း၊ အမျက်ထွက်ခြင်း စသည်ပြုရာ၏ဟု မဆုံးမ မပဲ့ပြင် ရှောင်ရှားလွှဲဖယ်၍ နေတော် မမူကြကုန်မူ၍ တစ်ယောက်သည် တစ်ယောက်အား ပြောဆိုဆုံးမတော်မူနိုင်ကြ ပါစေသတည်း။

သုံးလူ့ထွဋ်ထား ဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော် ၌ ပျော်ပိုက်တော်မူသောအခါ ဆန္နမထေရ်သည် တရားနှင့်လျော်ညီစွာ ဆုံးမပဲ့ပြင် တတ်သော အဆွေခင်ပွန်းတို့နှင့် ပေါင်းဖော်ဆည်းကပ်ခြင်းကို မပြုမူ၍ မဆုံးမ မပဲ့ပြင်တတ်သော သူတို့နှင့်သာ ပေါင်းဖော်မှီဝဲခြင်းကို ပြုသဖြင့် လောကုတ္တရာ အကျိုး စီးပွားဆုတ်ယုတ်သည်ကို အကြောင်းပြု၍ —

န ဘဇေ ပါပကေ မိတ္တေ၊ န ဘဇေ ပုရိသာဓမေ။

ဘဇေထ မိတ္တေ ကလျာဏေ၊ ဘဇေထ ပုရိသုတ္တမေ။

(ဓမ္မပဒပါဠိတော် နှာ – ၂၄)

ဟူသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

**ဘိက္ခဝေ** – ရဟန်းတို့၊ **ပါပကေ** – ယုတ်မာကုန်သော၊ **မိတ္တေ** – အဆွေ ခင်ပွန်းတို့ကို။ **နဘဇေ** – မမှီဝဲမဆည်းကပ်ရာ၊ **အဓမေ** – ချွတ်ချော်တိမ်းပါး မှောက်မှား သည်ကို သိမြင်လျက် မဆုံးမ မပဲ့ပြင်ကုန်သော၊ **ပုရိသေ** – ယောကျ်ား တို့ကို၊ **နဘဇေ** – မမှီဝဲ မဆည်းကပ်ရာ၊ **ကလျာဏေ** – ကောင်းသောအကျင့်ရှိကုန် သော၊ **မိတ္တေ** – အဆွေခင်ပွန်းတို့ကို၊ **ဘဇေထ** – မှီဝဲဆည်းကပ်ရာ၏၊ **ပုရိသုတ္တမေ** –

မကောင်းမြစ်တား ကောင်းရာတိုက်တွန်းတတ်ကုန်သော ယောကျ်ားမြတ်တို့ကို၊ **ဘဇေထ** – မှီဝဲဆည်းကပ်ကုန်ရာ၏။

ထိုဒေသနာတော်မြတ်ပါဌ်ဝယ် အဓိပ္ပာယ်သော်ကား – ငါ၏ချစ်သား ရဟန်းများတို့ ... သံသရာဘေးကို ကြောက်သဖြင့် ရဟန်းပြုကြကုန်သော သင်တို့သည် ယုတ်မာသောအကျင့် ရှိကုန်သောပုဂ္ဂိုလ်တို့နှင့် ပေါင်းဖော်ခြင်းကို မပြုအပ်။ သူတစ်ပါးတို့ပြုကျင့်အပ် ယုတ်မာသောအမှုကို သိမြင်လျက် ဆုံးမ ပဲ့ပြင်ခြင်းကို မပြုတတ်ကုန်သော အဆွေခင်ပွန်းတို့ကိုလည်း မဆည်းကပ်ကြပါ ကုန်လင့်။ မကောင်းကောင်းရာ တိုက်တွန်းတတ်သော အဆွေခင်ပွန်းတို့ကိုသာ မှီဝဲဆည်းကပ်ကြပါကုန်ဟူ၍ အဓိပ္ပာယ်လာသည်။

ဤသို့လာသည်ကို ပညာတည်းဟူသော ရွှေနားဖြင့် မှတ်သားတော်မူမိကြ ကုန်သည်ဖြစ်၍ ယခုအခါ သံသရာဘေးကို ရှုသဖြင့် ရဟန်းပြုတော်မူကြကုန်သော အရှင်မြတ်တို့သည် ရေဝယ်မျောသောအခါ ကယ်ဆယ်လာသောသူတို့ကဲ့သို့ ပုထုဇဉ်ဂတိဖြစ်၍ ချွတ်ချော်တိမ်းပါးသောအခါ ဆုံးမတားမြစ်ပေးတတ်သော အဆွေခင်ပွန်းကောင်းကို မြတ်နိုးစုံမက်တော်မူနိုင်ကြပါစေကုန်သတည်း။

**သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော။**

**ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍံ အသညတော။**

**ကာသာဝကဏ္ဌာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ။**

**ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။** (ဓမ္မပဒပါဠိတော် နှာ – ၅၇)

**ဒုဿီလော** – သီလမရှိသော၊ **အသညတော** – သိက္ခာပုဒ်တော်နှင့် မလျော် သော အကျင့်ကိုကျင့်သည်ဖြစ်၍ ကိုယ်နှုတ်နှလုံးသုံးပါးလုံးကို မစောင့်သော ပုဂ္ဂိုလ်သည်၊ **ရဋ္ဌပိဏ္ဍံ** – ပြည်သူတို့၏ဆွမ်းကို၊ **ယဉ္စေဘုဉ္ဇေယျ** – အကယ်၍ စားငြားအံ့၊ **တတော** – ထိုသီလမရှိဘဲလျက် ပြည်သူတို့၏ ဆွမ်းကို စားသောထက်၊ **တတ္တော** – ရဲရဲညီသော၊ **အဂ္ဂိသိခူပမော** – မီးတောက်မီးလျှံနှင့်တူသော၊ **အယောဂုဠော** – သံတွေခဲကို၊ **ဘုတ္တော** – စားရခြင်းသည်၊ **သေယျော** – မြတ်၏။

**ဘိက္ခဝေ** – ရဟန်းတို့၊ **ကာသာဝကဏ္ဌာ** – သင်္ကန်းလည်၌ ရောက်ကုန် သော၊ **ပါပဓမ္မာ** – သိက္ခာပုဒ်တော်ကို ကျော်နင်းလွန်ကျူးသဖြင့် ယုတ်မာသော အကျင့်ရှိကုန်သော၊ **အသညတာ** – ကိုယ်ကဋ္ဌေ နှုတ်ကဋ္ဌေကို မစောင့်စည်းကုန် သော၊ **ပါပါ** – ယုတ်မာကုန်သော၊ **ဗဟဝေါ** – များစွာကုန်သော၊ **တေ** – ထိုရဟန်း တို့သည်၊ **ပါပေဟိ** – ယုတ်မာကုန်သော၊ **ကမ္မေဟိ** – မိမိပြုအပ်သော မကောင်းမှုကံ တို့ဖြင့်၊ **နိရယံ** – ငရဲ၌၊ **ဥပပဇ္ဇရေ** – ဖြစ်ကြရကုန်၏။

ဤသို့ မိန့်ဟပြသတော်မူသော ဒေသနာတော်မြတ်ပါဠိဝယ် အဓိပ္ပာယ် သော်ကား – သီလကို ရှိသေစွာ မစောင့်ထိန်းမူ၍ လွန်ကျူးကျော်နင်းကုန်သော ပုဂ္ဂိုလ်တို့အား သဒ္ဓါယုံကြည်၍ ပေးလှူအပ်သော ပြည်သူတို့၏ ဆွမ်းကို စားရသော ထက်ရဲရဲညီသော မီးတောက်မီးလျှံနှင့်တူသော သံတွေခဲကို မျိုရခြင်းသည်သာ လျှင် မြတ်၏။ ထိုယုတ်မာကုန်သော အလဇ္ဇီပုဂ္ဂိုလ်တို့သည် မိမိတို့ပြုအပ်သော ယုတ်မာ သောအမှုဖြင့် ငရဲဘုံ၌ဖြစ်၍ အဆုံးမရှိကြီးမားလှစွာသော ဘေးဘယ ဒုက္ခကို ခံကြရကုန်၏။ ထို့ကြောင့် သင်ချစ်သားတို့သည် သီလသိက္ခာကို ရှိသေစွာ ထိန်းသိမ်း စောင့်ရှောက်ကြပါဟူ၍ အဓိပ္ပာယ်လာသည်။

ယင်းသို့ မဟာကရုဏာတော်ဖြင့်ပြီးသော ရွှေနှလုံးတော်ဖြင့် ဆုံးမတော်မူသည်ကို နှလုံးနှစ်ခြိုက်ပိုက်မိတော်မူကုန်သော ဘုရားသားတော်သခင်အရှင်မြတ်တို့သည် ငါသည် ဝင်္ဆင်းရဲကင်းစေခြင်းငှာ သာသနာတော်၌ ဘုန်းတော်ကို ခိုလှုံလာ၏။ ပစ္စည်းပရိက္ခရာကို တောင့်တသဖြင့် ဘုန်းတော်ကို ခိုလှုံလာသည် မဟုတ်၊ ယင်းသို့ဖြစ်လျက် ပစ္စည်းပရိက္ခရာဟူသော အကြောင်းကြောင့် သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်းပြုကျင့်မိသည်ရှိသော် သံသရာဝန်အလွန်လေးလတ္တံ့။ အစာကိုသာ မြင်၍ သန်လျက်သွားကို မမြင်သော ကျီးမိုက်ကဲ့သို့ ဖြစ်ရချေလတ္တံ့ ဟု သံသရာဘေးကို ရှုသဖြင့် သီလသိက္ခာကို လုံခြုံစွာမကျိုးမပေါက်ရအောင် ထိန်းသိမ်း စောင့်ရှောက်တော်မူနိုင်ကြပါစေကုန်သတည်း။

**ယထာပိ ဒဟာဂမ္ဘီရေ၊ ဝိပ္ပသန္နော အနာဝိလော။**

**ဧဝံ ဓမ္မာနိ သုတွာန၊ ဝိပ္ပသီဒန္တိ ပဏ္ဍိတာ။** (ဓမ္မပဒပါဠိတော် နှာ – ၂၅)

**ဒဟာဂမ္ဘီရေ** – အလွန်နက်လှစွာသောရေအိုင်၌၊ **ဥဒကံ** – ရေသည်၊ **အနာဝိလော** – မနောက်သည်၊ **ဝိပ္ပသန္နော** – အထူးသဖြင့် ကြည်လင်သည်၊ **ဟောတိ ယထာ** – ဖြစ်သကဲ့သို့၊ **ဧဝံတထာ** – ထို့အတူ၊ **ဓမ္မာနိ** – ပြုကျင့်အပ်၊ မပြုကျင့်အပ်သော တရားတို့ကို၊ **သုတွာန** – ကြားနာရသည်ရှိသော်၊ **ပဏ္ဍိတာ** – ပညာရှိသောသူတို့သည်၊ **ဝိပ္ပသီဒန္တိ** – အထူးသဖြင့် ကြည်ညိုကြကုန်၏။

ထိုဒေသနာမြတ်ပါဠိဝယ် အဓိပ္ပာယ်သော်ကား – ငါ၏ချစ်သား ရဟန်းများတို့ ... ပညာရှိ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့၏ တရားစကားကို ကြားနာရသောအခါ ရှစ်သောင်းလေးထောင်နက်ခြင်းဆောင်သော မဟာသမုဒ္ဒရာ၌ အတိသီတောဒက အတိအဏှောဒက ချမ်းအေးကြည်လင်စွာသော ရေကဲ့သို့ အတိဝိပ္ပသန္နအတိပါမောဇ္ဇဖြစ်၍ လွန်စွာနှစ်သက်မြတ်နိုးကြကုန်၏။ ထို့ကြောင့် သင်ချစ်သားတို့သည်လည်း သူတော်ကောင်းတို့၏ အပ်၊ မအပ်သော ကပ္ပိယာ ကပ္ပိယ ဝိနိစ္ဆယ၊ သုဝိသုဒ္ဓသီလအာနိသံသ၊ အပ္ပမာဒါစာရ – အစရှိသော သဒ္ဓမ္မာ

စာရ အတိဒုလ္လဘတရားကို ကြားနာရသောကာလ အတိပါမောဇ္ဇဖြစ်၍ အလွန်နှစ်သက်မြတ်နိုးကြပါကုန်၊ မလိုက်မနာနိုင်ဘဲ မရှိကြပါကုန်လင့်၊ မအပ်သော အကပ္ပိယ အသဒ္ဓမ္မာစာရတို့ကို ဝေးစွာရှောင်၍ ပြုကျင့်အပ်သော ကပ္ပိယ – သဒ္ဓမ္မာစာရအကျင့်မြတ်ကို ကောင်းမွန်စွာ လိုက်နာ၍ ကျင့်နိုင်ကြပါစေကုန်။ မတွန့်မတို မဆုတ်မနစ်ကြပါကုန်လင့် ဟူ၍ မဟာကရုဏာတော်ရှင် ရှင်တော်ဘုရား၏ အလိုတော် အဓိပ္ပာယ်လာသည်။

ထို့ကြောင့် ယခုအခါ ရှေးရှေးသောဘဝတို့၏ ဖြည့်ဆည်းပူးအပ်သော ပုညသမ္ဘာရရှိသည်ဖြစ်၍ ဘုန်းတော်နေဝန်း ထွန်းတောက်ပသော ရှင်တော်ဘုရား၏ သာသနာတော်၌ ပဗ္ဗဇိတဒုလ္လဘကို ရတော်မူကြကုန်သောပုဂ္ဂိုလ်မြတ်တို့သည် သခင်ရှင်တော်ဘုရား ဟောကြားတော်မူအပ်သော ဝိသောဓိတ၌ အကျိုးနှင့် သိက္ခာပဒဝိတိက္ကမ၌ အပြစ်တို့ကို နှလုံးနှစ်ခြိုက် မှတ်ပိုက်တော်မူကြကုန်သည်ဖြစ်၍ သီလသံဝရ အပ္ပမာဒါစာရ၌ အလွန်ထက်သန်သော သဒ္ဓါတရားကို ဖြစ်စေသဖြင့် ရက္ခိတဗ္ဗသီလ၊ ဘာဝေတဗ္ဗဘာဝနာကို လွန်စွာကြိုးကုတ်အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

ဘေးကင်းရာလမ်းမှန်ကို မသိသဖြင့် သားရဲဘီလူး ထူပြောသောလမ်းများကို သွားမိသော ယောကျ်ားသည် လမ်းခရီး၌ ကျွမ်းကျင်လိမ္မာသောသူက ဘေးကင်းရာလမ်းမှန်ကို ညွှန်ချသောအခါ ဆောလျင်စွာ ဖြောင့်ဖြောင့်မတ်မတ် လိုက်ဘိသကဲ့သို့ နတ်ရွာမဂ်ဖိုလ်လမ်းကို ညွှန်ချတော်မူအပ်သော မဟာကရုဏာတော်ရှင် ရှင်တော်ဘုရား၏ အမိန့်တော်မြတ်ကို မှတ်သားလိုက်နာတော်မူနိုင်ကြပါစေကုန်သတည်း။

မျက်စိနှစ်ဖက်ပျက်သောသူကန်းသည် တောင်ဝှေးဆွဲသူ လူ၏နောက်သို့ ကောက်ကောက်လိုက်မှသာလျှင် ချမ်းသာရသကဲ့သို့ သဗ္ဗညုတသခင် စကြာသုံးပါး အရှင်ဖြစ်တော်မူသော သုံးလူ့ထွဋ်ထား မြတ်စွာဘုရား၏ နောက်တော်သို့ ကောက်ကောက်လိုက်တော်မူနိုင်ကြမှ ချမ်းသာရမည့်အရေးကို ထောက်တွေးတော်မူနိုင်ကြပါစေသတည်း။ ဤသို့ မဟာကရုဏာတော်ရှင် ရှင်တော်ဘုရား၏နောက်သို့ ကောက်ကောက်လိုက်၍ သီလသိက္ခာကို လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်လိုသော သဒ္ဓါပသန္န ကုလပုတ္တ လဇ္ဇီပေသလ သိက္ခာကာမပုဂ္ဂိုလ်မြတ်တို့သည် များစွာသော အားဖြင့် စီဝရပရိဘောဂ၊ သန္နိဓိသိက္ခာပဒ၊ ကုလဒူသကသိက္ခာပဒအရာတို့၌ နှလုံးမသွင်းမိ၊ သတိမရကြကုန်သည်ဖြစ်၍ ချွတ်ချော်တိမ်းပါးမိတတ်ကုန်ရာ၏။ ထို့ကြောင့် ယခုရေးသားလတ္တံ့သော စီဝရပရိဘောဂ ဝိနိစ္ဆယ၊ သန္နိဓိ ဝိနိစ္ဆယ၊ ကုလဒူသကဝိနိစ္ဆယတို့ကို မှတ်သားလေ့ကျက်ဆောင်ရွက်တော်မူကြပါကုန်။

# စီဝရပရိဘောဂဝိနိစ္ဆယ

ထိုသုံးပါးတို့တွင် စီဝရဝိနိစ္ဆယ၌ ကပ္ပဗိန္ဒုထိုးခြင်း၊ အဓိဋ္ဌာန်တင်ခြင်း၊ အဓိဋ္ဌာန်ချခြင်း၊ ဝိကပ္ပနာပြုခြင်း၊ စွန့်ခြင်း အစီအရင်တို့ကို သိအပ်ကုန်၏။ သင်္ကန်းကို ကပ္ပဗိန္ဒုထိုးလိုသော ပုဂ္ဂိုလ်သည် ဝတ်ခြင်း၊ ရုံခြင်းငှာလောက်သော သင်္ကန်းတို့ကို တစ်ထောင့်၌လည်းကောင်း၊ နှစ်ထောင့်၌လည်းကောင်း၊ သုံးထောင့်၌လည်းကောင်း၊ လေးထောင့်၌လည်းကောင်း ထိုးအပ်၏။ ထိုသို့ထိုးသော် တစ်ထောင့်၌ တစ်ပေါက်တည်းမျှသာ ထိုးအပ်၏။ နှစ်ပေါက်သုံးပေါက် စသည်ဖြင့် စဉ်၍ စု၍ မထိုးအပ်၊ ငယ်လျှင်လည်း ကြမ်းပိုးကျောက်ကုန်းအောက်၊ ကြီးလျှင်လည်း ဥဒေါင်းမျက်လုံးထက် မယုတ်မလွန်စေမူ၍လည်း ထိုးအပ်၏။ ထိုးပြီးသည့်နောက်မှ ပျက်သည်ရှိသော် တဖန်မထိုးသော်လည်း အပ်၏။ အသစ်ဖြစ်စေ အဟောင်းဖြစ်စေ မထိုးဘူးသေးလျှင် ထိုး၍ သုံးဆောင်အပ်၏။ သူတစ်ပါးတို့ သင်္ကန်းကို တစ်ရက်မျှ ငှား၍ အခိုက်အတန့်ဝတ်သော် မထိုးဘူးသေးက ထိုး၍သာ ဝတ်အပ်၏။ (ပါစိတျာဒိ အဋ္ဌကထာ နှာ - ၁၃၁၊ ဝိမတိဝိနောဒနီ ဋီကာ၊ ၂၊ ၄၄။ တို့မှလာသော အဓိပ္ပာယ်။)

ဤသို့ ဗိန္ဒုထိုးသော အစီအရင်ကို အဋ္ဌကထာ၊ ဋီကာလာတိုင်း မှတ်သား၍ နေရာကျနအောင် ထိုးသဖြင့် သင်္ကန်းကို သုံးဆောင်တော်မူကြပါစေကုန်သတည်း။

ဤသို့ ဗိန္ဒုထိုးပြီးသည်ရှိသော် အဓိဋ္ဌာန်တင်အပ်၏။ ဗိန္ဒုမထိုးမီ အဓိဋ္ဌာန်မတင်အပ်၊ အဓိဋ္ဌာန်တင်သည်ရှိသော် အလျား၊ အနံ့ပမာဏလောက်သော သုံးထည်သော သင်္ကန်းကို တိစီဝရိက်အမည်ဖြင့် တင်အပ်၏။ တင်သည်ရှိသော် "ဣမံ သံဃာဋိံ အဓိဋ္ဌာမိ" ဟု ဆို၍ ဒုကုဋ်ကို တင်အပ်၏။ "ဣမံဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ" ဟု ဆို၍ ကိုယ်ဝတ်ကို တင်အပ်၏။ "ဣမံအန္တရဝါသကံ အဓိဋ္ဌာမိ" ဟု ဆို၍ သင်းပိုင်ကို တင်အပ်၏။ ကြွင်းသောသင်္ကန်းတို့ကို ဝိကပ္ပနာ ပြုအပ်၏။ ပြုသည်ရှိသော် "ဣမံ စီဝရံတုယှံ ဝိကပ္ပေမိ" ဟု ဆို၍ ပြုအပ်၏။

ဝိကပ္ပနာပြု ခံရသော ရဟန်းက "မယှံသန္တကံ ပရိဘုဉ္ဇဝါဝိဿဇ္ဇေဟိဝါ ယထာ ပစ္စယံကရောဟိ"ဟု ဆို၍ သင်္ကန်းရှင် ရဟန်းအားပေးအပ်၏။ ကြွင်းသော ပဝါပုဆိုး စသည်တို့ကို ပရိက္ခာရစောဠ တင်အပ်၏။ တင်သည်ရှိသော် တစ်ထည်သာ ဖြစ်လျှင် "ဣမံ ပရိက္ခာရ စောဠံအဓိဋ္ဌာမိ" ဟု ဆို၍ တင်အပ်၏။ အများဖြစ်လျှင် "ဣမာနိပရိက္ခာရစောဠာနိ အဓိဋ္ဌာမိ" ဟုဆို၍ အဓိဋ္ဌာန် တင်အပ်၏။ သင်္ကန်းရရသမျှ ပရိက္ခာရ စောဠအဓိဋ္ဌာန်သာ မတင်မူ၍ ဤသို့ဆိုအပ်ပြီးသော နည်းဖြင့် သုံးထည်ကို တိစီဝရိက် အဓိဋ္ဌာန်တင်၍ ကြွင်းသောသင်္ကန်းတို့ကို

ဝိကပ္ပနာပြု၍ ပဝါပုဆိုးတို့ကို ပရိက္ခာရစောဠတင်၍ သုံးဆောင်ခြင်းသည် ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့နှင့် အလွန်သင့်လျော်သောနည်းလည်း ဖြစ်၏။ ဆရာကြီး ဆရာမြတ်တို့သည်လည်း အလွန်နှစ်သက်တော်မူကြကုန်၏။ တိစီဝရိက်အမည်ဖြင့် အဓိဋ္ဌာန်တင်အပ်သော သုံးထည်သောသင်္ကန်းကို နှစ်ထောင့်ထွာဟတ္ထပါသ်အတွင်း၌ ထား၍ အရုဏ်တက်စေရ၏။ သင်္ကန်းနှင့် ဟတ္ထပါသ်အတွင်းမှကင်း၍ တက်သည် ရှိသော် ပါစိတ်အာပတ်လည်း သင့်၏။ သင်္ကန်းကိုလည်း စွန့်ထိုက်၏။ မစွန့်မူ၍ ဒေသနာကြားသော်လည်း အာပတ်မှမထ၊ သင်္ကန်းစွန့်လိုသည်ရှိသော် ရဟန်း တစ်ပါးထံ၌ ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီလျက် "ဣဒံ မေ ဘန္တေ စီဝရံ ရတ္တိဝိပ္ပဝုတ္ထံ အညတြ ဘိက္ခုသမ္မုတိယာ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟူ၍ စွန့်အပ်၏။ စွန့်အပ်ပြီးသည်ရှိသော် ဒေသနာကြားအပ်၏။ ဒေသနာကြားပြီးသည်ရှိသော် အစွန့်ခံရသောရဟန်းက "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ" ဟု ဆို၍ သင်္ကန်းကိုပြန်ပေးအပ်၏ (အများဖြစ်က "ဣမာနိ" ဟု ဆိုအပ်၏။) ထိုနောက်မှ တဖန် သင်္ကန်းကို တဖန်အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်၏။ အလျားတစ်ထောင့်ထွာ၊ အနံတစ်ထွာခွဲရှိသော ပဝါမှစ၍ အလုံးစုံသော ပဝါဖျင်ပုဆိုး သင်္ကန်းဟူသမျှတို့ကိုရသောနေ့မှစ၍ ဆယ်ရက်အတွင်း၌ အဓိဋ္ဌာန်ဝိကပ္ပနာ ပြုအပ်၏။ မပြုမိသည်ရှိသော် ပါစိတ်အာပတ်လည်း သင့်၏။ သင်္ကန်းကိုလည်း စွန့်ထိုက်၏။ စွန့်သည်ရှိသော် တစ်ထည်သာဖြစ်အံ့ "ဣဒံ မေဘန္တေ စီဝရံ ဒသာဟာ တိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု ဆို၍ စွန့်အပ်၏။

အများဖြစ်လျှင် "ဣမာနိ မေဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ၊ ဣမာနာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု ဆို၍ စွန့်အပ်၏။ စွန့်ပြီးသည်ရှိသော် ဒေသနာကြားအပ်၏။ ကြားပြီးသည်ရှိသော် အစွန့်ခံရသော ရဟန်းက "ဣမာနိ စီဝရာနိ အာယသ္မတောဒမ္မိ" ဟု ဆို၍ ပေးအပ်၏။ ခိုးသူ လုယူခြင်း၊ အကျွမ်းဝင်၍ယူခြင်း၊ ငဲ့ကွက်ခြင်းမရှိ စွန့်ခြင်း၊ လူထွက်ခြင်း၊ ပစ္စုဒ္ဓိရ်ပြုခြင်း၊ သေခြင်း၊ လိင်ပြန်ခြင်း၊ သိက္ခာချခြင်း ဤရှစ်ပါးသောအကြောင်းတို့ကြောင့် အလုံးစုံသော သင်္ကန်းအဓိဋ္ဌာန်ကျ၏။

အမည်ဖြင့် အဓိဋ္ဌာန်တင်သော တိစီဝရိတ်သင်္ကန်းသုံးထည်၌ လက်သန်း လက်သည်းခွံပမာဏမျှ ပေါက်သည်ရှိသော်လည်း အဓိဋ္ဌာန်ကျ၏။ တဖန်ချုပ်၍ အဓိဋ္ဌာနတင်အပ်၏။ မတင်သည်ရှိသော် ပေါက်သည့်နေ့မှစ၍ ဆယ်ရက်လွန်သည် ရှိသော် နိဿဂ္ဂိ ထိုက်၏။ နိဿဂ္ဂိထိုက်သောသင်္ကန်းကို သုံးဆောင်သည်ရှိသော် သုံးဆောင်တိုင်း၊ သုံးဆောင်တိုင်း ဒုက္ကဋ်အာပတ်သင့်၏။ သင်္ကန်းသစ်ကိုရ၍

တိစီဝရိတ် အဓိဋ္ဌာန်တင်လိုသည်ရှိသော် တင်ပြီးသောသင်္ကန်းဟောင်းကို အဓိဋ္ဌာန်ချအပ်၏။ ချသည်ရှိသော် ဒုက္ကဋ်ကို "ဣမံသံဃာဋိံ ပစ္စုဒ္ဓရာမိ" ဟု၊ ကိုယ်ဝတ်ကို "ဣမံဉတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ" ဟု၊ သင်းပိုင်ကို "ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ" ဟု ဆို၍ ချအပ်၏။ ပရိက္ခရ–စောဠအဓိဋ္ဌာန်တင်သောသင်္ကန်းကို တိစီဝရိတ်အဓိဋ္ဌာန်တင်ပြလိုပြန်သည်ရှိသော် သင်္ကန်းဟောင်းကို ယခင်တင်အပ်ပြီး သော ပရိက္ခရာ စောဠအဓိဋ္ဌာန်မှချ၍ တင်အပ်၏။ (ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို များစွာဆောင်၍ ရေးသားက ပညာမပွင့် နားမပွင့်ရသေးကုန်သော ပုဂ္ဂိုလ်တို့အား မှတ်သားခက်မည်စိုးသောကြောင့် မှတ်သားလွယ်စိမ့်သောငှာ သုံးဆောင်တတ်ရုံမျှ အမြွက်အားဖြင့် ရေးသားလိုက်ပါသည်။ အကျယ်ဝိတ္ထာရအားဖြင့် မှတ်သားလိုသော ပုဂ္ဂိုလ်တို့သည် ထိုထိုသို့သော ပါဠိအဋ္ဌကထာဋီကာတို့ကိုယူ၍ သိအပ်ကုန်၏။)

အမြတ်တရားကို အားထုတ်ခြင်းငှာ အလိုရှိသောပုဂ္ဂိုလ်တို့သည် ဤသို့ ဆိုအပ်ခဲ့ပြီးသော သင်္ကန်းဆောင်နည်း၊ အဓိဋ္ဌာန်တင်နည်း၊ ချနည်း၊ ဝိကပ္ပနာ ပြုနည်း စသည်တို့ကို အသေအချာ မှတ်သားပြီး၍ သင်္ကန်းသုံးထည်ကို အမည်ဖြင့် အဓိဋ္ဌာန်တင်ခြင်း၊ ကြွင်းသောသင်္ကန်းတို့ကို ဝိကပ္ပနာပြုခြင်း၊ ပုဝါ ,ပုဆိုး အစ ရှိသည် တို့ကို ပရိက္ခရစောဠတင်ခြင်းတို့ကိုပြု၍ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာလာ အတိုင်း သင်္ကန်းတို့ကို သုံးဆောင်တော်မူနိုင်ကြပါစေကုန်သတည်း။

ဤသို့ မတတ်စွမ်းနိုင်သည်ဖြစ်၍ သုခပရိဘောဂကို အလိုရှိသောပုဂ္ဂိုလ်တို့ သည် သုံးထည်ကို ပရိက္ခာရ စောဠတင်၍ ကြွင်းသောသင်္ကန်း စသည်တို့ကို ဝိကပ္ပနာပြု၍ သုံးဆောင်တော်မူကြစေကုန်သတည်း။

ရရသမျှသော သင်္ကန်း ဖျင်ပုဆိုးတို့ကို ပရိက္ခာရစောဠတင်၍ သုံးဆောင် ခြင်းကိုကား အပ်–မအပ် ကပ္ပိယာ ကပ္ပိယ ဝိဝါဒပြု၍ ဆရာကြီး ဆရာမြတ်တို့ပင် ငြင်းခုံပြောဆိုလျက်ရှိသောကြောင့် မည်သို့ အထူး အပ်–မအပ်သည်ကို ရေးသား မဆုံး ဖြစ်တော့ပြီ။

ယင်းသို့သော်လည်း "ဝိနယလက္ခဏံ ဂရုကေ ဌိတံ" ဟု ကျမ်းဂန် လာသည်နှင့်အညီ ဂရု၊ လဟု နှစ်ပါးကွဲပြား ပြောဆိုလျက်ရှိသော် လဟုကိုပယ်၍ ဂရုသို့ လိုက်ပြီး ကောင်းစွာ ကျင့်ခြင်းသည် သံသရာဘေးကို ကြောက်ရွံ့လေ့ ရှိကုန်သော သကျပုတ္တ မဟာသမဏတို့၏ ကျင့်ရိုးဝိနည်းလက္ခဏာ မည်၏။ ယင်းသို့ ဝိနည်းလက္ခဏာလာသည့်အတိုင်း ပရိက္ခာရစောဠချည်းတင်သော် အပ်၏ ဟူသော လဟုဝါဒကို ပယ်၍ မအပ်ဟူသော ဂရုဝါဒသို့လိုက်၍ ကျင့်မှုကား အတိသုန္ဒရံ–အလွန်ကောင်းမြတ်လှတော့သည်သာ၊ သကျပုတ္တမဟာသမဏ အလွန် ဖြစ်လှတော့သည်သာတည်း။

ဤလောကဌ် ဥစ္စာဓနကို ဆည်းပူးရှာဖွေခြင်းငှာ သွားသောယောကျ်ားသည် ဥစ္စာဓန တွေ့မြင်လေလေ၊ ဝမ်းမြောက်ဝမ်းသာရှိလေလေ ဖြစ်သကဲ့သို့ ပြုကျင့်စရာ သဒ္ဓမ္မာစာရ ပေါများလေတိုင်း ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်နူးလေလေ ဖြစ်တော်မူနိုင်ကြပါစေသတည်း။

သံသရာဘေးကို ရှုသဖြင့် ရဟန်းပြုတော်မူကြကုန်သော ပုဂ္ဂိုလ်မြတ်တို့သည် နီဝရဏတည်းဟူသော ကိလေသာရန်သူသည် နိပ်စက်ဖျက်ဆီးအပ်သည်၏ အဖြစ်ကြောင့် ဟုတ်မှန်တိုင်းသော သူတော်ကောင်းအကျင့်ကို လိုက်နာ၍ မကျင့်နိုင်ကုန်။ ပုထုဇဉ်ဗာလ၏ သဘောသည် ပေါ့ပေါ့လျော့လျော့ဖြင့်သာ ဝတ်စား သုံးဆောင်၍ နေချင်တတ်၏။

အနာရောဂါစွဲရောက်သောသူသည် မိမိအလိုရှိအပ်သောဥစ္စာရတနာတို့ကို မရှာမှီး မဆည်းပူးနိုင်သကဲ့သို့ ကိလေသာတည်းဟူသော ရောဂါစွဲရောက်သည်ဖြစ်၍ မြတ်သောသူတော်ကောင်းအကျင့် ဥစ္စာရတနာကို မရှာမှီး မဆည်းပူးနိုင်ဘဲ ရှိတတ်လှကုန်၏။ တစ်ဖက်ရန်သူစစ်သည် ဖမ်း၍သွားအပ်သောသူသည် ဘေးကင်းရာ အရပ်သို့ အလိုရှိတိုင်း မသွားနိုင်သကဲ့သို့ နီဝရဏတည်းဟူသောရန်သူဖမ်းသည် ဖြစ်၍ ဘုန်းတော်နေဝန်း ထွန်းတောက်ပသော ရှင်တော်ဘုရား ညွှန်ပြတော်မူအပ်သော သူတော်ကောင်းတို့၏ သဒ္ဓမ္မာစာရတည်းဟူသော နိဗ္ဗာန်လမ်းခရီးသို့ ဖြောင့်မတ်စွာ မလိုက်နိုင်ဘဲ ရှိတတ်လှကုန်၏။

သည်းခြေပျက်သောသူသည် စတုမဓုအရသာကို ခါးစပ်သည်ဟု ထင်မှတ်သကဲ့သို့ သဒ္ဓါပညာနည်းပါးကုန်သော ပုထုဇဉ်ဗာလတို့သည် ဟုတ်မှန်တိုင်းသော သူတော်ကောင်းတရားပြုကျင့်ရခြင်းကို ဆင်းရဲအံ့သည်ထင်မှတ်၍ အလွန်လျှင် ဝန်လေးတတ်ကုန်၏။

မှက်၊ ခြင်၊ ယင်ရဲတို့သည် စန္ဒကူးသရက္ခန်ကိုပစ်ထား၍ အလွန်စက်ဆုပ်ဖွယ်ရှိသော ခွေးကောင်ပုပ်စသည်ကိုသာ စုံမက်သကဲ့သို့ မှက်၊ ခြင်၊ ယင်ရဲနှင့်တူသော ပုထုဇဉ်ဗာလတို့သည် သုံးပါးသော ချမ်းသာကို ပြီးစေတတ်၊ ပြုကျင့်အပ်သော သူတော်ကောင်းတို့၏ အကျင့်ကို မကျင့်နိုင်ကုန်မူ၍ အပါယ်ဒုက္ခကို ဖြစ်စေတတ်သော မပြုကျင့်အပ်သောအမှုတို့ကိုသာလျှင် ပြုကျင့်မိတတ်ကုန်၏။ ထိုသို့အပ်သည်ကို မကျင့် မအပ်သည်၌ ပြုကျင့်ခြင်းကိုမူကား ဘဝဆက်ဆက် ဗျတ္တာဗျတ္တိ ဗိဋ္ဌာရာဗိဋ္ဌာရီဖြစ်စဉ်ကာလကပင် ပြုကျင့်ဖူးလှလေကုန်ပြီ၊ ပြုကျင့်အပ်သော ရဟန်းတရားကိုမူကား ကမ္ဘာအရာ ကမ္ဘာအထောင်လွန်အောင်မှ မပြုကျင့်ရနိုင်ကုန်။ ပေတဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့သည် အစာအာဟာရကို

စားသောက်ရခြင်းငှာ အလွန်ခဲယဉ်းကုန်သကဲ့သို့ ထို့အတူ ကိလေသာတည်းဟူသော ရန်သူမီးပူတို့ဖြင့် နှိပ်စက်အပ်ကုန်သောပုထုဇဉ် ဗာလတို့သည် ဟုတ်တိုင်းမှန်သော သူတော်ကောင်းတရားတည်းဟူသော အစာအာဟာရကို အလွန်ရခဲကုန်၏။ ထို့ကြောင့် ပေတဘုံ သူတို့သည် အစာအာဟာရကို အလွန်ရခဲကုန်၏။ ထို့ကြောင့် ပေတဘုံသူတို့သည် အစာအာဟာရကို အလွန်တောင့်တမက်မောသကဲ့သို့ သံသရာဘေးကို ကြောက်ကုန်သောပုဂ္ဂိုလ်တို့သည် သူတော်ကောင်းတို့၏ ဟုတ်တိုင်းသောတရားကို အလွန်တောင့်တမြတ်နိုးအပ်ကုန်၏။ စက္ခုနှစ်ဖက်ပျက်သောသူကာန်းတို့သည် ဟုတ်မှန်တိုင်းသော ဘေးကင်းရာလမ်းခရီးသို့ ရောက်ခြင်းငှာလည်း အလွန်ခဲယဉ်းကုန်၏။ ကံတော်ကံကြား ရောက်ပါသော်လည်း ဖြောင့်မတ်စွာ လျှောက်၍သွားခြင်းငှာလည်း အလွန်ခဲယဉ်းကုန်၏။

ထို့အတူ ပညာစက္ခုကာန်းသော အန္ဓပုထုဇဉ်တို့သည် ပြုကျင့်အပ်သော သူတော်ကောင်းတရားကို ဟုတ်တိုင်းမှန်စွာ သိရမည်လည်း အလွန်ခဲယဉ်းကုန်၏၊ သိသည့်အတိုင်း ဖြောင့်မတ်စွာလိုက်နာရမည်လည်း အလွန်ခဲယဉ်းကုန်၏။

စက္ခုကွယ်သောသူသည် တောင်ဝှေးဆွဲသောသူ၏ နောက်သို့ ကောက်ကောက် လိုက်အပ်သကဲ့သို့ သုံးလူထွဋ်ထား ရှင်တော်ဘုရား၏ အဆုံးအမတော်တည်းဟူသော ဘေးကင်းရာလမ်းခရီးသို့ ဖြောင့်မတ်စွာ လိုက်အပ်ကုန်၏။

ဇက်သတ်၍မရသော မြင်းကြမ်းကဲ့သို့လည်းကောင်း၊ ကောက်ယူ၍ မရသော အမုန်ယစ်သော ဆင်ကဲ့သို့လည်းကောင်း၊ ဘဝဆက်ဆက် မဆုံးမမူ၍ ပေါက်လွှတ်ထားသော စိတ်မိုက်စိတ်ကြမ်းဝင်သဖြင့် ရှင်တော်ဘုရား၏ ရှေ့နောက်တော်သို့ ကောက်ကောက်လိုက်မနိုင်ဘဲ မရှိစေကုန်အပ်။

ဤလောက၌ လယ်လုပ်ကုန်သွယ်သောသူတို့သည် တစ်သက်လျှာ မသုံးဆောင်ရသော ပစ္စည်းဥစ္စာခနကိုပင် အပတ်တကုတ်ကြိုးစားအားထုတ်၍ လုပ်ဆောင်ရှာဖွေကြကုန်သေး၏။

တစ်နေ့တစ်ရက် တစ်နံနက်မျှ အားထုတ်ပြုကျင့်သဖြင့် ဘဝအဆက်ဆက် နိဗ္ဗာန်ရောက်သည့်တိုင်အောင် သုခသမ္ပတ္တိကို ပြီးစေတတ်သောသူတော်ကောင်းတရားကိုကား အဘယ်သို့လျှင် ငါအားမထုတ်ဘဲ ရှိအံ့နည်းဟု ကိုယ်ရှင်ကိုယ်ကို သွန်သင်ဆုံးမသဖြင့် အမြတ်တရားကို အားထုတ်သင့်လှတော့သည်။

ပုဆိုးအဝတ်တို့ကို မိခင်ဖခင်တို့ သွန်သင်ပြသည့်အတိုင်း ဝတ်ဆင်သော ဗာလဒါရက ရွာသားသူငယ်တို့သည် ပွဲပရိသတ်တို့၏ အလယ်၌ အလွန်တင့်တယ်သကဲ့သို့ သုံးလူ့ထွဋ်တင် ဖခင်ရှင်တော်ဘုရား ဆုံးမပဲ့ပြင်သွန်သင်ဟောကြားတော်

မူသည့်အတိုင်း အဝတ်သင်္ကန်းတို့ကို သုံးဆောင်သည်ရှိသော် လဇ္ဇီ၊ သီလဝန်၊ ပညဝန်ပုဂ္ဂိုလ်တို့၏အလယ်၌ အလွန်လျှင် တင့်တယ်ခြင်းသို့ ရောက်၏။

မိခင်ဖခင်တို့ သွန်သင်ဆုံးမသော အတိုင်း မဝတ်မဆင်မူ၍ ထဘီကို ပြောင်းပြန်စောင်ထိုးဝတ်သောဥမ္မတ္တကသူရူးမသည် ပွဲပရိသတ်လေးပါးတို့၏ အလယ်၌ ပြက်ရယ်ပြုဖွယ်ဖြစ်သကဲ့သို့ ဖခင်ရှင်တော်ဘုရား ဟောကြားသွန်သင် တော်မူသည့်အတိုင်း မဝတ်မသုံးဆောင်သော ပုဂ္ဂိုလ်သည် လဇ္ဇီ၊ သီလဝန်၊ ပညဝန် ပုဂ္ဂိုလ်တို့၏အလယ်၌ အလွန်ပြစ်တင်ကဲ့ရဲ့ဖွယ်ဖြစ်၏။ ထို့ကြောင့် ဘုန်းတော် နေရှိန် ထိန်ထိန်တောက်ပတော်မူသော သဗ္ဗညုရှင်တော်ဘုရားသည် သချေ်လေးထပ် တစ်သိန်းကပ်လုံး ဆင်းရဲငြိုငြင်သဖြင့် ဆည်းပူးရှာမှီး၍ရအပ်သော သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် မဖောက်မပြန် ဝေဖန်ပိုင်းခြားဟောကြားပြသဆုံးမတော် မူသည့်အတိုင်း ဝတ်ရုံသုံးဆောင်တတ်အောင် အလွန်ကြိုးကုတ် အားထုတ်တော် မူနိုင်ကြစေကုန်သတည်း။

အချို့သောပုဂ္ဂိုလ်တို့သည် ရရသမျှသောသင်္ကန်းအစရှိသည်ကို တစ်စုံတစ်ခု သော အဓိဋ္ဌာန်တင်ခြင်း၊ ဝိကပ္ပနာပြုခြင်းတို့ကို မပြုမူ၍ ရသည့်အတိုင်း အမှတ် မဲ့သာ သုံးဆောင်၍ နေမိသည်လည်း ရှိကြကုန်၏။ ထိုသို့ သုံးဆောင်ခြင်းသည် အလျင်းမအပ်၊ သုံးဆောင်တိုင်း သုံးဆောင်တိုင်း အာပတ္တိအာပဇ္ဇနသို့ ရောက်၍ သံသရာအလွန်လေးကုန်၏။ ထို့ကြောင့် ဖျင်သင်္ကန်း စသည်တို့ကို ရသော နေ့မှစ၍ ဆယ်ရက်အတွင်း၌ အဓိဋ္ဌာန်တင်ခြင်း၊ ဝိကပ္ပနာပြုခြင်းတို့ကို ပြု၍ သုံးဆောင်တော်မူကြပါစေသတည်း။

*စီဝရပရိဘောဂဝိနိစ္ဆယ ပြီး၏။*

## သန္နိဓိဝိနိစ္ဆယ

သန္နိဓိဝိနိစ္ဆယ၌ ဤဆိုအပ်လတ္တံ့သောနည်းဖြင့် မှတ်အပ်၏။ အာဟာရ အကျိုးငှာ နှံ့စေတတ်သော အလုံးစုံသော ခဲဘွယ်ဘောဇဉ်တို့သည် ယာဝကာလိက မည်ကုန်၏။

ကြာစွယ်မုဒရက် သရက်သပြေဖက်သက် တရော်တောငှက်ပျော အိမ် ငှက်ပျောသစ်မည်စသည်တို့ကို ရေချမ်းဖြင့်နယ်၍ စစ်၍ပြုအပ်သော အဖျော် ရှစ်ပါးသည် ယာမကာလိက မည်၏။

ဆီဦး ထောပတ် ပျား တင်လဲ ဆီတို့သည် သတ္တာဟကာလိက မည်ကုန် ၏။ အာဟာရကိစ္စကို မပြီးစေတတ်သော သစ်မြစ် သစ်ဥ သစ်ပွင့် သစ်သီး အစရှိသည်တို့သည် ယာဝဇီဝိက မည်ကုန်၏။

ထိုလေးပါးတို့တွင် ယာဝကာလိကကို မဇ္ဈန္ဟိကကာလတိုင်အောင် သုံးဆောင်အပ်၏။ ယာမကာလိကကို အရုဏ်တက်သည့်တိုင်အောင် မွတ်သိပ်ဆာလောင်ခြင်း ပိပါသအကြောင်းရှိသည်ရှိသော် သုံးဆောင်အပ်၏။ သတ္တာဟကာလိကကို ဂေလညအကြောင်းရှိသော် ခုနစ်ရက်ပတ်လုံး သုံးဆောင်အပ်၏။ ယာဝဇီဝကကိုလည်း ဂေလညရှိသည်ရှိသော် အသက်ထက်ဆုံး သုံးဆောင်အပ်၏။ ယနေ့ အကပ်ခံသော ယာဝကာလိက ယာမကာလိကတို့ကို ပုနဒိဝသမှစ၍ သုံးဆောင်သည်ရှိသော် သန္နိဓိပါစိတ်အာပတ်သင့်၏။ ပုရေ ပဋိဂ္ဂဟိတဖြစ်သော သတ္တာဟကာလိက၊ ယာဝဇီဝကတို့ကို မဇ္ဈန္ဟိကကာလအတွင်း၌ အကြောင်းမရှိဘဲ သုံးဆောင်သည်ရှိသော် သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဒုက္ကဋ်အာပတ်သင့်၏။

ပစ္ဆာဘတ္တ နေလွဲသောအခါ၌ အကြောင်းမရှိဘဲ သုံးဆောင်သည်ရှိသော် ဝိကာလဘောဇနကြောင့်လည်း ဒုက္ကဋ်အာပတ်သင့်၏။ သန္နိဓိပစ္စယကြောင့်လည်း ဒုက္ကဋ်အာပတ်သင့်၏။ ပရေပဋိဂ္ဂဟိတဖြစ်သော သတ္တာဟကာလိက၊ ယာဝဇီဝကတို့ကို ယာဝကာလိကနှင့်ရောစ၍ သုံးဆောင်သည်ရှိသော် မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သင့်၏။ ယုတ်သောအပိုင်းအခြားအားဖြင့် မုခဒွါရသို့ သွား၏အကြားတို့၌ ကပ်ငြိသော သတ္တာဟကာလိက၊ ယာဝဇီဝက အညစ်အကြေးနှင့် ရောမိသော်လည်း မျိုတိုင်းမျိုတိုင်း ပါစိတ်အာပတ်သင့်၏။ ထို့ကြောင့် ယခုအခါ ကွမ်းဆေးအစရှိသည်တို့ကို အနေ့နေ့ အရက်ရက် အကပ်ခံ၍ ပုရေဘတ္တ၌လည်းကောင်း၊ ပစ္ဆာဘတ္တ၌လည်းကောင်း သုံးဆောင်ကြသော ပုဂ္ဂိုလ်တို့အား သန္နိဓိဒုက္ကဋ် သန္နိဓိပါစိတ်အာပတ်တို့မှ မလွတ်နိုင်ကုန်၊ ရှေးအခါ အကပ်ခံသော ဆေးကွမ်းအစရှိသည်တို့ကို ဂေလညအကြောင်းမရှိဘဲလျက် သုံးဆောင်သည်ရှိသော် သုံးဆောင်တိုင်း သုံးဆောင်တိုင်း သန္နိဓိဒုက္ကဋ်အာပတ်သင့်၏။ တဖန်ဆွမ်း အစရှိသည်တို့ကို စားပြန်သည်ရှိသော် ယခင်ဆေးဖတ်ကွမ်းဖတ်နှင့် ရောပြွမ်းမိသည် ဖြစ်၍ မျိုတိုင်းမျိုတိုင်း သန္နိဓိပါစိတ် အာပတ်သင့်ကုန်၏။ ထို့ကြောင့် နေ့ရှည်ရက်ဆက် အကပ်ခံ၍ မသုံးဆောင်ဘဲ နေမလွဲမီ ပုရေဘတ္တ၌ တစ်နေ့စာ တစ်နေ့စာလောက်ရုံမျှသာ ကွမ်းဆေးအစရှိသည်တို့ကို အကပ်ခံ၍ သုံးဆောင်အပ်ကုန်၏။ မကုန်၍ ကြွင်းကျန်သည်ရှိသော် လူသာမဏေတို့အား ပေးခြင်း ငဲ့ကွက်ခြင်းမရှိ စွန့်ခြင်းဖြင့် စွန့်အပ်ကုန်၏။ စွန့်၍တဖန်ရပြန်သည်ရှိသော်ကား လဒ္ဓကပ္ပိယမေဝ အပ်လှတော့သည်သာတည်း။

မိခင်ဖခင်တို့သည် အဆိပ်သီးကို စားဆဲစားလတ္တံ့ဖြစ်သော သားငယ်သမီးငယ် မလိမ္မာသူတို့ကိုမြင်လျှင် အလွန်စိုးရိမ်ကြောင့်ကြခြင်းဖြစ်သကဲ့သို့

မဟာကရုဏာတော်ရှင် ဘုရားသခင်ရှင်တော်သည် မအပ်မရာ သုံးဆောင် စားသောက်ကုန်သော တပည့်သားတော်တို့ကို အလွန်ကြောင့်ကြတော်မူ၏။ ထို့ကြောင့် သဗ္ဗညုရှင်တော်ဘုရား၏ ရွှေမျက်နှာတော်ကို ရှုမျှော် ထောက်ထားသော အားဖြင့်လည်းကောင်း၊ သံသရာဝဋ်ဒုက္ခကို အဖန်တလဲလဲရှုသဖြင့်လည်းကောင်း ရှင်တော်ဘုရား၏ ရွှေနှလုံးတော်ကို ချမ်းမြေ့စေတတ်သော သုံးပါးသော သုခ သမ္ပတ္တိတို့ကို ပြီးစေတတ်သော သူတော်ကောင်းတို့၏ သဒ္ဓမ္မာစာရကို ဖြောင့်မတ်စွာ လိုက်နာ၍ ကျင့်တော်မူနိုင်ကြစေကုန်သတည်း။

ဓမ္မိယလဒ္ဓတရားသဖြင့် ရအပ်သောပစ္စည်းဖြစ်လျက် သန္နိဓိကိုဖြစ်စေ၍ သုံးဆောင်မိသဖြင့် အာပတ္တိ အာပဇ္ဇနသို့ ရောက်သောငါသည် မွန်မြတ်လှစွာသော သူကရမ်းသကို အဆိပ်နှင့်ရော၍ သုံးဆောင်မှားသောယောကျ်ားနှင့် တူလေစွ တကား။ ဘုန်းတော်နေဝန်း ထွန်းတောက်ပသော ဘုရားသားတော်ဖြစ်တပြီးလျက် သိက္ခာသီလ၌ ဂရုဝါရဝမပြုခြင်းကြောင့် အာပါယိကဒုက္ခကို တွေ့ရချေက အလွန် မသင့်လွန်းတကားဟု မိမိကိုယ်ကို သွန်သင်ဆုံးမ၍ သန္နိမိသိက္ခာပဒဝီတိက္ကမမှ လွတ်အောင် ရှက်ဆောင်ကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

သံသရာဘေးကို ရှုသဖြင့် သဗ္ဗညုရှင်တော်ဘုရား၏ သားတော်အဖြစ်သို့ ရောက်ကုန်သော အရှင်မြတ်တို့သည် ဤသို့လည်း မိမိကိုယ်ကို သွန်သင်ဆုံးမတော် မူအပ်ကုန်၏။ ငါသည် ဘုရားသားတော်တို့ ရသင့်ရထိုက်သော အရိယာမဂ် အရိယာဖိုလ်နိဗ္ဗာန်အလို့ငှာ ရဟန်းပြုသော သဒ္ဓါပဗ္ဗဇိတ စစ်စစ်တည်း။ သဒ္ဓါပဗ္ဗ ဇိတဖြစ်သော အို သူတော်ကောင်း ... အစိန္တေယျသာသနာရောင်ဝါ ထိန်ဝင်း ထွန်းလင်းခိုက်ကို ရသင့်ရထိုက်သော အရိယာမဂ်အရိယာဖိုလ်ကို အမောင်ရပြီလော၊ ရခြင်း၏အကြောင်းဖြစ်သော သမထဝိပဿနာ ဘာဝနာကို လွန်စွာ ပွားနိုင်ပါ၏ လော။ စတုပစ္စယ၌ တပ်မက်စေတတ်သော တဏှာလောဘ၊ အလုပ်အကျွေး ဥပါသကာ ဥပါသိကာမတို့၌ တွယ်တာမက်မောစေတတ်သော တဏှာလောဘ၊ အရပ်ဒေသ၌ တွယ်တာကပ်ငြိတတ်သော တဏှာလောဘ အစရှိသော ကိလေသာ တည်းဟူသော မှက်၊ ခြင်၊ ယင်ရဲတို့၏ ကိုက်ခဲခြင်းမှ တစ်နေ့တစ်ရက်မျှ လွတ်ပါ၏လော။

သူတော်တကာတမ်းစေ့ရုံမျှ မဝတ်မစားတတ်ပဲ သင်ရှိပါသေးသည် မဟုတ် လော၊ ဤလောက၌ သူတော်တကာတမ်းစေ့အောင် မဝတ်တတ် မစားတတ်သော သူကို အတိဗာလဥမ္မတ္တက ဆိုအပ်သကဲ့သို့ သာသနာတော်၌လည်း ဘုရားသာသနာ

တော်ထမ်း ရဟန်းတကာတို့ ဝတ်စားသုံးဆောင်ရုံမျှကို မသိ မလိမ္မာသည်ရှိသော် အတိဗာလ ဥမ္မတ္တကဟု သူတစ်ပါးတို့ ဆိုသင့်ပေလိမ့်မည် မဟုတ်လော။ ထိုသို့ ဖြစ်၍ ဘုရားသားတော်တကာတို့ ဝတ်စားသုံးဆောင်ရုံကို ရှင်တော်ဘုရားအလို အတိုင်း ဟုတ်မှန်စွာသိအောင် ပြုသဖြင့် ဝတ်စားသုံးဆောင်တတ်အောင်၊ သုံးဆောင်မိအောင် ပြုအပ်ပြုသင့်ထိုက်လှပေတော့သည် ဟု ကိုယ်ရှင်ကိုယ်ကို သွန်သင်ဆုံးမတော်မူအပ်ကုန်၏။

ဘုန်းတော်နေမီး ထိန်ထိန်ညီးသော ရှင်တော်ဘုရား၏ အမွေတော်ဥစ္စာကို ဆည်းပူးရှာဖွေခြင်းငှာ အဂါရမှ အနဂါရသို့ ဝင်ရောက်သဖြင့် ပဗ္ဗဇိတ ဒုလ္လဘကို ရတော်မူကြကုန်သော အရှင်မြတ်တို့သည် ရှင်တော်ဘုရား ပေးသနားတော်မူအပ် သော အမွေတော်စစ် ဥစ္စာနှစ်ကို မရ ရအောင် ကြိုးပမ်းလုံ့လဉဿာဟ ပြုအပ် လှတော့သည်။

အစိန္တေယျ မဟာကရုဏာတော်ရှင် ဘုရားသခင် ပေးသနားတော်မူအပ် သော အမွေတော်စစ် ဥစ္စာနှစ်ကား မုချအထူးအားဖြင့် အရဟတ္တမဂ်အရ ဟတ္တဖိုလ် တည်း။ ထိုမှဆုတ်လျှင် အနာဂါမ်၊ ထိုမှဆုတ်လျှင် သကဒါဂါမ်၊ ထိုမှဆုတ်လျှင် သောတာပန်၊ ထိုမှဆုတ်လျှင် လောကီဈာနလာဘီပုဂ္ဂိုလ်၊ ထိုမှဆုတ်လျှင် သီလ ဝန္တဝိပဿက ကလျာဏပုဂ္ဂိုလ်တို့၏အဖြစ်သည်ပင်လျှင် ရှင်တော်ဘုရား၏ အမွေ ဥစ္စာနှစ်တည်း။ ဤမှဆုတ်၍ သိက္ခာပဒ ဝီတိက္ကမကို ပြုသဖြင့် သီလဝန္တအဖြစ်သို့မျှ မရောက်နိုင်ကုန်သော ကိလေသာမာရ် ရန်သူလက်၌ ရောက်၍ ဝိသုဒ္ဓသီလသဒ္ဓမ္မာ စာရတို့ကို မကျင့်နိုင်ကုန်သောပုဂ္ဂိုလ်တို့သည် အစိန္တေယျ ပေးသနားတော်မူ အပ်သော ဥစ္စာနှစ်ကို ရသည်မမည်။ သကျပုတ္တမဟာသမဏစစ် မမည်၊ ရှင်တော် ဘုရား၏ ဓမ္မရင်နို့ကို သောက်စို့သည် မမည်၊ ထို့ကြောင့် သုံးလူ့မင်း၏ ခြေရင်းတော်ပါး ခစားဆည်းကပ်၍ ဘုန်းတော်ကို ခိုလှုံတော်မူလာကြကုန်သော ပုဂ္ဂိုလ်မြတ်တို့သည် သုံးလူ့ထွင့်တင် ဘုရားရှင် ပေးသနားတော်မူအပ်သော အမွေတော်ဥစ္စာနှစ်တို့တွင် အောက်ထစ်အယုတ်ဆုံးဖြစ်သော သီလဝန္တပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော ဥစ္စာနှစ်ကိုမျှ မရကြသေးက မဟာဇာနိယဖြစ်၍ ရှုံးခြင်းကြီး ရှုံးလောက်အံ့သည်ကို ပညာစက္ခုဖြင့် ထောက်ရှုမျှော်တွေးတော်မူနိုင်ကြပါစေ ကုန်သတည်း။ ထိုသို့ ထောက်ရှုမျှော်တွေးသဖြင့် ဟုတ်မှန်တိုင်းသောသဒ္ဓမ္မာစာရကို ကြိုးပမ်းတော်မူနိုင်ကြပါစေကုန်သတည်း။

*သန္နိဋ္ဌိဝိနိစ္ဆယ ပြီး၏။*

## ကုလဒူသကဝိနိစ္ဆယ

ကုလ ဒူသကဝိနိစ္ဆယ၌ ဤသို့ မှတ်အပ်၏။ ကုလံဒူသေတီတိကုလ **ဒူသကော**၊ ယော – အကြင်အလဇ္ဇီပုဂ္ဂိုလ်သည်၊ **ကုလံ** – ဒါယကာ ဒါယိကာမကို၊ ဝါ – ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါတရားကို၊ ဝါ – ဒါယကာ ဒါယိကာမတို့၏ မနုဿသမ္ပတ္တိ, ဒေဝသမ္ပတ္တိကို၊ **ဒူသေတိ** – သစ်သီးတစ်လုံး ပန်းတစ်ပွင့် စသည်ဖြင့် ချီးမြှင့်ဟန်ပြု၍ ဖျက်ဆီးတတ်၏။ **ဣတိတသ္မာ** – ထိုသို့ ဖျက်ဆီးတတ်သော သတ္တိကြောင့်၊ **သော** – ထိုအလဇ္ဇီပုဂ္ဂိုလ်သည်၊ **ကုလဒူသကော** – ကုလဒူသက မည်၏။

ဤသို့သော ဝစနတ္ထဝိဂ္ဂဟနှင့် လျော်ညီစွာ ဒါယကာတို့ကို ဖျက်ဆီးတတ်သည်၏အဖြစ်ကြောင့် ကုလဒူသက မည်၏။ ဒါယကာတို့ကို ဖျက်ဆီးတတ်သော အလဇ္ဇီပုဂ္ဂိုလ် ရ၏။

**ကုလာနံ ဒူသနံ ကုလဒူသနံ၊ ကုလာနံ** – ဒါယကာတို့ကို၊ **ဒူသနံ** – ဖျက်ဆီးခြင်းတည်း၊ **ကုလဒူသနံ** – ဒါယကာတို့ကို ဖျက်ဆီးခြင်း၊ သိက္ခာပုဒ်တော်ကို လွန်ကျူးကျော်နင်း၍ ဒါယကာတို့ကို ဖျက်ဆီးခြင်းတည်းဟူသော ဝီတိက္ကမ စေတနာ ရ၏။ ဖျက်ဆီးသည်ဟူသည်လည်း တစ်စုံတစ်ခုသော တုတ်လှံတံ စသည်ဖြင့် ဖျက်ဆီးသည် မဟုတ်။

**ဒါရုံ ဝေဠုံ ဖလံ ပုပ္ဖံ၊ စုဏ္ဏံနှာနမုခေါဒကံ။**

**မတ္တိကာ ဒန္တကဋ္ဌာဒိံ၊ န ဒဒေ ကုလသင်္ဂဟာ။** (ခုဒ္ဒသိက္ခာဂါထာ၂၀၉။) ဟူသော ဂါထာလာသည်နှင့်အညီ ဒါယကာတို့အား သစ်သီးသစ်ပွင့် စသည်ကို ပေး၍ ထောက်ပံ့ချီးမြှင့်ခြင်းသည်ပင်လျှင် ဖျက်ဆီးသည် မည်၏။ သီတင်းသုံးဖော် ငါးယောက် အမိအဖ၊ အမိအဖကို လုပ်ကျွေးသော တဒုပဋ္ဌာက၊ ဘိက္ခုနိဿိတက ရှင်လောင်း၊ ကိစ္စကြီးငယ်ကို ရွက်ဆောင်သော ဝေယျာဝစ္စကရ၊ ဂိလာန၊ ခိဏ ပရိဗ္ဗယပြည်ရွာကို ဖျက်ဆီးသော ခိုးသူ၊ စစ်ရှုံး၍ ထွက်ပြေးလာသောမင်း ဤသူတို့အား ပေးသည်ရှိသော် ပေးအပ်၏။ ကုလဒူသက မဖြစ်၊ မိကြီးမိထွေး စသော ဉာတကာတို့အား ငါနောက်အခါ အလိုရှိလျှင် အစားပေးရမည်။ ယခု ဤဝတ္ထုကို သုံးဆောင်နှင့်တော့ဟု တာဝကာလိကသာ ပေးသည်ရှိသော် အပ်၏ (ဝိမတိ၊၁၊ ၃၀၃)။ ဤသို့မဆိုမူ၍ အမှတ်မဲ့ပေးလိုက်သည်ရှိသော် မအပ်၊ သဒ္ဓါဒေယျဝိနိပါတန ဒုက္ကဋ်အာပတ် သင့်၏။ ကုလဒူသကကား မဖြစ်။

ယခင်ဆိုအပ်ခဲ့ပြီးသော ပုဂ္ဂိုလ်တွင် သတဓမ္မိက အမိအဖ သာမဏေ လောင်း အဆွေတော်သူတို့မှ ကြွင်းသော ခွင့်ပြုတော်မူအပ်သောပုဂ္ဂိုလ်တို့အား

သော်လည်း လာဘ်ကိုမငဲ့သဖြင့်သာလျှင် ပေးအပ်၏။ လာဘ်ကို ငဲ့သည်ရှိသော်း ကုလဒူသက ဖြစ်၏။ ထို့ကြောင့်ဝိမတိကျမ်းဋီကာ (၂၊၃၁၉) ၌ "ဂိလာနဂမိကိဿရာ ဒိန္နံ အနညာတပုဂ္ဂလာနမ္ပိ အတ္တနော သန္တကံ ဒေန္တေန အပစ္စာသီသန္တေန ဧဝ ဒါတဗ္ဗံ" ဟု မိန့်အပ်၏။

ထိုအခွင့်ပြုတော်မူအပ်သော ဆိုအပ်ခဲ့ပြီးသောပုဂ္ဂိုလ်တို့မှ ကြွင်းကျန်သော သူတို့အား လာဘ်ကိုငဲ့သည်ဖြစ်စေ၊ မငဲ့သည်ဖြစ်စေ မပေးအပ်သည်သာလျှင်တည်း။ ထို့ကြောင့်ဝိမတိဋီကာ (၂၊၃၁၉) ၌ "အနနုညာတပုဂ္ဂလာနံပန အပစ္စာသီသန္တေနာပိ ဒါပဟုံ န ဝဋ္ဋတိ" ဟု မိန့်တော်မူအပ်၏။ ဝိမတိဝိနောဒနီဋီကာ (၁၊၂၇၃) ၌လည်း "အနနု ညာတာနံ ပန အပစ္စာသီသန္တောနာပိ ဒါတုံ န ဝဋ္ဋတိ သဒ္ဓါဒေယျ ဝိနိပါတတ္တာ၊ ပစ္စာသိသာယ ပန သတိ ကုလဒူသနမ္ပိဟောတိ" ဟု မိန့်အပ်ပြီ၊ ၎င်းဝိမတိဝိနောဒနီ ဋီကာအလိုအားဖြင့် လာဘ်ကိုမငဲ့မူ၍ ပေးသည်ရှိသော် ကုလဒူသနမဖြစ်၊ သဒ္ဓါဒေယျ ဝိနိပါတဒုက္ကဋ်သာ သင့်၏။ လာဘ်ကိုငဲ့၍ ပေးမှသာလျှင် ကုလဒူသန ဖြစ်၏။

ဝိမတိအလို ကုလဒူသနဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ အာပတ္တိ အာပဇ္ဇနသို့ ရောက်သည်ချည်း၊ သမသမဖြစ်သောကြောင့် တစ်စုံတစ်ခုသောလာဘ် ကိုငဲ့၊ မငဲ့သော အခြင်းအရာဖြင့် ပေးအပ်သည်သာလျှင်တည်း။ အကျွမ်းဝင်သော ဥပါသကာတို့သည် ကျောင်းသို့လာ၍ ရဟန်းအား မတောင်းဘဲ အလိုအလျောက် စားသည်ရှိသော် မတားမြစ်သော်လည်း လဒ္ဓကပ္ပိယမေဝ – အပ်လှတော့သည်သာ တည်း။ ထို့ကြောင့် ဝိမတိ(၂၊၃၁၉)၌ "အတ္တနော သန္တကမ္ပိ ပစ္စယ ဒါယကာ ယဒိ သယမေဝ ဝိဿာသေန ဂဏှန္တိ၊ န ဝါရေတဗ္ဗာ၊ လဒ္ဓကပ္ပိယမ္ပိ တုဏှီ ဘဝိတဗ္ဗံ" ဟု မိန့်အပ်ပြီ။

ခွင့်မပြုအပ်ကုန်သော ဒါယကာတို့အား ဆွမ်း၊ သစ်သီး အစရှိသည်ကို ပေးမိသည်ရှိသော် ပေးတိုင်း ပေးတိုင်း ကုလဒူသနဒုက္ကဋ်အာပတ်သင့်၏၊ ထိုပေးအပ် သော ဒါယကာတို့က ငါ့အား ချီးမြှောက်ထောက်ပံ့လိုသော အရှင်ပေတည်း ဟု ပေးလှူအပ်သော ´အလှူကို ခံယူသည်ရှိသော် ခံယူအပ်သောအခါ၌လည်း အနေသနဒုက္ကဋ်အာပတ်သင့်၏။ သုံးဆောင်သောအခါ၌လည်း သုံးဆောင်တိုင်း သုံးဆောင်တိုင်း ဒုက္ကဋ်အာပတ်သင့်၏။ ထိုအာပတ်ကို ဒေသနာပင်ကြားသော်လည်း ထိုအာပတ်ကို မှတ်၍ အာယတိ သံဝရဖြင့် မကြားခြင်းကြောင့် အာပတ်မှ မထနိုင်ကုန်။ နေ့ဆက်လဆက်သင့်ဖန်များသဖြင့် ကုဋေမကသော အာပတ် အညစ်အကြေးတို့နှင့် ရောပြွမ်းလေကုန်၏။ တစ်နေ့တစ်ရက် တစ်နံနက်မျှ အလဇ္ဇီ အဖြစ်မှ မလွတ်နိုင်။ မထွက်နိုင်ကုန်။ မဟာသာဝဇ္ဇ မဟာဝိနာသဖြစ်၍ သံသရာ

ဝန်အလွန်လေးကုန်၏။ ဝဋ္ဋဒုက္ခမှ ထွက်မြောက်လိုသည်ဖြစ်၍ အစိန္တေယျ ဘုန်းတော်ကို ခိုလှုံပါသည်ဖြစ်၍ စတုပစ္စယကြောင့်ဝဋ္ဋဒုက္ခ၌ပင် နစ်မြဲနစ်ကုန်ရာ၏။ ယင်းသို့ဖြစ်၍ သဒ္ဓါပဗ္ဗဇိတဖြစ်သော အရှင်မြတ်တို့သည် ဤသို့ ကိုယ့်ကိုကိုယ် ရှင် သွန်သင်ဆုံးမကုန်ရာ၏။ ငါသည် သံသရာဩဃမှ ထွက်မြောက်ခြင်း အကျိုးငှာ ရဟန်းပြုသောသဒ္ဓါပဗ္ဗဇိတ စစ်စစ်တည်း။ ဥဒရကာရဏကြောင့် ဘယာပဗ္ဗဇိတ မဟုတ်၊ ယင်းသို့ဖြစ်လျက် စတုပစ္စယကို နန္ဒီရာဂဖြစ်၍ သံသရာဩဃမှ ထွက်မြောက်စေတတ်သော အဓိသီလကို ပျက်စေသဖြင့် ဒုက္ခောဃ သံသရောဃ၌ နစ်တတ် နစ်စေတတ်သော ပါပဓမ္မ လာမကာစာရကို ပြုကျင့်မိချေက သဒ္ဓါပဗ္ဗဇိတ ဖြစ်သောငါသည် ဘယာပဗ္ဗဇိတဖြစ်လေစွတကား၊ သံသရောဃမှ ထွက်မြောက် လိုသောငါသည် သံသာရောဃ၌ နစ်ဖွန်းမြဲနစ်မွန်းရချေလတ္တံ့ ဖြစ်လေစွတကား၊ အသိန်းမက အဖိုးအနဃ္ဃထိုက်သော အဓိသီလကို စွန့်သဖြင့် ဥဒရကာရဏကြောင့် စတုပစ္စယကို ရှာမှီးဆည်းပူးမိသောငါသည် အသိန်းမက အဖိုးအနဃ္ဃဖြစ်ထိုက်သော ဝတ်ပန်းပုဆိုးကို ချွတ်၍ အလွန်ဆုံးဝါးညစ်ညမ်းသောအဝတ်ပုဆိုးကို ဝတ်မှားမိသော ဥမ္မတ္တကသူရူးမနှင့် တူလေစွတကား။

ဘုန်းတော်နေရှိန် ထိန်ထိန်တောက်သော လူ့ဘသက်နှင်း သုံးလူမင်း၏ သားတော်ဖြစ်လျက် သုဝိသုဒ္ဓသီလ ဘာဝေတဗ္ဗဘာဝနာ အစရှိသော သဒ္ဓမ္မာ စာရဥစ္စာကို မရလိုက်ချေက ကုဋေရှစ်ဆယ်ဥစ္စာကြွယ်ဝသော သူဌေးသားဖြစ်ပါ လျက် အတိဒလိဒ္ဒ သူဆင်းရဲတို့၏သားနှင့် အလားတူစွာ ကြွေအန်ပဆစ် စသောအမှုတို့ဖြင့် ပျော်ပိုက် ကစားပါများသဖြင့် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဥစ္စာခနေတို့မှ ဆုတ်ယုတ်သဖြင့် ခွက်လက်ဆွဲ၍ တောင်းစားရဖူးသော ခနေသေဋ္ဌိ သူဌေးသားနှင့် အလားတူစွာ ဖြစ်ရချေတကား - ဟု ယထာဘူတဉာဏ်ဖြင့် သွန်သင်ဆုံးမ၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဥစ္စာနှစ်ကိုသာ မရ ရအောင် ရှက်ဆောင် ကြိုးကုတ်အပ်၏။ အဝိဇ္ဇာတဏှာ ရန်မာရ်ဟူသော အကြောင်းကြောင့် ချွတ်ချော် တိမ်းပါး မှောက်မှားသဖြင့် ကုလဒူသန အစရှိသော ပါပဓမ္မလာမကာစာရကို ပြုကျင့်မိလျက်ရှိချေက ဤသို့ ကိုယ့်ကိုယ်ကို သွန်သင်ဆုံးအပ်ကုန်၏။ သင်သည် သဒ္ဓါပဗ္ဗဇိတ မဟုတ်လော၊ သင်၏ ပါပကာစာရသည် သဒ္ဓါပဗ္ဗဇိတသကျပုတ္တတို့ အကျင့်လော၊ သင်သည် နဝလောကုတ္တရဓမ္မအလို့ငှာ ရဟန်းပြုခြင်း မဟုတ်လော၊ သင်၏ ကုလဒူသန စသော ပါပဓမ္မသည် နဝလောကုတ္တရဓမ္မနှင့် တန်ရာသလော။

သင်၏ စတုပစ္စယသည် နဝလောကုတ္တရဓမ္မလော၊ နိရယဘေး ပေတဘေး တို့ကို အမောင်ကြောက်သည် မဟုတ်လော။

အမောင်၏ ဟိနမမ္မသည် နိရယဘုံ၊ ပေတဘုံသို့ အမှန်ဆောင်ချလိမ့်မည် မဟုတ်လော။

သင်၏ စတုပစ္စယက နိရယဘေး ပေတဘေးမှ ကယ်လိမ့်မည်လော။

အသင်ပုတိကာယကို အစ္စတ္တခုဝ မှတ်သလော။

"အဇ္ဈသုဝေ ဝါ ပရသုဝေ ဝါ" နှင့် သေခါနီးပြီ မဟုတ်လော။

ကုလဒူသန အနေသန အစရှိသော ·လာမကာစာရဖြင့် ဤပူတိကာယကို မွေးကျွေးသော အမောင့်ကို သဒ္ဓါပဗ္ဗဇိတဟု အသူဆိုသမုတ်လိမ့်မည်နည်း။ မဟာသမဏသကျပုတ္တစစ်ဟု တစ်စုံတစ်ယောက်သောသူ ခေါ်ဆိုလိမ့်မည်နည်း။ သင်၏ လာမကာစာရကို သင်မစွန့်နိုင်ချေက ယခုအခါမှစ၍ သင်အကျင့်အားလျော်စွာ ငါကား ဘယာပဗ္ဗဇိတပေတည်း။ ဥဒရကာရဏကြောင့် ပဗ္ဗဇိတအဖြစ်သို့ ရောက်ပေသောသူတည်းဟု ပရိသတ်တို့အလယ်၌ ဝန်ချပေး လျှောက်ပေး၊ သင်ကဲ့သို့သော သူကို သဒ္ဓါပဗ္ဗဇိတယောင်မဆောင်စေနှင့်ဟု ကိုယ့်ကိုကိုယ်ရှင် တင်းတင်းမာမာ နာကြည်းအောင် ဆုံးမ၍ ရှင်တော်ဘုရား ရွှေနှုလုံးတော် ကြည်လင်နှစ်သက်တော်မမူသော ကုလဒူသန လာမကာစာရတို့မှ ဝေးစွာလွတ်အောင် ရှောင်ကြဉ်နိုင်ကြပါစေကုန်သတည်း။

စတုပစ္စယကို ပမာဏပြု၍ ဥဒရကာရဏကြောင့် အာပါယိကဒုက္ခသို့ မရောက်ရအောင် အစ္စတ္တသုခဖြစ်၍ စင်စစ်ဧကန်ချမ်းသာမှန်သောနိဗ္ဗာန်ပြည်ကြီးသို့ ဆောလျင်လွယ်ကူရောက်တော်မူရအောင် ကောင်းမြတ်သော သုသမာစာရကို တတ်စွမ်းအားထုတ်တော်မူနိုင်ကြစေကုန်သတည်း။

အစိန္တေယျဘုရားသခင် သာသနာတော်ဝယ် မူလဘူတက တေဘုမ္မတ္တက ဝဋ္ဋဒုက္ခမှ ထွက်မြောက်လိုသည်ဖြစ်၍ သကျပုတ္တပဗ္ဗဇ္ဇအဖြစ်သို့ ရောက်သော သဒ္ဓါသမ္ပန္နကုလပုတ္တအမျိုးကောင်းသားဖြစ်လျက် အဆက်ဆက်သောဘဝ၌ လိုက်၍နှိပ်စက်ဖျက်ဆီးတတ်သော နီဝရဏမာရ် ကိုယ်တွင်းရန်သည် အဖန်ဖန် နှိပ်စက်သဖြင့် တိမ်းပါးချွတ်ချော် မတော်ပြုမှားမိသော ပါပဓမ္မလာ မကာစာရကို သဟဓမ္မိက ကလျာဏမိတ္တတို့က ဆုံးမတားမြစ်သော်လည်း မစွန့်ပစ်နိုင်ဘဲ ရှိတော်မူကြကုန်သော ပုဂ္ဂိုလ်အရှင်တို့သည် သံသာရဝဋ္ဋဒုက္ခကို ယထာဘူတဉာဏ်ဖြင့် အဖန်တလဲလဲရှု၍ တစ်နည်းတစ်ဖန် ကိုယ့်ကိုကိုယ်ရှင် ဤသို့သွန်သင်ဆုံးမအပ်၏။ အသင့်ကို အပါယ်ဘေး ဝဋ်ဆင်းရဲဘေးမှ တားမြစ်လိုသည်ဖြစ်၍ ကလျာဏမိတ္တ သဟဓမ္မိကတို့က သနားချစ်ခင်သဖြင့် သွန်သင်ဆုံးမကြသည်ကို အသင် အဘယ် ကြောင့် မလိုက်မနာဘဲ ရှိတုံအံ့နည်း။ သင်သည် အာပါယိကဝဋ်ဒုက္ခကို ကြောက်ရွံ့

သည် မဟုတ်လော၊ ယခု ကလျာဏမိတ္တ သဟာဓမ္မိကတို့က ဆိုဆုံးမခြင်းသည်လည်း သင့်ကို အာပါယိကဝဋ္ဋဒုက္ခသို့ မရောက်အောင် ရှက်ဆောင်မှိုင်းမကြသည် မဟုတ်လော၊ သင်သည် တိဝိဓဒုက္ခ သုခသမ္ပတ္တိကို ဣဋ္ဌာသယရှိသဖြင့် ပဗ္ဗဇ္ဇအဖြစ်သို့ ရောက်သော သဒ္ဓါပဗ္ဗဇိတ မဟုတ်လော၊ ဟုတ်သော် တိဝိဓသုခသမ္ပတ္တိကို ပြည့်စုံ စေတတ်သော သဒ္ဓမ္မာစာရခရီးလမ်းကို ကလျာဏမိတ္တတို့က ညွှန်ချကြသည် မဟုတ်လော၊ သင်၏ဆိုနိုင်ခက်သော ဒုဗ္ဗစသဘောသည် တိဝိဓသုခသမ္ပတ္တိကို ပြီးစေတတ်သလော၊ တောင်ဝှေးဆွဲသောသူ၏ နောက်သို့ ကောက်ကောက် မလိုက်သော သူကာန်းသည် အလွန်မိုက်သည် မဟုတ်လော။ ကလျာဏမိတ္တတို့သည် တောင်ဝှေးဆွဲသောသူနှင့် မတူပေလော။ သင်သည် အန္ဓဗာလနှင့် မတူလော၊ တိကိစ္ဆစရိယတို့က ဆေးဝါးကုသမှိုင်းမသည်ကို မခံမသောက်လိုသော သူနာကို ဗာလုမ္မတ္တက မဆိုရလော၊ သင်သည် သူနာဗာလနှင့် မတူသလော၊ သင်ကဲ့သို့ ဒုဗ္ဗစသဘောရှိသောသူကို အဘယ်ကလျာဏမိတ္တတို့က ဆိုဆုံးမနိုင်ချေအံ့နည်း၊ အနာရောဂါစွဲရောက်သော သားရဲဇျူဋ္ဌတို့ကို အဘယ်တိကိစ္ဆာစရိယတို့က တစ်စုံတစ်ယောက်မျှ ဆေးဝါးကုသမှိုင်းမ ဝံ့တုံအံ့နည်း၊ ဒေါသမာနဖြင့် ဒုဗ္ဗစသဘောရှိသော သင်သည် ဆေးဝါးမန္တရားတို့ဖြင့် ကုသမှိုင်းမ သူတို့ ကင်းသော သားရဲဇျူဋ္ဌနှင့်မတူလော။

ဆူးငြောင့်သစ်ငုတ် သစ်ချွန်စူးသော တောဆင် တောကျွဲ တောသားရဲတို့ကို အဘယ်တစ်စုံတစ်ယောက်သောသူ ချဉ်းကပ်၍ ယူခြင်းငှာ ရဲဝံ့နိုင်တုံအံ့နည်း၊ သနားသည်ဖြစ်လျက်ပင် ကလျာဏမိတ္တတို့က မဆုံးမ မသွန်သင်ဝံ့သော ဒုဗ္ဗစ သင်သည် ထိုတောဆင် တောကျွဲ တောသားရဲတို့နှင့် မတူသလော၊ မွန်မြတ်လှစွာသော သူကရမ်သကို လက်မှ လွှတ်၍ အသုစိကိုစားသောက်သောသူသည် ဥမ္မတ္တက မဟုတ်လော။

မဂ္ဂဖလနိဗ္ဗာန်ကို ပြီးစေတတ်သော အလွန်မြတ်သော အဓိသီလသိက္ခာကို စွန့်သဖြင့် ပါပဓမ္မ လာမကာစာရကို ပြုကျင့်၍ စတုပစ္စယကို ရှာမှီးဆည်းပူးသော သင်သည် ယခင်ဥမ္မတ္တကနှင့် မတူလော၊ သင်၏ပါပဓမ္မ လာမကာစာရဖြင့်ရသော စတုပစ္စယသည် အသုစိနှင့် ကွဲပြားခြားနားသည် မှတ်သလော။

စကြာမင်းကြီး၏ သားကြီးရတနာသည် ဒွန်းစဏ္ဍားတို့၏ အမှုအရာကို ပြုကျင့်သလော၊ အစိန္တေယျ လူ့ဘထိပ်နင်း သုံးလူ့မင်း၏သားတော်ဖြစ်သော သင်သည် ယုတ်မာလှစွာသောပုဂ္ဂိုလ်တို့၏အကျင့်နှင်း လျော်မည်လော၊ လူပရိသတ်တို့၏အနီး၌ အသုစိကို စားသော သူကရီသည် လူသူမြင်သည်မှ ရှက်အံ့လော။

လဇ္ဇီသီလဝန္တပုဂ္ဂိုလ်တို့၏ အနီးအပါး ဘုရား ပရိသတ်တို့၏အလယ်၌ ပါပဓမ္မလာမကာစာရတို့ကို ပြုကျင့်အံ့သည်မှ မရှက်သောဒုဗ္ဗစ သင်သည် ယခင်သူကရနှင့် မတူလော။

ညဉ့်အခါ ပိုးဖလံသည် ဆီမီးရောင်လျှံအတွင်းသို့ ဆင်းအံ့သည်မှ ကြောက်၏လော၊ ထိုသို့ သေဘေးကို မသိမကြောက်သော ပိုးဖလံသည် အလွန်မမိုက်သလော၊ သင်သည် ပိုးဖလံနှင့် မတူလော။

လတ်တလော သေစေတတ်သော အဆိပ်ဝိသကို စားမှားသော ပုရိသဗာလသည် ဆောလျင်စွာ သေကြေပျက်စီးခြင်းသို့ ရောက်သည်မဟုတ်လော၊ ကုလဒူသန အစရှိသော လာမကာစာရဖြင့်ရသော စတုပစ္စယသည် အဆိပ်ဝိသနှင့် ခြားသလော၊ ပုရိသဗာလနှင့် ကွဲပြားလေသလော၊ အဘိုးအသိန်းမက ထိုက်သော ကျောက်သံပတ္တမြားကို ဓားသွေးကျောက်ကြမ်းနှင့် လဲမှားမိသောသူသည် အလွန်ဆုံးရှုံးခြင်းသို့ ရောက်သည် မဟုတ်လော။ ထိုသူကို ဗာလမ္မတ္တကဟု မဆိုရသလော၊ စတုပစ္စယဟူသော အကြောင်းကြောင်းကြောင့် ယုတ်မာညစ်ညမ်းသော ကုလဒူသန အစရှိသော ပါပဓမ္မကိုကျင့်မိသော သင်သည် ဘုရားသားတော်တို့ ရသင့်ရထိုက်သော နဝလောကုတ္တရဓမ္မကို ရနိုင်လိမ့်မည်လော၊ မရခဲ့သော် မြတ်လှစွာသော နဝလောကုတ္တရဓမ္မနှင့် စတုပစ္စယကို လဲမိမှားသည်နှင့် မတူလော၊ တူသော် သင်၏ စတုပစ္စယသည် ဓားသွေးကျောက်ကြမ်း မဟုတ်လော၊ သင်သည် အသိန်းမက အဖိုးထိုက်သော ကျောက်သံပတ္တမြားကို ဓားသွေးကျောက်ကြမ်းနှင့် လဲမိမှားသော ဗာလမ္မတ္တကနှင့် မတူလော၊ ကျွဲပါးနားနီး စောင်းတီးသည်ရှိသော် စောင်းသွင်း၏ သာယာပြေညှင်းသော မဓုသဒ္ဒကို သာယာနာပျော်ဘွယ်ရှိ၏ဟု သိ၏လော၊ သဟဓမ္မိက မိတ်ဆွေကလျာဏတို့က တရားသဖြင့် ဆုံးမပဲ့ပြင်သည်ကို သာယာနှစ်သက် စုံမက်ရမည်မှန်း မသိသော အမောင်သည် ဂေါမဟိံသနှင့် မတူလော၊ ဤလောက၌ နေဝန်းမဏ္ဍလသူရိယသည် လေးကျွန်းလုံးကို ထွန်းသည် မဟုတ်လော၊ ထွန်းသော် သစ်ပင်လိုဏ်ခေါင်း အောင်းသောခင်ပုပ်ငှက်တို့အား အရောင်တောက်၏လော၊ သာသနာတော်၏ သီလတည်းဟူသော အရောင်အဝါသည် အမောင့်မှာ ရှိ၏လော၊ ပါပဓမ္မလာမကာစာရတည်းဟူသော အမိုက်သစ်ခေါင်း၌ ပျော်ပိုက်ကိန်းအောင်းသော အမောင်သည် ယခင် ခင်ပုပ်ငှက်နှင့် မတူလော၊ သာသနာတော်၌ သုနခ သူကရတို့သည် သဒ္ဓမ္မာစာရအကျင့်မြတ်ကို ကျင့်နိုင်၏လော၊ ဘုရားမျက်မှောက်တော်တွင် စေတီအပြင်အတွင်း၌သော ကျင်ကြီးကျင်ငယ်စွန့်တတ်သည် မဟုတ်လော၊ သဒ္ဓမ္မာစာရအကျင့်မြတ်ကို အားမထုတ်မူ၍ ယုတ်မာ

သော ပါပါစာရကိုသာလျှင် ကျင့်သောအမောင်သည် ယခင်သုနခ သူကရတို့နှင့် ထူးခြားဦးမည်ထင်သလော၊ ဘုရားကို မဖူးဘဲနှင့် ခေါင်းလောင်းကို ထိုးခဲ့သော သူကဲ့သို့ ဥဒါန်းပြု၍ ခိုင်းနှိုင်းကြသော ဥပမာသည် သင်ကဲ့သို့သောသူကိုပင် မဟုတ်လော၊ လေးဆယ့်ကိုးယူဇနာ စန္ဒရာဇာ လဝန်းသည် လေးကျွန်းလုံးကို ထွန်းသည် မဟုတ်လော၊ တိမ်တိုက်ဖုံးသော် မမိုက်လော၊ အစိန္တေယျ သုံးလူ့ဘ၏ သာသနာတော်ရောင်သည် စန္ဒရာဇာ လရောင်နှင့် မတူလော၊ သင်၏ ကုလဒူသန အစရှိသော ယုတ်မာသော ပါပါစာရသည် တိမ်တိုက်နှင့် မတူလော။

အလွန်ဖြူစင်လှသော အဝတ်ပုဆိုးကို အသုစိရည်ဖြင့် သွန်းလောင်းသော သူယုတ်မာကို ပုဆိုးရှင် ဓနသာမိက ထောင်းသတ်စရာ မကောင်းလော၊ အလွန် စင်ကြယ်သော သာနာတော်ကို သင်၏ ယုတ်မာလှစွာ ပါပါစာရ အသုစိဖြင့် သွန်းလောင်းသော နင်သူယုတ်မာကို သာသနာသခင် အစိန္တေယျဘုရားရှင်နှစ်သက် ကြည်လင်တော်မူလိမ့်မည်လော။

ခိုးထုပ်နှင့်တကွမိသော စောရဗာလကို ဓနသာမိက မထောင်းသတ်လော၊ နင်၏ ယုတ်မာသော ပါပဓမ္မသည် ခိုးထုပ်မဟုတ်လော၊ နင်သည် စောရဗာလနှင့် မတူလော၊ ရှင်တော်ဘုရားသည် ဓနသာမိ မဟုတ်လော၊ ပါပါစာရတည်းဟူသော ခိုးထုပ်နှင့်တကွ ရှင်တော်ဘုရား၏ ရှေ့တော်ပါး၌ နင်ကား အဘယ်ကို ပြေး၍ လွတ်မည်နည်း။

ယခင် စောရဗာလသည် ထိပ်ထောင်နှောင်အိမ်သို့ မရောက်မကျလော၊ ကြေးငွေပေး၍ မရွေးနုတ်သော် ထိပ်ထောင်နှောင်အိမ်မှ လွတ်လိမ့်မည်လော၊ ရှေ့မှုဖျောက်၍ နောက်မှုကျင့်သဖြင့် သုဝိသုဒ္ဓသီလာစာရတည်းဟူသော တံစိုး လက်ဆောင်ထိုး၍ မရွေးနုတ်သော် အာပါလိက ဒုက္ခထောင်တန်းမှ တတ်စွမ်း လွတ်မြောက်စရာ ဘယ်မှာရလိမ့်မည်နည်း။

ဤသို့ ဆိုခဲ့ပြီးသော ပုံပမာ အတန္တုကို အမောင်ရှု၍ အမောင်၏ ကုလဒူသန အစရှိသော လာမကာစာရမှ စွန့်ဘိလော။

သဒ္ဓါပဗ္ဗဇိတဖြစ်သော အိုသူတော်ကောင်း ... သင်သည် အဘယ်ကြောင့် ဆုံးမခက်ရှိဘိသနည်း၊ ဘေးအပေါင်းကိုပြ၍ ဆုံးမတတ်သော အစိန္တေယျဘုရားသား ဖြစ်သော အိုအမောင်သပ္ပုရိသ ... သံသရာဘေးကို ကြောက်ပါလော့၊ ရှင်တော် ဘုရား၏ ရွှေမျက်နှာတော်ကိုလည်း ထောက်ပါလော့၊ မူလဘူတကဝဋ်ဒုက္ခကို ကြောက်သည်ဖြစ်၍ အစိန္တေယျ အမှုထမ်းရဟန်းအဖြစ်သို့ ရောက်လာသည်ကို အမောင်လည်း၍ အောက်မေ့ပါဦးလော့၊ အမောင်သတိပြုပါလော့၊ မရဏမင်း၏ ခံတွင်းသို့ ဆင်းသက်ရမည်လည်း နီးလှပြီ။

အဇ္ဇသုဝေ ပရသုဝေသေသောအခါ၌လည်း "သာပတ္တိကဿ ဘိက္ခဝေ ဒွေ ဂတိယော ဣစ္စိတဗ္ဗာ (သာရတ္ထ၊၃၊၃၇၉–၌ တစ်မျိုးလာ၏)" စသည်ဖြင့် ဟောတော်မူအပ်သော ဒေသနာတော်မြတ် နှင့်အညီ ပါပဓမ္မ လာမကာစာရနှင့်တကွ မရဏသို့ရောက်သော အမောင်မှ နိရယဘုံ၊ ပေတဘုံသို့ မရောက်ဘဲ လွဲခဲ့သော် အစိန္တေယျမိန့်ခွန်းတော်မှတ်ချက်ဓမ္မ စက်လွဲလျက် နေခဲ့ရာပြီ။

လွဲလည်း မလွဲနိုင်ပြီ၊ ယင်းသို့ဖြစ်၍ အမောင်သတိပြု၊ အို သပ္ပုရိသ ... သပ္ပုရိသ ဘုရားသားတော်ဖြစ်သော သင်သည် သပ္ပုရိသမဖြစ်သော နေသာဒ ဝနေစရ တံငါမုဆိုး စသော အတိဗာလ အလွန်မိုက်လှကုန်သောသူတို့နှင့် အတူတူ ပင် နိရယဘုံ၊ ပေတဘုံသို့ သွားတော့မည်လော၊ ဘေးအပေါင်းကို တားမြစ်တတ် သော ဘုရားသားဖြစ်လျက် နေသာဒ ဗာလတို့နှင့်အတူ ဆင်းရဲဒုက္ခဘေးဘယ ရောက်လိမ့်သော သင်သည် အဘယ်နှင့် ဥပမာတူသည် ထင်မည်နည်း။

ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးသားသည် စဏ္ဍာလ၏ သားနှင့်ငှ ဘူ စောရကမ္မခိုးမှုပြုမိ၍ ထောင်တန်းနှောင်အိမ်တစ်ခုတည်း၌ ဆင်းရဲစွာ ခံနေခဲ့ရသည် နှင့် မတူလော။

ပြည်လုံးသနင်း မင်းဧကရာဇ်သားတော်ဖြစ်လျက် အဘမင်းဧကရာဇ်နှင့် ဆန့်ကျင်ဘက်အမှုကို ပြုမှား၍ ဆင်းရဲသား အတိဒလိဒ္ဒတို့နှင့်အတူ ထောင်တန်း တစ်ခုတည်း ခံနေရသည်နှင့် မတူလော။

အပါယ်ဘေးကို ကြောက်ရွံ့လေ့ရှိသော သပ္ပုရိသ အိုသူတော်ကောင်း ... အမောင် အပတ်တကုတ်ကြိုးအားထုတ်သော ပါပဓမ္မ လာမကာစာရ အမောင့်ကို အပါယ်သို့ ချလုပြီ၊ သဒ္ဓါပဗ္ဗဇိတဖြစ်သော အိုသူတော်ကောင်း ... အမောင်ကြောက် သော အပါယ်ဘေး နီးလှပြီ။

မျက်စိနှစ်ဖက်ပျက်သော သူကန်း အန္ဓဗာလသည် မျက်စိအမြင်ရှိသော မိတ်ဆွေခင်ပွန်း၏ စကားကို နားမထောင်မှား၍ အသူတရာ နက်လှစွာသော ချောက်ကမ်းပါးသို့ ကျရောက်သည်နှင့် တူလှပြီ၊ သစ်ကျားသားရဲဘေးမှ ကြောက် သည်ဖြစ်၍ ဆောလျင်စွာ ပြေးသွားပါလျက် လမ်းမှားသို့ လိုက်မိ၍ သစ်ကျား သားရဲ အနီးအပါးသို့ ရောက်လသော ပုရိသမဂ္ဂမူဠ္ဌနှင့်လည်း တူလှပြီ၊ ယင်းသို့ ဖြစ်၍ အပါယ်ဘေးကို ကြောက်သောအမောင်သပ္ပုရိသ ... သတိပြုကြိုးစားပါ၊ ဘုရားသားတော် ပီသအောင် ပြုပါ။ သဒ္ဓါပဗ္ဗဇိတ သပ္ပုရိသစစ်စစ်ဖြစ်သော အမောင် သည် ရှင်တော်ဘုရား ပေးသနားတော်မူအပ်သော သဒ္ဓမ္မာစာရအကျင့်မြတ်တည်း ဟူသော သင်္ဘောဖောင်တော်ဖြင့် သံသရာတည်းဟူသော သမုဒ္ဒရာ ထိုမှာဘက်ကမ်း

သို့ လှမ်းရောက်နိုင်အောင် ဆောင်ရွက်ကြိုးကုတ်အားထုတ်ပါ၊ ပညာတည်းဟူသော တက်မကို မြဲစေပါ၊ ဝီရိယတည်းဟူသော ထိုးဝါးဖြင့် ထိုးပါ။ သဒ္ဓါတည်းဟူသော ရွက်ကို ဖြန့်ပါ၊ ဖွင့်လှစ်ပါ။ သတိတည်းဟူသော လက်ဖြင့် သီလတည်းဟူသော ရွက်ကြိုးကို ဆွဲပါ၊ ကိုင်ပါ။ သဒ္ဓါပဗ္ဗဇိတဖြစ်သော အိုသူတော်ကောင်း ...ခဲပါ၊ ကြိုးပါ၊ အားထုတ်ပါဟု တင်းချည်တစ်ခါ သာချည်တစ်လှည့်ပြု၍ ကိုယ့်ကိုကိုယ် ရှင်အဖန်ဖန်သွန်သင်ဆုံးမတော်မူနိုင်ကြစေရန်သတည်း။

ဤသို့ ရေးသားလျှောက်ဆိုအပ်ပြီးသော ပုံပမာတန်ဆာတို့ကို အဖန်ဖန် ရှုသဖြင့် ကိုယ်ကိုကိုယ်ရှင် သွန်သင်ဆုံးမနိုင်သည်ဖြစ်၍ သီလဝိသုဒ္ဓိကို ရကုန်သော အရှင်မြတ်တို့သည် တိမ်တိုက်ဖုံးအုပ်ခြင်းမှကင်းသော နေဝန်းလဝန်းနှင့်လည်း တူကုန်၏။ ရွှံ့စေးညွန်ပုပ်တွင်း၌ နစ်သည်ဖြစ်၍ အရောင်လှလှမထွန်းတောက် နိုင်သော ပတ္တမြားစစ်ကို ရွှံ့စေးညွန်ပုပ်တွင်းမှ ထုတ်၍ သုတ်သင်ဆေးကြောသော ကာလ၌အရောင်ဝင်းဝင်း ထွန်းလင်းတောက်ပခြင်းဖြစ်သည်နှင့် တူကုန်၏။ သလာ တိမ်လွှမ်းသည်ဖြစ်၍ အလင်းကို မရသော မျက်စိကို ကောင်းမွန်စွာသော မဟော သခဆေးမြစ်ဖြင့်ကုသောအခါ ကြည်လင်စွာ စက္ခုအလင်းရသည်နှင့် တူကုန်၏။ ယင်းသို့ဖြစ်၍ ပါပဓမ္မ လာမကာစာရအညစ်အကြေးမှ ထမြောက်သဖြင့် အလွန် စင်ကြယ်ခြင်းသို့ ရောက်ကုန်သော သဒ္ဓါပဗ္ဗဇိတသီလဝန္တ အရှင်မြတ်တို့သည် ဤသို့ ကိုယ့်ကိုကိုယ်ရှင် ကြည်လင်ဝမ်းမြောက်အပ်ကုန်၏။ ငါအား တိမ်ပုပ် နှင့်တူသော ယုတ်မာသော လာမကာစာရ အညစ်အကြေးတို့မှ ကင်းစင်ပေပြီ၊ ငါ၏သီလတည်းဟူသော အရောင်အဝါသည် တိမ်တိုက်မှ လွတ်သောနေဝန်း၊ လဝန်းကဲ့သို့ ထွန်းလင်းတောက်ပလေပြီ၊ ရွှံ့စေးညွန်ပုပ်မှ ဖော်ထုတ်အပ်သော မဏိစစ်ကဲ့သို့ အရောင်ထင်ပေပြီ၊ ငါအား ယုတ်မာသော ပါပဓမ္မ၌ အပြစ်ကို ဖုံးလွှမ်းတတ်သော အဝိဇ္ဇာတည်းဟူသော သလာတိမ်တို့သည် ကင်းစင်လွင့်ပျောက် ပေပြီ၊ သဒ္ဓမ္မာစာရ၌ အကျိုးကိုမြင်တတ်သော ပညာစက္ခုအလင်းကို ရပေပြီ၊ ငါအား မျက်စိလည်သည်ဖြစ်၍ ခရီးမှားသောသူသည် မျက်စိလည်ပြေပျောက်၍ ဘေးကင်းရာလမ်းမှန်လမ်းကြောင်းသို့ ကင်းရာ၊ ကုန်ရာ နိဗ္ဗာန်လမ်းကြောင်းသည် လည်း တည့်မတ်ပေပြီ။ နေထွက်လို၍ အရုဏ်တက်သကဲ့သို့ မဂ်ဉာဏ် ဖိုလ်ဉာဏ် တည်းဟူသော နေမင်းသူရိယ ထွက်ပေါ်လာလုနီးသည်ဖြစ်၍ ယုတ်မာသော လာမကာစာရတည်းဟူသော ညဉ့်အမိုက် ကုန်ပျောက်သဖြင့် သဒ္ဓမ္မာစာရ အကျင့် မြတ် တည်းဟူသော ဉာဏ်ကို ဆင်ခြင်မိပေပြီ၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တည်းဟူသော ရွှေထီးတင်ရလုနီးပေပြီ၊ စကြဝတေးမင်းဖြစ်ခြင်းငှာ ထိုက်သော စက္ကဝတ္တိရာဇာ

လောင်းအား သီတင်း ဥပုသ်ခုနစ်ရက်စောင့်ထိန်းသည်မှနောက်၌ စကြာရတနာ ဆိုက်ရောက်လာကဲ့သို့ ငါအား သုဝိသုဒ္ဓသီလာစာရတည်းဟူသော အလွန်စင်ကြယ် သော သီတင်းဥပုသ်သုံးနေပေပြီ။ မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော စကြာရတနာ ဆိုက်ရောက်လာလုပေပြီ။ ငါ၏ ရဟန်းအဖြစ်သည် အလွန်ကောင်းမြတ်စင်ကြယ် သော ရဟန်းအဖြစ်တည်း၊ ငါသည် အလွန်ရခဲစွာသော ဝိသုဒ္ဓပဗ္ဗဇ္ဇိတဒုလ္လဘကို အရတော်ပေစွ၊ ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပသော ရှင်တော်ဘုရား၏ သားတော် ပီသလုပေစွ၊ စကြာမင်းကြီး၏သားကြီးရတနာအိမ်ရှေ့မင်းသည် သခင် မင်းကြီး မှိုင်းမအပ်သော အိမ်ရှေ့အဆောင်အရွက် အစီးအနင်းတို့ဖြင့် အိမ်ရှေ့နန်းရံ ၌ လျှောက်ပတ်တင့်တယ်စွာ စံနေရသကဲ့သို့ ငါတို့သခင် ရှင်တော်ဘုရား ပေး သနားတော်မူအပ်သော သုဝိသုဒ္ဓ သီလာစာရအကျင့်မြတ်တည်းဟူသော အိမ်ရှေ့ ရတနာတို့ဖြင့် သာသနာတော်တည်း ဟူသော နန်းရံအိမ်တော်၌ အလွန်တင့်တယ်စွာ ငါနေရပေပြီ၊ သကျပုတ္တမဟာသမဏ စစ်လှပေပြီ၊ တစ်ဘက်သားမာရ်စစ်သည်ရန် ကို ပယ်လှန်ဖြိုဖျက်သည်၏အပြီး၌ ထီးနန်းကိုရသော မင်းရဲရာဇာကဲ့သို့ ငါအား ယုတ်မာညစ်ညမ်းသော ပါပဓမ္မကို ဖြစ်စေတတ်သော နီဝရဏရန်ကိုပယ်လှန်ပစ်ချ နှိမ်နင်း ရပေပြီ။ နတ်ရွာမဂ်ဖိုလ်တည်း ဟူသော ထီးနန်းကို ရလုပေပြီ။ "သာဓု – သာဓု ကောင်းလေစွ၊ ကောင်းလေစွ၊ အဟောသုခံ – အဟောသုခံ ချမ်းသာလေစွ၊ ချမ်းသာလေစွ" ဟု အတိပါမောဇ္ဇ၊ အတိသောမနဿဖြစ်၍ ပုနပ္ပုနံ အဖန်တလဲလဲ သဒ္ဓါကြည်လင် ရွှင်လန်းသောစိတ်ကို ဖြစ်စေအပ်ကုန်၏။ စစ်သည်တစ်ဖက် ရန်အမျက်ကို တိုက်ဖျက်နှိမ်နင်းပြီးသော မင်းရဲရာဇာသည် သတ္တသတ္တာဟ ပတ်လုံး အောင်ပွဲခံ၍ သောင်သံကြုံးဝါးဘိသကဲ့သို့ အံ့သြချီးမွမ်း၍ မကုန်နိုင်သော ကျေးဇူး တော်အဖုံ၊ ဂုဏ်တော်အနန္တ၊ ဉာဏ်တော်အပ္ပမေယျ၊ ဘုန်းတော်အတုလ၊ သေဋ္ဌဇေဋ္ဌ ဖြစ်တော်မူသော အစိန္တေယျ လောကထွဋ်တင် သဗ္ဗညုရှင်တော်သည် တစ်ထောင့် ငါးရာ ကိလေသာမာရ် ငြိုးထားရန်ကို လေးတန်သောမဂ်ဉာဏ်ဖြင့် ပယ်လှန်အောင် နိုင်၍ သဗ္ဗညုတဉာဏ်၊ အာသယာနုသယဉာဏ်၊ ဣန္ဒြိယ ပရော ပရိယတ္တိဉာဏ်၊ ဒေသနာဉာဏ်တည်း ဟူသော ကနက္ကဒဏ်ထီးဖြူရိပ်၌ အဘိသိက် ခံတော်မူပြီး၍ သချေႋလေးထပ် တစ်သိန်းကပ်ပင် ငြိုငြင်သဖြင့် နှိမ်နင်းပယ်ဖျက်ခါ တွက်ပစ်ချရ သော ကိလေသာမာရ် ငြိုးထားရန်သည် ကြွင်းကျန်မရ အနေဝသေသ အပုနာဂတ ဖြစ်၍ အလွန်ကြည်လင် ဝမ်းမြောက်တော်မူသော ရွှေနှလုံးတော် ရှိတော်မူသော ကြောင့် ရတနာရွှေဂူမှ ထွက်ပြူကွန့်မြူးသော ကေသရာဇာခြင်္သေ့မင်းကဲ့သို့ မထိတ်မလန့် ရဲဝံ့လှစွာ ခြောက်ဖြာသော ဣန္ဒြေတို့ဖြင့် ငြိမ်သက်တင့်တယ်

ထက်ဝယ် ဖွဲ့ခွေနေတော်မူပြီးလျှင် ပတ္တမြားနံ့သာကြုတ်နှင့်တူသော မွှေးကြိုင်လှစွာသော ခံတွင်းတော်ကို ဖွင့်လှစ်တော် မူပြီးကာ၊ ဗြဟ္မာမင်း၏ အသံကဲ့သို့သော သာယာစွာသောအသံတော်ဖြင့် အောင်ပွဲ ခံ၍ ကိလေသာမာရ် ပြေးထားရန်ကို အောင်သံကြုံးဝါးတော်မူခြင်းငှာ "ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ အာတာပိနော ဈာယတော" အစရှိသော ဥဒါန်းဂါထာ ဒေသနာကို မြွက်ကာကျူးရင့် လှစ်ဖွင့်ကြုံးဝါး အာဏာထားတော်မူသည်။

ယင်းနည်းတူ အစိန္တေယျလောကထွဋ်တင် သုံးလူ့ရှင်၏ ရွှေရင်တော်နှစ်သားတော်စစ်ဖြစ်ကုန်သော အရှင်သခင်မြတ်တို့သည်လည်း ပါပဓမ္မလာမကာစာရကို ဖြစ်စေတတ်သော ရန့်ရင်းသော နီဝရဏမာရ် ပြေးထားရန်ကို ပယ်လှန်နှိမ်နင်းပြီး၍ သုဝိသုဒ္ဓသီလာစာရအဖြစ်သို့ ရောက်သောအခါ ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြည်လင် အလွန်ရွှင်လန်း၍ ဘ ပီတိပါမောဇ္ဇသောမနဿကို ဖြစ်စေလျက် –

ယဒါ သုဏာတိ သဒ္ဓမ္မံ၊ ပါပဓမ္မံ ဝိသဇ္ဇတိ။
သမာစရတိ သဒ္ဓမ္မံ၊ သဒ္ဒဟန္တဿ ဘိက္ခုနော။
ယဒါ ဟောန္တိ ယထာဘူတာ၊ ပါပဓမ္မာ ဝိနဿရေ။
ပါတု ဘဝန္တိ သဒ္ဓမ္မာ၊ သတိမန္တဿ ဘိက္ခုနော။
ဒဠှသတိ ယဒါ ဟောတိ၊ ကိဉ္စိ ဝေရံ န ခံသတိ။
သီလာစာရံ သုဝိသုဒ္ဓံ၊ ပညဝန္တဿ ဘိက္ခုနော။
ယာယ သက္ကာ ဝိခံသိတုံ၊ တမဝိန္ဒံ တယာ အဟံ။
ဝိခံသိတော ပုနပ္ပုနံ၊ သမသီလမှိ ဘိန္ဒိတံ။
ယထာ ဝတ္ထံ သုဝိသုဒ္ဓံ၊ မံသောဒကေန သိဉ္စိတံ။
ဧဝံ ပါပကဓမ္မေန၊ သဂ္ဂမဂ္ဂေပိ ဝါရိတော။
ယထာ စန္ဒော အသုရေန၊ ဂဟိတွေဝံ ယဒါ အဟံ။
ပဘာသမ္ပတ္တိသီလမှိ၊ မိလာတံ အတိကာရိတံ။
သတိ သဒ္ဓါ ပညာဝိန္ဒာ၊ သာ တံ ဝေရိက ခံသိတာ။
ပဿထ မံ မဟာဝုခံ၊ တယာ ပုန န ခံသိတော။

ဟူသော ဝေရိနိဒ္ဒမန အပုနာဂတ ကာရဏာဖြစ်သော ဥဒါန်းဂါထာတို့ဖြင့် နီဝရဏမာရ် ပြေးထားရန်ကို တဖန်မပြန်ရ အပုနာဂတဖြစ်အောင် အောင်ပွဲခံ၍ အောင်သံကြုံးဝါး အာဏာထားတော်မူကြပါစေကုန်သတည်း။

၎င်းဥဒါန်းဂါထာ၏အနက်ကား – **ဘော သပ္ပုရိသ** – အို . . . သူတော်ကောင်း၊ **သဒ္ဒဟန္တဿ** – သဒ္ဓါတရားနှင့်ပြည့်စုံသော၊ **ဘိက္ခုနော** – ရဟန်းအား၊ **ယဒါ** – အကြင်ကာလ၌၊ **သဒ္ဓမ္မံ** – သူတော်ကောင်းတို့၏ တရားစကားကို၊

**သုဏာတိ** – ကြားနာရ၏။ **တဒါ** – ထိုသူတော်ကောင်းတို့၏ တရားစကားကြားနာရသောအခါ၌၊ **ပုဗ္ဗေ** – ရှေးကာလ၌၊ **ကာရိတံ** – တိမ်းပါးချွတ်ချော် မတော်ပြုမှားမိသော၊ **ပါပဓမ္မံ** – ယုတ်မာညစ်ညမ်းသောအကျင့်ကို၊ **သီဃံ** – ဆောလျင်စွာ၊ **ဝိသဇ္ဇတိ** – ပယ်စွန့်နိုင်၏။ **သဒ္ဓမ္မံ** – သူတော်ကောင်းတို့၏ကောင်းမြတ်သောအကျင့်ကို၊ **သမာစရတိ** – ကောင်းစွာ ကျင့်၏။

ဘောသပ္ပုရိသ – အို ... သူတော်ကောင်း၊ **သတိမန္တသ** – မြဲမြံသောသတိရှိသော၊ **ဘိက္ခုနော** – ရဟန်းအား၊ **ယဒါ** – အကြင်ကာလ၌၊ **ယထာဘူတာ** – သိက္ခာပဒဝီတိက္ကမ၌အပြစ်၊ သဒ္ဓမ္မာစာရကို အားထုတ်ခြင်း၌ အကျိုးကို ဟုတ်မှန်တိုင်း မြော်မြင်ဆင်ခြင်တတ်သော ယထာဘူတဉာဏ်တို့သည်၊ **ဟောန္တိ** – **ပါတုဘဝန္တိ** – ထင်ရှားဖြစ်ကုန်၏၊ **တဒါ** – ထိုယထာဘူတဉာဏ်ဖြစ်သောအခါ၌၊ **ပါပဓမ္မာ** – တိမ်းပါးချွတ်ချော်မတော်ပြုမှားမိသော ယုတ်မာသောအကျင့်တို့သည်၊ **ဝိနဿရေ** – **ဝိနဿန္တိ** – ပျက်စီးကုန်၏။ **သဒ္ဓမ္မာ** – သုဝိသုဒ္ဓသီလာစာရ အစရှိသော သူတော်ကောင်းတို့၏ အကျင့်မြတ်တို့သည်၊ **ပါတုဘဝန္တိ** – ထင်ရှားဖြစ်ကုန်၏။

ဘောန္တော သပ္ပုရိသာ – အို ... သူတော်ကောင်းတို့၊ **ပညဝန္တသ** – ပညာရှိသော၊ **ဘိက္ခုနော** – ရဟန်း၏၊ **ယဒါ** – အကြင်ကာလ၌၊ **ဒဠှသတိ** – မြဲမြံထင်မြင်သောသတိသည်၊ **ဟောတိ** – ဖြစ်၏။ **တဒါ** – ထိုမြဲမြံထင်မြင်သောသတိဖြစ်သောအခါ၌၊ **တဿဘိက္ခုနော** – ထိုပညဝန်ပုဂ္ဂိုလ်၏၊ **သုဝိသုဒ္ဓံ** – အလွန်သန့်ရှင်းစင်ကြယ်သော၊ **သီလာစာရံ** – သီလတည်းဟူသော အကျင့်မြတ်ကို၊ **ကိဋ္ဌိ ဝေရံ** – တစ်စုံတစ်ခုသော နီဝရဏမာရ် ငြိုးထားရန်သည်၊ **န ခံသတိ** – မဖျက်ဆီးနိုင်။

ဘောနီဝရဏဝေရိက – အို ... နီဝရဏမာရ် ငြိုးထားရန်၊ **တံ** – သင့်ကို၊ **ဝိခံသေန္တော** – ဖျက်ဆီးလိုသော၊ **အဟံ** – ငါသည်၊ ယာယ – အကြင်သတိ သဒ္ဓါပညာတည်းဟူသော လက်နက်ဖြင့်၊ **တံ** – သင်နီဝရဏမာရ်ကို၊ **ဝိမံသိတုံ** – နှိပ်စက်ဖျက်ဆီးခြင်းငှာ၊ **သက္ကာ** – တတ်စကောင်း၏၊ **တံ** – ထိုသတိပညာသဒ္ဓါတည်းဟူသော လက်နက်ကို၊ **အဝိန္ဒံ** – **အဝိန္ဒန္တော** – မရသေးသည်ဖြစ်၍၊ **ဝါ** – မရသေးသောကြောင့်၊ **တယာ** – သင်နီဝရဏမာရ် ကိုယ်တွင်းရန်သည်၊ ပုနပ္ပုနံ – အဖန်တလဲလဲ၊ **အဟံ** – ငါ့ကို၊ **ဝိခံသိတော** – နှိပ်စက်ဖျက်ဆီးအပ်လေပြီ၊ **မမ** – ငါ၏၊ **သီလမ္ပိ** – သီလကိုလည်း၊ **ဘိန္ဒိတံ** – သင်ချိုးဖျက်လှလေပြီ။

ဘော ...နီဝရဏဝေရိက – အို ... နီဝရဏမာရ် ငြိုးထားရန်၊ **သုဝိသုဒ္ဓံ** – အထူးသဖြင့် ဖြူစင်ကောင်းမြတ်လှစွာသော၊ **စတ္တံ** – ပုဆိုးကို၊ **မံသောဒကေန** – **မံသိ – ဥဒကေန** – အလွန်ညစ်လှစွာသော မီးသွေးရေဖြင့်၊ **သိဋ္ဌိတံယထာ** – သွန်းလောင်းဘိသကဲ့သို့၊ **ဧဝံတထာ** – ဤအတူ၊ **တယာ** – သင်နီဝရဏမာရ်ရန်သူညစ်

သည်၊ **ပါပကမ္မေန** – ယုတ်မာညစ်ညမ်းလှစွာသော အကျင့်တရားတည်းဟူသော အညစ်အကြေးဖြင့်၊ **မမ** – ငါ၏၊ **ဝိသုဒ္ဓံ** – အထူးစင်ကြယ်လှသောသီလကို၊ **သိဗ္ဗိတံ** – သွန်းလောင်းလေပြီ၊ **မေ** – ငါ၏၊ **သဂ္ဂမဂ္ဂေပိ** – စင်စစ်ထုတ်ချောက် ရောက်လတ္တံ့သော နတ်ရွာမဂ်ဖိုလ်ကိုလည်း၊ **ဝါရိတော** – သင်တားဆီးကန့်ကွက် နှောင့်ယှက်လေပြီ။

ရေ **နီဝဏဝေရိက** – ဟယ် ... နီဝရဏမာရ်ကိုယ်တွင်းရန်၊ **အသုရေန** – အသူရိန်သည်၊ **စန္ဒော** – အဇဋာကာသ ကောင်းကင်ဝဲ၌ တောက်ပထွန်းလင်းသော လဝန်းကို၊ **ဂဟိတော ယထာ** – ထွန်းခွင့်မရ မိုက်မှောင်ကျအောင် ဖမ်းယူဘိသကဲ့သို့၊ **ဧဝံ** – တထာ – ဤအတူ၊ **တယာ** – သင်နီဝရဏမာရ် ရန်သူရိန်သည်၊ **အဟံ** – သုဝိသုဒ္ဓသီလတည်းဟူသော အရောင်အလင်းဖြင့် ထွန်းလင်းတောက်ပသောငါ့ကို၊ **ဝါ** – ငါ၏သီလကို၊ **ဂဟိတော** – ဖမ်းယူအပ်လေပြီ။ **မေ** – ငါ၏၊ **ပဘာသမ္ပတ္တိ သီလမ္ပိ** – အရောင်အဝါနှင့် ပြည့်စုံသော သီလမြတ်ကိုလည်း၊ **အတိမိလာတံ** – အလွန်ညှိုးနွမ်းအောင်၊ **ဝါ** – အရောင်မဲ့အောင်၊ **ကာရိတံ** – သင်ပြုအပ်လေပြီ။

**ဘော နီဝရဏဝရိက** – ညစ်ညမ်းလှစွာသော နီဝရဏမာရ်ရန်သူ၊ **ဣဒါနိ** – ယခုအခါ၌၊ **တံ** – သင့်ကို၊ **ခံသိတာ** – ဖျက်ဆီးကြောင်းဖြစ်သော၊ **သာသတိ သဒ္ဓါပညာ** – ထိုသတိသဒ္ဓါပညာတည်းဟူသောလက်နက်ကို၊ **အဝိန္ဒာ** – ငါရပေပြီ။ **ဝေရိက** – ဟယ် ရန်သူ၊ **မမ** – ငါ၏၊ **တံအာဝုဓံ** – ထိုသတိသဒ္ဓါပညာတည်းဟူသော လက်နက်ကို၊ **ပဿထ** – ရှုကြကုန်လော့၊ **တယာ** – သင်နီဝရဏမာရ်သည်၊ **ပုန** – တဖန်၊ **အဟံ** – ငါ့ကို၊ **ကဒါစိ** – တရံတဆစ်မျှ၊ **န ခံသိတော** – မဖျက်ဆီးရပြီ၊ **ဝါ** – နောက်တဖန်ဤကဲ့သို့ ယုတ်မာသော ကုလဒူသန အနေသန အစရှိသော ပါပဓမ္မ လာမကာစာရကို ငါမပြုကျင့်ပြီ။

*သီလဝိသောဓနီ သညီခေါ်မှန်း ဤသည့်ကျမ်းသည် ဤတွင်တခန်း အပြီးသတ်လေပြီ။*

❁

ယခုအခါ၌ သဒ္ဓါသမ္ပန္န ကုလပုတ္တ သိဿာနုသိဿ အမျိုးကောင်းသားတို့အား သင်ကြားလေ့ကျက် ဆောင်ရွက်ရန်အကျိုးငှာ ဘုရားအလိုတော်နှင့် သင့်လျော်သော သုတ္တာနုလောမကို ယထာသတ္တိအစွမ်းရှိသည်အားလျော်စွာ မာဂဓဘာသာ ဂါထာပါဠိတို့ဖြင့် ရေးသားပြုပြင်စီရင်ပေအံ့။ (ပဋိညာဉ်)

**သုဝေါ ဝဒတိ ဝါစမ္ပိ၊ မနုဿေဟိ သုသိက္ခိတော။**

**မက္ကဋောပိ စ နစ္စန္တော၊ ကော အဒန္တော မဟာမုနိ။**

**မနုဿေဟိ** – လူတို့သည်၊ **သုသိက္ခိတော** – ကောင်းစွာသင်အပ်သော၊ **သုဝေါပိ** – ကျေးသားသည်လည်း၊ **ဝါစံ** – လူတို့ဘာသာစကားကို၊ **ဝဒတိ** – ပြောဆိုတတ်သေး၏။ **မက္ကဋောပိ စ** – မျောက်ပင်သော်လည်း၊ **နစ္စန္တော** – ကတတ်သေး၏။ **ဗုဒ္ဓေန** – ဘုရားသည်၊ **သိက္ခိတော** – ကောင်းစွာသွန်သင်ဆုံးမအပ်သော၊ **မဟာမုနိ** – ရဟန်းမြတ်ဖြစ်တပြီးလျက်၊ **ကောအဒန္တော** – အဘယ်ကြောင့်လျှင် မယဉ်ကျေးဘဲရှိရတုံအံ့နည်း။

**ကဏှသပ္ပေါ ဃရေဃော၀၊ အဒန္တော စေပိ ပေါသိတော။**

**အဒန္တဿ အလဇ္ဇိဿ၊ သာသနေပိ စ တံသမော။**

**ကဏှသပ္ပေါ** – မြွေဟောက်ကို၊ **ဃရေဃော၀** – အိမ်၌သာလျှင်၊ **ပေါသိတော** – အစာကျွေး၍ မွေးမြူအပ်သည်၊ **စေပိဟောတိ** – အကယ်၍ဖြစ်လင့်ကစား၊ **သောကဏှသပ္ပေါ** – ထိုမြွေဟောက်သည်၊ **အဒန္တော** – မယဉ်ကျေးနိုင်၊ **သာသနေပိ စ** – သာသနာတော်၌လည်း၊ **ဗုဒ္ဓေန** – ရှင်တော်ဘုရားသည်၊ **ပေါသိတော** – ပစ္စယာမိသ – ဓမ္မာမိသတို့ဖြင့် မွေးမြူမှိုင်းမပါလျက်၊ **အဒန္တဿ** – မယဉ်ကျေးနိုင်သော၊ **အလဇ္ဇိဿ** – အလဇ္ဇီပုဂ္ဂိုလ်အား၊ **တံသမော** – ထိုကဏှသပ္ပနှင့်တူသည်၊ **ဘဝေ** – ဖြစ်ရာ၏။ (ရှင်တော်ဘုရားသားတော်ဖြစ်လျက် ကဏှသပ္ပနှင့် မခြားမနားမရှိစေအပ်ကုန်ဟူလို။)

**အရညေ စေပိ ပဿန္တော၊ တိဏန္တရေ မိဂေါ မဏိံ။**

**သော တံ မဏိံ န ဂဏှာတိ၊ တိဏံ ခါဒံ၀ ဂစ္ဆတိ။**

**အရညေ** – တော၌၊ **မိဂေါ** – သမင်သည်၊ **တိဏန္တရေ** – မြက်သစ်ပင်ကြား၌၊ **မဏိံ** – ပတ္တမြားရတနာကို၊ **ပဿန္တော** – တွေ့မြင်သည်၊ **သစေဟောတိ** – အကယ်မဖြစ်ငြားအံ့၊ ပန – ယင်းသို့ပင် တွေ့မြင်သော်လည်း၊ **သော မိဂေါ** – ထိုသမင်သည်၊ **တံ မဏိံ** – ထိုပတ္တမြားကို၊ **န ဂဏှာတိ** – မကောက်ယူတတ်၊ **တိဏံ၀** – မြက်ကိုသာလျှင်၊ **ခါဒံ** – **ခါဒန္တော** – ခဲစားလျက်၊ **ဂစ္ဆတိ** – သွား၏။

**ကေကေမ္ပိ အနဂ္ဃန္တံ၊ သဒ္ဓမ္မံ ဗုဒ္ဓသာသနေ။**

**စဇံ သေံ ပရိက္ခာရံ၊ တံသမော စာပိ သောယတိ။**

**တထာ** – ထို့အတူ၊ **ဗုဒ္ဓသာသနေ** – ဘုရားရှင်သာသနာတော်၌၊ **ကေကေမ္ပိ** – တစ်ပါးတစ်ပါးပင်ဖြစ်သော်လည်း၊ **အနဂ္ဃန္တံ** – အဖိုးဖြတ်ခြင်းငှာ မစွမ်းနိုင်သော၊ **သဒ္ဓမ္မံ** – သူတော်ကောင်းတရားကို၊ **စဇံ** – **စဇန္တော** – စွန့်လျက်၊ **ပရိက္ခာရံ** – ပစ္စည်းပရိက္ခရာကို၊ **သေံ** – **သေန္တော** – ရှာမှီးသော၊ **သောပိယတိ** – ထိုရဟန်းသည်လည်း၊ **တံသမော** – ထိုသမင်နှင့်တူသည်၊ **ဘဝေ** – ဖြစ်၏။ (ရှင်တော်ဘုရားသားတော်ဖြစ်လျက် တောသမင်လို မရှိစေအပ်ဟူလို။)

သုကရောပိ ဝစ္စံ ခါဒံ၊ မနုဿာနံ အဟိရိကော။
ပါပဓမ္မောပိ အာစာရာ၊ လဇ္ဇိနံ သောပိ တံသမော။

ဝစ္စံ – ကျင်ကြီးကို၊ ခါဒံ – ခါဒန္တော – စားသော၊ သုကရောပိ – ဝက်သည်လည်း၊ မနုဿာနံ – လူ တို့အား၊ အဟိရိကော → မရှက်၊ ပါပဓမ္မော – ယုတ်မာသော သဘောရှိသော၊ အာစာရာ – ညစ်ညမ်းသောအကျင့်မှ၊ လဇ္ဇိနံ – ရပ်ထက်ဝန်းကျင် လဇ္ဇီသူတော်ကောင်းတို့အား၊ အဟိရိကော – အရှက်မရှိသော၊ သောပိ – ထို အလဇ္ဇီပုဂ္ဂိုလ်သည်လည်း၊ တံသမော – ထိုသူကရနှင့် မခြားနားသည်၊ ဘဝေ – ဖြစ်၏။ (ခြားနားပါစေဟူလို)

ဒီပိ ဗျဂ္ဃဿ ပုတ္တောပိ၊ ဒီပိ ဗျဂ္ဃော ဇာယတိ။
အလဇ္ဇီနော ဘဝန္တိ ဟိ၊ အလဇ္ဇီဿာပိ သိဿကာ။

ဒီပိဗျဂ္ဃဿ – သစ်ကျားရဲ၏၊ ပုတ္တောပိ – သားသည်လည်း၊ ဒီပိဗျဂ္ဃော – သစ်ကျားရဲသာလျှင်၊ ဇာယတိ – ဖြစ်၏၊ ဟိ – တထာ – ထိုမြို့၊ အလဇ္ဇီဿာပိ – အလဇ္ဇီပုဂ္ဂိုလ်၏လည်း၊ သိဿကာ – တပည့်သားတို့သည်၊ ပါယသော – များသော အားဖြင့်၊ အလဇ္ဇီနော – အလဇ္ဇီပုဂ္ဂိုလ်တို့သည်၊ ဘဝန္တိ – ဖြစ်ကုန်၏။ (အလဇ္ဇီထံ တပည့်ခံ မများလေနှင့်ဟူလို)

ဧကမ္ပိ ဒီပိဗျဂ္ဃမ္ပိ၊ နာတိပေါသေ ဃရေ နရော၊
ဧကကမ္ပိ အလဇ္ဇိနံ၊ န ပေါသေ သီလဝါ ယတိ။

နရော – လူသည်၊ ဃရေ – အိမ်၌၊ ဒီပိဗျဂ္ဃမ္ပိ – သစ်ကျားကိုလည်း၊ ဧကမ္ပိ – တစ်ကောင်တည်း အနည်းငယ်သာဟူ၍၊ နာတိပေါသေ – မမွေးမြူရာ၊ သီလဝါ – သီလရှိသော၊ ယတိပိ – ရဟန်းသည်လည်း၊ တထာ – သားရဲသစ်ကျားကို မမွေးစား အပ်သည်နှင့်အတူ၊ အလဇ္ဇိနံ – အလဇ္ဇီပုဂ္ဂိုလ်ကို၊ ဧကကမ္ပိ – တစ်ယောက်တည်းပင် ဖြစ်သော်လည်း၊ န ပေါသေ – မမွေးမြူရာ။ (အလဇ္ဇီကို တပည့်မလုပ်ပါနှင့် ဟူလို)

တံ ပေါသကံ ပုရိသံ ဝေ၊ သော ဟိံသတိ ဣမံ ဘဝံ။
ဒုက္ခံ ဂစ္ဆေ အလဇ္ဇီတံ၊ ပေါသကော နေကဇာတိယံ။

တံ ပေါသကံ – ထိုသားရဲသစ်ကျားကို မွေးမြူသော၊ ပုရိသံ – ယောကျ်ားကို၊ သောဒီပိဗျဂ္ဃော – ထိုသစ်ကျား သားရဲသည်၊ ဝေတိံသတိ – အကယ်၍ ညှင်းဆဲ သတ်ပုတ်သည်ဖြစ်အံ့၊ ဣမံဘဝံ – ဤဘဝမျှ၊ ဒုက္ခံ – ဆင်းရဲခြင်းသို့၊ ဂစ္ဆေ – ဂစ္ဆေယျ – ရောက်ရာ၏။ တံ အလဇ္ဇိံ – ထိုအလဇ္ဇီပုဂ္ဂိုလ်ကို၊ ပေါသကော – မွေးမြူ သော၊ သောဘိက္ခု – ထိုရဟန်းသည်၊ သီလဝိနာသံ – သီလ၏ပျက်စီးခြင်းသို့၊ ပါပုဏိတွာ – ရောက်၍၊ အနေကဇာတိယံ – များစွာသောဘဝ၌၊ ဒုက္ခံ – ဆင်းရဲသို့၊ ဂစ္ဆေ – ဂစ္ဆေယျ – ရောက်ရာ၏။

ဖလဇာတ ထလေ ဒုက္ခာ၊ ထလဇာ ဖလအန္တောပိ။
လဇ္ဇာလဇ္ဇီပိ ဒုက္ခိတ္တာ၊ အညမညဿ သန္တိကေ။

**ဇလဇာစ** – ရေနေသတ္တဝါတို့သည်လည်း၊ **ထလေ** – ကြည်းကုန်းထက်၌၊ **ဒုက္ခာ** – ဆင်းရဲကုန်၏၊ **ထလဇာပိ** – ကြည်းနေသတ္တဝါတို့သည်လည်း၊ **ဇလ** – **အန္တောပိ** – ရေ၏အတွင်း၌လည်း၊ **ဒုက္ခာ** – ဆင်းရဲကုန်၏၊ **တထာ** – ထို့အတူ၊ **လဇ္ဇိမိ** – လဇ္ဇိပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ **အလဇ္ဇိပိ** – အလဇ္ဇိပုဂ္ဂိုလ်တို့သည်လည်းကောင်း၊ **တေ ဥဘော** – ထိုနှစ်ယောက်ပြားသားတို့သည်၊ **အညမဿ** – အချင်းချင်း တစ်ယောက်သည် တစ်ယောက်၏၊ **သန္တိတေ** – အထံ၌၊ **ဒုက္ခိတ္တာ** – **ဒုက္ခိတာ** – ဆင်းရဲကြကုန်၏။

ပါဏကာ ပူတိဂန္ဓေသု၊ ရမန္တိ ရာဇကုမ္မာရာ။

သုဂန္ဓေသွေဝ ဌာနေသု၊ တံသဒိသာဝ လဇ္ဇိနော။

**ပါဏကာ** – ပိုးလောက်တို့သည်၊ **ပူတိဂန္ဓေသု** – ပုပ်သောအနံ့ရှိကုန်သော အရပ်ဌာနတို့၌သာလျှင်၊ **ရမန္တိ** – မွေ့လျော်ပျော်ပါးကုန်၏၊ **သုဂန္ဓေသု** – ကောင်းသော အနံ့ရှိသောအရပ်ဌာနတို့၌၊ **နရမန္တိ** – မမွေ့လျော်ကုန်၊ **ရာဇကုမ္မာရာ** – မင်းသားတို့သည်၊ **သုဂန္ဓေသုဧဝ** – မွှေးကြိုင်ပျံ့သင်းသောအနံ့ရှိသည်သာလျှင် ဖြစ်ကုန်သော၊ **ဌာနေသု** – ပြတည်း အိပ်ရာနေရာတို့၌၊ **ရမန္တိ** – မွေ့လျော်ပျော်ပါးကုန်၏၊ **လဇ္ဇိနော** – လဇ္ဇိသီလဝန်ပုဂ္ဂိုလ်တို့သည်ကား၊ **တံသဒိသာဝ** – ရာဇကုမ္မာရနှင့် အလားတူသည်သာလျှင်၊ **ဟောန္တိ** – ကုန်၏။ **အလဇ္ဇိနော** – တို့သည်ကား၊ ပါဏက **သဒိသာ** – ပိုးလောက်ယောင်ပြေးလေစွတကား။

မဏိ နဂ္ဃတိ ဂိဗ္ဘာနံ၊ ပူတိံဝ တေသမဂ္ဃတိ။

ပါပဓမ္မော အလဇ္ဇီဿ၊ သတံ ဓနံ န အဂ္ဃတိ။

**ဂိဗ္ဘာနံ** – လင်းတတို့အား၊ **မဏိ** – ပတ္တမြားသည်၊ **နဂ္ဃတိ** – အဖိုးမထိုက်၊ **တေသံ** – ထိုလင်းတတို့အား၊ **ပူတိဧဝ** – အပုပ်ကောင်သည်သာလျှင်၊ **အဂ္ဃတိ** – အဖိုးထိုက်၏၊ **ဝါ** – အသုံးကျ၏၊ **တိထာ** – ထို့အတူ၊ **အလဇ္ဇီဿ** – အလဇ္ဇိပုဂ္ဂိုလ်အား၊ **ပါပဓမ္မော** – ယုတ်မာညစ်နွမ်းသော မသူတော်အကျင့်သည်၊ **အဂ္ဃတိ** – အဖိုးထိုက် ၏၊ **သတံ** – သူတော်ကောင်းတို့၏၊ **ဓနံ** – သုဝိသုဒ္ဓ သီလာစာရ အစရှိသော ဥစ္စာနှစ်သည်၊ **န အဂ္ဃတိ** – အဖိုးမထိုက်။

(ရှင်တော်ဘုရားသားတော်ဖြစ်လျက် လင်းတယောင် မပြေးပါစေလင့်၊ သကျပုတ္တဘုရားသား ပီသအောင် သမ္မာစာရကိုသာ စုံမက်မြတ်နိုးကြပါဟူလို။)

သုဘောဇနံ ပဏီတမ္ပိ၊ ကုဋ္ဌရောဂဿ ဟတ္ထကေ။

ဇေဂုစ္ဆိတံ ဌိတံ ဟောတိ၊ အညေဟိ တဿ ဘောဇနံ။

**ပဏီတံ** – မွန်မြတ်သော၊ **သုဘောဇနမ္ပိ** – အလွန်မြတ်သော ဘောဇဉ်သည် လည်း၊ **ကုဋ္ဌရောဂဿ** – နူနာစွဲသောသူ၏၊ **ဟတ္ထကေ** – လက်၌၊ **ဌိတံ** – တည်သည်၊ **ဇေ ဟောတိ** – အကယ်၍ဖြစ်အံ့၊ **တဿ** – ထိုသူ၏၊ **ဘောဇနံ** – ဘောဇဉ်ကို၊ **အညေဟိ** – သူတစ်ပါးတို့သည်၊ **ဇေဂုစ္ဆိတံ** – စက်ဆုပ်အပ်၏။

မာနိတော တာဒိသေနေဝ၊ အလဇ္ဇီနာဝ မာနိတံ။

အလဇ္ဇိဿာပိ ကပ္ပိယံ၊ တံ လဇ္ဇိနာ န ဘောဇနံ။

တာဒိသေနေဝ – ထိုနှင့်အလားတူသော နှုခြင်းသည်သာလျှင်၊ တံ ဘောဇနံ – ထိုနှုသူ၏ ဘောဇဉ်ပစ္စည်းကို၊ မာနိတံ – မြတ်နိုးနိုင်၏၊ တထာ – ထို့အတူ၊ အလဇ္ဇိဿာပိ – အလဇ္ဇီပုဂ္ဂိုလ်၏လည်း၊ ဘောဇနံ – ဘောဇဉ်ကို၊ ကပ္ပိယမိ – ဓမ္မိ – ယလဒ္ဓတရားဖြင့် ရအပ်သော ဘောဇဉ်ပင်ဖြစ်သော်လည်း၊ အလဇ္ဇီနာဝ – အလဇ္ဇီ ပုဂ္ဂိုလ်ချည်းသာလျှင်၊ မာနိတံ – မြတ်နိုးနိုင်၏၊ လဇ္ဇိနာ – လဇ္ဇီသီလဝန်ပုဂ္ဂိုလ်သည် ကား၊ တံ ဘောဇနံ – ထိုဘောဇဉ်ကို၊ နမာနိတံ – မမြတ်နိုးအပ်၊ ဝါ – မမြတ်နိုးနိုင်။

သုနခသူကရာနံဝ၊ ပတိရူပမ္ပိ ဂူထကံ။

န ဝိသယော မနုဿာနံ၊ အဓမ္မိယော ပိ ပစ္စယော။

ပတိရူပံ အလဇ္ဇီနံ၊ န သတံ ဟောတိ လဇ္ဇိနံ။

ဂူထကံ – မစင်သည်၊ သုနခသူကရာနံဝ – သုနခ သူကရတို့အားလျှင်၊ ပတိရူပံ – လျောက်ပတ်၏၊ မနုဿာနံ – လူတို့အား၊ န ဝိသယော – အရာမဟုတ်၊ အဓမ္မိယော – မတရားသဖြင့် ရအပ်သော၊ ပစ္စယောပိ – ပစ္စည်းသည်လည်း၊ အလဇ္ဇီနံ – အလဇ္ဇီပုဂ္ဂိုလ်တို့အားသာ၊ ပတိရူပေါ – လျောက်ပတ်၏၊ သတံ – သူတော်ကောင်း ဖြစ်ကုန်သော၊ လဇ္ဇီနံ – လဇ္ဇီပုဂ္ဂိုလ်တို့အား၊ ပတိရူပေါ – လျောက်ပတ်သည်၊ န ဟောတိ – မဖြစ်။

(မတရားသဖြင့် ရအပ်သောပစ္စည်းကို ဂူထကဲ့သို့ထင်မှတ်၍ ရှောင်ကြဉ် အပ်၏ဟူလို။)

ကုဋ္ဌရောဂဿ ဂဏ္ဍေယျံ၊ သုန္ဒရာပိ အသုန္ဒရာ။

ပရိဘောဂါ ပိ တေ သဗ္ဗေ၊ ကုစ္ဆိတာ ဟောန္တိ သဗ္ဗသော။

ကပ္ပိယာပိ အကပ္ပိယာ၊ အလဇ္ဇိဿေဝ သန္တိကေ။

တေ သဗ္ဗေပိ ဇိဂုစ္ဆိတာ၊ မုနိန္ဒေန ပကာသိတာ။

သုန္ဒရာပိ – ကောင်းမြတ်သည်လည်းဖြစ်ကုန်သော၊ အသုန္ဒရာပိ – မကောင်း မြတ်သည်လည်းဖြစ်ကုန်သော၊ ပရိဘောဂါပိ – အသုံးအဆောင်တို့သည်လည်း၊ ကုဋ္ဌရောဂဿ – နူနာစွဲသောသူ၏၊ သန္တိကံ – အထံသို့၊ ဂဏ္ဍေယျံ – အကယ်၍ ရောက်ကုန်ငြားအံ့။ တေသဗ္ဗေ – ထိုအလုံးစုံသော ကောင်းမကောင်းသော အသုံး အဆောင်တို့သည်၊ သဗ္ဗသော – ခပ်သိမ်းသောအပြားအားဖြင့်၊ ကုစ္ဆိတာ – စက်ဆုပ် အပ်ကုန်သည်၊ ဟောန္တိယထာ – ဖြစ်ကုန်သကဲ့သို့၊ ကပ္ပိယာပိ – ကပ္ပိယပစ္စည်းတို့ သည်လည်းကောင်း၊ အကပ္ပိယာပိ – အကပ္ပိယပစ္စည်းတို့သည်လည်းကောင်း၊

**အလဗ္ဘိသ** – အလဇ္ဇီပုဂ္ဂိုလ်၏၊ **သန္တိကေ** – အထံ၌၊ **စေ ဂစ္ဆေယျုံ** – အကယ်၍ ရောက်ကုန်သည်ဖြစ်အံ့၊ **တေသမ္ပေပိ** – ထိုအလုံးစုံသော ပစ္စည်းတို့ကိုလည်း၊ **ဖိဂုစ္ဆိတာ** – စက်ဆုပ်အပ်ကုန်၏။ **ဣတိ** – ဤသို့၊ **မုနိန္ဒေန** – ရှင်တော်ဘုရားသည်၊ **ပကာသိတာ** – ဟောဖော်ပြသ ဆုံးမတော်မူအပ်ကုန်၏။

**သော အလဇ္ဇီပိ အတ္တာနံ၊ ဒုက္ခံ ခနတိ အညေသံ။**

**ဘိန္ဒတိ သာသနမ္ပိစ၊ မုနိန္ဒံ ပဋိဟညတိ။**

**သောအလဇ္ဇီ** – ထိုအလဇ္ဇီပုဂ္ဂိုလ်သည်၊ **အတ္တာနံပိ** – မိမိကိုယ်ကိုလည်း၊ **ဒုက္ခံ** – ဆင်းရဲအောင်၊ **ခနတိ** – တူးဖြို၏၊ **အညေသံပိ** – သူတစ်ပါးတို့အားလည်း၊ **ဒုက္ခံ** – ဆင်းရဲအောင်၊ **ခနတိ** – တူးဖြို၏၊ **သာသနမ္ပိ စ** – သာသနာကိုလည်း၊ **ဘိန္ဒတိ** – ဖျက်ဆီးသည်မည်၏။ **မုနိန္ဒံ** – သာသနာတော်သခင်ရှင်တော်ဘုရားကိုလည်း၊ **ပဋိဟညတိ** – ပုတ်ခတ်သည်မည်၏။

**ဖေဋ္ဌပုတ္တော စဏ္ဍာလဿ၊ စက္ကဝတ္တိဿ ရာဇိနော။**

**ဟီနံ ကမ္မံ န ကရောတိ၊ သကျပုတ္တောပိ ကိံကရေ။**

စက္ကဝတ္တိဿ ရာဇိနော – စကြဝတေးမင်းကြီး၏၊ ဖေဋ္ဌပုတ္တော – သားကြီး ရတနာသော်လည်း၊ စဏ္ဍာလဿ – ဒွန်းစဏ္ဍား၏၊ ဟီနံ ကမ္မံ – ယုတ်သောအမှုကို၊ န ကရောတိ – မပြုတကား၊ သကျပုတ္တောပိ – ဘုရားသားတော်ဖြစ်လျက်လည်း၊ ဟီနံကမ္မံ – ယုတ်မာသောအမှုကို၊ ကိံကရေ – အသို့မူ၍ ပြုရကုန်အံ့နည်း။

**သစေ သုဏေယျ သော သတ္တော၊ မုနိသေဋ္ဌဿ သဒ္ဓမ္မံ။**

**မဏ္ဍူကောပိ သုခံ လဗ္ဘေ၊ သကျပုတ္တော န လဗ္ဘေကိံ။**

**ယော သတ္တော** – အကြင်သတ္တဝါသည်၊ **မုနိသေဋ္ဌဿ** – ရှင်တော်ဘုရား၏၊ **သဒ္ဓမ္မံ** – တရားစကားကို၊ **သစေသုဏေယျ** – အကယ်၍ ကြားနာရငြားအံ့၊ **သော သတ္တော** – ထိုသတ္တဝါသည်၊ **မဏ္ဍူကောပိ** – သားငယ်ပင်ဖြစ်သော်လည်း၊ **သုခံ** – ချမ်းသာသုံးပါးကို၊ **လဗ္ဘေ** – ရတုံသေး၏၊ **သကျပုတ္တော** – ဘုရားသားတော်ဖြစ်လျက်လည်း၊ **သုခံ** – ချမ်းသာသုံးပါးကို၊ **ကိံနလဗ္ဘေ** – အသို့လျှင် မရဘဲရှိအံ့နည်း။ (မဏ္ဍူကဒေဝပုတ္တ ဝတ္ထုကိုထောက်။)

**သုနခေါ ပိ သစေဟောတိ၊ မုနိန္ဒက္ကဿ သာသနေ။**

**ကဒါစိ ပါယမုတ္တော၀၊ ကိံနမုစ္စေ မဟာမုနိ။**

**သုနခေါ ပိ** – ခွေးပင်ဖြစ်သော်လည်း၊ **မုနိန္ဒက္ကဿ** – ဘုန်းတော်နေဝန်းထွန်းတောက်ပသော ရှင်တော်ဘုရား၏၊ **သာသနေ** – သာသနာတော်၌၊ **စေ** – **ဟောတိ** – အကယ်၍ဖြစ်သည်ဖြစ်အံ့၊ **ကဒါစိ** – တစ်ရံတစ်ခါ၊ **အပါယမုတ္တော၀** – အပါယ်ဘေးမှ လွတ်သေးသလျှင်တည်း၊ **မဟာမုနိ** – ရဟန်းမြတ်ဖြစ်လျက်၊ **ကိံ**

န မုစ္စေ – အသို့ အပါယ်ဘေးမှ မလွတ်နိုင်ဘဲ ရှိအံ့နည်း။ (ဓမ္မပဒအဋ္ဌကထာ ဃောသကဝတ္ထု ကို ထောက်။)

**သံသာရဘယပသဿန္တော၊ ပဏ္ဍိတော့ဝံ နိဝေသယေ။**

**ပါပေဟိ ပရိဝဇ္ဇေယျ၊ သဒ္ဓမ္မံဝ သမာစရေ။**

**သံသာရဘယပသဿန္တော** – လာလတ္တံ့သော သံသရာဘေးကို မြင်လေ့ရှုလေ့ ကြောက်လေ့ ရှိသော၊ **ပဏ္ဍိတော** – ပညာရှိသော အမျိုးလူသားသည်၊ **ဧဝံ** ဣမိနာ ဝုတ္တနယေန – ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ **နိဝေသယေ** – နှလုံးသွင်းရာ၏၊ **နိဝေသယိတွာ** – နှလုံးသွင်း၍၊ **ပါပေဟိ** – ယုတ်မာညစ်ညမ်းကုန်သော မကောင်းမှု တို့မှ၊ **ပရိဝဇ္ဇေယျ** – ဝေးစွာရှောင်ကြဉ်ရာ၏၊ **သဒ္ဓမ္မံဝ** – သူတော်ကောင်းတို့၏ အကျင့်မြတ်ကိုသာလျှင်၊ **သမာစရေ** – ကောင်းစွာကျင့်ရာ၏။

**သဒ္ဓါ ရက္ခတိ သီလမ္ပိ၊ ပညာ ရက္ခတိ တံ ဒွယံ။**

**သတိ ရက္ခတိ တံ တိဏ္ဏံ၊ တေန ဒဠှံ သတိံ ကရေ။**

**သဒ္ဓါ** – သဒ္ဓါတရားသည်၊ **သီလမ္ပိ** – သီလတရားကိုလည်း၊ **ရက္ခတိ** – စောင့်၏၊ **ပညာ** – ပညာတရားသည်၊ **တံ ဒွယံ** – ထိုသဒ္ဓါသီလနှစ်ပါးကို၊ **ရက္ခတိ** – စောင့်၏၊ **သတိ** – သတိတရားသည်၊ **တံ တိဏ္ဏံ** – ထိုသီလပညာသဒ္ဓါသုံးပါးအပေါင်း ကို၊ **ရက္ခတိ** – စောင့်၏၊ **တေန** – ထို့ကြောင့်၊ **ပိယသီလော** – သီလကိုချစ်သော၊ ပဏ္ဍိတော – ပညာရှိသော၊ **ကုလပုတ္တော** – အမျိုးကောင်းသားသည်၊ **သတိံ** – သတိကို၊ **ဒဠှံ** – မြဲစွာ၊ **ကရေ** – ပြုရာ၏။

**သီတောဒကေန သမ္ပုဏ္ဏံ၊ တဠာကမ္ပိ ဝိနုပ္ပလံ။**

**န သောဘတိ သဒ္ဓေါဒကော၊ ဝိနာ သီလေန တံသမော။**

**သီတောဒကေန** – ချမ်းအေးသောရေဖြင့်၊ **သမ္ပုဏ္ဏံ** – ကန်အလုံးအလျှံ ပြည့်သော၊ **တဠာကမ္ပိ** – တစ်ဘက်ဆည် ရေကန်ကြီးသည်လည်း၊ **ဥပ္ပလံ** – ကြာကို၊ **ဝိနာ** – ကြဉ်၍၊ **န သောဘတိ** – မတင့်တယ်၊ **သဒ္ဓေါဒကော** – သဒ္ဓါတရားတည်း ဟူသော ရေနှင့်ပြည့်စုံသော၊ **ယတိပိ** – ရဟန်းသည်လည်း၊ **သီလေန** – သီလတည်း ဟူသော ကြာတိုက်နှင့်၊ **ဝိနာ** – ကင်းမူကား၊ **တံသမော** – ထိုရေသာရောက်၍ ကြာမပေါက်သော တစ်ဘက်ဆည်ကန်နှင့်တူသည်၊ **ဘဝေ** – ဖြစ်၏။

(တဠာကော – ဆိုလိုလျှက် ဝါစာသိလိင်္ဂအကျိုး၌ တဠာကံ – ဟု လိင် ပြန်သည်။)

**အဗ္ဘာသုရေန မုတ္တော၀၊ နဘေ စန္ဒော၀ ဓောတဝေ။**

**ပါပါ စာရေဟိ မုတ္တော၀၊ ဓောတေတိ သာသနေ ယတိ။**

**နဘော** – ကောင်းကင်၌၊ **စန္ဒောပိ** – လသည်လည်း၊ **အဗ္ဘာသုရေန** – တိမ်တိုက် အသူရိန်မှ၊ **မုတ္တော၀** – လွတ်သော်သာလျှင်၊ **ဇောတတေ** – ကောင်းစွာ ထွန်းလင်း တောက်ပနိုင်၏၊ **သာသနေ** – သာသနာတော်၌၊ **ယတိပိ** – ရဟန်းသည်လည်း၊ **ပါပါ စာရေဟိ** – ယုတ်မာညစ်ညမ်းသောအကျင့်တို့မှ၊ **မုတ္တော၀** – ကင်းလွတ်သော်သာလျှင်၊ **ဇောတတိ** – ထွန်းလင်းတောက်ပနိုင်၏၊ ဝါ – ထင်ပေါ်ကျော်စောနိုင်၏။

(သီလမရှိသော ရဟန်းသည် အသူရိန်ဖမ်းသော လ၏အရောင်ကဲ့သို့ ညှိုးနွမ်း၏ – ဟူလို။)

**သုဘောဇနံ ဝိသဇ္ဇန္တော၊ ဝစ္စံ ခါဒံ၀ ဥမ္မာဒေါ။**

**သီလံ စဇံ အကပ္ပိယံ၊ သေဝန္တော တာပိ တံသမော။**

**သုဘောဇနံ** – ကောင်းမြတ်သောဘောဇဉ်ကို၊ **ဝိသဇ္ဇန္တော** – စွန့်လျက်၊ **ဝစ္စံ** – ကျင်ကြီးကို၊ **ခါဒံ** - ခါဒန္တော – စားသောသူကို၊ **ဥမ္မာဒေါ၀** – သူရူးဟူ၍သာလျှင်၊ **သမ္မန်ကော** – သမုတ်အပ်၏၊ **သီလံ** – မြတ်လှစွာသောသီလကို၊ **စဇံ စဇန္တော** – စွန့်လျက်၊ **အကပ္ပိယံ** – ရွှေငွေဘဏ္ဍာ စသော အကပ္ပိယပစ္စည်းကို၊ **သေဝန္တော** – ရှာမှီးသော၊ **သောပိ** – ထိုရဟန်းသည်လည်း၊ **တံသမော** – ထိုဥမ္မာဒနှင့်တူသည်၊ **ဘဝေ** – ဖြစ်၏။

**အပ္ပဂ္ဃန္တံ ပရိဘောဂံ၊ ဥဒရဿေ၀ ကာရဏာ။**

**အစမ္မေနေ၀ သေဝန္တော၊ အနေကဂ္ဃံ ပရာဇယံ။**

**အာပန္နော ဟောတိ သော ဘိက္ခု၊ ဝိသံ ခါဒံ၀ ပုရိသော။**

**ဥဒရဿေ၀ကာရဏာ** – ဝမ်းဟူသောအကြောင်းကြောင့်၊ **အပ္ပဂ္ဃန္တံ** – အဖိုး မထိုက်သော၊ **ပရိဘောဂံ** – အသုံးအဆောင်ကို၊ **အစမ္မေနေ၀** – မတရားသဖြင့် သာလျှင်၊ ဝါ – တရားနှင့်မလျော်သော၊ ကုလဒူသန, အနေသန, ရူပိယသံဝေါဟာရ, **ကယဝိက္ကယ** – အစရှိသောအမှုဖြင့်၊ **သေဝန္တော** – ရှာမှီးသော၊ **သော ဘိက္ခု** – ထိုရဟန်းသည်၊ **အနေကဂ္ဃံ** – အဖိုးများစွာထိုက်သော လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာမှ၊ **ပရာဇယံ** – ရှုံးခြင်းသို့၊ **အာပန္နော** – ရောက်လေ၏။ **ကိမိ၀** – အဘယ် ကဲ့သို့နည်းဟူမူကား၊ **ဝိသံ** – အဆိပ်ကို၊ **ခါဒံ** – ခါဒန္တော – စားသော၊ **ပုရိသောဣ၀** – ယောကျ်ားမိုက်ကဲ့သို့တည်း။

**တာဒိသံ ပဝနေ ဗျဂ္ဃော၊ ဗိဠာရောပိ စ သမတ္တော။**

**တာဒိသံ တေန စေ ကာရေ၊ တံ သဒိသော ဘဝေ ဘိက္ခူ။**

**တာဒိသံ** – ထိုသို့ မအပ်သဖြင့် ရှာမှီးသုံးဆောင် စားသောက်ခြင်းကို၊ **ပဝနေ** – တောအုပ်၌၊ **ဗျဂ္ဃောပိ စ** – ကျားသည်လည်းကောင်း၊ **ဗိဠာရောပိ စ** – ကြောင်သည်လည်းကောင်း၊ **သမတ္တော** – စွမ်းနိုင်၏၊ **တေန** – ထိုသို့ဗျဂ္ဃဗိဠာရတို့ ်ပင်

စွမ်းနိုင်သောအမှုဖြစ်သောကြောင့်၊ **ဘိက္ခု** – ရဟန်းသည်၊ **တာဒိသံ** – ထိုသို့ သဘောရှိသော မအပ်သဖြင့် ရှာမှီးသုံးဆောင်ခြင်းကို၊ **စေကာရေ** – အကယ်၍ ပြုငြားအံ့၊ **သက္ယပုတ္တောပိ** – ဘုရားသားတော်ဖြစ်လျက်လည်း၊ **တံသဒိသော** – ထိုဗျဂ္ဃပိဠာရနှင့်တူသည်၊ **ဘဝေ** – ဖြစ်၏။

**ပရိဝဇ္ဇေ အကပ္ပိယာ၊ အာရကာ ဉာတိ ပဏ္ဍိတော။**

**ဝိသံ ဂူထံ အဂ္ဂိခန္ဓံ၊ သံသာရဘယပဿိကော။**

**ဉာတိ** – ဤသို့ မတရားသဖြင့် ရှာ၍ သုံးဆောင် စားသောက်မိသည်ရှိသော် အဆိပ်ကို စားမိသော ပုရိသဗာလ, အသုစိကို စားမှားသော ဥမ္မတ္တက တောကျားဗျဂ္ဃ ဗိဠာရတို့နှင့် မခြားမနား အလားတူစွာ ဖြစ်ရချေ၏တကားဟု ကိုယ့်ကိုကိုယ်ရှင် သွန်သင်ဆုံးမသဖြင့်၊ **သံသာရဘယပဿိကော** – သံသရာဘေးကို ကြောက်လေ့ ရှိသော၊ **ပဏ္ဍိတော** – ပညာရှိသည်၊ **ဝိသံဝ** – အဆိပ်ကဲ့သို့လည်းကောင်း၊ **ဂူထံ** – မစင်ကဲ့သို့လည်းကောင်း၊ **အဂ္ဂိခန္ဓံဝ** – မီးကျီးစုကဲ့သို့လည်းကောင်း၊ **ဝါ** – မီးပုံကြီး ကဲ့သို့လည်းကောင်း၊ **မနသိကရိတွာ** – နှလုံးသွင်း၍၊ **အကပ္ပိယာ** – မအပ်သော အကပ္ပိယပစ္စည်းမှ၊ **အာရကာ** – ဝေးစွာ၊ **ပရိဝဇ္ဇေ** – ရှောင်ကြဉ်ရာ၏။

(အစိန္တေယျ လူ့ဘထိပ်တင် သုံးလူ့မင်း၏ သားတော်ဖြစ်တပြီးလျက် အဆိပ်ကို စားမှားသော ပုရိသဗာလ၊ မွန်မြတ်သော ဘောဇဉ်ကို စွန့်လျက် အသုစိကို စားမှားသော ဥမ္မတ္တကနှင့်လည်း မခြားမနား၊ အဟိတ်တိရစ္ဆာန်ဖြစ်သော ဗျဂ္ဃဝိဠာရနှင့်လည်း မကွဲမပြား ဖြစ်ရချေက အလွန်မသင့်ရာ၊ ရှင်တော်ဘုရား မျက်နှာကိုလည်း ထောက်၊ သံသရာဘေးကိုလည်း ကြောက်၊ ရှင်တော်ဘုရား ကိုလည်း အားနာ၊ သံသရာဘေးကိုလည်း စာနာသဖြင့် "ပြိတ္တာတို့ဘောင် ဥစ္စာ ဆောင်" ဆိုသကဲ့သို့ မဖြစ်ရလေအောင် အကပ္ပိယ မအပ်သော ပစ္စည်းလေးပါး တို့ကို မသုံးမဆောင် ရှောင်ကြဉ်ကြရာသည်ဟူလို။)

**ဥမ္မာဒေါ အတ္တနုမ္မဒ္ဒံ၊ န မညတိပိ သွာလဒ္ဓိ။**

**အတ္တနော အလဇ္ဇိတ္တမ္ပိ၊ တံသမော ပိ အဇာနန္တော။**

**ဥမ္မာဒေါ** – ရူးသောသူသည်၊ **အတ္တတော** – မိမိ၏၊ **ဥမ္မဒ္ဒံ** – ရူးသောအဖြစ်ကို၊ **န မညတိ** – မသိ၊ **ယော** – အကြင်အလဇ္ဇီပုဂ္ဂိုလ်သည်၊ **အတ္တနော** – မိမိ၏၊ **အလဇ္ဇိတ္တံ** – အလဇ္ဇီအဖြစ်ကို၊ **စေ န မညတိ** – အကယ်၍ မသိသည်ဖြစ်အံ့၊ **အတ္တနော** – မိမိ ၏၊ **အလဇ္ဇိတ္တံ** – အလဇ္ဇီအဖြစ်ကို၊ **အဇာနန္တော** – မသိသော၊ **သော အလဇ္ဇီပိ** – ထို အလဇ္ဇီပုဂ္ဂိုလ်သည်လည်း၊ **တံသမော** – ထိုဥမ္မာဒနှင့်တူသည်၊ **ဘဝေ** – ဖြစ်၏။

(ရှုးသွပ်သောသူသည် မိမိကိုယ်ကို ရှုးသကဲ့သို့ မထင်သော်လည်း လူရှင် အများတို့၏ ဥမ္မတ္တကသမ္မုတိကို ရသကဲ့သို့ အလဇ္ဇီပုဂ္ဂိုလ်သည်လည်း ၎င်း နည်းတူပင်ဟူလို။)

ယဒါ မညတိ ဥမ္မာဒေါ၊ တဒါ ပိဝတိ ဘေသဇ္ဇံ။

အလဇ္ဇိတ္တမ္ပိ ဇာနန္တော၊ သော တံ သဇ္ဇေယျ စေ သာဓုံ။

န စေ သဇ္ဇေယျ သွာလဇ္ဇီ၊ အတျုမ္မာဒေါ အတေကိစ္ဆော။

ဥမ္မာဒေါ – ရှုးသောသူသည်၊ ယဒါ – အကြင်အခါ၌၊ အတ္တနော – မိမိ၏၊ ဥမ္မဇံ – ရှုးသောအဖြစ်ကို၊ မညတိ – သိ၏၊ တဒါ – ထိုအခါ၌၊ ဘေသဇ္ဇံ – ဆေးကို၊ **အာရဗ္ဘ** – အားထုတ်၍၊ ပိဝတိ – သောက်၏၊ **သော** – ထိုအလဇ္ဇီပုဂ္ဂိုလ်သည်၊ **အတ္တနော** – မိမိ၏၊ **အလဇ္ဇိတ္တံ** – အလဇ္ဇီအဖြစ်ကို၊ **ဇာနန္တော** – သိသည်ရှိသော်၊ **တံအလဇ္ဇိတ္တံ** – ထိုအလဇ္ဇီအဖြစ်တည်းဟူသော ယုတ်မာသောအကျင့်ကို၊ **စေ သဇ္ဇေယျ** – အကယ်၍ စွန့်ငြားအံ့၊ **သာဓု** – ကောင်း၏၊ ဝါ – ချီးမွမ်းထိုက်၏၊ **နော သဇ္ဇေယျ** – အကယ်၍ မစွန့်ငြားအံ့၊ **သော အလဇ္ဇီပိ** – ထိုအလဇ္ဇီပုဂ္ဂိုလ်သည်လည်း၊ **အတေကိစ္ဆော** – ဆေးကုစား၍ မရနိုင်သော၊ **အတျုမ္မာဒေါ** – အလွန်ရှုးသောသူ သည်၊ **ဘဝေ** – ဖြစ်၏။

န သောစတိ ပိ ဥမ္မာဒေါ၊ အတ္တာနံ အတိဟာသော၀။

ဝသတိ တဿ သော ဝါသော၊ သုဝါသောတိ န သံသိဒ္ဓေါ။

မဟာဒုက္ခံ ဘယာ ပဿံ၊ ပမဇ္ဇန္တောပိ တံသမော။

**လောကေ** – လောက၌၊ **သော ဥမ္မာဒေါပိ** – ထိုရှုးသောသူသည်လည်း၊ **အတ္တာနံ** – မိမိကိုယ်ကို၊ **ဘိန္နာ** – ပျက်စီးအံ့သည်မှ၊ **န သောစတိ** – မစိုးရိမ်၊ **အတိ ဟာသော၀** – အလွန်မြူးထူးရွှင်ပျစွာသာလျှင်၊ **ဝသတိ** – နေ၏၊ **တဿ** – ထိုသူ၏၊ **သော ဝါသော** – ထိုကြောင့်ကြစိုးရိမ်မရှိ မြူးတူးနေခြင်းသည်၊ **သုဝါသောတိ** – ကောင်းသောနေခြင်းဟူ၍၊ **န သံသိဒ္ဓေါ** – မချီးမွမ်းအပ်၊ **သာသနေပိ** – ဘုရား သာသနာတော်၌လည်း၊ **မဟာဒုက္ခံ** – ကြီးစွာသောဆင်းရဲခြင်းရှိသော၊ **ဘယံ** – လာလတ္တံ့သောဘေးကို၊ **အပဿံ** – **အပဿန္တော** – မမြင်သည်ဖြစ်၍၊ **မပဇ္ဇန္တော** – မေ့မေ့လျော့လျော့ နေ မှားသောသူသည်လည်း၊ **တံသမော** – ထိုဥမ္မာဒနှင့် တူသည်၊ ဘဝေ – ဖြစ်၏။

(သူရှုးသည် သေဘေးသေဒဏ် မင်းဘေးမင်းဒဏ် ရာဇဒေါသ သင့်သော် လည်း မိမိကိုယ်ကို ရှုးမှန်း အမှုရောက်နေမှန်း မသိသကဲ့သို့ ပေတုဥမ္မတ္တက မဟာသာဝဇ္ဇ – အမှုကြီးသင့်ရောက်သည်ကို မသိဘဲ ရှိတတ်လေ၏။ ယင်းသို့ မရှိ စေရာဟူလို။) (ဗျဂ္ဃီတ္ထ)

**သမီပေ တဏှာသပ္ပသ၊ အန္ဓဇနော ပိ စေ ဋ္ဌိတော။**

**သော န ပဿိတမ္ဗော၊ အတိသူရောတိ သောစိတော။**

**အာသန္နေ ပါယဒုက္ခသ၊ ပမာဒေါ သောပိ တံသမော။**

**အန္ဓဇနော** – သူကန်းသည်၊ **ကဏှာသပ္ပသ** – မြွေဟောက်၏၊ **သမီပေ** – အနီး၌၊ **ဋ္ဌိတော** – တည်သည်၊ **စေ ဟောတိ** – အကယ်၍မူလည်းဖြစ်လင့်ကစား၊ **သောပိ** – ထိုသူကန်းကိုလည်း၊ **အတိသူရောတိ** – အလွန်ရဲရင့်သောသူဟူ၍၊ **န ပဿံ သိတဗ္ဗော** – မချီးမွမ်းအပ်၊ **ပရေဟိ** – ကြည့်သူမြင်သူတစ်ပါးသူတို့သည်၊ **သော စိတော** – အလွန်ကြောင့်ကြအပ်၏၊ **အပါယဒုက္ခသ** – အပါယ်ဆင်းရဲဘေး၏၊ **အာ သန္နေ** – အနီး၌၊ **ပမာဒေါ** – မေ့မေ့လျော့လျော့နေသော၊ **သောပိ** – ထိုအလဇ္ဇီပုဂ္ဂိုလ် သည်လည်း၊ **တံသမော** – ထိုသူကန်းနှင့်တူသည်၊ **ဘဝေ** – ဖြစ်၏။

(သူကန်းသည် ကိုက်ခဲအံ့သောငှာ ရှေးရှုလာသော မြွေဟောက်ဘေးကို မမြင်သကဲ့သို့ အပါယ်ဘေးကို မမြင်ဘဲ ရဲရဲတင်းတင်းနေမိတတ်လေ၏။ မြွေဟောက် ကိုက်မှ သတိရသကဲ့သို့ အပါယ်ဘေးသို့ရောက်မှ သတိသံဝေဂ ရတတ်လေ၏။ ယင်းကဲ့သို့ မဖြစ်စေရာဟူလို။)

**သတ္ထမေဝ သုခံ ဒုက္ခံ၊ ကရောတိ ဥဘယံ ဖလံ။**

**တေန ကမ္မံ စ ကရေယျ၊ သုခိတော ဟောတိ သော ဇနော။**

**ဥမ္မာဒေါ တေန အတ္တာနံ၊ ပဟာရိတွာ မတံ ဂစ္ဆေ။**

**န ဒေါသော ပန သတ္ထသ၊ ဥမ္မာဒဿေဝ ဒေါသော ဟိ။**

**သာသနေပိ အလဇ္ဇီသ၊ သုခံ တာဝ ဘယံ ဂစ္ဆေ။**

**သာသနံ သုခဓာရေန္တံ၊ ဒုက္ခာဂတောပိ တာဒိသော။**

**လောကေ** – လောက၌၊ **သတ္ထမေဝ** – ဓားလက်နက် တစ်ခုတည်းပင်လျှင်၊ **သုခံ ဝါ** – ချမ်းသာကိုလည်းကောင်း၊ **ဒုက္ခံဝါ** – ဆင်းရဲကိုလည်းကောင်း၊ **ဥဘယံ ဖလံ** – အကျိုးနှစ်ပါးကို၊ **ကရောတိ အဘိနိပ္ဖါဒေတိ** – ပြီးစေတတ်၏၊ **ကထံ** – ပြီး စေဟန်အသို့နည်းဟူမူကား၊ **တေန** – ထိုဓားလက်နက်ဖြင့်၊ **ကမ္မံ** – သင့်တင့် လျောက် ပတ်သောအမှုကို၊ **စေကရေယျ** – အကယ်၍ပြုငြားအံ့၊ **သော ဇနော** – ထိုလူသည်၊ **သုခိတော** – ချမ်းသာသည်၊ **ဟောတိ** – ဖြစ်၏၊ **ဥမ္မာဒေါ** – ရူးသောသူသည်၊ **တေန** – ထိုဓားလက်နက်ဖြင့်၊ **အတ္တာနံ** – မိမိကိုယ်ကို၊ **ပဟာရိတွာ** – ပုတ်ခတ်ထိုးသတ်၍၊ **မတံ** – သေခြင်းသို့၊ **ဂစ္ဆေ** – ရောက်ရာ၏။ **ပန** – ယင်းသို့ရောက်ရသော်လည်း၊ **သတ္ထသ** – ဓားလက်နက်၏၊ **န ဒေါသော** – အပြစ်မဟုတ်၊ **ဥမ္မာဒဿေဝ** – သူရူး၏ သာလျှင်၊ **ဒေါသောဟိ** – အပြစ်သာတည်း။ **သာသနေပိ** – ဘုရားသာသနာတော်၌

လည်း၊ **အလဒ္ဓိသ** – အလဒ္ဓိပုဂ္ဂိုလ်အား၊ **သုခံ** – ချမ်းသာရေးကို၊ **တာဝတိဒ္ဓတု** – ထားဘိဦး၊ **မဟာဒုက္ခံ** – အဆုံးမရှိ ကြီးစွာသော ဆင်းရဲခြင်းရှိသော၊ **ဘယံ** – အပါယ် စသော ဘေးသို့၊ **ဂစ္ဆေ** – ရောက်သေး၏။ **သုခဓာရေန္တံ** – ချမ်းသာကို ဆောင်တတ်သော၊ **သာသနံ** – **သာသနမ္ပိ** – သာသနာတော်အဖြစ်ကိုလည်း၊ **နိဿာ ယ** – မှီ၍၊ **ဒုက္ခာဂတော** – ဆင်းရဲခြင်းသို့ ရောက်သော၊ **သောပိ** – ထိုအလဒ္ဓိရဟန်းသည်လည်း၊ **တာဒိသော** – ထိုဘေးသန်လျက်ဖြင့် မိမိလည်ပင်းကို ထိုးမှားမိသော ဥမ္မာဒနှင့်တူသည်၊ **ဘဝေ** – ဖြစ်၏။

(ချမ်းသာသုံးပါးကို ပေးတတ်သော သာသနာတော်၌ ဖြစ်တပြီးလျက် ဘေးမသင့်စေရာဟူလို။)

**မာတာပိတူဟိ ဒါတဗ္ဗံ၊ သုဝဏ္ဏမ္ပိ န ရက္ခတိ။**

**အတျူမ္မာဒေါ အတေကိစ္ဆော၊ အပဏ္ဍိတော သတံ ဓနံ။**

**ကဒါစိပိ အနုမ္မာဒေါ၊ ပမာဒံ ယက္ခဂါဟေန။**

**ပတ္တော ဓနံ ဝိသဇ္ဇေယျ၊ ပဏ္ဍိတော ရာဂဂါဟောပိ။**

**အတေကိစ္ဆော** – ဆေးမကုစားကောင်းအောင်၊ **အတျူမ္မာဒေါ** – အလွန်ရူး သောသူသည်၊ **မာတာပိတူဟိ** – မိခင်ဖခင်တို့သည်၊ **ဒါတဗ္ဗံ** – ပေးအပ်သော၊ **သုဝဏ္ဏမ္ပိ** – ရွှေကိုသော်လည်း၊ **နရက္ခတိ** – လုံခြုံစွာ မစောင့်ရှောက်နိုင်၊ **တထာ** – ထို့အတူ၊ **အပဏ္ဍိတော** – ပညာမရှိသော မောဟုမ္မတ္တကပုဂ္ဂိုလ်သည်၊ **ဗုဒ္ဓေန** – ရှင်တော်ဘုရားသည်၊ **ဒါတဗ္ဗံ** – ပေးသနားတော်မူအပ်သော၊ **သတံ** – သူတော်ကောင်း တို့၏၊ **ဓနံ** – သီလသမာဓိ စသောဥစ္စာကို၊ **နရက္ခတိ** – မစောင့်ရှောက်နိုင်၊ **လောကေ** – လောက၌၊ **အနုမ္မာဒေါပိ** – မရူးသောသူသည်လည်း၊ **ကဒါစိ** – တစ်ခါ တစ်ရံ၊ **ယက္ခဂါဟေန** – ဘီလူးဖမ်းသဖြင့်၊ **ပမာဒံ** – မေ့လျော့ခြင်းသို့၊ **ပတ္တော** – ရောက်သည်ရှိသော်၊ **ဓနံ** – အလွန်စုံမက် မြတ်နိုးအပ်သောဥစ္စာကိုပင်သော်လည်း၊ **ဝိသဇ္ဇေယျ** – စွန့်မိရာ၏။ **တထာ** – ထို့အတူ၊ **သာသနေ** – ဘုရားသာသနာတော်၌၊ **ပဏ္ဍိတောပိ** – ပညာရှိသောပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း၊ **ကဒါစိ** – တစ်ခါတစ်ရံ၊ **ရာဂ ဂါဟော** – စတုပစ္စယ၌ အလွန်တွယ်တာ ကပ်ငြိသော တဏှာလောဘ အစရှိသော ရာဂဘီလူးဖမ်းသည်ရှိသော်၊ **သတံ** – သူတော်ကောင်းတို့၏၊ **ဓနံ** – တရားတည်း ဟူသော ဥစ္စာနှစ်ကို၊ **ဝိသဇ္ဇေယျ** – စွန့်မိလျက် ရှိရာ၏။

(ဤလောက၌ ရူးသောသူသည် မိမိဥစ္စာရတနာတို့ကို လုံခြုံစွာ မစောင့် ရှောက်နိုင်သကဲ့သို့ သိက္ခာပဒဝီတက္ကမ၌ အဝိဇ္ဇာ ဖုံးလွှမ်းသည်ဖြစ်၍ မောဟုမ္မတ္တက ရူးခြင်းဖြင့် ရူးသောသူသည် မိမိ၏သီလာစာရ စသော ဥစ္စာနှစ်တို့ကို လုံခြုံစွာ

မစောင့်ရှောက်နိုင်ဘဲ ရှိတတ်၏။ ဤလောက၌ မရှူးသောပုဂ္ဂိုလ်သည်လည်း တစ်ရံတစ်ခါ တဏှာဘီလူးဖမ်းသဖြင့် မေ့လျော့ခြင်းသို့ရောက်၍ မိမိဥစ္စာကို စွန့်ပစ်၍ သွားမိတတ်၏။ ထို့အတူ ပညာရှိသော သီလဝါပုဂ္ဂိုလ်သည်လည်း ကိလေသာ ရာဂနှိပ်စက်ဖျက်ဆီးအပ်သည်ရှိသော် အလွန်တွေဝေ မိန်းမောသဖြင့် အလွန် စင်ကြယ်လှစွာသော သီလကိုပင် စွန့်မိတတ်၏။ ယင်းသို့ဖြစ်၍ သီလကို ဖျက်ဆီး တတ်သော ကိလေသာရာဂဘီလူးကို လက်မခံရာ၊ ရှင်တော်ဘုရား ပေးသနားတော် မူအပ်သော မဟောသဓမေတ္တရားဖြင့် အဖန်တလဲလဲ ဖွဲမြဲနေရာ၏ဟူလို။)

**အတိလဇ္ဇာယ သုစ္ဆန္နံ၊ အင်္ဂဇာတမ္ပိ ဥမ္မာဒေ။**

**ဝိဝရိတွာပိ ဂစ္ဆေယျ၊ နိသဇ္ဇေယျ နိဝတ္ထမ္ပိ။**

**ပဏ္ဍိတော သီလဝါ ဘိက္ခု၊ ကာမစ္ဆန္ဒေန ဇာမိတော။**

**သမ္မောသေန စဇေ သီလံ၊ တေန ဒဠှံ သတိံ ကရေ။**

**ပုဗ္ဗေ** – ရှေးကာလ၌၊ **အတိလဇ္ဇာယ** – အလွန်ရှက်နိုးသဖြင့်၊ **သုစ္ဆန္နံ** – ကောင်းစွာဖုံးလွှမ်းအပ်သော၊ **အင်္ဂဇာတမ္ပိ** – အင်္ဂါကြီးငယ်ကိုသော်လည်း၊ **ဥမ္မာဒေ** – ရူးသွပ်ခြင်းသည်၊ **ဇာတေ** – ဖြစ်သည်ရှိသော်၊ **ဝရိတွာပိ** – ဖွင့်လှစ်၍မူလည်း၊ **ဂစ္ဆေယျ** – သွားမိရာ၏၊ **နိဝတ္ထမ္ပိ** – အဝတ်ကင်းသည်ဖြစ်၍မူလည်း၊ **နိသဇ္ဇေယျ** – နေထိုင်မိ ရာ၏၊ **တထာ** – ထို့အတူ၊ **ပဏ္ဍိတော** – ပညာရှိသော၊ **သီလဝါ** – သီလရှိသော၊ **ဘိက္ခုပိ** – ရဟန်းသည်လည်း၊ **ကာမစ္ဆန္ဒေန** – ကာမစ္ဆန္ဒနီဝရဏတည်းဟူသော ဘီလူး သည်၊ **ဇာမိတော** – နှိပ်စက်အပ်သည်ရှိသော်၊ **သမ္မောသေန** – တွေဝေမိန်းမောသဖြင့်၊ **သီလံ** – သီလတည်းဟူသော တန်ဆာကို၊ **စဇေ** – စွန့်မိရာ၏။ **တေန** – ထို့ကြောင့်၊ **ပိယသီလော** – သီလချစ်သော၊ **ဘိက္ခု** – ရဟန်းသည်၊ **သတိံ** – သတိကို၊ **ဒဠှံ** – မြဲစွာ၊ **ကရေ** – ပြုရာ၏။

(ကောင်းမြတ်သော အဝတ်တန်ဆာဖြင့် ဆင်ယင်၍နေသော သတို့သမီး သတို့သားတို့အလယ်၌ အဝတ်ကိုချွတ်၍ နေမိတတ်သော သူရူးကဲ့သို့ မောဟ တည်း ဟူသော ရူးရည်ရူးသွေးဝင်သဖြင့် သီလတည်းဟူသော ဝတ်စားတန်ဆာကို ချွတ်၍ လဇ္ဇီသီလဝန္တတို့၏ အလယ်၌ မရှက်မကြောက်နေမိတတ်၏။ ယင်းသို့ မနေမိစေရာဟူလို။)

**ဇာလာနံ မံသပေသိမ္ပိ၊ သုနခါ ကာကသေနာ စ။**

**တေသံ ပသယှ ခါဒေယျုံ၊ ဒုပ္ပညာနံ ခနံ သီလံ။**

**ကိလေသိကာပိ ဘိန္ဒေယျုံ၊ တေန ပညံ သုဘာဝယေ။**

**ဇာလာနံ** – အလွန်အားနည်းသော လူငယ်မလိမ္မာတို့၏၊ **ဟတ္ထေ** – လက်၌၊ **မံသပေသိမ္ပိ** – သားတစ်ကိုလည်း၊ **သုနခါစ** – ခွေးတို့သည်လည်းကောင်း၊ **ကာက**

**သေနာ စ** – ကျီးစွန်ရဲတို့သည်လည်းကောင်း၊ **တေသံ** – ထိုသူငယ်မလိမ္မာတို့အား **ပသယှ** – နှိပ်စက်၍၊ **ဝါ** – လုယူ၍၊ **ခါဒေယျုံ** – စားကုန်ရာ၏။ **တထာ** – ထို့အတူ၊ **ဒုပ္ပညာနံ** – ပညာနည်းပါးကုန်သော၊ **ဝါ** – သိက္ခာပုဒ်တော်ကို လွန်ကျူးခြင်း စသည့် အပြစ်ကို မမြင်တတ်ကုန်သော၊ **ယတီနံ** – ရဟန်းတို့၏၊ **သီလံ** – သီလတည်း ဟူသော၊ **ဓနံ** – ဥစ္စာရတနာနှစ်ကို၊ **ကိလေသိကာပိ** – ကိလေသာတည်းဟူသော ကျီးစွန်ရဲတို့သည်လည်း၊ **ဘိန္ဒေယျုံ** – ဖျက်ဆီးတတ်ကုန်၏။ **တေန** – ထို့ကြောင့်၊ **သီလသံဝရိကော** – သီလကို စောင့်စည်းလိုသော ရဟန်းသည်၊ **ပညံ** – ပညာကို၊ **ဝါ** – သိက္ခာသီလကို ဂရုဂါရဝပြုခြင်း၌အကျိုး မပြုခြင်း၌ အပြစ်ကို သိတတ်သော ဉာဏ်ပညာကို၊ **သုဘာဝယေ** – ကောင်းစွာ ပွားများအောင် ပြုရာ၏။

(သိက္ခာပုဒ်တော်ကို အစိန္တေယျအလိုကော်မြတ်အတိုင်း သိရအောင် မေးမြန်းသင်ကြားခြင်းကို မပြုမူ၍ စားမှုဝတ်မှုကိုသာလျှင် ဝါယာမထုတ်၍ အဝိဇ္ဇာ တည်းဟူသော မှောင်တွင်း၌သာ ကြီးပွားသော ဒုပ္ပညပုဂ္ဂိုလ်၏သီလကို ကိလေသာ တည်းဟူသော ကျီးစွန်ရဲတို့သည် လုယက်၍ ယူတတ်ကုန်၏။ ယင်းသို့ မယူရ အောင် ကပ္ပိယာကပ္ပိယ ဝိနိစ္ဆယတို့ကို အဖန်တလဲလဲ ဆွေးနွေးမေးမြန်းခြင်း၊ လေ့ကျက်သင်ကြား မှတ်သားဆောင်ရွက်ခြင်းတို့ကို ပြုရာ၏ – ဟူလို။)

**သုဘောဇနံ ပဏီတမ္ပိ၊ ဇာတေ ဗျာဓိမှိ ပုရိသော။**
**န ဣစ္ဆတိပိ ဘုဉ္ဇိတုံ၊ ဒါယကာနမ္ပိ ကုပ္ပတိ။**
**သံကိလေသိကရောဂေန၊ ပီဠိတော ဇနော သဒ္ဓမ္မံ။**
**နဣစ္ဆတိ ဝိသုဒ္ဓန္တံ၊ ဒေသေန္တာနမ္ပိ ကုဇ္ဈေယျ။**

**ပုရိသော** – ယောက်ျားသည်၊ **ဗျာဓိမှိ** – နာဖျားခြင်းသည်၊ **ဇာတေ** – ဖြစ်လတ်သော်၊ **ပဏီတံ** – မွန်မြတ်သော၊ **သုဘောဇနမ္ပိ** – အလွန်မွန်မြတ်သော ဘောဇဉ်ကို လည်း၊ **ဘုဉ္ဇိတုံ** – စားခြင်းငှာ၊ **န ဣစ္ဆတိ** – အလိုမရှိ၊ **ဒါယကာနမ္ပိ** – စားစိမ့်သောငှာ ပေးလာကုန်သောသူတို့အားလည်း၊ **ကုပ္ပတိ** – အမျက်ထွက်ခြင်းကို ပြုတတ်၏၊ **တထာ** – ထို့အတူ၊ **သံကိလေသိကရောဂေန** – ကိလေသာတည်းဟူသော အနာဖြင့်၊ **ပီဠိတော** – နှိပ်စက်အပ်သော၊ **ဇနော** – လူသည်၊ **ဝိသုဒ္ဓန္တံ** – စင်ကြယ်ကောင်းမြတ်လှ စွာသော၊ **သဒ္ဓမ္မံ** – သူတော်ကောင်းတို့၏တရားကို၊ **န ဣစ္ဆတိ** – အလိုမရှိ၊ **ဒေသေန္တာနမ္ပိ** – ဟောပြောဆုံးမလာကုန်သောသူတို့အားလည်း၊ **ကုဇ္ဈေယျ** – အမျက်ထွက်ခြင်း ကို ပြုမိရာ၏။

(အနာရောဂါ စွဲရောက်သောသူသည် စတုမဓုအရသာကိုမျှ မစားလိုသကဲ့ သို့ ကိလေသာရောဂါနှိပ်စက်သောသူသည် သူတော်ကောင်းတို့၏သီလ သမာဓိ

သော တရားအမြိုက်သုဓာဘုတ်ကို အလိုမရှိဘဲ နေမိတတ်လေ၏။ ယင်းသို့ ရှိစေရာ ဟူလို။)

သုနခေါ ဥမ္မာဒေ ဇာတေ၊ ဥဒကမ္ဗိ န ပိဝတိ။
ဇနော မောဟေန ဉမ္မာဒေါ၊ ဓမ္မရသံ န ဣစ္ဆတိ။

သုနခေါ – ခွေးသည်၊ ဉမ္မာဒေ – ရူးသွပ်ခြင်းသည်၊ ဇာတေ – ဖြစ်လတ်သည် ရှိသော်၊ အတိပိပါသော – အလွန်မွတ်သိပ်သည်ဖြစ်လျက်၊ ဥဒကမ္ဗိ – ရေကိုသော်လည်း၊ န ပိဝတိ – မသောက်၊ တထာ – ထို့အတူ၊ မောဟေန – သဒ္ဓမ္မာစာရဥ္စ အကျိုးကို မသိတတ်သော မောဟဖြင့်၊ ဉမ္မာဒေါ – ရူးသွပ်သော၊ ဇနော – လူသည်၊ ဓမ္မရသံ – တရားတည်းဟူသော အမြိုက်အရသာကို၊ န ဣစ္ဆတိ – အလိုမရှိ။

(အလွန် မွတ်သိပ်ဆာလောင်သည်ဖြစ်လျက် ဘေးဖြစ်အံ့သည်ဟု ထင်မှတ်၍ ရေကိုမျှ မသောက်ဝံ့သော သုနခုမ္မတ္တကကဲ့သို့ အနမတဂ္ဂသံသရာမှစ၍ အလွန်မွတ်သိပ်လှသော ဓမ္မရသကိုပင် ဆင်းရဲအံ့သည်ဟု ထင်မှတ်၍ မသောက်စားမနာခံ မကျင့်ကြံနိုင်ဘဲ ရှိတတ်လေ၏၊ ယင်းကဲ့သို့ မရှိစေရာဟူလို။)

သော ဥမ္မဒ္ဓံ န ဇာနာတိ၊ နုခေါ ကေန အဟံ သုခံ။
ကိံ ဘေသဇ္ဇံ သုဘုဥ္ဇေယျံ၊ ကိံ ကရေယျံ န သောစတိ။
န ပရော ကောစိ ဘေသဇ္ဇံ၊ န သက္ကောတိ တိကိစ္ဆိတုံ။
ဒုဗ္ဗစဿ အလဇ္ဇိဿ၊ မောဟုမ္မာဒဿ တံသမော။

သော သုနခုမ္မာဒေါ – ထိုခွေးရူးသည်၊ အတ္တနော – မိမိ၏၊ ဥမ္မဒ္ဓံ – ရူးသော အဖြစ်ကို၊ န ဇာနာတိ – မသိ၊ ကေန နုခေါဥပါယေန – အဘယ်သို့သော အကြောင်းဖြင့်၊ အဟံ – ငါသည်၊ သုခံ – ချမ်းသာသည်၊ ဘဝေယျံ – ဖြစ်ရာပါအံ့နည်း၊ ဣတိ ဝါ – ဤသို့လည်းကောင်း၊ ကိံ ဘေသဇ္ဇံ – အဘယ်ဆေးကို၊ သုဘုဥ္ဇေယျံ – ကောင်းစွာစားရပါအံ့နည်း၊ ဣတိ ဝါ – ဤသို့လည်းကောင်း၊ ကိံ ကရေယျံ – အသို့ပြုလတ္တံ့နည်း၊ ဣတိဝါ – ဤသို့လည်းကောင်း၊ န သောစတိ – မစိုးရိမ်၊ ပရော – တစ်ပါးသော၊ ကောစိ – တစ်စုံတစ်ယောက်သော တိကိစ္ဆာစရိယမူလည်း၊ ဘေသဇ္ဇံ – ဘေသဇ္ဇေန – ဆေးဝါး မန္တရားဖြင့်၊ တိကိစ္ဆိတုံ – ကုစားအံ့သောငှာ၊ န သက္ကောတိ – မရဲဝံ့၊ မောဟုမ္မာဒဿ – မောဟဖြင့်ရူးသွပ်သော၊ ဒုဗ္ဗစဿ – ဆိုဆုံးမခက်သော၊ အလဇ္ဇိဿ – အလဇ္ဇီပုဂ္ဂိုလ်အား၊ တံ သမော – ထိုဆေးဝါးမန္တရားတို့ဖြင့် ကုသမှိုင်းမသူ ကင်းသော သုနခုမ္မာဒနှင့် တူသည်၊ ဘဝေ – ဖြစ်၏။

(အဝိဇ္ဇာတည်းသော ရူးရေ၊ ရူးသွေးဝင်သဖြင့် ဒေါသမာနတည်းဟူသော ရူးဆေးထ၍နေသောအခါ သနားသည်ဖြစ်လျက် ကလျာဏမိတ္တ သဟဓမ္မိကတို့

မဆိုမဆုံးမငံ့ဘဲ ရှောင်လွှဲ၍နေရသဖြင့် ဆေးဝါးမှိုင်းမ ကုသသူကင်းသော သုနခုမ္မာဒ ကဲ့သို့ အလျောက်ပေါက်လွှတ် ရှုး၍ နေမိတတ်၏။ ယင်းသို့ မနေမိစေရာ ဟူလို။)

**သီတောဒကေန သမ္ပုဏ္ဏံ၊ တဠာကမ္ပိ စ ပဿန္တော။**

**ဥဒကံ အပိဝန္တဿ၊ သော တဠာကော န ပတိဋ္ဌော။**

**ဓမ္မရသေန သမ္ပုဏ္ဏော၊ သာသနေပိ စ ပဗ္ဗဇံ။**

**သုလဘော အပိဝန္တဿ၊ သာသနမ္ပိ စ ပတိဋ္ဌံ။**

**သီတောဒကေန** – ချမ်းအေးသောရေဖြင့်၊ **သမ္ပုဏ္ဏံ** – ကန်အလုံးအလျှံ ပြည့်သော၊ **တဠာကမ္ပိ** – တစ်ဖက်ဆည်ကန်ကြီးကိုလည်း၊ **ပဿန္တော** – မြင်ရသည် ဖြစ်ပါလျက်၊ **ဥဒကံ** – ကြည်လင်ချမ်းအေးသောရေကိုပင်၊ **အပိဝန္တဿ** – မသောက်သူ အား၊ ဝါ – မသောက်သည်ရှိသော်၊ **သောတဠာကော** – ထိုတစ်ဖက်ဆည်ကန်ကြီး သည်၊ **တဿ** – ထိုဗာလပုဗ္ဗဇ္ဇကအား၊ **ပတိဋ္ဌော** – ကိုးကွယ်ရာသည်၊ **န** – မဖြစ်နိုင်၊ **ဓမ္မရသေန** – တရားတည်းဟူသော အမြိုက်အရသာရေဖြင့်၊ **သမ္ပုဏ္ဏော** – ပြည့်စုံစွာ သော၊ **သာသနေပိ** – သာသနာတော်၌လည်း၊ **ပဗ္ဗဇံ** – ပဗ္ဗဇိတ ဒုလ္လဘကို၊ **သုလဘော** – ကောင်းစွာလှလှရပြီးဖြစ်လျက်၊ **တံ ဓမ္မရသံ** – ထိုဝိသုဒ္ဓိသီလာစာရ စသော တရားအမြိုက်အရသာကို၊ **အပိဝန္တဿ** – မသောက်မစား မနာခံသည်ရှိသော်၊ ဝါ – ရွက်ဆောင်ကြိုးကုတ် အားထုတ်၍ မပြုကျင့်သည်ရှိသော်၊ **သာသနမ္ပိ** – သာသနာ တော်သည်လည်း၊ **တဿပုဂ္ဂလဿ** – ထိုပုဂ္ဂိုလ်ယုတ်၏၊ **ပတိဋ္ဌံ** – မှီခိုကိုးကွယ်ရာ သည်၊ **န** – မဖြစ်နိုင်။

(တစ်ဖက်ဆည် ရေကန်ကြီး၏ အနီးအပါး၌ ရေငတ်မွတ်သိပ်၍ သေကြေ ပျက်စီးသော ဗာလပုဗ္ဗဇ္ဇကကဲ့သို့ မရှိစေရာဟူလို။)

**မိဂဝါဠေဟိ သံကိဏ္ဏံ၊ ဂစ္ဆန္တံ မဂ္ဂံ မဂ္ဂဉော။**

**နိဘယံ အပ္ပဒိဿန္တော၊ သစေ ဂစ္ဆေယျ တံ မဂ္ဂံ။**

**နိဘယော သော ပုမာ ဟောတိ၊ န စေ ဂစ္ဆေယျ မဂ္ဂဉော။**

**န ပတိဋ္ဌာ အလဒ္ဓိဿ၊ ဒုဗ္ဗစဿ မုနိန္ဒောပိ။**

**မိဂဝါဠေဟိ** – သားရဲတို့ဖြင့်၊ **သံကိဏ္ဏံ** – ရောပြွမ်းသော၊ **မဂ္ဂံ** – လမ်းခရီးသို့၊ **ဂစ္ဆန္တံ** – သွားသောသူကို၊ **မဂ္ဂဉော** – ခရီး၌ လိမ္မာသောယောကျာ်းသည်၊ **နိဘယံ** – ဘေးကင်းရာလမ်းခရီးသို့၊ **အပ္ပဒိဿန္တော** – ညွှန်ကြားသည်ရှိသော်၊ **တံ မဂ္ဂံ** – ထိုဘေးကင်းရာလမ်းကို၊ **သစေ ဂစ္ဆေယျ** – အကယ်၍ သွားငြားအံ့။ **သော ပုမာ** – ထိုယောကျာ်းသည်၊ **နိဘယော** – ဘေးကင်းသည်၊ **ဟောတိ** – ဖြစ်၏၊ **တံ မဂ္ဂံ** – ထိုဘေးကင်းရာလမ်းမှန် လမ်းကောင်းသို့၊ **စေ န ဂစ္ဆေယျ** – အကယ်၍ မလိုက်မသွား

သည်ဖြစ်အံ့၊ **မဂ္ဂညော** – ခရီးညွန်သော ယောကျ်ားသည်၊ **တဿ** – ထိုခရီးမှားသော ပုရိသဗာလ၏၊ **ပတိဋ္ဌာ** – မှီခိုအားထားရာသည်၊ **န** – မဟုတ် မဖြစ်နိုင်၊ **တထာ** – ထို့အတူ၊ **မုနိန္ဒောပိ** – လူသုံးပါးတို့၏ခရီးညွန်သခင် ရှင်တော်ဘုရားပင်လည်း။ **ဒုဗ္ဗစဿ** – အဆုံးအမခက်သော၊ **အလဇ္ဇိဿ** – အလဇ္ဇိပုဂ္ဂိုလ်၏၊ **ပတိဋ္ဌာ** – မှီခိုကိုးကွယ်ရာသည်၊ **န** – မဖြစ်နိုင်။

(ခရီးအရာ ကျွမ်းကျင်လိမ္မာသော ခရီးညွန်သော ယောကျ်ား၏စကားကို နားမထောင်မှား၍ သားရဲဘီလူး ကိုက်ခဲညှဉ်းဆဲသဖြင့် သေကြေပျက်စီးရသော ပုရိသဗာလကဲ့သို့ လူသုံးပါးတို့၏ ခရီးညွန်ဖြစ်တော်မူသော ရှင်တော်ဘုရား သားတော်ဖြစ်လျက် ဒုဗ္ဗစသဘောရှိသဖြင့် ရှင်တော်ဘုရား စကားကို နားမထောင်မှု၍ အပါယ်လမ်းသို့ ဖြောင့်ဖြောင့်မတ်မတ် လိုက်မိတတ်လှ၏။ ယင်းသို့ မလိုက်မိစေရာ – ဟူလို။)

ဘေသဇ္ဇံ အပိဝန္တဿ၊ သုပဏ္ဍိတောပိ အာစေရော။
တဿ ဟောတိ န ပတိဋ္ဌာ၊ ဘဂဝါ တု မုနိန္ဒောပိ။
အလဇ္ဇိဿ ဒုဗ္ဗစဿ၊ အပိဝတော မဟောသဓံ။

**ဘေသဇ္ဇံ** – ဆေးကို၊ **အပိဝန္တဿ** – မသောက်သောသူအား၊ **ဝါ** – မသောက်သည်ရှိသော်၊ **သုပဏ္ဍိတော** – ဆေး၏အရာ အလွန်တတ်လိမ္မာသော၊ **အာစေရောပိ** – တိကိစ္ဆာစရိယသည်လည်း၊ **တဿ** – ထိုဆေးမသောက်သော ပုရိသဗာလ၏၊ **ပတိဋ္ဌာ** – မှီခိုကိုးကွယ်ရာသည်၊ **န** – မဖြစ်နိုင်၊ **ဘဂဝါ** – ဘုန်းတော်နေရှိန် ထိန်ထိန်တောက်သော၊ **မုနိန္ဒောပိ** – ရှင်တော်ဘုရားသည်မူလည်း၊ **မဟောသဓံ** – တရားတော်တည်းဟူသောဆေးမြတ်ကို၊ **အပိဝတော** – မသောက်မနာခံသော၊ **ဒုဗ္ဗစဿ** – ဆိုနိုင်ခဲသော၊ **အလဇ္ဇိဿ** – အလဇ္ဇိပုဂ္ဂိုလ်၏၊ **ပတိဋ္ဌာ** – မှီခိုကိုးကွယ်ရာသည်၊ **န** – မဖြစ်နိုင်။

(တိကိစ္ဆာစရိယဆေးဆရာကြီးက ဆေးဝါးမန္တရားဖြင့် ကုသမှုင်းမသည်ကို မခံလိုသောသူနာဗာလကဲ့သို့ ကိလေသာတည်းဟူသော အနာရောဂါလွန်စွာ စွဲရောက်သည်ဖြစ်လျက် ရှင်တော်ဘုရား၏ ဓမ္မောသဓဆေးတော်မြတ်ကို မသောက်စား မနာခံဘဲ မိုက်မဲတတ်လှ၏။ ယင်းသို့ မမိုက်မိစေရာ – ဟူလို။)

ယက္ခာဂါဟေန ဥမ္မာဒေါ၊ ဂူထကဥ္စ သုဘောဇနံ။
အင်္ဂိခန္ဓံ သုဝဏ္ဏဉ္စ၊ ပရိဝတ္တေန မညတိ။
တေန ဂူထံ ပရိဘုဉ္ဇေ၊ ပရိဝဇ္ဇေ သုဘောဇနံ။
အနာမသေ သုဝဏ္ဏမ္ပိ၊ အင်္ဂိခန္ဓမ္ပိ အာမသေ။
ရာဂဂါဟေန ဥမ္မာဒေါ၊ အလဇ္ဇီပိ စ တံသမော။

**ယက္ခဂါဟေန** – ဘီလူးဖမ်းသဖြင့်၊ **ဥမ္မာဒေါ** – အလွန်ရူးသွပ်သောပုဂ္ဂိုလ်သည်၊ **ဂူထကဥ္စ** – မစင်ကိုလည်းကောင်း၊ **သုဘောဇနဥ္စ** – ကောင်းသောဘောဇဉ်ကိုလည်းကောင်း၊ **အဂ္ဂိခန္ဓဥ္စ** – မီးကျီးခဲကိုလည်းကောင်း၊ **သုဝဏ္ဏဥ္စ** – ရွှေကိုလည်းကောင်း၊ **ပရိဝတ္တေန** – ပြန်လှန်သောအားဖြင့်၊ **မညတိ** – မှတ်ထင်တတ်၏။ **ယထာဘူတံ** – ဟုတ်မှန်သည့်အတိုင်း၊ **နဇာနာတိ** – မသိ၊ **တေန** – ထိုဖောက်လွဲဖောက်ပြန်ထင်မှတ်သည်၏အဖြစ်ကြောင့်၊ **သောဥမ္မာဒေါ** – သည်၊ **ဂူထမ္ပိ** – မစင်ကိုလည်း၊ **ပရိဘုဥ္ဇေ** – သုံးဆောင်မိရာ၏၊ **သုဘောဇနံ** – ကောင်းသောဘောဇဉ်ကိုလည်း၊ **ပရိဝဇ္ဇေ** – ဝေးစွာ ရှောင်ကြဉ်မိရာ၏။ **အဂ္ဂိခန္ဓမ္ပိ** – မီးကျီးခဲကိုလည်း၊ **အာမသေ** – သုံးသပ်ကောက်ယူမိရာ၏၊ **သုဝဏ္ဏမ္ပိ** – ရွှေရတနာကိုမူလည်း၊ **အနာမသေ** – မသုံးသပ်မကောက်ယူဘဲ ရှိနေမိတတ်၏၊ **ရာဂဂါဟေန** – ရာဂတည်းဟူသော ဘီလူးဖမ်းသဖြင့်၊ **ဥမ္မာဒေါ** – ရူးသွပ်သော၊ **အလဇ္ဇီပိ** – အလဇ္ဇီရဟန်းသည်လည်း၊ **တံသမော** – ထိုဖောက်လွဲဖောက်ပြန် အထင်မှားသော ဥမ္မာဒနှင့်တူသည်၊ **ဘဝေ** – ဖြစ်၏။

(အလဇ္ဇီပုဂ္ဂိုလ်သည် ဘီလူးဖမ်း၍ ရူးသောဥမ္မာဒနှင့် တူ၏။ ရွှေငွေစသော အကပ္ပိယ – ဘဏ္ဍာပစ္စည်း ပရိက္ခရာသည် မစင်စု မီးကျီးခဲနှင့်တူ၏၊ သီလသမာဓိ စသောသူတော်ကောင်းတို့၏တရားသည် ကောင်းမြတ်သော ဘောဇဉ်အရသာ ရွှေစင်ရတနာနှင့်တူ၏၊ သူရူးသည် ရွှေကိုမြင်လျှင် မီးတောက်မီးခဲထင်မှတ်သဖြင့် ရှောင်ကွင်း၍ သွားမိတတ်လေ့၏။ မီးတောက်မီးခဲကို မြင်လျှင် ရွှေငွေရတနာဟု ထင်မှတ်၍ ဆောလျင်စွာ သုံးသပ်ကိုင်ယူ မှားလေ၏။ ယင်းကဲ့သို့ပင် အလဇ္ဇီဒုပ္ပည အပ္ပသုတပုဂ္ဂိုလ်တို့သည်လည်း မှားခြင်းကြီး မှားတတ်လေ့၏။ ယင်းကဲ့သို့ မမှားရအောင်, ရှောင်ကြဉ်အပ်သည်ကို ရှောင်ကြဉ်မိအောင်, မြတ်နိုးအပ်သည်ကို မြတ်နိုးမိအောင် သတိမိမိရှိစေရာ၏ – ဟူလို။)

ဥမ္မာဒေါ ဒုဝိဓော ဟောတိ၊ သတေကိစ္ဆော အတေကိစ္ဆော။
သာသနေပိ စ သွာလဇ္ဇီ၊ သုဗ္ဗစောပိ စ ဒုဗ္ဗစော။

**လောကေ** – လောက၌၊ **ဥမ္မာဒေါ** – ရူးသောသူသည်၊ **သတေကိစ္ဆော** – ဆေးကုစား၍ ရကောင်းသော သူရူးတစ်ယောက်၊ **အတေကိစ္ဆော** – ဆေးဝါးမန္တရားတို့ဖြင့် ကုသ၍ မရကောင်းသောသူရူးသည်လည်းတစ်ယောက်၊ **ဣတိ** – ဤသို့၊ **ဒုဝိဓော** – နှစ်ပါးအပြားရှိသည်၊ **ဟောတိ** – ဖြစ်၏။ **သာသနေပိ** – သာသနာတော်၌လည်း၊ **သော အလဇ္ဇီ** – ထိုအလဇ္ဇီပုဂ္ဂိုလ်သည်၊ **သုဗ္ဗစောပိစ** – သိတင်းသုံးဖော်တို့ဆိုဆုံးမလွယ်သောပုဂ္ဂိုလ်လည်းတစ်ယောက်၊ **ဒုဗ္ဗစော** – သီတင်းသုံးဖော်တို့ ဆိုဆုံးမ၍ မရနိုင်သောပုဂ္ဂိုလ်လည်းတစ်ယောက်၊ **ဣတိ** – ဤသို့၊ **ဒုဝိဓော** – နှစ်ပါးပြားသည်၊ **ဟောတိ** – ဖြစ်၏။

(ဤလောက၌ လူတန်းစေ့ရုံမျှ မနေရမူ၍ ကံမကောင်းအကြောင်းမလှ သဖြင့် ရှုးသွပ်ခြင်းသည်ပင် ရှုံးချက်နာလှလေပြီ၊ တဖန် ဆေးကုစား၍ မရနိုင်အောင် အလွန်ရူးသွပ်သော အတေကိစ္ဆဉမ္မာဒဖြစ်ရသည်မှာကား ဆိုဖွယ်ရာမရှိ၊ လူဖြစ်တစ်ဘဝရှုံးခြင်းကြီး ရှုံးလေတော့သည်၊ ယင်းနည်းအတူ သာသနာတော်၌ လည်း ဘုရားသားတော်တကာတို့တွင် ရဟန်းတကာတို့နှင့် မတူမူ၍ ကိလေသာ မာရ် ရန်သူဖျက်ဆီးသဖြင့် သီလပျက်စီး၍ အလဇ္ဇီဖြစ်ရခြင်းသည်ပင် ရှုံးချက် အလွန်နာလှလေပြီ၊ တဖန် ဆိုဆုံးမ၍မရသော အလဇ္ဇီ ဒုဗ္ဗစ ဖြစ်ပြန်ခဲ့သော် အတေ ကိစ္ဆဉမ္မာဒကဲ့သို့ မဟာဇာနိယဖြစ်၍ အလွန်ရှုံးခြင်းကြီးရှုံးရာ၏။ ယင်း ကဲ့သို့မဖြစ် စေရာ – ဟူလို။) (နေယျတ္ထ)

သကုဏာ ဝိဠ္ဈိယံ ကဏ္ဍံ၊ န ဥဒ္ဓရန္တိ အညောညံ။
ဗျာဓေမွိ န ကိစ္ဆန္တိ၊ န ပတိဋ္ဌာတိ အညောညံ။
ယတယောပိ အနောဝါဒါ၊ အညမညံ အပ္ပတိဋ္ဌာ။
အပဏ္ဍိတာ အလဇ္ဇိနော၊ သဟာယာ တံသဘာဂါ စ။

လောကေ – လောက၌၊ သကုဏာ – ငှက်တို့သည်၊ အညောညံ – အညော အညဿ – အချင်းချင်း၊ ဝါ – တစ်ကောင်သည် တစ်ကောင်အား၊ ဝိဠ္ဈိယံ – စူးဝင် အပ်သော၊ ကဏ္ဍမွိ – မြှားကိုလည်း၊ န ဥဒ္ဓရန္တိ – မနုတ်တတ်ကြကုန်၊ ဗျာဓေ – နာကျင်လှစွာသော မိမိအနာ သူတစ်ပါးအနာကိုသော်လည်း၊ န ကစ္ဆန္တိ – ဆေး မကုတတ်ကုန်၊ အညောညံ – အချင်းချင်း၊ ဝါ – တစ်ကောင်သည် တစ်ကောင် ၏၊ ပဟိဋ္ဌံ – မှီခိုကိုးကွယ်ရာသည်၊ န ဟောန္တိ – မဖြစ်ကုန်၊ သာသနေပိ – သာသနာ တော်၌လည်း၊ အညမညံ – အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား၊ အနောဝါဒါ – ဆိုဆုံးမလေ့ မရှိကုန်သော၊ အပဏ္ဍိတာ – ပညာမဲ့ကုန်သော၊ အလဇ္ဇိ နောသဟာယာ – အလဇ္ဇီအပေါင်းအသင်းအဖော်သဟဲသာဖြစ်ကုန်သော၊ အညမညံ – အချင်းချင်း တစ်ယောက်သည် တစ်ယောက်၏၊ အပတိဋ္ဌာ – မကိုးကွယ်မှီခိုရာ မဖြစ်နိုင်ကြကုန်သော၊ ယတယောပိ – ရဟန်းတို့သည်လည်း၊ သကျပုတ္တာ – ဘုရား သားတော်ဖြစ်ပါကုန်လျက်၊ တံသဘာဂါ – ထိုတစ်ကောင်သည် တစ်ကောင်အား မကယ်ဆယ်နိုင်သော မြှားမှန်သောငှက်အပေါင်းနှင့် တူကုန်သည်၊ ဟောန္တိ – ဖြစ်ကုန်၏။

(ရှင်တော်ဘုရား သားတော်တို့၏ ပရိသတ် အစည်းအဝေးဖြစ်လျက် တောကြက်တောငှက် ပရိသတ်ကဲ့သို့ မရှိစေရာ၊ အချင်းချင်း စူးဝင်သော မြှားကို မနုတ်ယူတတ်သည်ဖြစ်၍ မြှားတန်းလန်းဖြင့်သာ သေကြရကုန်သော တောကြက်

တောငှက်ကဲ့သို့ အချင်းချင်း ဆုံးမသွန်သင်ခြင်းမှ ကင်းသည်ဖြစ်၍ အလဇ္ဇီ အကျင့်တည်းဟူသော မွှားတံဖြင့်သော သေကြတတ်လှကုန်၏။ ယင်းသို့ မသေစေရာ – ဟူလို။)

**အညမညံ နုဒ္ဒရန္တိ၊ ပပါတေ ပတိကာ မဂါ။**

**ဒုမ္မေဓိနော ဗဟူ ဗာလာ၊ တံသဘာဂါ အလဇ္ဇိနော။**

**ပပါတေ** – ကမ်းပါးပြတ်၌၊ **ပတိတာ** – ကျရောက်ကုန်သော၊ **မဂါ** – သားတို့သည်၊ **အညမညံ** – အချင်းချင်း တစ်ကောင်သည် တစ်ကောင်အား၊ **နုဒ္ဒရန္တိ** – မထုတ်ဆယ်နိုင်ကြကုန်၊ **ဒုမ္မေဓိနော** – ပညာနည်းပါးကုန်သော၊ **ဗဟူ** – များစွာကုန်သော၊ **ဗာလာ** – မလိမ္မာကုန်သော၊ **အလဇ္ဇိနော** – အလဇ္ဇီပုဂ္ဂိုလ်တို့သည်၊ **တံသဘာဂါ** – ထိုကမ်းပါးပြတ်၌ ကျရောက်သည်ဖြစ်၍ တစ်ကောင်သည် တစ်ကောင်အား မကယ်ဆယ်နိုင်သော တောသား တောင်ါးနှင့်တူကုန်သည်၊ **ဟောန္တိ** – ဖြစ်ကုန်၏။

(မဟာမုနိ၏ ပရိသတ်ဖြစ်လျက် တောသားတောင်ါးတို့ကဲ့သို့ တစ်ယောက်သည် တစ်ယောက်အား ဩဝါဒအနုသာသနီမှကင်း၍ မနေမိစေရာ – ဟူလို။) (ဗျဂ္ဃိုတ္ထ။)

**အညမညဿ ကာကာပိ၊ ဘယုပ္ပန္နေ မဟာသဒ္ဒံ။**

**ဝိရဝန္တိ ဒယာမေတ္တာ၊ အညမညမ္ပိ သောစန္တာ။**

**အညမညံ အသောစန္တာ၊ ယတယော တေ တတော ဗာလာ။**

**ကာကာပိ** – အဟိတ် တိရစ္ဆာန်ဖြစ်သော ကျီးငှက်တို့ပင်သော်လည်း၊ **အညမညဿ** – အချင်းချင်း တစ်ကောင်သည် တစ်ကောင်အား၊ **ဘယေ** – မွှားမှန်ခြင်းစသော ဘေးသည်၊ **ဥပ္ပန္နေ** – ဖြစ်လာသည်ရှိသော်၊ **ဒယာမေတ္တာ** – ဒယာမေတ္တာယ – သနားချစ်ခင် ကြင်နာသောစိတ်ဖြင့်၊ **မဟာသဒ္ဒံ** – သည်းစွာသောအသံကို၊ **ဝိရဝန္တိ** – ဝန်းဝိုင်းရံပတ် မြည်တမ်းကြကုန်သေး၏။ **အညမညံ** – အချင်းချင်း တစ်ကောင်သည်တစ်ကောင်အား၊ **သောစန္တာပိ** – စိုးရိမ်ပူပန်တတ်ကုန်သည်လည်း၊ **ဟောန္တိ** – ဖြစ်ကုန်၏၊ **သကျပုတ္တာ** – ရှင်တော်ဘုရားသားတော်တို့ဖြစ်ပါကုန်လျက်၊ **အညမညံ** – အချင်းချင်း တစ်ပါးသည်တစ်ပါးအား၊ **အသောစန္တာ** – အပါယ်ဘယဘေးဒုက္ခသို့ ကျရောက်လတ္တံ့သည်မှ မစိုးရိမ် မကြောင့်ကြတတ်ကုန်၊ **တေယတယော** – ထိုအချင်းချင်း ဆုံးမမြစ်တားခြင်းမှ ကင်းကုန်သော မဟာမုနိတို့သည်၊ **တတောတေဟိ ကာကေဟိ** – ထိုကျီးအပေါင်းတို့ထက်၊ **ဗာလာ** – မလိမ္မာကုန်သည်၊ **ဟောန္တိ** – ဖြစ်ကုန်၏။

(သကျပုတ္တ မဟာသမဏ ပရိသတ်အစည်းအဝေးဖြစ်တပြီးလျက် ကျီးငှက်လောက်မှ ကြောင့်ကြ စိုးရိမ်ခြင်းမရှိ၊ အချင်းချင်း တားမြစ်ခြင်းမှ ကင်းလျက်

အမှတ်မဲ့ မနေမိကြစေရာ၊ ရှင်တော်ဘုရား သားတော်ဖြစ်လျက် ကျိုးငှက်လောက်မျှ မလိမ္မာဘဲ မရှိစေရ – ဟူလို။)

နေကသတာပိ ဥမ္မာဒါ၊ တံ ရောဂံ အညမညဿ။

န သမေန္တိ န ကိစ္ဆန္တိ၊ တံသဘာဂါ ဗဟူ ဗာလာ။

ဥမ္မာဒါ – သူရူးတို့သည်၊ နေကသတာပိ – အရာမက များစွာ စုဝေးမိကြကုန်သော်လည်း၊ အညမညံ – အချင်းချင်း တစ်ယောက်သည်တစ်ယောက်၏၊ တံရောဂံ – ထိုရူးသော ဝေဒနာကို၊ န သမေန္တိ – မငြိမ်သက်စေတတ်ကုန်၊ န ကိစ္ဆန္တိ – ဆေး မကုတတ်ကြကုန်၊ ဝါ – ကုစားတတ်သူတစ်စုံတစ်ယောက်မျှ မပေါ်လာနိုင်ကုန်၊ ဥမ္မတ္တာဝ – တရူးတည်းရူးကြကုန်သည်သာလျှင်တည်း၊ ဗဟူ – များစွာကုန်သော၊ ဗာလာ – မလိမ္မာကုန်သော၊ ဝါ – မောဟတည်းဟူသော ရူးရည်, ရူးသွေးဝင်ကုန်သော၊ တေ ယတယော – ထိုညီညွတ်တိုင်ပင် သွန်သင်ဆုံးမခြင်းမှ ကင်းကုန်သော အလဇ္ဇီ ရဟန်းတို့သည်၊ တံသဘာဂါ – ထိုဥမ္မာဒပရိသတ်နှင့် အလားတူကုန်သည်၊ ဟောန္တိ –ဖြစ်ကုန်၏။

(အနုတ္တရ ဓမ္မရာဇာ၏သားတော်ဖြစ်လျက် သူရူးတွေစု၍ နေသကဲ့သို့ မဖြစ်စေရာ၊ ရှင်တော်ဘုရား သားတော် သကျပုတ္တ မဟာသမဏာပီပီ လျောက်ပတ်သော အခါကာလတို့၌ အချင်းချင်း ညီညွတ်တိုင်ပင် သွန်သင်ဆုံးမနေရာ၏ ဟူလို။)

ပါပကမ္မာ န ဟိရန္တိ၊ နေသာဒါ အညမညဿ။

ပါပဓမ္မာ အဟိရန္တာ၊ ဒုမ္မေဓိနော သဘာဂါတံ။

လောကေ – လောက၌၊ နေသာဒါ – တံငါမုဆိုးတို့သည်၊ ပါပကမ္မာ – ယုတ်မာသောတံငါမုဆိုးတို့အမှုမှ၊ အညမညဿ – အချင်းချင်းအား၊ န ဟိရန္တိ – အရှက်မရှိကုန်၊ သာသနေပိ – သာသနာတော်၌လည်း၊ ပါပဓမ္မာ – ယုတ်မာသော အကျင့်မှ၊ အဟိရန္တာ – အရှက်မရှိကုန်သော၊ ဒုမ္မေဓိနော – ပညာနည်းပါးကုန်သော၊ မုနယောပိ – ရဟန်းတို့သည်လည်း၊ တံသဘာဂါ – ထိုတံငါမုဆိုးတို့၏ အလားတူလျှင်အလားရှိကုန်သည်၊ ဟောန္တိ – ဖြစ်ကုန်၏။

(မဟာမုနိ သားတော်ဖြစ်လျက် နေသာဒ ဗာလတို့ကဲ့သို့ မရှိစေရာ – ဟူလို။)

သုခံ ဣစ္ဆန္တိ သတ္တာ နော၊ သေန္တိ သုခိတံ ဓမ္မံ။

တထာ ဘာယန္တိ သတ္တာ နော၊ စရန္တိ နိဘယံ မဂ္ဂံ။

သတ္တာ – သတ္တဝါတို့သည်၊ သုခံ – ချမ်းသာခြင်းကို၊ ဣစ္ဆန္တိ – အလိုရှိကုန်၏၊ သုခိတံ – ချမ်းသာခြင်းကို ဖြစ်စေတတ်သော၊ ဝါ – ချမ်းသာခြင်းအကြောင်းဖြစ်သော၊

ဓမ္မံ – သူတော်ကောင်းတို့၏ တရားကို၊ နော သေန္တိ – မရှာမဆည်းပူးနိုင်ကြကုန်၊ သတ္တာ – သတ္တဝါတို့သည်၊ ဘယာ – ဘေးမှ၊ ဘာဟန္တိ – ကြောက်ကုန်၏၊ နိဘယံ – ဘေးကင်းရာဖြစ်သော၊ မဂ္ဂံ – နိဗ္ဗာန်လမ်းကြောင်းသို့၊ နော စရန္တိ – မသွားနိုင်ကုန်။

အတ္တနာ ဣစ္ဆိတံ ကမ္မံ၊ ဝေရိဟတ္ထဂတာ ဇနာ။
န ကရောန္တိ ဇနာ အန္ဓာ၊ န ဂစ္ဆန္တိ ဘူတံ ဝီထိံ။
ယထိစ္ဆိတံ အနေသန္တာ၊ တံသဘာဂါပိ တေ သတ္တာ။

ဝေရိဟတ္ထဂတာ – စစ်သူတဖက် ရန်သူ့လက်သို့ ရောက်ကုန်သော၊ ဝါ – ရန်သူဖမ်း၍သွားအပ်ကုန်သော၊ ဇနာ – လူတို့သည်၊ အတ္တနာ – မိမိသည်၊ ဣစ္ဆိတံ – အလိုရှိအပ်သော၊ ကမ္မံ – စီးပွားချမ်းသာလုပ်ဆောင်မှုကို၊ န ကရောန္တိ – မပြုနိုင်ကုန်၊ အန္ဓာ – ကန်းကုန်သော၊ ဇနာ – လူတို့သည်၊ ဝါ – အန္ဓဇနာ – သူကန်းတို့သည်၊ ဘူတံ – ဟုတ်မှန်တိုင်းသော၊ ဝီထိံ – ဘေးကင်းရာလမ်းမှန်လမ်းကြောင်းသို့၊ န ဂစ္ဆန္တိ – မသွားနိုင်ကုန်၊ အတ္တနာ – မိမိသည်၊ ယထိစ္ဆိတံ – အလိုရှိအပ်သော၊ သုခံ – လောကီ လောကုတ္တရာ ချမ်းသာနှစ်ပါးကို၊ အနေသန္တာ – မရှာမဆည်းပူးနိုင်ကုန်သော၊ ဒုမ္မေဓိနော – ပညာမျက်စိ ကန်းကုန်သော၊ တေ သတ္တာပိ – ထိုသတ္တဝါတို့သည်လည်း၊ တံသဘာဂါ – ထိုရန်သူမိသော ပုရိသ သူကန်း အန္ဓဇနနှင့်အလားတူကုန်သည်၊ ဟောန္တိ – ဖြစ်ကုန်၏။

(လောက၌ စီးပွားချမ်းသာရှာဖွေလုပ်ဆောင်အံ့သောငှာ သွားသော ပုရိသသည် ရန်သူဖမ်း၍ နှိပ်စက်ဖျက်ဆီးသဖြင့် အလိုရှိအပ်သော စီးပွားချမ်းသာကို ရှာခွင့် မရသကဲ့သို့ ကိလေသာရန်သူ ဖမ်းဆီးနှိပ်စက်သဖြင့် မိမိအလိုရှိအပ်သော လောကီ လောကုတ္တရာအကျိုးနှစ်ပါးကို မရှာဖြစ်, မရှာမိ, မရှာနိုင်ဘဲ ကိလေသာဟူ ရန်သူလက်ထဲ၌သာ နိဗ္ဗာပါရ နေမိတတ်လေ၏။ ယင်းကဲ့သို့ မနေမိစေရာ၊ စက္ခု ကွယ်သော သူကမ်းပုရိသသည် ဟုတ်မှန်တိုင်းသော ဘေးကင်းရာလမ်းမှန်သို့ မကျနိုင်သကဲ့သို့ ပညာစက္ခုကန်းသဖြင့် ဟုတ်မှန်တိုင်းသော သဒ္ဓမ္မာစာရလမ်းစ သို့ မလိုက်မိမူ၍ ပါပဓမ္မတည်းဟူသော အပါယ်လမ်းမသို့ လိုက်မှားမိတတ်လေ၏။ ယင်းကဲ့သို့လည်း မလိုက်မှားမိစေရာ – ဟူလို။)

ဒုက္ခေဟိ ဘာယတ္တာ သတ္တာ၊ ပါရမီနံ န ပူရေန္တိ။
ဗောဓိသတ္တာ တု ပူရေန္တာ၊ ဝရံ ဂစ္ဆန္တိ နိဗ္ဗာနံ။
နိဘယံ ဘာယန္တာ သတ္တာ၊ န မုစ္စန္တိ ဘယာ ဒုက္ခာ။
ဝဋ္ဋဒုက္ခေ နိမုဂ္ဂါဝ၊ ဘဝါဘဝေ ပုနပ္ပုနံ။

သတ္တာ – သတ္တဝါတို့သည်၊ ဒုက္ခေဟိ – ဆင်းရဲအံ့သည်တို့မှ၊ ဘာယတ္တာ – ကြောက်ကုန်သည်၏အဖြစ်ကြောင့်၊ ပါရမီနံ – ဒါနစသော ပါရမီတို့ကို၊ န ပူရေန္တိ –

မဖြည့်ကျင့်နိုင်ကြကုန်၊ **ဗောဓိသတ္တာ တု** – အလောင်းတော်တကာတို့သည်ကား၊ **ဒုက္ခေဟိ** – ဆင်းရဲအံ့သည်တို့မှ၊ **အဘာယတ္တာ** – မကြောက်ကြကုန်သည်၏အဖြစ်ကြောင့်၊ **ပါရမိနံ** – ဒါနသီလ စသော ပါရမီတို့ကို၊ **ပူရေန္တာ** – ဖြည့်ကျင့်ကုန်သည်ဖြစ်၍၊ **ဝရံ** – ဘေးခပ်သိမ်းတို့၏ ကင်းငြိမ်းရာဖြစ်၍ အလွန်မြတ်သော၊ **နိဗ္ဗာနံ** – ခေမာသောင်ကမ်း နိဗ္ဗာန်နန်းသို့၊ **ဂစ္ဆန္တိ** – လှမ်းရောက်နိုင်ကုန်၏၊ **နိဘာယံ** – နိဘာယိတဗ္ဗံ – ကြောက်သင့်သည်ကို, မကြောက်အပ်သော အနည်းငယ် ပါရမီဖြည့်ကျင့်ရသော ဆင်းရဲခြင်းကို၊ **ဘာယန္တာ** – ကြောက်ကုန်သော၊ **သတ္တာ** – သတ္တဝါတို့သည်ကား၊ **ဘယာ** – အပါယ်ဘေးမှ၊ **န မုစ္စန္တိ** – မလွတ်ကုန်၊ **ဒုက္ခာ** – သံသရာဝဋ်ဆင်းရဲမှ၊ **နမုစ္စန္တိ** – မလွတ်မြောက်နိုင်ကုန်၊ **ဝဋ္ဋဒုက္ခေ** – ဝဋ်ဆင်းရဲ၌၊ **ဘဝါဘဝေ** – ဘဝဆက်ကာ ဘ[illegible]ကက်ကာ၊ **ပုနပ္ပုနံ** – အဖန်ဖန်အထပ်ထပ်၊ **နိမုဂ္ဂါ** – တစ်နစ်တည်း နစ်ကြကုန်သည်သာလျှင်တည်း။

(မကြောက်သင့်သော ပါရမီဖြည့်ကျင့်ရသော အနည်းငယ်ဒုက္ခကို ကြောက်တတ်လှကြ၍ မဟာအဝီစိနိရယဒုက္ခနှင့် အဖန်ဖန် တွေကြုံနေကြရသည် – ဟူလို။)

ကြောင်ကိုက်မည်ကိုကြောက်၍ နောက်ဆုတ် နောက်ဆုတ်ပြုများသောကြောင့် ကျားနောက်ကလာ၍ ကိုက်လေသည် – ဟူလို၊ ကျားကိုက်မည်ကိုကြောက်လျှင် ကြောင်ကိုက်မည်ကို မထောက်သင့်ချေ၊ ပညာရှိ ကဝိတို့ သုံးစွဲယူနည်း ဥပဒေ။

သဒ္ဓါပသန္နကုလပုတ္တ အမျိုးသားတို့အား သဒ္ဓါတရား တက်ပွားစေခြင်းငှာ ရေးသားပြုပြင်စီရင်အပ်သော သီလဝိသောဓနီမည်မှန်း ဤသည့်ကျမ်းသည် ဤတွင် တခန်းအပြီးသတ်သည်။

ရွှေကျင်ဆရာတော်ထုတ်သည့်စာ နောင်လာသူတို့ အကျိုးတည်း။

*သက္ကရာဇ် ၁၂၄၆ ခု ကဆုန်လဆုတ် (၄) ရက်နေ့ (၃) ချက်တီးကျော် အချိန်တွင် သီလဝိသောဓနီ သညီမည်မှန်း ဤသည့်ကျမ်းသည်၊ နိဋ္ဌိတံ – ပြီးပြီ။*

# ပထမဧောဝါဒ စာတမ်း

ဆရာဩဝါဒစကား တရားရေအေးတိုက်ကျွေးလိုက်သည် – ရှိမူကား ရွာ ဒကာကြီးငယ်တစ်စုတို့ ...၊ ယခု တပည့်တပန်း ရဟန်းသံဃာတို့အား ဆရာ ဩဝါဒပေးထားလိုက်သည့်အတိုင်း မိမိတို့ဆရာများ အထူးနေရာကျအောင် ဒါယကာတို့တွက်တာ အားထုတ်သင့်သောအရာများကို အားထုတ်၍ မိမိတို့ကျေးရွာ၌ သာသနာတော် အထူးစင်ကြယ်ထွန်းလင်းအောင် ရှက်ဆောင်အားထုတ်ကြရမည့်အကြောင်း။

သာသနာတော် အတိမ် အနက်၊ ဆိုး ကောင်း၊ ယုတ် မြတ်ပုဂ္ဂိုလ်များကိုလည်း အထူးသိနိုင်ကြအောင်၊ ယခုဆရာပေးထားလိုက်သည့် ဩဝါဒစာတွင်ပါရှိသော ဝိနည်းအရာ၊ အထက်နတ်ရွာစံမင်းတရားကြီး ၁၂၁၇ ခုနှစ် ဆရာတော်ဘုရားကြီးများနှင့် တိုင်ပင်လျှောက်ထား ထုတ်ပြန်အပ်သော အမိန့်တော်ပြန်တမ်းကြီးတွင် ပါဝင်သော အလဇ္ဇီပါပဓမ္မအရာများကိုလည်း အတန်အရာ လူတို့ကြားဖူးနားဝရှိကြအောင် အထူးကြည့်ရှုမှတ်သားကြစရာ လွန်စွာကောင်းလှသည့်အကြောင်း။

ကိုးကွယ်သင့်၊ မကိုးကွယ်သင့်၊ ဆိုး ကောင်း၊ ယုတ် မြတ် မသိတတ် အမှတ်မဲ့ ကျောင်းကန်ဆောက်လုပ် ကိုးကွယ်ကြရာ အလဇ္ဇီမသူတော်များကို ကိုးကွယ်မိကြသည့်အခါ ထိုမိမိဆရာပုဂ္ဂိုလ်တို့က လဇ္ဇီသူတော်ကောင်းတို့၏ အပြစ်အာဒီနဝကို ပြောကြားနာခံရသဖြင့် မိမိတို့မှာ သူတော်ကောင်း ရဟန်းကောင်းတို့ကို မကိုးကွယ်ရရုံမက ထိုလဇ္ဇီသူတော်ကောင်းတို့အား ကဲ့ရဲ့ပြစ်မှား အပါယ်လားကြရမည့်အရာ လွန်စွာပေါများကြောင်း။

ဘုရားရှင့်လက်ထက်တော်အခါက မိစ္ဆာဒိဋ္ဌိများကို ကိုးကွယ်မှား၍ မိမိတို့ဆရာ ပူရဏကဿပ စသော မိစ္ဆာဒိဋ္ဌိတို့ထံမှ ဘုရားရှင့်အပြစ်ကို အခါခါကြားနာရသည့်အတွက် ၎င်းတကာတို့မှာ ဘုရားရှင်ကို မကိုးကွယ်ရရုံမက ဘုရားရှင်ကို ပြစ်မှား၍ အပါယ်လားကြသူတို့ပင် အလွန်ပေါများကြသည်ကို ထောက်ထားသဖြင့် ယခုအခါ ရဟန်းသာမန်တို့လက်ထက်မှာ မဆိုသာ လွန်စွာသတိထားကြရမည့်အကြောင်း။

ရာမညတိုင်း အောက်ပြည်မြို့ရွာတို့၌ စူဠ–မဟာ၊ ကံနှင့် ဒွါရကွဲပြားကြရာ မလိမ်မွာသော ဒကာအပေါင်းတို့ ဘုန်းကြီးကောင်းများကို ပြစ်မှားကဲ့ရဲ့အရွဲ့တစောင်းပြုသဖြင့် မှားခြင်းကြီးမှား၍နေကြသည့်အရာများလည်း ဤကဲ့သို့

ဆိုး ကောင်း၊ ယုတ် မြတ် မသိတတ်ရှာကြ၍သာ ဖြစ်ရှာကြသည့်အကြောင်း ယင်းကဲ့သို့ မမှားကြရအောင် အထူးသတိဆောင်ကြရမည့်အကြောင်း။

လယ်ကောင်း၊ လယ်ညံ့ကိုသိ၍ စပါးလုပ်မိမှသာ စပါးလုပ်ကျိုးနပ်သကဲ့သို့ ကိုးကွယ်သင့်၊ မကိုးကွယ်သင့် ဆိုး ကောင်း၊ ယုတ် မြတ်ပုဂ္ဂိုလ်တို့ကို သိတတ်မှ မိမိတို့ကျောင်းကန်ဆောက်လုပ်၍ ဘုန်းကြီးကိုးကွယ်ကျိုးနပ်နိုင်မည်။ ယင်းသို့ မသိတတ် အမှတ်မဲ့ အလဇ္ဇီဒုမ္မင်္ကုပုဂ္ဂိုလ်များကို ကျောင်းဆောက်ကိုးကွယ်မိသည့် အတွက် ဘုရားရှင်၏လက်ထက်တော်အခါ မိမိဆရာ၏စကားကို နာယူမှားသဖြင့် သူတော်ကောင်းရဟန်းများကို ကဲ့ရဲ့ပြစ်မှား၍ သေသည်မှ အခြားမဲ့၌ ယင်းမိမိ ကျောင်းတိုက်ရှိ ဝစ္စကုဋီအိမ် မစင်တွင်းထဲ၌ ဆရာ၊တကာနှစ်ဦးလုံး ပြိတ္တာကြီးများ ဖြစ်၍ အနှစ်များစွာ ပြိတ္တာဒုက္ခကို ခံနေကြရကြောင်းနှင့် ပေတဝတ္ထုပါဠိတော်တွင် လာသည့်အတိုင်း မဖြစ်ကြရအောင် သာသနာတော် အတိမ်၊ အနက်၊ ဆိုး၊ ကောင်း၊ ယုတ်၊ မြတ်ကို သိအောင်ပြသဖြင့် မိမိတို့အကျိုး သာသနာတော်အကျိုးနှစ်ပါး ပြီးစေခြင်းငှာ ယောနိသောမနသိကာရတရားများကို ကောင်းကောင်းကြီး နှလုံးထား၍ အလဇ္ဇီဒုမ္မင်္ကုပုဂ္ဂိုလ်တို့ကို အားပေးအားမြှောက် မပြုမိကြရအောင် ကြံဆောင် အားထုတ်နိုင်ကြလျှင် ယခုကဲ့သို့ အထက်ဓမ္မရာဇာသာသနာပြုမင်း ဦးစီးကင်း၍ နေသော်လည်း သာသနာပြုမင်းရှိသကဲ့သို့ပင် သာသနာတော် စင်ကြယ်ထိန်ဝင်း ထွန်းလင်းတောက်ပစရာ ရှိသေးသည့်အကြောင်း။

ဒါယကာတို့ ရှိမှုကား ရှာတွင် ဆရာရေးက သာသနာပြု ထွန်းလင်း ဖူးသည့်အတိုင်း ယခုလည်း အထူးထွန်းလင်းသဖြင့် ဘုန်းကြီးကိုးကွယ် လှူဒါန်း ရသော ဒါယကာတို့အား အကျိုးထူးဖြစ်ပွားကြရအောင် အားထုတ်ကြစေချင် ကြောင်း။

ယခုအခါ ပြည့်ရှင်မင်းကင်း၍ နေသည့်အတွင်း ခိုးသားဓားပြတွေ အလွန် နှိပ်နင်းတိုက်ဖျက်ခွင့်ရသကဲ့သို့ သာသနာပြု ပြည့်ရှင်မင်း ကင်းသည့်အခိုက် အလဇ္ဇီဒုမ္မင်္ကုပုဂ္ဂိုလ်တို့သာ လွန်စွာ အခွင့်ရသည်ဖြစ်၍ ဆိတ်တစ်ကောင်ကို ကျား တစ်ထောင် ကြောက်ရသည့် ကောသလမင်းကြီး အိပ်မက်ခန်း ဆိုက်သဖြင့် လဇ္ဇီသူတော်ကောင်းမှန်သမျှ အလွန်အားနည်းသည်ဖြစ်၍ အလဇ္ဇီပုဂ္ဂိုလ်တို့သာ လွန်စွာ အားရှိသဖြင့် –

"တစ္ဆေကို လူကပူး၊ ခွေးရူးက တုတ်ဆောင်" –

ဆိုသကဲ့သို့ ထိုလဇ္ဇီရဟန်းကောင်းကိုပင် အလဇ္ဇီဒုမ္မင်္ကု အစိုးရဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ပြုလုပ်ကြသူတို့၏ ဆင့်ဆိုဆုံးမ နှိပ်နင်းသည်များကို ခံနေကြရသည်

ဖြစ်၍ သာသနာတော် အလွန်အားနည်း၍နေသည့်အပေါ်တွင် သာသနာတော် အတိမ် အနက်၊ ဆိုး ကောင်း၊ ယုတ် မြတ် မသိတတ်ကြသူ လူဒါယကာ၊ လူ ဆင်းရဲ လူမွဲ၊ လူရတတ်၊ အထက်မှုးမတ်၊ အစိုးရမင်းတို့ပါ ယင်းသို့သော အလဇ္ဇီ ဒုမ္မုက် ပုဂ္ဂိုလ်တို့ကို လွန်စွာချီးမြှောက် ကျောင်းဆောက်ကိုးကွယ်၍ နေကြရုံမက အချို့သော အရပ်များ၌ များသောအားဖြင့် လဇ္ဇီသူတော်ကောင်းများကိုပင် ပြစ်တင် ကဲ့ရဲ့ချိုးဖဲ့ နှိပ်နင်းပြုပြန်ကြသည့်အတွက်ကြောင့် –

"မြွေကိုက်သည့်အပေါ်တွင် စုန်းနတ်ပယောဂ ဝင်စွက်ပြန်သည်" ဆို သကဲ့သို့နေသဖြင့် သာသနာတော်အရေးအရာတွင် လွန်စွာ အကြံခက်၍နေသော ကြောင့် အလုံးစုံအရပ်ရပ် သာသနာတော်တွက်တာကို ဆရာမတတ်နိုင်သော်လည်း ရေးနတ်ရွာစံ မင်းတရားကြီးလက်ထက်လဲ ကြားဖိုလ်များနှင့်တကွ သာသနာပြု ဖူး၍ အထူးထွန်းလင်းဖူးရာ ဒါယကာများ ရှိမူကား ရွာတွင် သာသနာတော်ဖြစ်ထွန်း ရန် ရှိသရွေ့ ဖြစ်ထွန်းစေဦးတော့ဟု အထူးနှလုံးပြုသဖြင့် ဒါယကာတို့အား အထူးကွက်မှတ်ပိုင်းခြား တရားရေအေး တိုက်ကျွေးလိုက်ကြောင်း။

ယခု ပေးထားလိုက်သော အရပ်ရပ် ဩဝါဒစာများကိုလည်း တောင် တောရကြီး သံဃာ၊ သရက်ချောင်၊ ဘုန်းပွင့်တိုက် သံဃာများ စည်းဝေးရွတ်ဖတ် ကြရာ ကျောင်းဒါယကာတို့နှင့်တကွ ရွာလုံးကျွတ် သွားလာနာခံကြစေချင်ကြောင်း များနှင့် ကရုဏာရေ့ထား တရားရေအေးတိုက်ကျွေးလိုက်သည် ရှိမူကား ရွာနေ ဆရာကိုယုံကြည်ကိုးစားရင်း ရှိကြသူ ဦးဖြူ၊ ဦးနက်မဆို ထိုထို ဒါယကာကြီး ငယ်တစ်စုတို့ ... ။

*၁၂၅၄ ခု၊ နယုန်လပြည့်ကျော် (၈) ရက်၊ သောကြာနေ့တွင်*
*မင်းကွန်းငွေတောင်တောရ ရွှေကျင်ဆရာတော် ဘုရားကြီး*
*ပထမောဝါဒစာတမ်းပြီး၏။*

✿

# ဒုတိယောဝါဒ စာတမ်း

ဆရာ ဒုတိယောဝါဒ ဓမ္မရေအေးတိုက်ကျွေးအပ်သည် ရှိမူကား ရွာ ဒါယကာကြီး ငယ်တစ်စုတို့ ...၊ ယခင်ဆရာပေးထား ဆုံးမအပ်သည့် ပထမော ဝါဒစာတမ်းတွင် သာသနာတော်ဖြစ်ဟန် အတိမ် အနက်၊ ဆိုး ကောင်း၊ ယုတ် မြတ်ကို ဂဟဋ္ဌဖြစ်သူ လူတို့လည်း အတန်အရာ သိနိုင်ကြမှ ကျောင်းကန် ဆောက်လုပ် ဘုန်းကြီးကိုးကွယ်လှူဒါန်းကျိုး အထူးရှိကြမည်ဟူသော အချက်ဝယ် သာသနာ အတိမ် အနက်၊ ဆိုး ကောင်း၊ ယုတ် မြတ်ကို အဘယ်သို့ သိအပ် သနည်းဟူသော် ဘုရားဝိနည်းတော်နှင့် မလျော်မညီ အလဇ္ဇီပြုကျင့်သည့် ပုဂ္ဂိုလ် ဟူသမျှသည်ပင် ပုဂ္ဂိုလ်ဆိုးချည်းတို့တည်း၊ ယင်းဝိနည်းတော်ဟူသည်လည်း –

"ကုလဒူသကောတိ ကုလာနိ ဒူသေတိ ပုပ္ဖေန ဝါ ဖလေန ဝါ" – အစ ရှိသော ပါရာဇိကဏ်ပါဠိတော်မြတ် (၂၈၁) အတိုင်း ရဟန်းတို့မှာ ဒါယကာ တို့အား ငှက်ပျောသီးပေးခြင်း၊ ထမင်းကျွေးခြင်း စသည်တို့ကို ပြုကျင့်မိက ထိုရဟန်းသည် ထိုဒါယကာတို့ကို မှိုင်းမချီးမြှောက်သည် မမည်၊ စင်စစ်မူကား ဖျက်ဆီးသည်သာ မည်လေတော့သည်။ ယင်းကုလဒူသနအားဖြင့် ထိုရဟန်းအား ထိုရပ်၊ ထိုရွာ၊ ထိုနေရာကျောင်းတိုက်မှ ပဗ္ဗာဇနိယ ဝိနည်းကံဖြင့် နှင်ထုတ်ကြရ မည်ဟု ဘုရားရှင် ပညတ်တော်မူသည်။ ရဟန်းတို့မှာ ဒါယကာတို့အား သစ်သီး ပေးခြင်း၊ ပန်းပေးခြင်း စသည်တို့ဖြင့် ကုလဒူသနအမှုကို ပြုကျင့်သည့်အခါ လာဘ်ကို မငဲ့မတောင့်တဘဲ အမှတ်မဲ့ပေးသည်ဖြစ်အံ့။ ကုလဒူသနဒုက္ကဋ် – အာပတ်တစ်ချက်၊ သဒ္ဓါဒေယျ ဝိနိပါတနဒုက္ကဋ်အာပတ်တစ်ချက်၊ လာဘ်ကို တောင့်တပြန်သည်ဖြစ်အံ့ အနေသန မိစ္ဆာဇီဝ အာပတ်တစ်ချက်အားဖြင့် ရှေးဦးစွာ အာပတ် (၂) ချက်၊ (၃) ချက် သင့်သည်။

ထို့နောင် ထိုဒါယကာတို့ ပစ္စည်းဝတ္ထုကို အလှူခံ၍ သုံးဆောင်သည့်အခါ ဆွမ်းစားရာဝယ် ဆွမ်းလုတ်တိုင်း ဆွမ်းလုတ်တိုင်း၊ သင်္ကန်းကိုင်ရာ သင်္ကန်းကို ပြင်၍ ဝတ်တိုင်း ရုံတိုင်း၊ ကျောင်းပေါ်သို့ တက်တိုင်း တင်တိုင်း၊ နေထိုင်သွားလာ တိုင်း ဒုက္ကဋ်အာပတ်တွေ အချေ်ယမက အခါခါ အထပ်ထပ် သင့်နေသဖြင့် ထို ပုဂ္ဂိုလ် ထိုရဟန်းမှာ မိစ္ဆာဇီဝဆေးကုနည်းဖြင့် မကုသရွေ့၊ ထိုအမှုကို မရှောင်ကြဉ် သရွေ့ ကာလပတ်လုံး ထိုအလဇ္ဇီအမှုမှ မထမြောက်နိုင်ဖြစ်လေတော့သည်။

နေလွှဲအခါ ဆေးဝါး၊ ကွမ်းစားပြုမိသူတို့မှာ ပြောပလောက်သော အနာ ရောဂါရှိ၍ စားသောက်သည်မှတစ်ပါး စားတိုင်းဝါးတိုင်း၊ ဆေးရည် ကွမ်းရည်

လည်မျိုတစ်ဘက်သို့ ဝင်တိုင်းဝင်တိုင်း ဝိကာလဘောဇနသိက္ခာပုဒ် ဒုက္ကဋ်ဝါရဖြင့် ဒုက္ကဋ်အာပတ်သင့်သည်၊ ထိုပုဂ္ဂိုလ် ထိုအမှုမှ ရှောင်ကြဉ်ပါတော့မည်ဟု အာယတိသံဝရ မရှိသရွေ့ကာလပတ်လုံး ထိုကွမ်းစား၊ ဆေးဝါးမှု အလဇ္ဇီအဖြစ်မှ မထနိုင်။

ရဟန်းတို့မှာ ပြောပလောက်သော အနာအကြောင်း မရှိဘဲလျက် မြို့တွင်း၊ ရွာတွင်းတို့၌ ဖိနပ်စီး၍ မသွားကောင်း၊ သွားလျှင် ဘဝါးလှမ်းတိုင်း၊ လှမ်းတိုင်း ဒုက္ကဋ်အာပတ်သင့်သည်၊ ထိုအမှုကို ထိုပုဂ္ဂိုလ်နောင်ရှောင်ပါတော့မည်ဟု အာယတိသံဝရ မရှိသရွေ့ ကာလပတ်လုံး ထိုဖိနပ်စီးခြင်း အလဇ္ဇီအမှုမှ မထနိုင်။

မအပ်သော ဆိုးရည်ရှိသော နန္ဒင်းဆိုး၊ ပေါက်ပွင့်ဆိုး၊ ပိုး၊ ပိတ်နီ၊ သက္ကလတ်သင်္ကန်း၊ မဟာလှေကားပန်းထက်မက အရောင်အဆင်းရှိသော ဖဲကတ္တီပါသင်္ကန်းတို့ကို ဝတ်ရုံမိသည်ဖြစ်အံ့ – ဝတ်ရုံတိုင်း ဝတ်ရုံတိုင်း၊ ထိုသင်္ကန်းကို ပြင်ဆင်၍ ဝတ်တိုင်းရုံတိုင်း ဒုက္ကဋ်အာပတ်များစွာ သင့်သည်။ ထိုအမှုကို တိုပုဂ္ဂိုလ် မရှောင်ကြဉ်သရွေ့ကာလပတ်လုံး ထိုသင်္ကန်းရုံ–အလဇ္ဇီအမှုမှ အချင်းခပ်သိမ်းမထနိုင်။

ရဟန်းတို့မှာ ဆွမ်း၊ သင်္ကန်း ပရိက္ခရာများကို မဖိတ်မကြားသော အပ္ပဝါရိတ ဒါယကာ၊ အဆွေမတော်ရာ ဒါယကာလူတို့အား ဝိညတ်အားဖြင့် တိုက်ရိုက်မတောင်းကောင်းရုံမက ကျောင်း၌ဆွမ်းရှားသည်၊ သင်္ကန်းနွမ်းပါးသည်ဟူ၍ ဒါယကာတို့ရှေ့ ပရိယာယ်၊ ဩဘာ၊ နိမိတ်ကိုမျှ မပြုကောင်း၊ ယင်းသို့ပြုလျှင် ပြုချင်း အနေသနဒုက္ကဋ်အာပတ်သင့်သည်။ ထိုဆွမ်း၊ သင်္ကန်းတို့ကို သုံးဆောင်သည့်အခါ ဆွမ်းစားစဉ်လုတ်တိုင်းလုတ်တိုင်း သင်္ကန်းဝတ်ရာ သင်္ကန်းပြင်၍ ဝတ်တိုင်းဝတ်တိုင်း အာပတ်သင့်သည်။ ထိုအမှုကို ထိုပုဂ္ဂိုလ် မရှောင်ကြဉ်သရွေ့ ကာလပတ်လုံး ထိုအလဇ္ဇီအမှုမှ မထမြောက်နိုင်၊ ထာဝရအလဇ္ဇီကြီး ဖြစ်ဖြစ်၍ နေလေတော့သည်။ မိမိထံ ရှင်ပြုလာသမျှ ပဉ္စင်းခံလာသမျှ ပုဂ္ဂိုလ်တို့လည်း ယေဘုယျအားဖြင့် မိမိကဲ့သို့ အလဇ္ဇီချည်းဖြစ်ကြလေတော့သည်။

အထက်အစိုးရပုဂ္ဂိုလ်တို့တွင် အလဇ္ဇီဖြစ်အံ့၊ ထိုပုဂ္ဂိုလ်တို့ထံ မျက်နှာလိုလား သွားလာဆည်းကပ် စားသောက်သုံးဆောင် လက်ဆောင်ပေးလှူ အရာခံယူကြသူ ပုဂ္ဂိုလ်ဟူသမျှ အရာအထောင်မက အလဇ္ဇီချည်းသာ ဖြစ်ကြရလေသည်။ ၎င်းအစိုးရပုဂ္ဂိုလ်တို့ထံ ကြေးငွေလက်ဆောင်ထိုး၍ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်အရာခံကြပြီးကာ ၎င်းဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ပြု၍ လဇ္ဇီရဟန်းကောင်းတို့ကို ချိုးဖဲ့နှိပ်နင်းဆင့်ဆိုခေါ် ငွေလက်ဆောင်စား၍ တရားမဟုတ် စီရင်ကြသဖြင့် အလွန်

အပြစ်ကြီးစွာ မဟာသာဝဇ္ဇ မဟာအလဇ္ဇီ ဗိုလ်ချုပ်ကြီးတိုင်အောင် ဖြစ်ကြလေသည်။ ဤသို့ အလဇ္ဇီဗိုလ်ချုပ်ပြု၍ လဇ္ဇီရဟန်းကောင်းတို့ကို ဆင့်ဆိုခေါ်ချ အဓမ္မ၊ အဝိနယကို အခါခါပြု၍ သာသနာတော်ကို ဖျက်ဆီးနေထိုင်ကြသော အလဇ္ဇီ ဗိုလ်ချုပ် မဟာအလဇ္ဇီပုဂ္ဂိုလ်တို့အား အလဇ္ဇီပုဂ္ဂိုလ်မှန်း အထင်အရှား အများ သိကြလျက်၊ သိလောက်လျက် မသိလျှင် မောဟာဂတိ၊ သိပါလျက်လည်း လောကမျက်နှာ ဆန္ဒာဂတိလိုက်သဖြင့် အမြဲကျောင်းဆောက် ကိုးကွယ် အားပေး အားမြှောက်ပြုမိကြသူ လူဒါယကာတို့မှာလည်း သာသနာတော် ပျက်စီးကြောင်းကို ပြုမိသည့်အတွက် အလဇ္ဇီပဂ္ဂဟ ဒါယကာဗာလဖြစ်သဖြင့် "မုဆိုးအားပေး မုဆိုး ခွေး" အလား မှားခြင်းကြီးမှား၍နေကြသူသာ အလွန်ပေါများလျက် ရှိကြောင်း။

ယင်းသို့ ဆရာဗာလတို့ကို စွဲ၍ ယခုအခါ ဘုရားသာသနာတော် အလွန် ပျက်စီး အကျိုးကြီးနဲ၍နေသည့်အခိုက်တွင် အထက်နတ်ရွာစံ မင်းတရားကြီး လက်ထက် သာသနာပြုဖူးရာ ဆရာ၏တရားစကားများကို အခါခါ ကြားနာဖူး သော ရှိမူကား ကျေးရွာ ဒကာလိမ္မာတို့လည်း အများနည်းကူ မိုးခါးရေသောက် မမှောက်မှားကြရအောင် အထူးသတိဆောင်အပ်ကြသည့် အကြောင်း။

သည်မှတစ်ပါး ကုသိုလ်ကိုလိုလား၍ အလှူဒါနပြုလုပ်ကြရာ ရပ်သေး၊ ဇာတ်သဘင်တို့နှင့်တကွ ပြုမိကြလျှင် "အဆိပ်နှင့်ရောသော ဘောဇဉ်၊ မစင်နှင့် ရောသော ဝက်သား" ကဲ့သို့ "ကုသိုလ်တစ်ပဲ၊ ငရဲတစ်ခွဲ" နေတတ်ကြသည် ဖြစ်၍ ယင်းသို့လည်း မမှားကြရအောင် သတိအထူးဆောင်အပ်လှသည့်အကြောင်း၊ မိမိတို့အလှူပေးသည့်အတွက် ကြက်၊ ဝက် တိရစ္ဆာန်အများ မသေရအောင်လည်း သတိအထူးဆောင်အပ်လှသည့်အကြောင်း။

ဥပုသ်သီလစောင့်ထိန်းကြသည့်အခါ၌လည်း အနာမဲ့နေလွဲ ကွမ်းစား ဆေးဝါး ဆေးသောက်၊ အကြောင်းမဲ့ အဖျော်ရေည်သာက်အမှုတို့ကို ပြုမိသည့် အတွက် မိမိတို့တစ်ရံတစ်ခါ စောင့်ရှောက်ရသည့် သီလညှိုးနွမ်းပျက်စီးမရှိကြ ရအောင် အထူးသတိဆောင်အပ်လှကြောင်း၊ ယင်းသို့ ဥပုသ်စောင့်သုံးကြသည့်အခါ မဂ်ဖိုလ်မှ ဖီလာဖြစ်သော တိရစ္ဆာနကထာ၊ ထမင်းစကား၊ ဟင်းစကား၊ စစ်မက် စကား စသော တရားအလွတ်စကားများကို မပြောကြားမိစေရ၊ ဒေါသမာန မာန်စောင်ချ၍ အရိယဥပုသ်ကောင်းကောင်းကြီးမြောက်အောင် အထူးသတိ ဆောင်အပ်လှကြောင်း။

ယင်းသို့ စောင့်အပ်သော ဥပုသ်သီလအကျိုးကိုလည်း နတ်စည်းစိမ်ဒုက္ခကို မတောင့်တဘဲ နိဗ္ဗာန်ချမ်းသာကိုသာ လွန်စွာတောင့်တ၍ စောင့်မိကြအောင် အထူး

ဆောင်ကြရမည့်အကြောင်းများနှင့် ဆရာ တရားရေအေးတိုက်ကျွေးလိုက်သည် ရှိမူကား ကျေးရွာ ဒါယကာကြီးငယ်တစ်စုတို့ . . . ။

ဆိုအပ်ခဲ့ပြီးသော ကုလဒူသနအရာဝယ် –

**"အပစ္စာသိသသန္တေနာပိ ဒါတုံ န ဝဋ္ဋတိ၊ သဒ္ဓါဒေယျနိနိပါ – တတ္ထာ။ ပစ္စာသာယ ပန သတိ ကုလဒူသနံပိ ဟောတိ"** – ဟု လာဘ်ကိုင်၍ ပေးမှ ကုလဒူသနဖြစ်သည့် အခြင်းအရာအားဖြင့် ဝိမတိဋီကာ (၁၊၂၃၇) လာသော်လည်း ၎င်းအတိုင်း ပါဠိ၊ အဋ္ဌကထာ၊ တေရသကဏ်ဋီကာ၊ ဝဇီရဗုဒ္ဓိဋီကာကြီးတို့၌ မလာ။

"သစေ ပန ကုလသင်္ဂဟတ္ထာယဒေတိ၊ ကုလဒူသနဒုက္ကဋံ (ဝိ၊ ဠ၊ ၁၊ ၃၃၆)" – စသည်ဖြင့် သာမညသာလာသောကြောင့် လာဘ်ကိုမငဲ့သော်လည်း ဒါယကာတို့ သဒ္ဓါတရား ပျက်စီးကြောင်း ဖြစ်တော့သည်ဖြစ်၍ ကုလဒူသန အာပတ်သင့်ကြောင်းနှင့် ငါတို့ကျေးဖူးရှင် မြောက်ဘက် သီးလုံးဆရာတော်၊ နတ်ရွာစံမင်းတရားကြီး ဆရာသာသနာပြု ရှမ်းကလေးကျွန်းဆရာတော်တို့ မိန့်ဆိုဆုံးဖြတ်အပ်သည့်အတိုင်း လာဘ်ကိုမငဲ့ မတောင့်တသော်လည်း ကုလဒူသနဒုက္ကဋ် အာပတ်သင့်တော့သည်။ ယင်းသို့ ကုလဒူသနဖြစ်လျှင်လည်း –

**"ဣမေဟိ ပန ကုလဒူသနကမ္မေဟိ ဥပ္ပန္နပစ္စယာ ပဉ္စန္နမ္ပိ သဟဓမ္မိကာနံ နကပ္ပန္တိ"** – ဟူသော ပါရာဇိကဏ္ဍအဋ္ဌကထာ (၂၊၂၁၁) အတိုင်း ထိုဒါယကာတို့က မိမိအား သစ်သီးပေးဖူးခြင်း၊ ထမင်းကျွေးဖူးခြင်းကြောင့် လှူသည်မှန်လျှင် ရဟန်းက ပေးစဉ်အခါ ဤသို့ ပေးလှူပါစေဟု စိတ်မရှိဘဲ ပေးစေကာ ထိုပုဂ္ဂိုလ်အား ထိုဒါယကာတို့ ပစ္စည်းကို သုံးဆောင်ခြင်းငှာ မအပ်သည်သာ ဧကန်မှတ်ကြလေကုန်။

လာဘ်ကိုတောင့်တ၍ပေးသော် မိစ္ဆာဇီဝအနေသနဒုက္ကဋ်အာပတ်သင့်သည်၊ လာဘ်ကိုမငဲ့ဘဲပေးလျှင် မိစ္ဆာဇီဝအနေသနဒုက္ကဋ် လွတ်သည်။ ဤသို့ ပေးစဉ်အခါ မိစ္ဆာဇီဝဒုက္ကဋ် သင့်၊ မသင့်သာ ထူးကွဲသည်။ နောင် ထိုဒါယကာတို့ ပစ္စည်းကို သုံးဆောင်၍ အကပ္ပိယ ပရိဘုဉ္ဇန ဝိနယဒုက္ကဋ်သင့်ရာ၌ကား ပေးစဉ်အခါတုန်းက လာဘ်ကို ငဲ့၊ မငဲ့ အထူးရှိ အာပတ်သင့်သည်ချည်းအတူတူသာတည်းဟု သိကြလေကုန်။

ယင်းသို့သော ကုလဒူသန အနေသနပစ္စည်းတို့မှာ အဘယ်သို့သော အခြင်းအရာအားဖြင့် ကပ္ပိယဖြစ်နိုင်ပါအံ့နည်းဟူသော် ကုလဒူသနအနေသနပစ္စည်း **မှန်က တစ်စုံတစ်ခုသော အခြင်းအရာအားဖြင့် အပ်အောင်ပြုခြင်းငှာ မတတ်**

ကောင်း၊ ရွှေငွေအနာမာသ နိဿဂ္ဂိယဝတ္ထုဖြင့်ရသော မဟာအကပ္ပိယသပိတ်ကြီး ကဲ့သို့သာ ဖြစ်လေတော့သည်။

"ယထာစာယံ တေသ န ဝဋ္ဋတိ၊ တထာ ကုလဒူသနကမ္မေန ဝါ ကုဟနာဒီဟိ ဝါ ဥပ္ပန္နပစ္စယာ နေဝတသ န အညသ ဝဋ္ဋန္တိ။ ရူပိယ သံဝေါဟာရာဒိပစ္စယသဒိသာ ဟောန္တိ" —

ဟူသော အဋ္ဌကထာ (ဝိ၊ဌ၊၂၊၂၇၂။ ဝိ၊သင်္ဂဟ၊၆၇) သည် သာဓကတည်း။ ယင်းသို့သော် ကုလဒူသနအနေသန ပစ္စည်းများကို လူတို့အား အနပေက္ခစွန့်ပစ်၍ နောင်တစ်ဖန် ပြန်ရပြန်လျှင် မအပ်ပါပြီလောဟူသော် —

"သော ဟိ စောရေဟိ အစ္ဆိန္နောပိ ပုနလဒ္ဓေါ ဇန္နန္တဿကာဿစိပိ န ဝဋ္ဋတိ" —

ဟူသော ဝိမတိဋီကာ (၁၊၃၄၅) ကို ထောက်သဖြင့် ထိုစွန့်ရင်း ရဟန်းက ငါစွန့်လိုက် သည့် ပစ္စည်းတည်းဟု သိလျှင် မအပ်၊ မသိသော်ကား အပ်၏။ တစ်ပါးရဟန်းတို့ အားလည်း ဤနည်းသာတည်းဟု သိကြလေကုန်။

ထိုကုလဒူသနပြုမိသော ပုဂ္ဂိုလ်တို့မှာ ပဗ္ဗာဇနီယကံကြီး ဧကန်ပြုရတော့မည်လောဟူငြားအံ့ —

"အာယတိံသံဝရေ ဌာတုကာမဿ ကတံ တဇ္ဇနီယာဒိကမ္မံ အဓမ္မကမ္မံ နာမ။ အဒန္တဒမနတ္ထံ ဟိ ကမ္မနိမိတ္တ"န္တိ ဝုတ္တံ

ဟူသော ဝိမတိဋီကာ (၂၊၂၁၃)။

"ယေ တုမှာကံ ဝစနံ ကရောန္တိ၊ တေ အနုသာသိတဗ္ဗာ။ ယေတုမှာကံ ဝစနံ န ကရောန္တိ၊ တေ ပဗ္ဗာဇေတဗ္ဗာ" —

ဟူသော ဓမ္မပဒအဋ္ဌကထာများကို မြင်သဖြင့် နောင် ဤကဲ့သို့ မပြုပါဟု အာယတိံသံဝရရှိသော ပုဂ္ဂိုလ်အား ကံမပြုထိုက် မှတ်ကြလေကုန်။

ထိုကုလဒူသနပြုဘူးရာ ဒါယကာတို့က ပစ္စည်းအသစ် လှူလာရာ အဘယ်သို့သော အခြင်းအရာအားဖြင့် အပ်နိုင်ပါအံ့နည်းဟူသော် —

"ကသ္မာ န ဂဏှထာ"တိ ပုစ္ဆိတေန "ပုဗ္ဗေ ဧဝံ မယာက တတ္တာ"တိ ဝုတ္တေ၊ န တေန ကာရဏေန ဒေမ၊ ဣဒါနိ သီလဝန္တတာယ ဒေမာတိ ဝုတ္တေ ဝဋ္ဋတိ" —

ဟု အဋ္ဌကထာ (ဝိ၊ဌ၊၂၊၂၀၈) လာတိုင်း ထိုဒါယကာတို့ပစ္စည်းလှူရာ အလှူမခံ ပယ်လှန်အပ်၏။ ယင်းသို့ ပယ်လှန်သည့်အခါ အဘယ့်ကြောင့်ပါနည်းဟုမေးသော်

ဒါယကာတို့အား သစ်သီးပေးခြင်း စသောအမှုကို ငါပြုဖူးသောကြောင့် ဒကာတို့ အလှူကို မခံထိုက်၍ မခံသည်ဟု ပြောကြားအပ်၏။ ယင်းသို့ ပြောကြားသည့်အခါ ဤသို့သော အကြောင်းကြောင့် လှူသည် မဟုတ်ပါ။ အရှင်ဘုရား သီလတော်ကို ယုံကြည်၍ လှူဒါန်းပါသည်ဟု ထိုဒါယကာတို့ လျှောက်ထားပါလျှင် ထိုလျှောက်ထားသော အခါမှစ၍ ထိုဒါယကာတို့ပစ္စည်းကို အလှူခံအပ်၊ သုံးဆောင်အပ်တော့သည်ဟု မှတ်ကြလေကုန်။

ဤကား ပညာရှိသူ လူပဏ္ဍိတ၊ ရဟန်းပဏ္ဍိတတို့ မှတ်ကြရန် ကုလဒူသန ဝိနိစ္ဆယ အကျဉ်းတည်း။

၁၂၅၄ ခု၊ နယုန်လပြည့်ကျော် (၁၄) ရက်နေ့ ရှိမူကား ဒါယကာဘို့အား ဆုံးမအပ်သည့် ဒုတိယဩဝါဒစာတမ်း။

*ဒုတိယောဝါဒစာတမ်း ပြီး၏။*

အမှတ်
ရက်စွဲ

သီလစင်ကြယ်သူ ဖြစ်လိုလျှင်

ရွှေကျင်ဆရာတော့် ဥပဒေကို လိုက်နာပါ။

# "ဓမ္မကၡႏၵ အလွဴ"

## ကြည်ဖြူမြသွေ့ ရကြပါစေ ပေးမျှဝေ၏။

ငဝံ ဒဒန္တိ ဉာတီနံ၊ ယေ ဟောန္တု အနုကမ္ပကာ။
ဣဒံ ဝေါ ဉာတီနံ ဟောတု၊ သုခိတာ ဟောန္တု ဉာတယော။

သိရီခေတ္တရာ အောင်မြင်ပါဟု ရွှေကျင်တောရ သာသနာပြုမဟော် သုံးဦးပုဂ္ဂိုလ်ကျော် မောင်နှမတို့၏ ကျေးဇူးရှင်ကြီးများဖြစ်ကြသော ကွယ်လွန်သူ ပဲခူးခရိုင် ညောင်လေးပင်မြို့ သစ်တောခရိုင်ဝန် **(အမှုထမ်းကောင်း ရွှေတံဆိပ်ရမင်း) ဦးရွှေဦး-ဇနီး ဒေါ်ရွှေမြင့်** နှင့်တကွ ၎င်း၏ သားဖြစ်သူ (၆-၅-၆၀) ရက်နေ့တွင် ကွယ်လွန်ခဲ့သော ရန်ကုန်မြို့ ဟိုက်စကူးကျောင်းအုပ်ဆရာကြီး ခမည်းတော် **ဦးဘတင်(၂)** အား လည်းကောင်း၊ မိခင်ဘက်ဆိုင်ရာကွယ်လွန်သူ ပဲခူးခရိုင် ညောင်လေးပင်မြို့ (တိလောကသယမ္ဘူ ကျောက်တော်ကြီး) ဘုရား ဒါယကာ (၃) ဦး အဖွဲ့ဝင် မြေပိုင်ရှင် **သူဌေး ဦးညို-သူဌေးကတော် ဒေါ်လှမေ** နှင့်တကွ ၎င်း၏ သမီးဖြစ်သူ (၂-၁၂-၅၉) ရက်နေ့တွင် ကွယ်လွန်ခဲ့သော ကျောင်းအုပ်ဆရာကြီးကတော်ဖြစ်သည့် **(မယ်တော်) ဒေါ်တင်တင်** အား လည်းကောင်း ဖော်ပြပါ နှစ်ဖက်သောအဘိုးအဘွား အမိအဖ ဆွေတော် မျိုးတော် အပေါင်းတို့သည်ရောက်ရာဌာန သုဂတိဘဝတို့တွင် ကိုယ်စိတ်အစဉ် ကြည်လင်စေမှု ရရှိပြုကာ ချမ်းသာစေကြောင်း ဆုမွန်တောင်း၍ အမျှပေးဝေကြပါကုန်၏။ အမျှ အမျှ အမျှ ရကြ၍ ဝမ်းမြောက်နှမော် (သာဓု) ခေါ်ဆိုနိုင်ကြပါစေသောဝ်။

"ဘိုးဘွားမိဘ တောရရွှေကျင် ညောင်လေးပင် အနွယ်တော်ဝင်"
သိရီခေတ္တရာ အောင်မြင်ဗာဟု (ရွှေကျင်) တောရ
ပဓာနိဿရိယ နာယက ဆရာတော်
နောင်တော်ကြီး **အသျှင် မဟာဝေရဝိဇယ** မထေရ်ကျော်
(ညီတော်) **မဟာဓမ္မဝိဇယ ဉူးသုဝေ**
(နှမတော်) **မဟာသုဓမ္မနန္ဒီ ဒေါ်ဖြူဖြူတင်** တို့၏

**ဓမ္မာနုဂ္ဂဟ + ကုသိုလ်တော်။**